၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၃)၊ အမှတ်(၃၁) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် ၊ ကြာသပတေး၊ (အောက်တိုဘာ ၁၁ ၊ ၂၀၁၂)



# နိုဗယ်ငြိမ်းချမ်းရေးဆု ခန့်မှန်းချက်များတွင် သမ္မတဦးသိန်းစိန်ပါဝင်

## ဒေါ်အောင်ဆန်းစုကြည်သည် နိုဗယ်ငြိမ်းချမ်းရေးဆုကို ၁၉၉၁ ခုနှစ်က ရရှိခဲ့သည်

**စတော့ဟုမ်း၊အောက်တိုဘာ-၈**

ယခုနှစ်အတွက် နိုဗယ်ဆုရာသီစတင်နေပြီဖြစ်ရာ နိုဗယ်ငြိမ်းချမ်းရေးဆုအတွက် ခန့်မှန်းချက်များတွင် မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်လည်း ပါဝင်နေသည်။

နိုဗယ်ငြိမ်းချမ်းရေးဆုကော်မတီအနေဖြင့် အမည်စာရင်း တင်သွင်းခံရသူများ၏ အမည်များကို ထုတ်ဖော်ပြောကြားလေ့မရှိပေ။ သို့သော် နော်ဝေးနိုင်ငံ အော်စလိုမြို့မှ ငြိမ်းချမ်းရေးသုတေသနအင်စတီကျုဒ်၏အကြီးအကဲ မစ္စတာခရစ်ရှန်ဘာ့ဂ်ဟာဗီကင်က ငြိမ်းချမ်းရေးကော်မတီ၏ လုပ်ပုံကိုင်ပုံကိုလေ့လာပြီး နှစ်စဉ်ပင်ဆုရနိုင်ခြေရှိသူ အတိုချုပ်စာရင်းကို ထုတ်ပြန်လေ့ရှိခဲ့သည်။

**အချပ်ပို(B)သို့**

# ပြည်သူလူထု လိုလားပါက သမ္မတလုပ်မည်ဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြား

**အိဖြူလွင်**
**ရန်ကုန်၊အောက်တိုဘာ-၈**

ပြည်သူလူထုကသာ လိုလားပါက သမ္မတလုပ်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်က ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

နိုင်ငံရေး ပါတီတစ်ခု၏ ခေါင်းဆောင်ဖြစ်သည့်အတွက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ရဲသည့်သတ္တိလည်းရှိရမည်ဟုဒေါ်အောင်ဆန်းစုကြည်က ၎င်းအနေဖြင့် သမ္မတလုပ်ရန် အစီအစဉ် ရှိ၊ မရှိဆိုသည့် မေးမြန်းမှုအပေါ်ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

သမ္မတဦးသိန်းစိန်ကလည်း "နိုင်ငံရဲ့ခေါင်းဆောင်တစ်ယောက်ဖြစ်ဖို့၊ မဖြစ်ဖို့ဆိုတာ ပြည်သူရဲ့ သဘောထားပေါ်မှာပဲ မူတည်တယ်။ ပြည်သူ့သဘောထားက လက်ခံတယ်ဆိုရင် ကျွန် တော်ကလည်း လက်ခံရမှာဖြစ်ပါတယ်"ဟု

**စာ(၁၂)သို့**



**လက်ရှိတွင် အတိုးပေးသူနှင့် ငွေချေးသူများအကြား ကတိစာချုပ်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ငွေတိုးပေးသူအချို့ ပူပန်နေ

**အေးမြတ်သူ၊သိမ့်သိမ့်စိုး**
**ရန်ကုန်၊**
**အောက်တိုဘာ-၈**

ရပ်ကွက်၊ ကျေးရွာနှင့် ဈေးများအတွင်း လိုင်စင်မဲ့ ငွေတိုးချေးသူများနှင့် ပတ်သက်၍ လွှတ်တော်တွင် ဆွေးနွေးမှုလုပ်ပြီးနောက်ပိုင်း အတိုးချေးသူများကြား ပူပန်မှုပိုများလာကြောင်း ယင်းအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

မှတ်ပုံတင်လိုင်စင်မဲ့ငွေတိုးချေးစားသူများအား ခွင့်ပြုချက် မှတ်ပုံတင်မရှိဘဲ ငွေတိုးချေးစားပါကThe Money Lenders Act. 1945 ပုဒ်မ ၅ နှင့် ပုဒ်မ ၆ အရ အရေးယူနိုင်ပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၅၄အရ လုပ်ကိုင်ခွင့် လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းကို တားမြစ်ထားကြောင်း ဩဂုတ်လ ၁၇ ရက်တွင် ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခဲ့သည်။

မြောက်ဥက္ကလာပမြို့နယ်အတွင်း ငွေတိုးပေးသူ အမျိုးသမီးတစ်ဦးက "သတင်းစာမှာ ပါလာတော့ ချေးတဲ့သူဘက်က မရိုးသားတဲ့သူတွေပါလာတယ်။ နိုင်ငံတော်အနေနဲ့ ပြည်သူဘက်ကဆိုတော့ ငွေရှင်ဘက်မှာ ဥပဒေဆိုတာ မရှိတော့ဘူး။ အဲဒီတော့ ချေးတဲ့သူအချို့က တိုင်ချင်ရာတိုင်ဖြစ်လာတယ်" ဟု ဆိုသည်။

သတ်မှတ်ချက်ကို လိုက်နာမှုမရှိပါက The Money Lenders Act. 1945 အက်ဥပဒေ ပုဒ်မ ၁၇ အရ ငွေဒဏ်ဖြစ်စေ၊ သုံးလထိ ထောင်ဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံနိုင်ပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၅၇ အရ ငွေဒဏ်ဖြစ်စေ၊

**စာ(၁၂)သို့**

# ကမ္ဘောဇဘဏ်မှ သိန်းတစ်ထောင်ကျော် ထုတ်ယူလာသူ တိုက်ခိုက်ခံရ

**သန်းဌေး၊ အိဖြူလွင်**
**ရန်ကုန်၊**
**အောက်တိုဘာ - ၈**

ကမာရွတ်မြို့နယ်ရှိ ကမ္ဘောဇဘဏ်ခွဲတစ်ခုမှ ငွေကျပ်သိန်းတစ်ထောင်ကျော်ထုတ်ယူပြီး ပြန်လာသော အအေးခန်း စက်ရုံပိုင်ရှင်တစ်ဦးအား လှိုင်သာယာမြို့နယ်အရောက်တွင် ရှေ့မှ ကားပိတ်ရပ်ပြီး ဓားနှင့်ထိုးသည့်ဖြစ်ရပ်တစ်ခု အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဓားထိုးခံရသူမှာအသက် ၅၇ နှစ်အရွယ် TT International အအေးခန်းစက်ရုံပိုင်ရှင်ဖြစ်ပြီး ဒဏ်ရာများစွာရရှိခဲ့ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေရပြီး၎င်းနှင့်အတူပါလာသည့် ငွေကျပ်သိန်းတစ်ထောင်ကျော်မှာမူ လုယက်ခြင်းမခံခဲ့ရကြောင်း ၎င်းနှင့်နီးစပ်သူ လုပ်ငန်းရှင်အသိုင်းအဝိုင်းက ပြောသည်။

**စာ(၁၂)သို့**




POCKET MAP - INTERIOR VIEW
Detachable Hood
Hidden Wire Holder
Personal Area Network
Wire Holding Loop x4
Clear Touch Inner Pocket (For 2 mobiles)
No Bulge Pocket Design
Pen Pocket x2
Eyeglass Pocket
Travel Documents Pocket
Digital Camera Pocket
i - Pad Pocket
Extendable Key Holder
& Water Bottle Loop
photo : Naing Naing (R-2) design : nyein thu
CNC
JACKET
men's wear


KIDDZ
MEGA We care
NAT C
Yummy
Gummyz
• Vitamin C Gummy for Children
• Excellent Source of Vitamin C
• With Natural Color
• No Preservative
• Orange Flavor
25 Pouches of 2 Gummies
Net Weight 125g
NAT C
Yummy
Gummyz
အရသာလည်းရှိ
ဗိုက်တာမင်စီအပြည့်နဲ့ ...
MEGA
We care
Pastel

# တောင်ကိုရီးယားသမ္မတက မြန်မာနှင့်နိုင်ငံအချို့ကို ဥပမာပေး၍ မြောက်ကိုရီးယားအား အပြောင်းအလဲလုပ်ရန် တိုက်တွန်း

**ဆိုးလ်၊**
**အောက်တိုဘာ-၈**

တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်က ကမ္ဘာပေါ်တွင် မည်သည့်တိုင်းပြည်မှ ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီလှုပ်ရှားမှုဖြစ်ပေါ်လာသည်ကို ငြင်းဆန်၍မရကြောင်း၊ ဒီမိုကရေစီ လှုပ်ရှားမှုများသည် မြောက်အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် မြန်မာအာဏာရှင် အစိုးရများကို ဖြုတ်ချပြီး အပြောင်းအလဲများနှင့် ပွင့်လင်းမှုတို့ကို ဖော်ဆောင်ရန် တွန်းအားပေးနေကြောင်း ပြောကြားလိုက်သည်။

ဆိုးလ်မြို့တော်တွင် ကိုရီးယားစစ်မှုထမ်းဟောင်းများ အသင်း၌ နေ့လယ်စာစားပွဲကျင်းပရာတွင် သမ္မတလီမြောင်ဘတ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းက "အပြောင်းအလဲလေထုကို ခုခံနိုင်ဖွယ်မရှိပါဘူး။ ဆီးရီးယားနဲ့ မြန်မာမှာ ဖြစ်ပြီးနောက် ဒီမှာလည်း အပြောင်းအလဲ ရောက်လုနီးပါးပါပဲ" ဟု ပြောကြားခဲ့ပြီး မြောက်ကိုရီးယားသည် ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီစနစ်မှ ခြွင်းချက်မဖြစ်နိုင်ကြောင်း ရည်ညွှန်းပြောဆိုသည်။



**အောက်တိုဘာ၇ရက်တွင် ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာသော သမ္မတ ဦးသိန်းစိန်**

သမ္မတလီသည် ပြီးခဲ့သည့် မေလက မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်ရှိစဉ် သမ္မတဦးသိန်းစိန်အား ပြင်ပကမ္ဘာသို့ နိုင်ငံ၏ တံခါးများဖွင့်ပေးခြင်း အကျိုးကျေးဇူးများကို မြောက်ကိုရီးယားအား အကြံဉာဏ်ပေး နားချရန် တိုက်တွန်းခဲ့ကြောင်း၊ မြောက်ကိုရီးယားအားမြန်မာနိုင်ငံကဲ့သို့လုပ်ဆောင်ရန် ဖျောင်းဖျပေးရန် ပြောကြားခဲ့ကြောင်း ဆိုသည်။

သမ္မတလီက "မြန်မာဟာ မကြာသေးမီကပဲ ပွင့်လင်းလာခဲ့တယ်။ ဒါဟာ ကျွန်တော်တို့ နိုင်ငံအတွက်သာ မကဘူး၊ အခြားနိုင်ငံတွေ အများကြီးအတွက်လည်း ဖြစ်ပါတယ်။ ဂျပန်၊ တရုတ်၊ အမေရိကန် အပါအဝင်ပေါ့။ အားလုံးဟာ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နေပါပြီ"ဟု မြန်မာနိုင်ငံကို ဥပမာပေး၍ မြောက်ကိုရီးယားလည်း ပွင့်လင်းပါက အကျိုးရှိနိုင်ကြောင်း ပြောဆိုခဲ့သည်။

သမ္မတ ဦးသိန်းစိန်သည် ဆိုးလ်မြို့တော်သို့ သုံးရက်ကြာခရီး အလည်အပတ်ရောက်ရှိနေပြီး မနက်ဖြန် အင်္ဂါနေ့တွင် လီမြောင်ဘတ်နှင့် ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်သည်။

-Ref:Yonhap

# မြန်မာနိုင်ငံ တစ်ဖက်ဖက်နီးစပ်သွားမှာကို တရုတ်နှင့် အမေရိကန် စိုးရိမ်စရာမရှိဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြား

**အိဖြူလွင်**

**ရန်ကုန်၊အောက်တိုဘာ-၈**

မြန်မာနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံ အကြား တစ်ဖက်ဖက်သို့ နီးစပ်သွားမည်ကို နှစ်နိုင်ငံစလုံးအနေဖြင့် စိုးရိမ်စရာမရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏အမေရိကန်ပြည်ထောင်စုခရီးစဉ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

၎င်းအနေဖြင့် တရုတ်နိုင်ငံသို့လည်း သွားရောက်လည်ပတ်ရန် ဆန္ဒရှိပြီး တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ရန် အရေးကြီးသောကြောင့်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သည်မှာ မြန်မာနိုင်ငံအရေးအတွက် ကူညီပေးခဲ့သော အမေရိကန်အစိုးရကို ကျေးဇူးတင်စကားပြောရန်နှင့် မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့် လက်ရှိအခြေအနေများကို ရှင်းပြရန် သွားရောက်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံနှင့် ပတ်သက်သော ပိတ်ဆို့အရေးယူမှုများကို လျှော့ပေါ့ဖယ်ရှားပေးခဲ့ရာ အမေရိကန်လွှတ်တော်အမတ်များသည် ထိုသို့ပြုလုပ်ရန်အတွက် မြန်မာနိုင်ငံမှ ဒီမိုကရေစီအင်အားစုများနှင့် ဆွေးနွေးတိုင်ပင်၍ သဘောတူညီချက်ယူပြီးမှသာ လုပ်ဆောင်ခြင်းဖြစ်သည်ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ပိတ်ဆို့အရေးယူမှုများ ခံခဲ့ရစဉ်တွင် အခြားအနောက်နိုင်ငံများနှင့် ဆက်ဆံရေး ပြတ်တောက်ခဲ့ပြီး တရုတ်၊ အာဆီယံစသည့် အရှေ့ပိုင်းနိုင်ငံများနှင့်သာ နိုင်ငံရေးစီးပွားရေး ဆက်ဆံမှုများရှိခဲ့သည်။

**အချပ်ပို (D)သို့**

အချပ်ပို (D)သို့




7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

## CRIME မှုခင်းသတင်း CORNER

### ခင်ပွန်းနေရာအပြောင်းအရွှေ့ ငွေလိုက်သည့် ဒုရဲမှူးကတော် အလိမ်ခံရ

**အိဖြူလွင်**

**ရန်ကုန်၊ အောက်တိုဘာ - ၆**

ရဲတပ်ရင်းအပြောင်းအရွှေ့အတွက် ပြောင်းရွှေ့ကြေးကျပ်သိန်း ၃၀လိမ်လည်ယူသွားသူများကို ရဲဝန်ထမ်း၏ ဇနီးက လိမ်လည်မှုဖြင့် တိုင်ကြား အမှုဖွင့်ထားကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

အမှုဖြစ်ပွားပုံမှာ မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်နေသော ဒုရဲမှူးတစ်ဦးအား ပြောင်းရွှေ့လိုသည့် စစ်ကိုင်းတိုင်းဒေသကြီးသို့ ပြောင်းရွှေ့ရန် စီစဉ်ပေးနိုင်သည်ဟုဆို၍ ၎င်းဒုရဲမှူး၏ ဇနီးဖြစ်သူနှင့် သိကျွမ်းဖူးသူက ဆောင်ရွက်ပေးမည်ဆိုကာ ငွေကျပ်သိန်း ၅၀နှင့် ညှိနှိုင်း သဘောတူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထို့နောက် ယခုနှစ်ဖေဖော်ဝါရီ ၂၃ရက်နှင့် ၂၇ရက်တို့တွင် ကမ္ဘောဇဘဏ်မှတစ်ဆင့် ငွေကျပ်သိန်း ၃၀ကို ကမာရွတ်မြို့နယ်တွင်နေထိုင်သူ အမျိုးသားတစ်ဦးအပါအဝင် သုံးဦးသို့ ဒုရဲမှူးဇနီးက လွှဲပေးခဲ့ခြင်းဖြစ်သည်။

ငွေလွှဲပေးခဲ့ပြီးသော်လည်း ပြောင်းရွှေ့ခြင်းကိစ္စမှာ ထူးခြားချက်မရှိသဖြင့် ငွေလိမ်လည်ရယူသွားသူ သုံးဦးကို အရေးယူပေးရန် ဇနီးဖြစ်သူက တရားလိုပြုလုပ်တိုင်တန်းခဲ့ခြင်းဖြစ်သည်ဟုလည်းသိရသည်။

အဆိုပါအမှုကို ကမာရွတ်ရဲစခန်းက (ပ)၃၇၂/၁၂၊ ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ-၄၂၀ဖြင့် အမှု ဖွင့်ပြီး တရားခံများ ဖမ်းဆီးရမိရေးစုံစမ်းစစ်ဆေးနေကြောင်းသိရသည်။

## အထက်တန်းရှေ့နေများကို ဝင်ငွေခွန်စတင်စည်းကြပ်

### အခွန်စည်းကြပ်သော ပုံစံကြောင့် ချိန်ဘာဆင်းသော အထက်တန်းရှေ့နေများ အခက်တွေ့

**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ ၂၇**

အထက်တန်းရှေ့နေများကို ယခုနှစ်စက်တင်ဘာလမှစ၍ ဝင်ငွေခွန်ထမ်းဆောင်ပြီးမှသာ ရှေ့နေလိုင်စင် သက်တမ်းတိုးခွင့်ပြုလိုက်ခြင်းကြောင့် အမှုကြီးများတွင် လိုက်ပါပညာယူနေကြသော ချိန်ဘာဆင်းသည့် အထက်တန်းရှေ့နေအများစု အခက်အခဲတွေ့နေကြောင်း အဆိုပါရှေ့နေများနှင့် တရားရေးအသိုင်းအဝိုင်းမှ သတင်းရရှိသည်။




"ကျွန်တော့်ကလေးတွေဆို ဘယ်သူမှ တစ်နှစ်ဝင်ငွေ ၁၂ သိန်းအထက်မရှိဘူး။ ၁၂ သိန်း မပြောနဲ့ ခြောက်သိန်းတောင်မရှိဘူး။ အထက်တန်းရှေ့နေ တော်တော်များများဟာ ပညာလိုချင်လို့ ဝါရင့်ရှေ့နေကြီးတွေနဲ့ တွဲပြီးလိုက်ကြရတာ။ ကျွန်တော်တို့ပေးသလောက်မုန့်ဖိုးလေးနဲ့ နေကြရတာ။ ဘယ်အမှုသည်မှလည်း သူတို့ကိုယုံယုံကြည်ကြည်အမှုမအပ်သေးဘူး။ ဒါကို ခုလိုဝင်ငွေ ရှိရှိမရှိရှိ အခွန်ဆောင်ဆိုတာတော့ လုံးဝမတရားဘူး။ အခွန်ဆောင်ပြီးမှ သက်တမ်းတိုးဆိုတာ ပိုတောင်မတရားသေးတယ်" ဟု ရှေ့နေကွန်ရက်အဖွဲ့မှ တရားလွှတ်တော်ရှေ့နေ ဦးကိုနီက ပြောသည်။

အထက်တန်းရှေ့နေများ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ဝင်ငွေခွန်ကို ခန့်မှန်းကြိုတင်စည်းကြပ်လိုက်သည့် အခွန်အား သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနရုံးများတွင် ပေးဆောင်ရန် သတ်မှတ်ထားသည်။ ထိုသို့ အခွန်ပေးဆောင်ပြီးမှသာ လိုင်စင် သက်တမ်း တိုးပေးခြင်းကြောင့် အခွန်ငွေပေးသွင်းရန် မတက်နိုင်သည့်အထက်တန်းရှေ့နေများ လိုင်စင် ရုပ်သိမ်းခံရဖွယ်ရှိနေပြီး စည်းကြပ်ခွန်ပေးသွင်းရသည့်နှုန်းထားများမှာလည်း တစ်မြို့နယ်နှင့်တစ်မြို့နယ် မတူညီကြောင်း အခွန်ဆောင်ပြီးသည့်ရှေ့နေများက ပြောသည်။

"ကျွန်တော် စမ်းချောင်းအခွန်ရုံးမှာ ကျပ်သုံးသောင်းဆောင်ခဲ့ရတယ်။ တောင်ဥက္ကလာမှာ သူငယ်ချင်းရှေ့နေအတွက် သွားဆောင်တော့ ကျပ်ငါးသောင်းနှစ် ထောင့်ငါးရာပေးခဲ့ရတယ်။ စမ်းချောင်းအခွန်ရုံးက ဦးစီးမှူးက စည်းကြပ်ခွန်ကို ဘယ်လောက်ကောက်ဆိုပြီး နှုန်းမထွက်လာသေးတော့ ဒီလောက်တော့ ဆောင်သွားဆိုပြီးပြောတယ်" ဟု အထက်တန်းရှေ့နေ ဦးဘိုဘိုက ပြောသည်။ "ကျွန်မနေတဲ့ အင်းစိန်အခွန်ရုံးမှာ သွားဆောင်တော့ ကျပ်ငါးသောင်းတောင်းတယ်။ မပေးနိုင်ဘူးပြောတော့ လေးသောင်းတော့ ပေးလို့ အခွန်ဦးစီးမှူးကပြောတယ်။ လေးသောင်းလည်းမတတ်နိုင်လို့ ကျွန်မရုံးခန်းရှိတဲ့ကျောက်တံတားမှာနှစ်သောင်းသွားဆောင်တယ်။ ပြီးတော့ အခွန်ဦးစီးမှူးလက်မှတ်ချလန်နဲ့ အင်းစိန်တရားရုံးမှာ လိုင်စင်သက်တမ်းသွားတိုးတော့ ကျောက်တံတားမှာ သွားဆောင်ထားလို့ တရားမဝင်ဘူးပြောတယ်။ ခုလလည်း ကုန်ပြီဆိုတော့ကျွန်မလိုင်စင်သက်တမ်းကုန်သွားတော့မယ်။ အမှုလိုက်လို့မရတော့ဘူး" ဟုအထက်တန်းရှေ့နေ ဒေါ်ချိုမာလွင်ကပြောသည်။

အထက်တန်းရှေ့နေများကို ၎င်းတို့၏ အမှုလိုက်သည့်အရေအတွက်၊ တင်ပြသည့်စာရွက်စာတမ်းအချက်အလက်များပေါ်တွင်မူတည်ကာကောက်ခံခြင်းဖြစ်ပြီး သတ်မှတ်ထားသော အခွန်ကို မတတ်နိုင်ပါက သက်ဆိုင်ရာအခွန်ဦးစီးမှူးနှင့် ကာယကံရှင်တို့သာ ညှိနှိုင်းကြရန်နှင့် ၎င်းအနေဖြင့် မှတ်ချက်မပေးလိုကြောင်း ရန်ကုန်တိုင်းအခွန်ဦးစီးဌာန၊ တိုင်းအခွန်ဦးစီးမှူး ဦးသောင်းအေးကပြောသည်။ "မြို့နယ်တစ်ခုနဲ့တစ်ခု နှုန်း မတူဘူးပြောတယ်ဆိုတာက ရှေ့နေတစ်ယောက်နဲ့တစ်ယောက် အမှုလိုက်ရတဲ့အရေအတွက်၊ လုပ်ငန်းအမျိုးအစား မတူဘူးလေ။ သူတို့တင်ပြတဲ့အပေါ် မူတည်ပြီးပဲ ကောက်ခံတာဖြစ်တယ်" ဟု၎င်းက ပြောသည်။

ယခုကဲ့သို့ လာမည့်နှစ် အတွက် ဝင်ငွေကို ကြိုတင်ဆောင်ထားရပြီး ဘတ်ဂျက်ပိတ်သည့်နှစ်ကုန်မှ အမှုအရေအတွက်ပေါ်မူတည်ကာ ကြိုတင်အခွန်ပိုမိုပေးဆောင်ထားပါက နောက်နှစ်အတွက် ထပ်မံထည့်သွင်းတွက်ချက်ပေးမည်ဟု ဆိုသည်။ လိုနေပါက ထပ်မံဖြည့် သွင်းရမည်ဟု ဆိုသည်။ ပြည်မြို့တွင် ယင်းသို့ အထက်တန်းရှေ့နေများကို အခွန်ငွေဆောင်ပြီးမှ လိုင်စင်သက်တမ်းတိုးပေးခြင်းကြောင့် ပြည်မြို့ရှေ့နေကွန်ရက်မှ ဆန္ဒဖော်ထုတ်ရန် ပြင်ဆင်ခဲ့ပြီး ယင်းသတင်းကြောင့် အခွန်နှုန်းထားကိုကျပ်တစ်သောင်း တစ်ပြေးညီသတ်မှတ်ပေးပြီး အချို့ကို ကင်းလွတ်ခွင့်ပေးခဲ့ကြောင်း ပြည်မြို့ခံ အထက်တန်းရှေ့နေ ဦးထွန်းနိုင်သန်းကပြောသည်။

"အခွန်ဆိုတာ ဝင်ငွေရှိတဲ့ နိုင်ငံသားတိုင်းဆောင်သင့်တာမှန်တယ်။ ဒါပေမဲ့တရားမျှတမှုရှိဖို့လိုအပ်တယ်" ဟု ဦးကိုနီက ဆက်လက်ပြောကြားသည်။

ရှေ့နေများတွင်မလွှဲသာမရှောင်သာ ခင်မင်ရာခင်မင်ကြောင်း မိတ်ဆွေများကို ဝိုင်းဝန်းကူညီအမှုလိုက်ပေးသော အခမဲ့ အကျိုးဆောင်မှုများရှိနေပြီး ယခုကဲ့သို့ ဝင်ငွေခွန်ပေးသွင်းရခြင်းကြောင့် အခမဲ့ကူညီဆောင်ရွက်ပေးမှုများ နည်းပါးသွားနိုင်ကာ အမှုသည်များအတွက် နစ်နာမှုများဖြစ်ပေါ်လာနိုင်ကြောင်း ဥပဒေရေးရာကျွမ်းကျင်သူများက ဆိုသည်။

## လူငယ်များကြား မူးယစ်ဆေးအစား ကော်ရှူနှုန်း မြင့်တက်လာ

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ-၄**

မူးယစ်ဆေးဝါးအဆင့် မတတ်နိုင်သည့် လူငယ်များအကြား ကော်ရှူနှုန်း မြင့်မားလာနေပြီး ယင်းလူငယ်များတွင် အရွယ်မရောက်သေးသည့် ကလေးသူငယ်များ ပါဝင်နေကြောင်း သတင်းရရှိသည်။

အရွယ်မရောက်သေးသူကလေးသူငယ်များအတွင်း မူးယစ်ဆေးဝါးအဖြစ်စက်ဘီးကျွတ်ဖာရာတွင်သုံးသည့်ကော်များကို ရှူသည့်နှုန်း ပိုမိုများပြားလာပြီး အဆိုပါကော်များမှာ တရားဝင်သတ်မှတ်ထားသော မူးယစ်ဆေးဝါးများထဲတွင် မပါဝင်ခြင်းကြောင့် တားမြစ်ရန်အခက်အခဲရှိနေကြောင်းမရမ်းကုန်းမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင့်ရေးအသင်း၏ အတွင်းရေးမှူးဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

"ခုနောက်ပိုင်း လမ်းပျော်ကလေးတွေ တော်တော်များများ ကော်ရှူတာတွေ ပိုတွေ့လာရတယ်။ ဒီကော်ဆိုတာကလည်း တရားဝင်တားမြစ်ထားတဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးစာရင်းထဲမှာ မပါတော့ ရှောင်းချခွင့် တားမြစ်ထားတာလည်း မရှိဘူး။ အဓိကကတော့ မူးယစ်ဆေးဝါးကို အလွယ်တကူမရရှိလို့ ရဖို့လွယ်တဲ့ ဒီကော်ကို ပြောင်းပြီး ရှူလာကြတာပဲ" ဟု ၎င်းက ပြောသည်။

အဆိုပါ ကော်များမှာ စက်ဘီးလေထိုးကျွတ်ဖာရာတွင် အသုံးပြုသည့် ကော်အမျိုးအစားဖြစ်ပြီး ရေပိုက်များတစ်ခုနှင့်တစ်ခု ချိတ်ဆက်ရာတွင် အသုံးပြုသည့် ကော်ပိုက်များကိုလည်း မူးယစ်ဆေးဝါးအသွင်ဖြင့် အသုံးပြုရှူရှိုက်နေကြကြောင်း သိရသည်။ "ဒီကော်တွေကို မူးယစ်ဆေးဝါးလို့သတ်မှတ်ပြီး အရေးယူရင် စက်ဘီးလေထိုးဆိုင်တို့၊ ပိုက်ဆက်ပစ္စည်းအရောင်းဆိုင်တို့ကို လက်ဝယ်တွေ့ရှိမှုနဲ့ အရေးယူရမလိုဖြစ်နေပြီပေါ့" ဟု ဦးခင်ဇော်က ပြောသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်ခန့်ကပင် မရမ်းကုန်းမြို့နယ် ရှစ်မိုင်မီးပွိုင့်အနီးတွင် ကော်ရှူနေသော ကလေးရှစ်ယောက်ကိုမရမ်းကုန်းမြို့နယ် နယ်ထိန်းမှ လိုက်လံဖမ်းဆီးရာ လေးယောက်ဖမ်းဆီးရမိခဲ့ကြောင်း မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသူ ကိုအောင်ကျော်က ပြောသည်။ "ကလေးတွေက တော်တော်ငယ်ပါတယ်။ လမ်းပျော်ကလေးတွေဖြစ်ပုံရတယ်။ ကော်ရှူနေတုန်း ရဲကလာဖမ်းတော့ ထွက်ပြေးကြတယ်။ လေးယောက်တော့မိသွားတယ်။ ယောကျ်ားလေးနှစ်ယောက်၊ မိန်းကလေး နှစ်ယောက်ပါ" ဟု၎င်းက ပြောသည်။ အဆိုပါဖမ်းမိသော ကလေး လေးဦးအနက် သုံးဦးမှာ အသက်၁၆ နှစ်အောက်ဖြစ်နေခြင်းကြောင့် ပြောဆိုဆုံးမကာ ပြန်လွှတ်လိုက်ပြီး ၁၆နှစ်ပြည့်ပြီးသူတစ်ဦးကိုမူ မရမ်းကုန်း ရဲစခန်းမှပုဒ်မ ၃၀(ဃ) နှင့်အမှုဖွင့်အရေးယူထားကြောင်း အဆိုပါ ဖမ်းဆီးခဲ့သည့် နယ်ထိန်းထံမှ သတင်းရရှိသည်။

ယင်းသို့ ကော်များကို မူးယစ်ဆေးဝါးများအဖြစ် အသုံးပြုရှူရှိုက်နေကြသူများမှာ ကလေးငယ်များအပြင် အသက် ၂၀ နှင့် ၃၀ ကြားဝန်းကျင် လူငယ် လူလတ်ပိုင်းများပါ ပါဝင်နေပြီး ငွေကျပ် ၅၀၀ နှင့် ၁၀၀၀ ကြားရှိရုံနှင့် မူးယစ်သော အရသာကိုမြည်းစမ်းနိုင်သောကြောင့် လက်လုပ်လက်စားအလုပ်သမားအချို့လည်း သုံးစွဲကြကြောင်း သိရသည်။

"ပါကေးခင်းတဲ့ ကော်ဆိုလည်း တစ်ဘူးမှ ငါးရာ၊ စက်ဘီးကျွတ်ဆိုလည်း ငါးရာတစ်ထောင်လောက်ပဲရှိတော့ မူးယစ်ဆေးအစစ်တွေ သုံးဖို့လည်း ငွေမမီတော့ ဒီကော်တွေကို ရှူကြတာ။ မြို့ထဲဘူတာကြီးတစ်ဝိုက်ဆို အများကြီးပဲ။ မြို့လယ်ခေါင်ဆူးလေ မီးပွိုင့်နားမှာလည်း တစ်ပုံကြီးပဲ။ ကလေးတချို့ဆို ဆူးလေပွိုင့်နားက ဘီလ်ဘုတ်တွေကွယ်ပြီး ရှူနေကြတာ။ ဓာတုပစ္စည်းတွေကို မီးရှို့ပြီး ရှူတော့ ကျန်းမာရေးအန္တရာယ် ပိုများမယ်ထင်တယ်" ဟု ၂၅ နှစ်အရွယ် လူငယ်တစ်ဦးက ပြောသည်။

ယင်းသို့ကော်များကို မူးယစ်ဆေးအသွင်ဖြင့် မီးရှို့ရှူရှိုက်ခြင်းကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ နှာခေါင်းနှင့်ဆိုင်သော ရောဂါများနှင့်ဦးနှောက်မှတ်ဉာဏ်များ ပျက်စီးစေနိုင်သည့်ကျန်းမာရေး အန္တရာယ်များနှင့် ကြုံတွေ့နိုင်ကြောင်း ပြည်သူ့ကျန်းမာရေးလုပ်ကိုင်နေသည့် အင်န်ဂျီအိုတစ်ခုမှ ဒေါက်တာစိုးမိုးအောင်က ပြောသည်။ "ကော်မှာပါတဲ့ ဒြပ်ပေါင်းတွေက ဦးနှောက်မှတ်ဉာဏ်ကိုပျက်စီးစေပြီး စိတ်ဂယောင်ချောက်ချားဖြစ်တဲ့အထိ ဆိုးဝါးစေတယ်" ဟု ပြောသည်။

# အတိုးနှုန်းနည်းနည်းဖြင့် မြန်မာသို့ငွေချေးရန် ဂျပန်ပြင်ဆင်

**တိုကျို၊ အောက်တိုဘာ - ၈**

ဂျပန်အစိုးရသည် လာမည့်နှစ်ဆန်းပိုင်းမှစ၍ မြန်မာနိုင်ငံသို့ အတိုးနှုန်းနည်းနည်းဖြင့် ချေးငွေများ ပြန်လည်ထုတ်ချေးသွားရန် ပြင်ဆင်နေကြောင်း ဂျပန်အစိုးရ သတင်းရင်းမြစ်များကို ကိုးကား၍ ဂျပန် နေ့စဉ်သတင်းစာ ယိုမီယူရီ ကဖော်ပြလိုက်သည်။

မြန်မာနိုင်ငံသို့ ယခုကဲ့သို့ ချေးငွေများ ပြန်လည်ထုတ်ချေးပေးရန်အစီအစဉ်သည် ၁၉၈၀ ပြည့်နှစ်များမှစ၍ ပထမဆုံး ပြန်လည်ထုတ်ချေးခြင်းဖြစ်လာနိုင်သည်ဟု သတင်းကဆိုသည်။ လာမည့်ကြာသပတေးနေ့တွင် တိုကျို၌ ကျင်းပမည့် နိုင်ငံတကာမြီရှင်များနှင့် ငွေကြေးအဖွဲ့အစည်းများ၏ မြန်မာနိုင်ငံသို့ ကူညီထောက်ပံ့ရေးကွန်ဖရင့်တွင် ဂျပန်အစိုးရ၏ချေးငွေအစီအစဉ်ကို ကြေညာဖွယ်ရှိကြောင်းသိရသည်။

ချေးငွေများမှာ ယန်းငွေဖြင့်ဖြစ်ပြီး မြန်မာနိုင်ငံ၌ တယ်လီဖုန်းဆက်သွယ်ရေးကွန်ရက်များတည်ဆောက်ရေး၊ လမ်းတံတားနှင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဲ့သို့ အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းကြီးများတွင် ဘဏ္ဍာရေးအထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ထုတ်ချေးခြင်းဖြစ်သည်။ ထို့အပြင် ယခုချေးငွေများသည် မြန်မာနိုင်ငံတွင် လုပ်ငန်းများစတင်မည့် ဂျပန်ကုမ္ပဏီများအတွက် အကူအညီဖြစ်စေရန်လည်း ရည်ရွယ်သည်။

ဂျပန်အစိုးရသည် အစိုးရကျောထောက်နောက်ခံပြုထားသော နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဂျပန်ဘဏ် (JBIC) အစီအစဉ်ဖြင့်လည်း ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)တို့သို့ မြန်မာနိုင်ငံက ပေးဆပ်ရန်ရှိသောကြွေးကျန်များ ပြန်ဆပ်ရေးအပါအဝင် ချေးငွေများ ထုတ်ချေးနိုင်မည့် ဘဏ္ဍာရေးအစီအစဉ်တစ်ခုရေးဆွဲထားပြီးဖြစ်သည်။

ယင်းအစီအစဉ်အတွက် မြီရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ သဘာတူညီချက်ကို ကြာသပတေးနေ့တွင် တိုကျို၌ကျင်းပမည့် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နှစ်စဉ်ပုံမှန်အစည်းအဝေးအပြီး ပြုလုပ်မည့် မြန်မာနိုင်ငံသို့ အကူအညီပေးရေးအစည်းအဝေးတွင် ရရှိဖွယ်ရှိကြောင်း သတင်းကဖော်ပြထားသည်။ —Ref: Yomiuri



ဂျပန်ဝန်ကြီးချုပ်နှင့်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဓာတ်ပုံ-emergingfrontiersblog.com

## မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်တွင် မြန်မာနိုင်ငံသားနှစ်ဦး၏ ရုပ်အလောင်းများတွေ့ရှိ

**ကွာလာလမ်ပူ၊ အောက်တိုဘာ - ၈**

သေဆုံးနေသော မြန်မာနိုင်ငံသားနှစ်ဦး၏ ရုပ်အလောင်းများကို မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်ရှိ ပတ်တလင်ဂျာယာနှင့်ရှားအလမ်မြို့များ၌ ပြီးခဲ့သည့်နေ့က တွေ့ခဲ့ကြောင်း မလေးရှား အာဏာပိုင်များက သတင်းထုတ်ပြန်သည်။

ပထမအလောင်းကို တွေ့သည့်ဖြစ်စဉ်မှာ တာမန်ဆရီဆူဘန်ရပ်ကွက်ရှိအိမ်ရာတစ်ခုတွင် မှောက်လျက်သား သေဆုံးနေသောမြန်မာလူမျိုးတစ်ဦးအား နံနက် ၁၀ နာရီခန့်တွင်ဖြတ်သန်းသွားလာသူတစ်ဦးက တွေ့မိခြင်းဖြစ်သည်။ ပတ်တလင်ဂျာယာ ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲက အသက် ၂၇နှစ်အရွယ်ခန့်ရှိအဆိုပါ သေဆုံးသူသည် ၎င်းကို ရှာမတွေ့ခင် ခုနစ်နာရီ၊ ရှစ်နာရီအလိုခန့်ကပင်သေဆုံးပြီးဖြစ်ကြောင်း ခန့်မှန်းပြောကြားသည်။

၎င်းက “သေဆုံးသူရဲ့ ဝမ်းဗိုက်မှာ ဓားထိုးခံရတဲ့ဒဏ်ရာတွေ့ပါတယ်။ သူနဲ့ဆိုင်တယ်လို့ထင်ရတဲ့ပုဂ္ဂိုလ်ရေးအထောက်အထားတစ်ခုကိုလည်း ကျွန်တော်တို့ရှာတွေ့ခဲ့ပါတယ်”ဟုပြောသည်။ ရဲတပ်ဖွဲ့အနေဖြင့် သေဆုံးသူ၏ အလုပ်ရှင်ကို ခြေရာခံစုံစမ်းနေဆဲဖြစ်ပြီး ၎င်း၏ရုပ်အလောင်းကိုစစ်ဆေးရန် ကွာလာလမ်ပူဆေးရုံသို့ပို့ဆောင်ထားသည်။

ရှားအလမ်မြို့တွင် တွေ့ရသော မြန်မာလူမျိုးရုပ်အလောင်းမှာမူ ဂျလန်ကိုတာရာဂျာအရပ်မှ စျေးဆိုင်တစ်ခုရှေ့လူသွားလမ်းအနီးတွေ့ခဲ့ရခြင်းဖြစ်သည်။ သေဆုံးသူမှာ အမျိုးသားဖြစ်ပြီး အသက် ၃၀အရွယ်ဟု ယူဆရကာ တစ်ဦးထက်ပိုသောသူများ၏ သတ်ဖြတ်ခြင်းကိုခံရနိုင်ဖွယ်ရှိကြောင်းယုံကြည်ရသည်။ ၎င်း၏ရုပ်အလောင်းကိုလည်း ကလန်ရှိတန် ကူအမ်ယူရန်ရာဟီမာဆေးရုံသို့စစ်ဆေးရန်ပို့ဆောင်ထားကြောင်း ရှားအလမ်ခရိုင်ရဲတပ်ဖွဲ့ကပြောကြားသည်။ —Ref: Malay Mail



FMI UB Charter

myanma AIRWAYS

*Save your time and energy for those important meetings with FMI UB Charter's convenient daily flights between Yangon and Nay Pyi Taw*



FMI UB Charter မှ ရန်ကုန် - နေပြည်တော် အထူးခရီးစဉ်များကို အောက်ပါခရီးစဉ်များအတိုင်း နေ့စဉ် ပျံသန်းလျက်ရှိပါသည်။

**Flight Schedules**

**Mon to Friday**

| Yangon → Nay Pyi Taw Dep | Arr | Nay Pyi Taw → Yangon Dep | Arr |
|---|---|---|---|
| 7:45am | 8:45am | 9:15am | 10:15am |
| 11:30am | 12:30pm | 13:00pm | 14:00pm |
| 16:00pm | 17:00pm | 17:30pm | 18:30pm |

**Saturday**

| Yangon → Nay Pyi Taw Dep | Arr | Nay Pyi Taw → Yangon Dep | Arr |
|---|---|---|---|
| 8:00am | 9:00am | 10:00am | 11:00am |

**Sunday**

| Yangon → Nay Pyi Taw Dep | Arr | Nay Pyi Taw → Yangon Dep | Arr |
|---|---|---|---|
| 15:30pm | 16:30pm | 17:00pm | 18:00pm |

**For Sales & Reservations :**

Tel : (+95-1) 240363,240373
(+95-9) 4211 46545

E-mail : reservations@fmiaircharter.com,
sales@fmiaircharter.com



International MYANMAR ICT EXHIBITION 2012

# INTERNATIONAL MYANMAR ICT EXHIBITION 2012

12-14 OCTOBER 2012

TATMADAW EXHIBITION HALL
YANGON, MYANMAR.

Brasil IT+ — Co-Sponsor

KONICA MINOLTA — Co-Sponsor

MCIA MCF MCPA

INTERNET Journal — Media Partner

MCPA office: 01-652276 | MCIA Office: 01-652238 | office@mcpamyanmar.org | mciaoffice@gmail.com

7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# ဒိုင်မွန်းစတားကုမ္ပဏီ ဂျုံအိတ်ကွန်တိန်နာပါ လက်နက်ကိစ္စ စစ်ဆေးနေဆဲ

**အိဖြူလွင်၊ မင်းဟိန်းကျော်**
**ရန်ကုန်၊ အောက်တိုဘာ-၆**

ပါကစ္စတန်နိုင်ငံမှ တင်သွင်းသည့် ဂျုံအိတ်များပါရှိသည့် ကွန်တိန်နာပေါ်တွင်ပစ္စတိုသေနတ်နှင့် ကျည်ဆန်များ ပါရှိလာမှုကြောင့် ဌာနပေါင်းစုံပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ လုပ်ဆောင်နေပြီး ယခုရက်သတ္တပတ်ကုန်တွင် အစီရင်ခံစာ ထွက်ရှိလာနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက ပြောကြားသည်။

ဂျုံအိတ်များကို မြန်မာနိုင်ငံရှိ ဒိုင်းမွန်းစတားကုမ္ပဏီက စင်ကာပူနိုင်ငံရှိ ကုမ္ပဏီမှတစ်ဆင့် ပါကစ္စတန်နိုင်ငံရှိ Hassan All Rice Export ကုမ္ပဏီက တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရသည်။

ဂျုံအိတ်များပါဝင်သောကွန်တိန်နာသည်စက်တင်ဘာ၂၄ရက်က သီလဝါဆိပ်ကမ်းမှတစ်ဆင့် ဒဂုံအရှေ့ပိုင်းမြို့နယ်စက်မှုဇုန်ရှိဒိုင်းမွန်းစတားစက်ရုံသို့ ရောက်ရှိပြီး ဖွင့်ဖောက် သယ်ယူစဉ် သေနတ်နှင့် ကျည်ဆန်များ ပါဝင်သောအထုပ်ကိုတွေ့ရသောကြောင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

ဆိပ်ကမ်းသို့ ကွန်တိန်နာရောက်ရှိပါက အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ရှိသူများက ကွန်တိန်နာပါပစ္စည်းများကိုဖွင့်ဖောက်၍လည်းကောင်း X-ray စက်ဖြတ်၍လည်းကောင်း စစ်ဆေး၍ စစ်ဆေးပြီးပါမှဆိပ်ကမ်းမှထုတ်ယူခွင့်ပြုကြောင်း သိရသည်။

ဆိပ်ကမ်းသည် သင်္ဘောပေါ်မှ ကုန်ပစ္စည်းအတင်အချ တာဝန်ကိုသာ ယူပေးပြီး ကွန်တိန်နာများအား ဖွင့်ဖောက်ခွင့်မရှိကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ပစ္စည်းပိုင်ရှင်ကသာ ဖွင့်ဖောက်စစ်ဆေးရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှ ဒါရိုက်တာ ဦးမောင်မောင်ဦးက ပြောသည်။

ထို့ကြောင့် ယခုဖြစ်စဉ်တွင် X.ray စက်အခြေအနေနှင့် အခြားအကြောင်းအရာများကို မသိရှိပါကြောင်း မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)မှ မန်နေဂျာတစ်ဦးက ပြောသည်။

သီလဝါဆိပ်ကမ်းတွင် X.ray စက်ရှိသော်လည်း စက်ကောင်းမွန်ခြင်း ရှိ၊ မရှိနှင့် ကွန်တိန်နာပါပစ္စည်းများသည်စက်ကိုဖြတ်သန်းခြင်း ရှိ၊မရှိအပါအဝင် လာရောက်ရာလမ်းကြောင်းတစ်လျှောက်ကို စစ်ဆေးနေပြီဖြစ်ကြောင်း သိရသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအရ လိုအပ်သော အရေးယူမှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း လုံခြုံရေးနှင့် စုံစမ်းရေးရာဝန်ကြီးက ပြောသည်။

တစ်ခါတစ်ရံတွင် ကွန်တိန်နာများ ရောက်ရှိမှုများပါက စစ်ဆေးရသည့် ပစ္စည်းများ များပြားသဖြင့် ပစ္စည်းထုတ်ယူမှု ကြန့်ကြာမှုအပါအဝင် စစ်ဆေးမှုမျိုး လုပ်ငန်းခွင် အခက်အခဲများလည်းရှိတတ်ကြောင်း ယခုဖြစ်စဉ်တွင် ပေါ့ဆမှုသာ ဖြစ်နိုင်ကြောင်း အကောက်ခွန်ရှင်းလင်းရေး အေဂျင်စီတစ်ခုက ပြောကြားသည်။

# အချဉ်ရည်များ စာတ်ခွဲစစ်ရာတွင် ဆာလဖျူရစ်အက်စစ်ပြင်းတွေ့

**ဝတ်ရည်အောင်**
**ရန်ကုန်၊အောက်တိုဘာ-၅**

ဈေးကွက်အတွင်း ရောင်းချနေသည့် အချဉ်ရည်များတွင် စားသုံးသူများအတွက် အန္တရာယ်ရှိသည့် တားမြစ်ဆိုးဆေးများ၊ တာရှည်ခံရန် အသုံးပြုထားသည့် ဓာတုပစ္စည်းများ၊ စားသုံးရန်မသင့်သည့် ဆာလဖျူရစ်အက်ဆစ်ပြင်းများ ထည့်သွင်းအသုံးပြုထားသည်ကို ဓာတ်ခွဲတွေ့ရှိရကြောင်း စားသုံးသူကာကွယ်ရေးအသင်းမှ သတင်းရရှိသည်။




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

UMFCCI ရှိ ကုန်ထုတ်လုပ်သူများ အစားအသောက် ဖွံ့ဖြိုးတိုးတက်ရေး ဓာတ်ခွဲခန်းတွင် စစ်ဆေးထားခြင်းဖြစ်ပြီး ထိုအချဉ်ရည်ထုပ်များတွင် ထုတ်လုပ်သည့် ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ ကုန်ပစ္စည်းအတွင်း ပါဝင်သည့် ပစ္စည်းများ အချိုးအဆများ၊ FDA ၏ ခွင့်ပြုချက် စသည့်ဖော်ပြချက်မှစ၍ နေရပ်လိပ်စာများပင် မပါရှိကြောင်း စားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောသည်။

"လိပ်စာတောင် မပါဘူးဆိုတော့ ဘယ်လိုမှကို ယုံကြည်လို့ မရနိုင်တော့ဘူးလေ"ဟု ဦးဗအုပ်ခိုင်က ဆက်လက်ပြောသည်။

အစိုးရမဟုတ်သည့် အဖွဲ့အစည်းဖြစ်သည့်အတွက် ဌာနဆိုင်ရာကို တင်ပြခြင်းမျိုး ဆောင်ရွက်မည်မဟုတ်သော်လည်းသက်ဆိုင်ရာ တာဝန်ရှိသူများမှ ဝင်ရောက်စစ်ဆေးအရေးယူခြင်းများအပြင် ရောင်းချသူ စားသုံးသူတွေကလည်း မည်သည့်ကုန်ပစ္စည်းများ ပါဝင်နေမှန်း မသိသည့် စားသောက်ကုန်များအား ရှောင်ကြဉ်သင့်ကြောင်း ဦးဗအုပ်ခိုင်ကပြောသည်။ **စာ(၁၂)သို့**





## ၂၀၁၂ အောက်တိုဘာ ၁၀ မှ ၁၆ ရက်ထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်လာရာမှ ပိုမိုအားကောင်းလာနိုင်ပါတယ်။ အနောက်မြောက်ဘက်ကို ဦးတည်ရွေ့လျားပြီး အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းကို ဖြတ်ကျော်နိုင်ပါတယ်။ အနောက်တောင်မုတ်သုံလေဟာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လုံးဝဆုတ်ခွာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာတိမ်အနည်းငယ်မှ အသင့်အတင်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မှာ တိမ်းအသင့်အတင့်ဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မြန်မာ့ပင်လယ်ပြင်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ လှိုင်းအမြင့် ၁ ပေမှ ၂ ပေအထိ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှု အခြေအနေ**

မိုးလေဝသ ဂြိုဟ်တုမှ တိုင်းတာချက်အရ ပြီးခဲ့တဲ့ အောက်တိုဘာလ ၁-၆ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဒေသမှာ မိုးအများဆုံး ရွာသွန်းခဲ့ပါတယ်။ မိုးရေချိန် ၃ လက်မမှ ၄ လက်မခန့်နဲ့ကျန်ဒေသတွေမှာမိုးရေချိန် ၁ လက်မမှ ၁ လက်မခွဲခန့် ရွာသွန်းခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းဟာ ထစ်ချုန်းမယ့် အခြေအနေများ ပိုမိုလာနိုင်ပါတယ်။ အထူးသဖြင့် မွန်းလွဲညနေပိုင်းများမှာ မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့တနင်္သာရီတိုင်းမှာ နေရာကွက်ကျားနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ နေရာကျဲကျဲ၊ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ နေရာစိပ်စိပ် မိုးထစ် ချုန်းရွာနိုင်ပါတယ်။ စစ်ကိုင်းတိုင်း အထက်ပိုင်းမှာ ဒေသအလိုက်နဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းနဲ့ ချင်းပြည်နယ်တောင်ပိုင်း၊ ကချင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ နေရာကွက်ကျား ၁ ရက်မှ ၂ ရက်ခန့် မိုးကြီးနိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အခြေအနေ**

တစ်ပြည်လုံးတွင် အပူရှိန်များနဲ့ ထစ်ချုန်းမယ့် အခြေအနေများ သိသိသာသာ ဆက်လက်မြင့်တက်လာနိုင်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မန္တလေးတိုင်းမြောက်ပိုင်းတို့မှာ မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ခြေ အများဆုံးရှိပြီး သေချာမှု ၇၀ ရာခိုင်နှုန်းရှိပါတယ်။ ချင်းပြည်နယ်၊ မကွေးတိုင်းမြောက်ပိုင်း၊ မန္တလေးတိုင်းမြောက်ပိုင်း၊ ပဲခူးတိုင်းအရှေ့မြောက်ပိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းနဲ့ အရှေ့ပိုင်းဒေသတွေမှာ မိုးတိမ်တောင်ဖြစ်ဖို့ ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ရှိနိုင်ပါတယ်။ တစ်ပြည် လုံးတွင် ထစ်ချုန်းမယ့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်။ လေပြင်းတိုက်ခတ်ခြင်း၊ နေရာကွက် မိုးကြီးခြင်း၊ မိုးကြိုးပစ်ခြင်းတို့ကို သတိထားဖို့ လိုအပ်။ ကုန်းမြင့်နဲ့ တောင်ကြားဒေသများတွင် လျှပ်တစ်ပြက် ရေကြီးမှုကို သတိပြုရန်လိုအပ်။

**နေ့အပူချိန်များ အခြေအနေ**

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှာ အပူချိန်များနဲ့ ထစ်ချုန်းမယ့်အခြေအနေများ သိသိသာသာ မြင့်တက်လာနိုင်။ အထူးသဖြင့် တနင်္သာရီတိုင်းများ အပူရှိန်အမြင့်မားဆုံး တက်နိုင်။ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ် မြောက်ပိုင်းတို့မှာ အပူချိန်ပုံမှန်ခန့်ရှိနိုင်သော်လည်း ကျန်ဒေသများမှာ အပူချိန်ပုံမှန်ထက်မြင့်မားနိုင်ပါတယ်။ အထူးသဖြင့် တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းစတဲ့ဒေသတွေမှာ တိုင်းတာရရှိတဲ့ အမြင့်ဆုံးအပူချိန်ထက် ခံစားရတဲ့ အပူချိန်တွေဟာ ပိုနေပြီး အချို့ရက်တွေမှာ ၁၀၀ ဒီဂရီ အထက်ကျော်လွန်နိုင်ပါတယ်။ အပူချိန်အလွန်မြင့်မားမှုကြောင့် အသက်အရွယ်ကြီးရင့်သူနဲ့ ကလေးငယ်များ၊ ရောဂါအခံရှိသူ များ စသူတို့ရဲ့ ကျန်းမာရေးကို ထိ ခိုက်နိုင်ပါတယ်။

**မြစ်ရေအခြေအနေနဲ့ ရေကြီးမှု အလားအလာ**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရေလွှမ်းမိုးမှု အလားအလာများ ဆက်လက်လျော့နည်းနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင် အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများ ပုံမှန်ထက် ကျော်လွန်ဖြစ်ပေါ်နိုင်။ မြန်မာနိုင်ငံဘက်ကိုလည်း အရှေ့ဘက်မှ မုန်တိုင်းအကြွင်းအကျန်နဲ့ လေပွေလှိုင်းများ ရောက်ရှိလာနိုင် ဖွယ်ရာ အခြေအနေများ ရှိနိုင်ပါတယ်။ အထူးဖြင့် လက်ရှိဖြစ်ပေါ် နေသော အပူပိုင်းမုန်တိုင်း GAEMI သည် ဗီယက်နမ်ကမ်း ခြေကိုဖြတ်ကျော်ပြီး သူ၏အ ကြွင်းအကျန် တိမ်တိုက်သည် မြန်မာနိုင်ငံ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှတစ်ဆင့် မြစ်ဝကျွန်းပေါ် ဒေသတောင်ပိုင်းကို ဖြတ်ကျော်သွားဖွယ်ရာ ရှိပါတယ်။

**ဒေါက်တာထွန်းလွင်**

## မြန်မာ့ဘဏ္ဍာရေးဥပဒေ အသက်ဝင်ရန် ဥပဒေတစ်ရပ် အိုဘားမား လက်မှတ်ထိုး

**ဝါရှင်တန်၊ အောက်တိုဘာ-၆**

အမေရိကန်သမ္မတ အိုဘားမားက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကို ထောက်ပံ့ပေးနေသော နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများအား အမေရိကန် ထောက်ခံအားပေးရာတွင် ပိုမိုလွယ်ကူစေမည့်ဥပဒေတစ်ရပ်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။

ထိုဥပဒေသည် ပြီးခဲ့သည့်လက ကွန်ဂရက်တွင် မြန်မာအပေါ် အမေရိကန်က ဘဏ္ဍာရေးနှင့် အခြားပိတ်ဆို့မှုများ ရုပ်သိမ်းပေးပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဥပဒေမှာ သမ္မတဦးသိန်းစိန် ဦးစီးဆောင်ရွက်နေသော နိုင်ငံရေးပွင့်လင်းမှုကိုအားပေးရန်ဖြစ်သည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက သမ္မတလက်မှတ်ရေးထိုးလိုက်သော ယခုဥပဒေသစ်သည် မြန်မာနိုင်ငံ၌ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် စီးပွားရေးပေါ်လစီ ဖြစ်ပေါ်စေရန် ခိုင်မာအားကောင်းသော အဖွဲ့အစည်းများကို ထောက်ခံပံ့ပိုးပေးသွားမည်ဟု ဆိုသည်။

ထို့အပြင် ကမ္ဘာ့စီးပွားရေးနယ်ပယ်ထဲ၌ မြန်မာနိုင်ငံပြန်လည်ပေါင်းစည်းဝင်ရောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပံ့ပိုးပေးနိုင်မည်ဟု ဆိုသည်။

ကန်ဘဏ္ဍာရေးဌာန လက်ထောက်ဝန်ကြီး နီယယ်ဝူလင်က "ဒီဥပဒေချမှတ်လိုက်ခြင်းဟာ အဲဒီဘဏ္ဍာရေးအဖွဲ့အစည်းတွေက မြန်မာနိုင်ငံမှာ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးရှိမှု၊ ပြောင်းလဲရေးဖြစ်ပေါ်မှုတို့ အသာစီးရအောင် လုပ်ဖို့၊ အမေရိကန်ပေါ်လစီတွေ ဖော်ဆောင်နိုင်စွမ်းလည်း ရှိလာစေပါလိမ့်မယ်"ဟု ပြောသည်။

ဝါရှင်တန်သည် ဇူလိုင်လအတွင်းက မြန်မာနိုင်ငံ၌ အမေရိကန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှု ပိတ်ဆို့ထားခြင်းကို ဖြေလျှော့ခဲ့သည်။ ထို့နောက် ပြီးခဲ့သည့်လအတွင်း မြန်မာအပေါ် ပိတ်ဆို့ထားသော မြန်မာပို့ကုန် တင်ပို့မှုကိုလည်း ပြန်လည်ခွင့်ပြုမည်ဟု ကြေညာခဲ့ပြီးနောက် ယခု သမ္မတအိုဘားမားလက်မှတ်ရေးထိုးသော မြန်မာ့ဘဏ္ဍာရေးဥပဒေ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်က မြန်မာနိုင်ငံအပေါ် ယခင်ပိတ်ဆို့မှုများ၌မြန်မာနိုင်ငံအား ဘဏ္ဍာရေးအကူအညီပေးသော အဖွဲ့အစည်းများ ကိုပါ ပိတ်ပင်ရန် ပါဝင်ခဲ့ရာ ယခုဥပဒေထွက်ပေါ်လာခြင်းမှာ အဆိုပါပိတ်ပင်မှုများအား ဖြေလျှော့ပေးခဲ့ခြင်းလည်းဖြစ်သည်။ -Ref: AFP

## ပြည်နယ် ဝန်ကြီးများ ဒေသတွင်းရှိ သက်ဆိုင်ရာဌာနများအပေါ် ဩဇာမလွှမ်းနိုင်

**မြတ်စုမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၄**

ပြည်နယ်နှင့်တိုင်း အချို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများသည်သာမန်အရပ်သားဘဝမှရွေးကောက်တင်မြှောက်ခံရခြင်းကြောင့် တက်လာသူများဖြစ်ရာဌာနဆိုင်ရာ အရာရှိများ၏လေးစားနာခံမှုအားနည်းနေသေးကြောင်း ရခိုင်နှင့် ချင်းပြည်နယ်မှ ဒေသခံများက သုံးသပ်သည်။

"ပြည်နယ်အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုတွေက အားရစရာ မရှိပါဘူး။ ကျွန်တော်တို့မြို့ကို ပြည်နယ်ဝန်ကြီးတစ်ယောက်လာတယ်ဆိုရင် သူက သာမန်အရပ်သားဝန်ကြီးဖြစ်သွားတာကြောင့် ဌာနဆိုင်ရာ အရာရှိတွေက သိပ်အရေးမစိုက်ချင်ဘူး။ ပြည်ထောင်စု အဆင့်လာရင်တော့ ပျာယာခတ်နေတယ်" ဟု မြောက်ဦးမြို့မှ ဒေသခံတစ်ဦးကပြောသည်။

ထို့ပြင် သူက ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်တွင်းဌာနဆိုင်ရာ အရာရှိများအပေါ် လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ချထားပေးမှုတွင် လွှမ်းမိုးနိုင်စွမ်းမရှိကြောင်း သုံးသပ်သည်။

ထို့ပြင် ပြည်နယ်အစိုးရများနှင့် လွှတ်တော်၏ ဆွေးနွေးမှုများမှာလည်း ယခုတိုင် အသက်ဝင်ခြင်း မရှိသေးကြောင်း ချင်းတိုးတက်ရေးပါတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အထူးသဖြင့် ချင်းပြည်နယ်လွှတ်တော်က အသက်မဝင်သေးဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့က အထက်က ခိုင်းမှလုပ်တတ်တဲ့ အမူအကျင့်ဟောင်းတွေနဲ့ အစိုးရဝန်ကြီးတွေထဲမှာ လူသားအရင်းအမြစ် အားနည်းမှုကြောင့်ပဲ။ ဒီတော့ အောက်ခြေဝန်ထမ်းတွေကလည်း အရိုအသေတန်လာမယ်။ သူတို့က ဒီငါးနှစ်ပဲ လုပ်မှာ။ ငါတို့ကို လစာပေးထားတာလည်း မဟုတ်ဘူးဆိုတဲ့ စိတ်ရှိနေကြတယ်" ဟု ချင်းတိုးတက်ရေးပါတီမှ အထွေထွေအတွင်းရေးမှူးဦးငယ်ပီးက သုံးသပ်ပြောကြားသည်။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့သည် အစိုးရသက်တမ်းတစ်နှစ်ကျော် ကာလကြာမြင့်လာသော်လည်း အာမခံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ လုပ်ငန်းဆောင်တာ နှေးကွေးမှုများနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ပါတီစုံမှ လွှတ်တော်ကိုယ်စားလှယ်များက သတိပေးဆွေးနွေးခဲ့ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေ ၁၀ ဦးအထိ ဒီအကြောင်းကို ဆွေးနွေးခဲ့တယ်။ ပြည်နယ်အစိုးရက လုပ်ပိုင်ခွင့်ရှိတာကို အပြည့်အဝ မလုပ်ဘူး။ လွှတ်တော်မှာ အတည်ပြုပြီး အာမခံလိုက်တဲ့အပိုင်းတွေကို တစ်ခုမှ အကောင်အထည်မပေါ်ဘူး။ တချို့ဝန်ကြီးဌာနတွေက ပြည်သူ့ဘဏ္ဍာကို ဖြုန်းနေသလို ဖြစ်နေတယ်" ဟု ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြကျော်က ပြောသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီးတစ်ဦးက "တာဝန်ယူထားရတဲ့ ဌာနတွေက များပြီ။ လုပ်နိုင်တဲ့ ဝန်ကြီးအရေအတွက်က နည်းနေတယ်။ ဝန်ကြီးတစ်ယောက်ကို ဌာနအများကြီး တာဝန်ယူထားရတာမျိုးဖြစ်နေတယ်" ဟု ပြောသည်။

ထို့အပြင် ကရင်ပြည်နယ်၊ ဘားအံခရိုင်အုပ်ချုပ်ရေးမှူးဦးရဲနိုင်ကလည်း "ကိစ္စတစ်ခုရှိတိုင်း ပြည်နယ်ဝန်ကြီးချုပ်အပါအဝင် ကက်ဘိနက်ကပဲ ဆုံးဖြတ်တာပဲ။ ပြီးတော့ လုပ်ရမယ့် တာဝန်တွေကို အစိုးရရုံးအဖွဲ့က ထုတ်ပြန်တာကို ကျွန်တော်တို့လိုက်နာလုပ်ဆောင်ရတာ။ အရင်ကထက်တော့ ပုံစံပြောင်းသွားပါတယ်။ ဝန်ကြီးတွေထဲမှာအရင်ကရပ်ကွက်အုပ်ချုပ်ရေးမှူး လုပ်ခဲ့သူတွေလည်းပါတယ်။ ပညာအရည်အချင်း အားနည်းသူတွေပါတယ်။ ဒါပေမဲ့ သူတစ်ယောက်တည်းက ဆုံးဖြတ်တာ မဟုတ်ပါဘူး" ဟု ပြောသည်။

ပြည်နယ်နှင့် တိုင်းလွှတ်တော်အစည်းအဝေးများတွင် မည်သည့် အချက်အလက်များကို ဆွေးနွေးသွားသည်ဆိုသော အသေးစိတ်အချက်အလက်များနိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့်ထုတ်ပြန်ပေးရန်လည်း လိုအပ်ကြောင်း ချင်းတိုးတက်ရေးပါတီမှ တာဝန်ရှိပုဂ္ဂိုလ်က အကြံပြုသည်။

"နေပြည်တော်မှာ လုပ်တဲ့ လွှတ်တော်အစည်းအဝေးတွေဆိုရင် ဘာတွေဆွေးနွေးတယ်ဆိုတာ ထုတ်ပြန်တယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးလွှတ်တော်တွေ အသက်မဝင်တာက အဲဒီလို မထုတ်ပြန်တော့ ပြည်သူတွေ သိခွင့်မရလို့လည်း ဖြစ်မယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီး လွှတ်တော်တွေမှာ သတင်းယူတဲ့ သတင်းထောက်တွေ ရှိသင့်ပါတယ်" ဟု ဦးငယ်ပီးက အကြံပြုသည်။

## လင်မယားရန်ဖြစ်ရာမှ ဆိုင်ခန်းကို မီးရှို့

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ - ၄**

လင်မယားချင်း ရန်ဖြစ်စကားများရာမှ ဆိုင်ခန်းအား ဓာတ်ဆီလောင်းမီးရှို့မှုတစ်ခု အောက်တိုဘာ ၃ရက် ညက သဃ်န်းကျွန်း ဘီအိုစီမှတ်တိုင်အနီးတွင် ဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

ယင်းမီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးကျပ် ၂၅သိန်းရှိပြီး ဒဏ်ရာရရှိသူမှာလည်း ခြောက်ဦးရှိခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မီးလောင်မှုသည်သဃ်န်းကျွန်းရပ်ကွက်လေးထောင့်ကန်လမ်းမပေါ် ရှိခြံအမှတ်၅၂မှအင်ဂျင်ဝိုင်အရောင်းဆိုင်တွင်ဖြစ်ပွားခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ၁၀ ပေ×ပေ ၃၀ အကျယ် ရှိသည့် သွပ်မိုးထရံကာအဆောက်အအုံမီးလောင်ခဲ့သည်။

မီးလောင်မှုသည် အောက်တိုဘာ ၃ ရက် ည ၉နာရီ ၁၀မိနစ်တွင် စတင်ဖြစ်ပွားပြီး ၉ နာရီ ၄၃မိနစ်တွင်မှ မီးငြိမ်းသွားသဖြင့် နာရီဝက်ကျော်ကြာခဲ့သည်။ ထိုမီးလောင်မှုသို့ မီးသတ်ဌာနမှ မီးသတ်ယာဉ် ၂၅စီး၊ အုပ်ချုပ်မှုယာဉ်လေးစီး၊ အထောက်အကူပြုယာဉ်ရှစ်စီး သွားရောက်ကာ မီးသတ်တပ်ဖွဲ့ဝင် ၂၃၆ဦးနှင့် အရန်မီးသတ် ၁၁၆ဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ကြသည်။ ကြက်ခြေနီတပ်ဖွဲ့မှလည်း တပ်ဖွဲ့ဝင် ၁၀၀ ဦး မီးလောင်မှုသို့ လာရောက်ငြိမ်းသတ်ခဲ့ကြောင်းသိရသည်။

Life
7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# အညောင်းမိကြသူများနဲ့ ရုပ်ဖျက်ထားတဲ့ ကမ္ဘာ

ဥက္ကာကိုကို

ခတ္တာသည် ပန်းနုရောင် နှုတ်ခမ်းနီတောင့်ကို နှုတ်ခမ်းနှစ်လွှာပေါ် ခပ်ထူထူ သုတ်လိမ်းလိုက်သည်။ အလယ်အလတ်တန်းစား မိတ်ကပ်ဘူးလေးကို ဖွင့်ကာ မျက်နှာပေါ် တဖျပ်ဖျပ် ရိုက်လိုက်ပြီး ဆံပင်ကိုခပ်ဖွဖွသပ်တင်လိုက်သည်။ အချိန်က ညနေခြောက်နာရီရှိပါပြီ။

ညဥ့်နက်သည်နှင့်အမျှ ယမကာဆိုင်တချို့မှ ပြန်လာကြသော အညောင်းမိသူ အမျိုးသားအများစုကို သူမတို့က ဝန်ဆောင်မှုကောင်းကောင်းပေးရတော့မည်ဖြစ်သည်။ ဒီလကုန်လျှင် နယ်မှာရှိသော ဆင်းရဲနွမ်းပါးသည့် သူမ၏ မိသားစုထံပြန်ပို့ရမည့် ငွေကြေးပမာဏ မပြည့်သေးကြောင်းကိုလည်း ခတ္တာသိထားပါသည်။

အများစုက မာဆတ်ဟု အလွယ်တကူခေါ်ဝေါ်နေကြသော အနှိပ်ခန်း(Massage) များသည် ခြေလက်နှိပ်နယ်မှုများအတွက် ဝန်ဆောင်မှုပေးရန် ဖွင့်လှစ်ထားခြင်းဖြစ်သော်လည်း ပြည့်တန်ဆာလုပ်ငန်းအား တရားဝင်ခွင့်ပြုထားခြင်း မရှိသည့် နေရာဒေသများအတွက် ထိုအနှိပ်ခန်းအများစုက ဟန်ပြလုပ်ငန်းအဖြစ် ရပ်တည်နေလေ့ရှိသည်။ သို့သော် အနှိပ်ခန်းအားလုံးသည် လိင်ဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်နေခြင်းတော့ မဟုတ်ပေ။

မြန်မာနိုင်ငံတွင် ရန်ကုန်မြို့၊ မန္တလေးမြို့၊ နေပြည်တော်စသော မြို့တော်ကြီးများအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိမြို့နယ်များကိုပါ အနှိပ်ခန်းယဉ်ကျေးမှုတစ်ရပ် အရှိန်အဟုန်ဖြင့် ထွန်းကားလာနေခဲ့ပြီဖြစ်သည်။ ၂၀၀၂ ခုနှစ်ခန့်အထိ အနှိပ်ခန်းကို ကြားဖူးရုံသာရှိပြီး ကိုယ်တိုင်ဒိဋ္ဌတွေ့ကြုံဖူးခြင်း မရှိကြသေးသည့် နယ်မြို့လေးများမှာ ယခု ၂၀၁၂ ခုနှစ်မှာတော့ အနှိပ်ခန်းကိုယ်စီဖြင့် ပျော်ရွှင်မှုကိုရှာဖွေတတ်နေကြပါပြီ။ မြို့ခံအမျိုးသားထုတွေသည်လည်း ညောင်းညာကိုက်ခဲခြင်း၊ အကြောတက်ခြင်းစသည်တို့ကို ပိုမိုသတိပြုခံစားမိလာကြပါပြီ။



အနှိပ်ခန်းတစ်ခု၏ အတွင်းပိုင်းမြင်ကွင်း

ယခုအခါပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးက မြို့တော်များတွင် Massage Parlour များက တစ်ခုထက်မက ရှိလာကြပြီဖြစ်သည်။ သို့သော် အနှိပ်ခန်းအားလုံးက တရားဝင်ရပ်တည်နေကြခြင်းတော့ မဟုတ်ပါ။ ပြည်ပနိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံတွင်လည်း တရားမဝင်သော လုပ်ငန်းများကို တရားဝင်သယောင် ရုပ်ဖျက်တတ်ကြပါသည်။ လိင်ဖျော်ဖြေရေး လုပ်ငန်းအတွက် အနှိပ်ခန်းသဏ္ဍာန်ရုပ်ဖျက်ထားခြင်းမျိုးရှိသကဲ့သို့ များသောအားဖြင့်တော့ အလှပြင်ဆိုင် (Beauty Salon) အဖြစ် ရုပ်ပြောင်း ရုပ်လွှဲလုပ်ထားတတ်ကြသည်။ အလှပြင်ခန်းဟု အမည်တပ်ထားသော်ငြားလည်း အဓိကလုပ်ငန်းမှာ နှိပ်နယ်ခြင်းများသာ ဖြစ်သည်။ အဖမ်းအဆီး၊ အစစ်အဆေးများ လက်အောက်မှာပင် အနှိပ်ခန်းများသည် မီးရောင်တလဲ့လဲ့ဖြင့် လှပကျော့ရှင်းလျက် ရှိနေခဲ့သည်။ သို့သော် မည့်သည့်နေရာမှာပင်ဖြစ်စေ အနှိပ်ခန်း (Massage Parlour)များသည် အမျိုးသမီးငယ်များအတွက် အကျဉ်းထောင်တစ်ခုသဖွယ်ပင် ဖြစ်နေတတ်သည်။

ခတ္တာ (အမည်ရင်းမဟုတ်ပါ) ရောက်ရှိနေသည့် ရန်ကုန်မြို့လယ် တစ်နေရာက အနှိပ်ခန်းသည်လည်း သူလိုငါလိုပင်ရုပ်ဖျက်ထားခဲ့သည်ပဲဖြစ်သည်။ သုံးလွှာတိုက်ခန်းပေါ်က ဝရန်တာမှာ Beauty Salon ဟု ရေးထားပြီး အနီရောင်မီးလုံးလေးကို ခပ်မှိန်မှိန် ထွန်းညှိထားသည်။ တိုက်ခန်းအောက်ကို ငုံ့ကြည့်ပါက ပလတ်စတစ်ထိုင်ခုံတစ်လုံးဖြင့် ဆေးပေ့ါလိပ်ဖွာနေသော အမျိုးသားတစ်ဦးကိုတွေ့ရပါမည်။ ထိုသူက သူမတို့ဆိုင်ကိုလာရောက်သည့် ဧည့်သည်များ အခန်းမမှား၊ လမ်းမမှားစေရန် ခေါ်ဆောင်လာလိမ့်မည်။ ထိုသို့မထားရှိပါက ရီဝေဝေဖြစ်နေသော ဧည့်သည်များသည် တခြားသော ဘေးတိုက်ခန်းတံခါးများကို မှားခေါက်ကြမှာသေချာပါသည်။

Beauty Salon ဟု အမည်တပ်ထားသည့် ဆိုင်၏တံခါးကို တွန်းဖွင့်၍ ဧည့်ခန်းရှိ ဆိုဖာဆက်တီခုံတွင်ဝင်ထိုင်လိုက်သော ဧည့်သည်များအနီးမှာ ခတ္တာတို့တွေ စီတန်း၍ ရပ်ကြရသည်။ ဧည့်သည်ကကိုယ့်ကို ရွေးချယ်ပါစေဟု ခတ္တာက ဆုတောင်းနေမိသည်။ ဧည့်သည်များများ ရမှသာ ဒီလအတွက် ပိုက်ဆံများများကျန်မည် ဖြစ်သည်။ ထိုပိုက်ဆံများထဲမှ အများစုကိုမြစ်ဝကျွန်းပေါ်ဒေသ၊ ရွာလေးတစ်ရွာက သူမရဲ့မိသားစုထံ ပြန်ပို့ရပါမည်။

စာ(၁၁)သို့

ဈေးဝယ် ထွက်မယ်

## ကိုရီးယားထုတ် အလှကုန်တို့ စုစည်းရာ

အိဖြူလွင်

ဒီတစ်ပတ်မှာတော့ အလှအပတွေကို ဦးစားပေးတဲ့ အမျိုးသမီးတွေအတွက် အလှအပ ပစ္စည်းမျိုးစုံရနိုင်မယ့် အလှကုန်ဆိုင်လေးတစ်ဆိုင်မှာ ဈေးဝယ်ထွက်ကြည့်ချင်ပါတယ်။

အလှကုန်ပစ္စည်းဆိုတာ လှဖို့တစ်ခုတည်းသာ မဟုတ်ဘဲ ကျန်းမာရေး တစ်ကိုယ်ရေသန့်ရှင်းရေးအပြင် အမျိုးသမီးများရဲ့ အသားအရေထိန်းသိမ်းခြင်းတွေအတွက်လည်း အကျိုးရှိအသုံးဝင်တဲ့ပစ္စည်းတွေလို့ပြောနိုင်ပါတယ်။

ဒါ့ပြင် ဓာတုပစ္စည်းတွေရဲ့ အန္တရာယ်က တစ်နေ့တခြား ကြီးမားလာနေချိန်မှာ ဒီဆိုင်မှာ ရနိုင်တဲ့သဘာဝကရတဲ့ အသီးအရွက်၊ သစ်သီး၊ သစ်ဥတို့ဖြင့် ဖော်စပ်ထုတ်လုပ်ထားတာကြောင့် ဓာတုပစ္စည်းတွေရဲ့ ဆိုးကျိုးကနေ ကာကွယ်ပြီးသားလည်း ဖြစ်သွားမှာပါ။ ကိုရီးယားနိုင်ငံက ထုတ်လုပ်ပြီး မြန်မာနိုင်ငံမှာ တစ်ဦးတည်းကိုယ်စားလှယ်ယူ တင်သွင်းထားတဲ့ Beauty Cottage တံဆိပ်အလှကုန်ပစ္စည်းတွေကို ဆံပင်ပြုပြင်ထိန်းသိမ်းခြင်းနှင့်ပတ်သက်တဲ့ ပစ္စည်းတွေ၊ မျက်နှာအသားအရေ ထိန်းသိမ်းခြင်းပစ္စည်းတွေ၊ ခန္ဓာကိုယ်အသားအရေထိန်းပစ္စည်းတွေနဲ့ မိတ်ကပ်လိမ်းခြယ်စရာ အလှကုန်ပစ္စည်းတွေဆိုပြီး အမျိုးအစားစုံရနိုင်တယ်လို့သိရပါတယ်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အလှကုန် ပစ္စည်းတွေကို အသက်အရွယ်အလိုက် အသားအရေအလိုက်သာမက အသုံးပြုမယ့် သူ့ရဲ့ နေ့စဉ် လှုပ်ရှားမှုပုံစံအလိုက်ပါ သင့်တော်ရာကို ရွေးချယ်နိုင်သလို အသီးအနံ့တွေရဲ့ အမျိုးအစားတွေအလိုက်လည်း နှစ်သက်ရာကို ရွေးချယ်နိုင်ပါသေးတယ်။

ကိုယ်ပိုင်ဆိုင်ထားတဲ့အသားအရေအလိုက် သင့်တော်ရာအမျိုးအစားတွေကို စိတ်ကြိုက်ရွေးချယ်နိုင်မယ့်ဆိုင်ကပစ္စည်းတွေက အနိမ့်ဆုံးဈေး ကျပ်လေးထောင်ကျော်လောက်ကနေ အမြင့်ဆုံးကျပ်သုံးသောင်းကျော် ခန့်အထိရှိတယ်လို့လည်း သိရပါတယ်။


Beauty Cottage ဆိုတဲ့ အလှကုန်တံဆိပ်ရဲ့ ထူးခြားချက်က သိမ်မွေ့နူးညံ့တဲ့ အရောင်တွေနဲ့တစ်နေတာလုံး အလှမပျက်စေတဲ့ ခံစားမှုမျိုးကို ရနိုင်တာလို့လည်း သိရပါတယ်။

အမျိုးသမီးတွေရဲ့ ပင်ကိုအလှတွေကို သဘာဝအတိုင်း ပိုမိုကြွရွသွားစေဖို့ သဘာဝဆန်ဆန်လှချင်သူတွေအားလုံး ဈေးဝယ်ထွက်ကြည့်ဖို့ ဒီတစ်ပတ်မှာ လမ်းညွှန်ချင်တဲ့ဆိုင်က ဝေဇယန္တာလမ်းမပေါ်က ဝေဇယန္တာရှော့ပင်းစင်တာ ဒုတိယထပ်မှာရှိတဲ့ Precious Angel' Co., Ltd ရဲ့ Beauty Cottage ဆိုင်ပါလို့ သတင်းပေးလိုက်ပါတယ်။



ချက်ကြရအောင်

## ဝက်လက်ချဉ်စော်ခါးသီးဟင်းချို



ဒီတစ်ပတ် ဝိုက်ဖီက ဟင်းရည်သောက်လေးတစ်ခွက် ချက်ထားပါတယ်။ ခပ်ချဉ်ချဉ်စပ်စပ်ဝက် လက်ဟင်းချိုလေးတစ်ခွက်ပါ။

လိုအပ်တာတွေကတော့ဝက်လက်တစ်ချောင်း၊ ချဉ်စော်ခါးသီးခြောက် အနည်းငယ်၊ ငရုတ်သီးအပွတောင့်တစ်တောင့်၊ ထိုင်ဝမ်မုန်ညင်းရွက်အနည်းငယ်နဲ့ စပါးလင်တစ်ချောင်းတို့ပဲ လိုပါတယ်။

ပထမဆုံးတော့ ညီညီညာညာ ကွင်းထားတဲ့ဝက်လက်ကိုပြုတ်ပါမယ်။ အဲလိုပြုတ်တဲ့အခါ ခပ်ရိုပ်ရိုပ် လှီးထားတဲ့ စပါးလင်၊ ဆား၊ သကြားအနည်းငယ်၊ ကြက်သွန်ဖြူထောင်း(အရည်ပဲ ညှစ်ထည့်ပါမယ်)တို့နဲ့ပြုတ်ပါမယ်။ ပေါင်းအိုးနဲ့ဆိုရင်တော့ နူးဖို့ သိပ်မကြာပါဘူး။

အဲဒီချိန်မှာပဲ ငရုတ်သီးပွတောင့်ကို ခပ်ပါးပါးလေးတွေ ကွင်း၊ မုန်ညင်းရွက်တွေ လှီးပြီး အသင့်ပြင်ထားပါမယ်။ ဝက်ခြေထောက်နူးလောက်ပြီဆိုရင် ရေစိမ်ထားတဲ့ ချဉ်စော်ကားသီးခြောက်ထုပ် ၄၊၅ ဖတ်လောက်ထည့်ပါမယ်။(ပန်းကန်လုံးတစ်ခွက်စာ ဆိုရင်၄၊၅ဖတ်ပဲ လိုပေမယ့် အချဉ်ကြိုက်ရင် ကြိုက်သလောက် ထည့်နိုင်ပါတယ်) ပြီးရင် ပွက်ပွက်ဆူနေတဲ့ ဟင်းရည်ထဲကို မုန်ညင်းရွက်နဲ့ ငရုတ်သီးလှီးထားတာ ထည့်ပြီးချလို့ရပါပြီ။ ငရုတ်ကောင်းမှုန့်နဲ့ ကြက်သွန်မြိတ်လေးအုပ်ပြီး သုံးဆောင်ရုံပါပဲ။

ခန္ဓာကိုယ်တွင်း အဆီဓာတ်ကိုလျှော့ချရာမှာ အကူအညီဖြစ်တဲ့ ချဉ်စော်ခါးသီးခြောက်ကို စူပါမားကက်တွေမှာ အထုပ်လိုက် လွယ်လွယ်ကူကူဝယ်လို့ရမှာပါ။

7 DAY NEWS JOURNAL
Vol.11, No.31 · OCTOBER 11 , 2012



ရန်ကုန်မြို့ပေါ်ရှိ ကလပ်တစ်ခု

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အရှိန်မကုန်သေးတဲ့ ရေပေါ်ဆီညရပ်ကွက်များ

**ဥက္ကာကိုကို၊ ထွန်းနိုင်**

နိုက်ကလပ်များနှင့်လမ်းမများပေါ် မှ ကားပြိုင်ပွဲများ၊ ရန်ပွဲများမှာ တရားဥပဒေစိုးမိုးရေးကို ဦးတည်ဖော်ဆောင်နေသည်ဆိုသည့် ယခုကာလတွင်ပင် အရှိန်မကုန်နိုင်သေးဘဲ ထင်ထင်ပေါ် ပေါ် ပါဝါပြိုင်နေကြဆဲဖြစ်သည်။

ရန်ကုန်မြို့တွင်ရှိသည့် နိုက်ကလပ်များတွင် အထက်တန်းလွှာနှင့်လူကုံထံအသိုင်းအဝိုင်းမှ လူငယ်များဖြင့် နေ့စဉ်စည်ကားလျက်ရှိပြီး ညလူခြေတိတ်ချိန်တွင် ပြိုင်ကားများ ယှဉ်ပြိုင်မောင်းနှင်ခြင်းနှင့် ခိုက်ရန်ဖြစ်ပွားခြင်းများမှာ ၎င်းတို့အတွက် မဆန်းကြယ်တော့ကြောင်း နိုက်ကလပ်လုံခြုံရေးများကို ဆယ်စုနှစ်နှစ်ခုကျော်ကြာ ဆောင်ရွက်လာခဲ့သည့် လုံခြုံရေးဝန်ထမ်းတစ်ဦးကဆိုသည်။

"ဒါတွေက အမြဲဖြစ်နေကျဆိုတော့ မဆန်းတော့ပါဘူး။ အခုလို လူသိရှင်ကြားဖြစ်ပြီး လာမေးကြတာကပဲ ဆန်းနေတယ်"ဟု သူကပြောသည်။

အထက်တန်းလွှာနှင့်အလယ်အလယ်လူတန်းစားများအတွက်ဖွင့်လှစ်ထားသောနိုက်ကလပ်များတွင် ဖြစ်ပေါ် လာသည့်ပြဿနာများကို ထိုအသိုင်းအဝိုင်း အချင်းချင်းကပင် ဖြေရှင်းလိုက်ကြလေ့ရှိသည်။

**အချပ်ပို(D)သို့**









# စာ–၉၊ အညောင်းမိကြသူများနဲ့ ရုပ်ဖျက်ထားတဲ့ ကမ္ဘာ မှ

ခတ္တာမှာ အမေနှင့် မောင်လေးတစ်ဦး ရှိသည်။ အဖေကတော့ ဆုံးပါးသွားတာ ငါးနှစ်လောက်ရှိပါပြီ။ အဖေဆုံးပြီးမကြာမီမှာပဲ ရန်ကုန်မှာအလုပ်လုပ်ပြီး ခဏပြန်လာသည့် သူငယ်ချင်းတစ်ဦးနှင့် ရန်ကုန်မြို့သို့ လိုက်ပါလာခဲ့သည်။ ရွာက ထွက်လာကတည်းကဒီအလုပ်ကိုလုပ်ရမည်ဆိုတာ ခတ္တာကြိုသိထားပြီး ဖြစ်သည်။ ခတ္တာတို့ Beauty Salon မှ လုပ်ဖော်ကိုင်ဖက် ညီမငယ်အများစုကတော့ဒီလောကထဲကို မရည်ရွယ်ဘဲရောက်လာ ကြသူတွေဖြစ်သည်။ သူတို့အားလုံး၏ တူညီသောအချက်ကတော့ဆင်းရဲနွမ်းပါးခြင်းနှင့် အတန်းပညာနည်းပါးခြင်းပဲဖြစ်သည်။

"တချို့ကတော့ စားဝတ်နေရေးပေါ့။ ပညာမတတ်ဘဲ ဘယ်အလုပ်ကမှ ကိုယ့်ကိုမခေါ်ဘူး။ ပိုက်ဆံလည်း ဒီလောက်များများမရဘူး။ တချို့ကတော့ ဝါသနာပါလို့ တမင်လုပ်နေတဲ့ လူတွေရှိတယ်။ တစ်ယောက်နှစ်ယောက်တွေ့ဖူးတယ်"ဟု ခတ္တာက ပြောပြသည်။

ခတ္တာသည် ရန်ကုန်ရောက်ရောက်ချင်းပင် အောင်မင်္ဂလာအဝေးပြေးကွင်းအတွင်းရှိ အနှိပ်ခန်းတစ်ခုတွင် အလုပ်ရခဲ့သည်။ အလုပ်၏ပထမရက်သတ္တပတ်များသည် သူမအတွက် ပင်ပန်းဆင်းရဲကြီးစွာပင် ဖြစ်ရသည်ဟု ခတ္တာက ဆိုပါသည်။ ရွာပြန်ပြေးရန်ပင် အကြိမ်ကြိမ်ကြိုးစားခဲ့ဖူးသော်လည်း အထမမြောက်ခဲ့ပေ။ ဆိုင်ပိုင်ရှင်များသည် သူမတို့လုပ်ကိုင်ရမည့်သတ်မှတ်ကာလတစ်ခုမပြည့်မချင်း မှတ်ပုံတင်များကို လုံခြုံရာမှာ သိမ်းဆည်းထားတတ်ကြသည်။ နောက်တော့လည်း မီးရောင်တလဲ့လဲ့အောက်မှာ သူမနေသားကျသွားခဲ့သည်ဟု ဆိုသည်။

အောင်မင်္ဂလာ အဝေးပြေးကွင်းမှာ အနှိပ်ခန်းနှင့် ဖြူတီးဆလွန်းခန်းများ ၄၀ ကျော်ခန့်ရှိသည်ဟု သိရသည်။။ အဆိုပါလုပ်ငန်းများ အများဆုံးတည်ရှိနေရာ ရပ်ဝန်းမှာ ကျောက်တံတား၊ လသာ၊ လမ်းမတော်စသည့် မြို့တွင်းရေိယာများဖြစ်ပြီး စမ်းချောင်းမြို့နယ်နှင့် ဘုရင့်နောင်ပွဲရုံဝန်းကျင်စသည်တို့လည်း နာမည်ကျော်ကြားသည်။ ရန်ကုန်တစ်မြို့လုံးတွင် အနှိပ်ခန်းများ ထောင်ဂဏန်းကျော်လာပြီဖြစ်သည့်အတွက် ရွေးချယ်စရာလည်း ပေါများလာပြီ ဖြစ်သည်။ အနှိပ်ခန်းနှင့် အလှပြင်ခန်းများအားလုံးကို လိင်ဖျော်ဖြေရေးလုပ်ငန်း လုပ်ကိုင်လိမ့်မည်ဟု သိမ်းကျုံးမြင်လို့မရသော်လည်း မကြာမခဏတော့ လုပ်ငန်းချင်းဆက်နွယ်မှု ရှိတတ်ကြသည်ဟု ကိုယ်တိုင်သွားရောက်နေကျ အမျိုးသားအများစုက တညီတညွတ်တည်း ပြောကြသည်။

တရားမဝင် အနှိပ်ခန်းများသည် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအသီးသီးကို လိုင်းကြေးဟုခေါ်ဝေါ်သည့် ငွေပမာဏများကို လစဉ်ပေးသွင်းရမှုများ ရှိသည်ဟု ဆိုကြသည်။ ထိုငွေပမာဏမှာ သိန်းဂဏန်းခန့်ရှိသည်ဟု သိရပြီး ထိုသို့ တရားမဝင်ပေးသွင်းရသည့် အဖွဲ့အစည်းများမှာလည်း ထုံးစံအရပင် သက်ဆိုင်ရာမြို့နယ်စည်ပင်၊ လုံခြုံရေးအဖွဲ့အစည်း၊ နယ်မြေရဲကင်းစသဖြင့် ဖြစ်နေတတ်သည်။

မြန်မာနိုင်ငံ နယ်စပ်ပြည်နယ်တချို့မှ အမျိုးသမီးများသည်လည်း ထိုင်းနိုင်ငံနှင့် တခြားနိုင်ငံများရှိအနှိပ်ခန်း လုပ်ငန်းနှင့်ပြည့်တန်ဆာလုပ်ငန်းများတွင် လုပ်ကိုင်ရန် အလို့ငှာ ရောင်းစားခံနေကြရဆဲဖြစ်သည်။ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ရှိ အနှိပ်ခန်းလုပ်ငန်းများမှ အမျိုးသမီး ၅၀ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံသားများဖြစ်ကြောင်း စစ်တမ်းများကဆိုသည်။

"ထိုင်း-မြန်မာနယ်စပ်ဒေသတွေမှာတော့ အနှိပ်ခန်းတွေက မြန်မာမိန်းကလေးတွေ များတယ်ဗျ။ လိင်ကိစ္စတော့ မရဘူး။ ဒါပေမဲ့ အဆင်ပြေရင်တော့ အနှိပ်ခန်းပိတ်ချိန် စောင့်ခေါ်သွားပေါ့။ အဲဒီလိုမျိုးတွေတော့ရှိတယ်။ မြန်မာလူမျိုးဆိုတာထက် တိုင်းရင်းသူတွေပိုများကြပါတယ်"ဟု ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင် နေထိုင်သူ မြန်မာတစ်ဦးဖြစ်သည့် ဘလော့ဂါကိုစျာန်က ပြောသည်။

"ထိုင်းနိုင်ငံမှာ ကျေးလက်ဆေးခန်းတွေမှာ အနှိပ်ခန်းရှိတယ်။ တချို့နေရာမှာဆိုရင် ချွေးပေါင်းရုံ ရှိတယ်ဗျ။ အဲဒီမှာ လုပ်တဲ့သူတွေက အဲဒီရပ်ကွက်က အသက်(၄၀)ကျော် အမျိုးသမီးကြီးတွေ များတယ်။ သူတို့ကိုအစိုးရက ကောင်းကောင်းသင်တန်းပေးပြီး အဲဒီကျေးလက်ဆေးခန်းတွေမှာအနှိပ်ရုံဖွင့်ပေးထားတာ"ဟုကိုစျာန်က ဆက်ပြောပြသည်။

မြန်မာနိုင်ငံမှာလည်း ထိုသို့ အနှိပ်ပညာရှင်များရှိပြီး ၎င်းတို့မှာ မျက်မမြင်များ ဖြစ်ကြသည်။ သူတို့ကို လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ဂျပန်နိုင်ငံမှပညာရှင်များပူးပေါင်း၍ အနှိပ်ပညာကိုစနစ်တကျ သင်ကြားပေးခြင်းများရှိသည်။ ထိုသင်တန်းမှ မျက်မမြင်သင်တန်းသားများသည် မျက်မမြင်ကျောင်းရှိအနှိပ်ခန်းတွင် ဝမ်းစာရှာကြသကဲ့သို့ ရပ်ကွက်ထဲတွင် ပြန်လည် အသုံးချသူများလည်း ရှိသည်။

ဟန်ပြအနှိပ်ခန်းများအပြင် ယင်းကဲ့သို့သော ကျန်းမာရေးအနှိပ်ခန်းများလည်း များစွာရှိသောကြောင့် အမှန်တကယ် အညောင်းမိ၊ အကြောတက်နေသော အမျိုးသားများသည် ကျန်းမာရေးအနှိပ်ခန်းများသို့သာ သွားကြပြီး ဘောလုံးပွဲစဉ်ရှိသည့် နေ့ရက်များတွင် ဘောလုံးဝါသနာရှင်များလည်း အနှိပ်ခံရင်းဘောလုံးပွဲကြည့်ရှုရန် လာရောက်ကြသည်ဟုသိရသည်။ ဟန်ပြအနှိပ်ခန်းများနှင့် ကျန်းမာရေးအနှိပ်ခန်းတို့မှာ ဈေးနှုန်းအားဖြင့် ကွာဟမှုမရှိလှသော်လည်း ဟန်ပြအနှိပ်ခန်းများတွင်တော့ Happy Ending ဖြစ်လိုပါက အမျိုးသမီးတောင်းသည့် ငွေကြေးကို ထပ်မံပေးဆောင်ရခြင်းရှိလာသည်။

အင်္ဂလန်နိုင်ငံမှာတော့ အခကြေးငွေဖြင့်လိင်ဆက်ဆံခြင်းကို တရားဝင်သတ်မှတ်ထားခြင်းမျိုးရှိသော်လည်း လူကြားထဲတွင် ဖောက်သည်ရှာခြင်း၊ ပြည့်တန်ဆာခန်းဖွင့်ခြင်း၊ ပြည့်တန်ဆာခေါင်းလုပ်ခြင်းများကတော့တရားမဝင်ပါ။ ထိုသို့သော တရားမဝင်ပြည့်တန်ဆာလုပ်ငန်းများသည် အနှိပ်ခန်းအဖြစ် ရုပ်ဖျက်ထားတတ်ကြသည်။

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ် ၃၈ ခုတွင် အနှိပ်ခန်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် ခွင့်ပြုမိန့်လိုင်စင်ရှိဖို့လိုအပ်ပြီး အနှိပ်ခန်းအဖြစ် ရုပ်ဖျက်ထားသောပြည့်တန်ဆာလုပ်ငန်းများလည်း အများအပြား ရှိနေပါသည်။ ဥပမာအားဖြင့် နယူးဂျာစီမြို့တစ်ခုတည်းမှာပင် Massage Parlor အမည်ခံထားသော လိင်ဖျော်ဖြေရေးလုပ်ငန်းပေါင်း ငါးရာကျော်ရှိနေခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံများနှင့် အလားတူပင် မြန်မာပြည်အပါအဝင် အရှေ့တောင် အာရှနိုင်ငံများမှာလည်း အနှိပ်ခန်း လုပ်ငန်းများကို တရားဝင်တစ်မျိုး၊ တရားမဝင်တစ်ဖုံ တွင်ကျယ်စွာ လုပ်ကိုင်လျက် ရှိသည်။ ထိုအလုပ်အကိုင်အတွက် အသုံးပြုသော အရင်းအမြစ်မှာ ဆင်းရဲသည့်နိုင်ငံများမှ ထွက်ရှိလာသည့် လူသယံဇာတများပင် ဖြစ်သည်။

၁၉၉၆ ခုနှစ်မှစတင်ကောက်ယူခဲ့သောစစ်တမ်းတစ်ခုအရ ထိုင်းနိုင်ငံ၏ နယ်စပ်ခရိုင် ၁၈ ခုရှိ နေရာပေါင်း ၄၀ကျော်တွင် အနှိပ်ခန်းလုပ်ငန်းအား ဝင်ရောက် လုပ်ကိုင်နေကြသော အမျိုးသမီးအများစုမှာ ထိုင်းနိုင်ငံသားများ မဟုတ်ကြပါ။ သူတို့အားလုံး၏ ၆၀ ရာခိုင်နှုန်းကတော့ ၁၈ နှစ်အောက် အသက်အရွယ်များပဲဖြစ်ပြီး ၎င်းအမျိုးသမီးများသည် ထိုင်းနယ်စပ်ဂိတ်ပေါက်များမှ တဖွဲဖွဲဝင်ရောက်လျက်ရှိသည်။

မြန်မာနိုင်ငံမှာတော့ ရုပ်ဖျက်ထားသည့် အနှိပ်ခန်းနှင့် အလှပြင်ခန်း ဝန်ထမ်းအမျိုးသမီးအများစုမှာ လူကုန်ကူး ခံရခြင်းမဟုတ်ဘဲ ဆင်းရဲမွဲတေမှုနှင့် အတန်းပညာနည်းပါးမှု၊ မိသားစုအဆင်မပြေမှုတို့မှ ပေါက်ဖွားလာကြခြင်းဖြစ်ကြောင်း သိရသည်။

ကျန်းမာရေး အနှိပ်ခန်းများဆိုလျှင် လိင်မှုဆိုင်ရာကိစ္စရပ်များ မပါဝင်ဘဲ အနှိပ်ပညာကိုသာ ဦးစားပေးလုပ်ဆောင်ကြသော သမ္မာအာဇီဝကျသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ စံပယ်(အမည်လွှဲထား)သည် ကျန်းမာရေးအနှိပ်ခန်းတွင် လာရောက်လုပ်ကိုင်နေသည်မှာ တစ်နှစ်ကျော်ကာလပင်ရှိပြီဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး တစ်နေရာတွင် မွေးဖွားခဲ့သော သူမသည် အသက်(၁၇)နှစ်အရွယ်၌ ရန်ကုန်မြို့တွင် ကျန်းမာရေးအနှိပ်သမလေး ဖြစ်လာခဲ့သည်။ စံပယ်တို့အနှိပ်ခန်းသည် ရန်ကုန်မြို့တွင်း၌ပင်တည်ရှိကာ လူတစ်ဦးကို တစ်နာရီတစ်ချိန်နှိပ်လျှင်နှစ်ထောင့်ငါးရာကျပ်ကျသင့်ပြီး ထိုငွေထဲမှ ငါးရာကျပ်ကိုသာ စံပယ်တို့ ရရှိသည်။ "ပုံမှန်တော့ မရှိပါဘူး။ တစ်ခါတလေ တစ်ရက်လုံးမှာ ၁၅ ချိန်လောက်နှိပ်ရတယ်။ အနည်းဆုံးတော့ ၈ ချိန်လောက်တော့ရပါတယ်။ လကုန်ရက်တွေနဲ့ ဘောလုံးပွဲရှိတဲ့ ရက်တွေ လူအရမ်းကျတယ်။ လစာကတစ်သောင်းပဲပေးတယ်။ ထမင်းကျွေးတယ်။ အဆောင်မှာ နေရတယ်။ တစ်လလုံးမှာ ကိုယ်နှိပ်ခဲ့တဲ့ ဆက်ရှင်ချိန် ၃၀၀ ပြည့်ရင် တစ်ချိန်ကို ခြောက်ရာ၊ ခုနှစ်ရာအထိ တွက်ပေးတယ်။ ပြီးတော့ ဘောက်ဆူး လေးသောင်းလည်း ပေးတယ်။ တစ်လကို တစ်သိန်းကိုးသောင်းလောက်တော့ ပုံမှန်ရပါတယ်။ တစ်လကိုနှစ်ရက်နယ်ကိုခွင့်ပြန်လို့ရတယ်"ဟုစံပယ်က သူမရရှိသော လုပ်အား ခနှင့် ခံစားခွင့်ကို တွက်ပြသည်။

စံပယ်တို့လိုကျန်းမာရေးအနှိပ်ခန်းသီးသန့်တွေမှာ အသက် ၁၈ နှစ်ကနေ ၂၇ နှစ်ခန့်အထိ တွေ့နိုင်ပါသည်။ အနှိပ်ခန်း တစ်ခုလျှင် အမျိုးသမီးအနှိပ်ဝန်ထမ်း အယောက်ငါးဆယ်ခန့် ရှိတတ်သည်။ သူမတို့အားလုံးကို ကိုယ်ပိုင်နံပါတ်စဉ်များဖြင့် သတ်မှတ်ပေးထားတာ ဖြစ်သည်။

"အလုပ်စဝင်တာနဲ့ တစ်ပတ်ဆယ်ရက်လောက်အနှိပ်သင်တန်းပေးတယ်။ စိတ်ပါရင် အတတ်မြန်ပါတယ်။ တစ်ခါတလေ တစ်နေကုန်နှိပ်ရတော့ ကိုယ်ပါအညောင်းမိနေရော။ ကိုယ်ညောင်းတော့ နှိပ်ပေးမယ့်သူ မရှိဘူး"ဟု စံပယ်၏ သူငယ်ချင်းမိန်းကလေးတစ်ဦးက ဝင်ပြောပြီး သူ့စကားသူသဘောကျကာ တစ်ချက်ရယ်လိုက်သည်။ သူမသည် စံပယ်နှင့်အတူတူပင် အလုပ်ဝင်ခဲ့သူ ဖြစ်သည်။

မည်သည့် အနှိပ်ခန်းမှာမဆို ညဘက်တွေမှ လူစည်ကားလေ့ရှိသည်။ ထိုအချိန်မှာလာရောက်သည့် ဧည့်သည် အမျိုးသားကြီးငယ် မရွေးမှာလည်း ယစ်မူးထုံဝေနေကြပြီ ဖြစ်သည်။ အနှိပ်သမလေးများသည် ဧည့်သည်များထံမှ အရက်နံ့အပြင် ရစ်သည့်ဒဏ်ကိုပါ သည်းခံကြရသည်။ ဧည့်သည်နှင့် အဆင်မပြေလျှင် အနှိပ်ခန်းမန်နေဂျာနှင့် ပြဿနာတက်မှာပဲ ဖြစ်သည်။ အနှိပ်ခန်းအမျိုးမျိုးက တရားမဝင်ဖြစ်နေသည့်အတွက် ဧည့်သည်ကို စိတ်ရှည်သည်းခံကြရမြဲ ဖြစ်သည်။

မြန်မာအနှိပ်ခန်းများတွင် တစ်ချိန်တစ်ဆက်ရှင်ကို ၄၅ မိနစ်မှ ၁ နာရီကြား သတ်မှတ်ပြီး ဈေးနှုန်းမှာလည်း ၂,၅၀၀ ကျပ်မှ ၁၂,၀၀၀ ကျပ်အထိ ရှိတတ်သည်။ ဈေးနှုန်းမှာ ဆိုင်အပြင်အဆင်နှင့် ဝန်ထမ်းအမျိုးသမီးငယ်များ၏ ရုပ်ရည်တို့ ကွာခြားသွားခြင်းသာ ဖြစ်သည်။

"၂,၅၀၀ ဆိုတာမျိုးနဲ့ ကျန်းမာရေးမဟုတ်တဲ့ ဟန်ပြမာဆတ်တွေက တော်တော်ညံ့တယ်။ မိန်းကလေးတွေကအစ ရွက်ကြမ်းရေကျိုအဆင့်တောင် မရှိဘူး။ အကုန်လုံးနီးပါးက မာစပ်တွေ (လိင်ကိစ္စပါဝင်သည့်အနှိပ်ခန်းကို ဆိုလိုခြင်း ဖြစ်သည်)။ မူးရူးပြီး ရောက်လာတဲ့ လူတွေကို အခန်းထဲရောက်မှ ဈေးထပ်ညှိတယ်။ ဈေးက ငါးထောင်ကနေ ရှစ်ထောင်အထိ ခေါ်တတ်တယ်။ ဒါပေမဲ့ ပေးသလောက်နဲ့ဖြစ်သွားကြတာပဲ။ အဲဒါက သူတို့အတွက် အပိုဝင်ငွေလေ"ဟုဟန်ပြအနှိပ်ခန်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသူ အမျိုးသားတစ်ဦးက ရှင်းပြသည်။

"အများဆုံးကတော့ ဧရာဝတီတိုင်းဘက်က လာကြတာပဲ။ တချို့က အိမ်ဖော်ဘဝက၊ တချို့က အထည်ချုပ်က။ တချို့ကတော့ ဒီလောကထဲ တိုက်ရိုက်ပဲရောက်လာတာ။ လုပ်သက်နုတဲ့အချိန်မှာ အရမ်းသနားစရာကောင်းကြတယ်။ လုပ်သက်ရလာရင်တော့ ဧည့်သည်တွေအတွက် အရမ်းစိတ်ပျက်စရာကောင်းလာတယ်။ အများစုကတော့ မာဆတ်လို့ နာမည်ခံထားပေမယ့် ဝန်ဆောင်မှုကတော့ လိင်ကိစ္စပါပဲ"ဟု အထက်ပါအမျိုးသားက ဆက်ပြောသည်။

သူမတို့၏ ဝင်ငွေမှာ ပုံမှန်မရှိသော်လည်း တစ်ညကို အနည်းဆုံး တစ်သောင်းခွဲလောက်တော့ ကျန်တတ်သည်ဟုလည်း သိရသည်။ ခတ္တာသည် ကျန်းမာရေးအနှိပ်ခန်းတစ်ခုမှာလည်း လုပ်ကိုင်ခဲ့ဖူးသည်။ သို့သော် တကယ်အညောင်းမိနေသူများကို ဆက်တိုက်နှိပ်နယ်ပေးရခြင်း၏ ပင်ပန်းမှုမှရရှိသည့် ဝင်ငွေထက် လွယ်ကူပြီး ပမာဏများပြားသော ဝင်ငွေကို ပို၍မက်မောခဲ့သဖြင့် ဟန်ပြအနှိပ်ခန်းတစ်ခုသို့ ထပ်ပြောင်းလာခဲ့ခြင်း ဖြစ်သည်ဟု သူမက ဝန်ခံခဲ့သည်။

ကျန်းမာရေး အနှိပ်ခန်းများသို့ လာရောက်ကြသည့် အမျိုးသားများမှာ လူလတ်ပိုင်းများက ပိုမိုပြီး ဟန်ပြအနှိပ်ခန်းသို့ လာရောက်ကြသူများမှာတော့ အရွယ်စုံပင်ဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးသီးသန့် အနှိပ်ခန်းများသို့ တစ်ခါတစ်ရံတွင် အညောင်းမိသူအမျိုးသမီး တချို့ပါ လာရောက်လေ့ရှိကြသည်ဟု အနှိပ်ခန်းမန်နေဂျာတစ်ဦးက ဆိုသည်။

တကယ်သွားရောက်ခဲ့ဖူးသူ အသက် ၃၀ ကျော်အရွယ် အမျိုးသမီးတစ်ဦးကလည်း "ကျွမ်းကျင်မှုအားနည်းတယ်။ နောက်အဆိုးဆုံးကတော့ သူတို့ရဲ့အတွင်းရေးကို အော်ကြီးဟစ်ကျယ်ပြောတာပါ။ အဲဒါ မလုပ်ရဘူး။ အစ်မတို့က ပင်ပန်းတာ လာဖြေတာ။ စိတ်ညစ်ညူးစရာကိုမပြောရဘူး"ဟု ပြောပြသည်။

"အညောင်းအညာ ပြေချင်လို့ သွားတာ။ ကျန်းမာရေးအရလည်း သွေးလေလှည့်ပတ်မှု မှန်အောင် အနင်းအနှိပ်ခံရမယ်လို့ အကြံပြုချက်တွေရှိတယ်။ဒါပေမဲ့ ဒီထဲမှာပဲတချို့ကလည်း ကောင်မလေးတွေနဲ့ လိင်ဆက်ဆံမှုအဆင့်အထိမရောက်တဲ့အီစီကလီအဆင့်ကို အရသာခံချင်လို့ သွားတာလည်း ပါမှာပေါ့"ဟု ကျန်းမာရေးသီးသန့် အနှိပ်ခန်းများကို တစ်ပတ်လျှင် တစ်ကြိမ်ခန့် ပုံမှန်သွားရောက်လေ့ရှိသည့် ကုမ္ပဏီလုပ်ငန်းခွင်တစ်ခုမှ အသက် ၄၀ ကျော် အမျိုးသားတစ်ဦးကလည်း ပြောသည်။

ပြည့်တန်ဆာ လုပ်ငန်းများသာ တရားဝင်ဆောင်ရွက်ခွင့်ရရှိလာပါက အနှိပ်ခန်းနှင့် အလှပြင်ခန်းများ သဏ္ဌာန်ရုပ်ဖျက်လုပ်ကိုင်စရာ မလိုတော့ဘဲ ကျန်းမာရေးအနှိပ်ခန်းများနှင့် သီးခြားစီကွဲပြားသွားလိမ့်မည် ဖြစ်သည်။ ထိုအခါ ကျန်းမာရေးအနှိပ်ခန်းများသည်လည်း အမြင်တင့်တယ်လာလိမ့်မည်ဟု အသက် ၂၆ နှစ်အရွယ် အမျိုးသားတစ်ဦးက ဆိုသည်။

"တရားဝင် လုပ်တော့မယ်လို့ ပြောသံကြားတယ်။ သမီးတို့အနှိပ်ခန်းမှာလည်း ဝန်ထမ်းတွေကို သေချာလေ့ကျင့်ပေးပြီး သင်တန်းဆင်းလက်မှတ်လိုမျိုး ထုတ်ပေးမယ်လို့ ပြောထားတယ်။ ဘယ်တော့လဲတော့ မသိဘူး"ဟု ကျန်းမာရေးအနှိပ်ခန်းမှ အသက်(၁၈)နှစ်အရွယ် စံပယ်က ပြောသည်။

သူမတို့ အကြောင်းကို မေးမြန်းစူးစမ်းတတ်သည့် ဧည့်သည်တွေကို စိတ်လိုလက်ရရှိပါက အမှန်အတိုင်းပြောပြတတ်ပြီး များသောအားဖြင့်တော့ စိတ်ထဲပေါ်ရာ ဇာတ်လမ်းများကို ပြောပြလိုက်တတ်သည်ဟု ခတ္တာက ခပ်ပြုံးပြုံးပြောပါသည်။ ပြီးတော့ ခတ္တာဆိုတာက သူမ၏ အမည်ရင်းမဟုတ်ဘဲ အမည်သစ်ပေးထားခြင်းဖြစ်သည်။ အနှိပ်ခန်းနှင့် အလှပြင်ခန်းများမှ မိန်းကလေးအားလုံးလိုလိုသည် မိမိတို့၏ အမည်ရင်းများကို အမည်လှလှလေးများဖြင့် အစားထိုးပြောင်းလဲထားတတ်ကြသည်သာ ဖြစ်သည်။

ဟန်ပြအနှိပ်ခန်းများ၏ နောက်ကွယ်တွင် ဇာတ်လမ်းများစွာ ရှိပါသည်။ ဇာတ်လမ်းများသည် သမားရိုးကျ ဖြစ်ကောင်းဖြစ်ပါမည်။ တစ်နေ့နှင့် တစ်နေ့ မရိုးမထပ်စေရသော ဇာတ်လမ်းများလည်း ဖြစ်ချင်ဖြစ်နေပါလိမ့်မည်။ ထိုဇာတ်လမ်းများက အညောင်းမိသူတို့ကို ပျော်ရွှင်မှုပေးရန် ညစဉ်စောင့်ဆိုင်းနေကြမည်သာ ဖြစ်ပါသည်။

ခတ္တာသည် ဧည့်သည်ရှင်းချိန်တွင် သူမ၏ အဝတ်သေတ္တာငယ်ထဲမှ ငွေစက္ကူတချို့ကို တစ်ရွက်ချင်းရေတွက်နေမိသည်။ သူမသုံးစွဲရန်အနည်းငယ် ဖယ်ပြီးပါက နယ်မြို့လေးမှ အမေနှင့် မောင်လေးတို့ဆီပို့ပေးရမည့် ပမာဏကိုလည်း စိတ်မှန်းဖြင့် တွက်ချက်ကြည့်လိုက်ပြီး အသက်ကို ဝဝရှူသွင်းလိုက်သည်။ ထိုအခိုက်မှာပင် ဧည့်ကြိုကောင်တာဆီမှ သူမ၏ အမည်ကို လှမ်းခေါ်လိုက်သောအခါ သေသေသပ်သပ်စီ ထားသော ငွေစက္ကူထပ်ကို သေတ္တာထဲ အမြန်ထိုးထည့်လိုက်ပြီး ခတ္တာ တစ်ယောက် ဧည့်ခန်းဆီသို့ သွက်လက်ပေါ့ပါးစွာ ထွက်လှမ်းသွားလေသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

## မျက်နှာဖုံး-ငွေတိုးပေးသူအချို့ ပူပန်နေ မှ

ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်အရေးယူဆောင်ရွက်နိုင်သည်ဟုဆိုသည်။

"အခုကျတော့ ပေးတဲ့သူတွေကလည်း သိပ်မပေးချင်ကြတော့ဘူး။ အတိုးယူတဲ့သူ တချို့ကလည်း ပြန်မပေးချင်ကြတဲ့သူတွေရှိတယ်။ ပိုက်ဆံရှိတဲ့သူတွေကလည်း ဆုံးမှာစိုးလို့ မပေးဘဲနေတဲ့ သူတွေလည်းရှိတယ်။ ဒါပေမဲ့ လုံးဝရပ်သွားတာတော့ မဟုတ်ဘူး။ ပေးလက်စလူတွေကို ဆက်ပေးနေတာတော့ ရှိတယ်။ လူတိုင်းကိုတော့ မပေးရဲကြတော့ဘူးပေါ့"ဟု မော်ကျွန်းမြို့နယ်တွင် အတိုးပေးနေသော လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လိုင်စင်မဲ့ လုပ်ကိုင်ပါက ဥပဒေကြောင်းအရ အရေးယူနိုင်ကြောင်းကို ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခဲ့သည့်အပေါ် ငွေတိုးချသူများ အနေဖြင့် ၎င်းတို့ ချေးငွေများ ဆုံးရှုံးမည်ဆိုပါက ဥပဒေကြောင်းအရ ပြန်၍ရရှိရန် အခြေအနေနည်းပါးသည့်အတွက် စိုးရိမ်ပူပန်လာကြသည်။ ထို့အပြင် ငွေချေးယူသူအချို့ကလည်း ငွေချေးသူမှာ တရားမဝင်ငွေချေးသူများဖြစ်၍ ပြန်မဆပ်လျှင်ပင် ဥပဒေကြောင်းအရ တရားစွဲဆို အရေးယူရန် အခက်အခဲရှိနိုင်သည်ကိုသိ၍ ငွေပြန်မဆပ်တော့ဟု ပြောခြင်း၊ ငွေမဆပ်၍ တရားစွဲဆိုက စွဲနိုင်ကြောင်း ပြောဆိုခြိမ်းခြောက်မှုအချို့ ရှိလာသည်ဟု ဆိုသည်။

ငွေထုတ်ချေးသူအနေဖြင့် ၎င်းတို့၏ ငွေကြေးအားလုံး ဆုံးရှုံးမည်ကို စိုးရိမ်သည့်အတွက် အတိုးနှုန်းများကိုလည်း ပုံစံအမျိုးမျိုးဖြင့် မတ်တိုး၊ နေ့ပြန်တိုး၊ ၁၂ ရက်အပြတ် ပေးချေရသော ငွေချေးပုံစံတို့ဖြင့် ၂၀ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်းအတိုးတို့ဖြင့် ထုတ်၍ချေးသည်။

ငွေတိုးချသူများ အနေဖြင့် ချေးငွေယူသူများအား ငွေယုံကြည်အပ်နှံခြင်း စာချုပ်တို့ဖြင့် ချုပ်ဆိုကာ ငွေချေးယူသူဘက်မှ လိုက်နာမှု မရှိပါက ယုံကြည်အပ်နှံမှု ဖောက်ဖျက်သည့်အတွက် ပုဒ်မ ၄၀၆ နှင့် လိမ်လည်မှုပုဒ်မ ၄၂၀ တို့ဖြင့် တရားစွဲဆိုလေ့ရှိကြောင်း သိရသည်။

"ယုံကြည်အပ်နှံခြင်းနဲ့ စာချုပ်ချုပ်လို့ ပြစ်မှုမြောက်တဲ့အတွက် ထောင်ကျသွားတာတွေရှိတယ်။ ပိုက်ဆံယူတဲ့သူတွေကို ပုဒ်မနှစ်ခုနဲ့စွဲချက်တင်တယ်။ ငွေတိုးချေးတဲ့သူတွေ အများစုက စာချုပ်တစ်စောင်ပဲချုပ်တယ်။ ချေးတဲ့သူတွေကို မပေးဘူး"ဟု ရွှေနေ ဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်ဖြင့် ချေးငွေများအား ရပ်ကွက်အုပ်ချုပ်သူများမှတစ်ဆင့် ချေးငွေများ ထုတ်ချေးပေးသော်လည်း ဆင်းရဲနွမ်းပါးသည့် ပြည်သူလက်ထဲ တိုက်ရိုက်ရောက်ရှိမှုနည်းပါးသည့်အတွက် ရပ်ကွက်တွင်းရှိ ငွေချေးသူများထံမှ အဆမတန် အတိုးနှုန်းဖြင့် ချေးယူကြရလေ့ရှိသည်။

"အစိုးရက ချေးငွေပေးတာ အန်တီတို့ မရဘူး။ သူတို့အချင်းချင်း ပတ်သက်ရာလူတွေပဲ ပေးတာ။ တကယ်တမ်း အန်တီတို့လက်ထဲမရောက်ဘူး။ ဒီတော့ ရပ်ကွက်ထဲကပဲ ယူတော့တယ်။ ပေါင်စရာပစ္စည်းမရှိတော့ အပေါင်ဆိုင်မသွားနိုင်ဘူး"ဟု လှိုင်သာယာမြို့နယ်နေ ဒေါ်တင်ထွန်းက ပြောကြားသည်။

လှိုင်သာယာမြို့နယ်နေ ဒေါ်သန်းသန်းဦးကလည်း "အဒေါ်တို့ဆို ကြားတောင်မကြားဖူးဘူး။ ရပ်ကွက်ထဲက ငွေချေးတဲ့သူဆီကပဲ ယူတယ်"ဟု ရှင်းပြသည်။

ဥပဒေဘောင်အတွင်း လုပ်ကိုင်ခွင့်ပေးမထားသည့်အတွက် ဆုံးရှုံးမှုကာမိရန် အတိုးနှုန်းပိုယူသည့်အတွက် နှစ်ဦးနှစ်ဖက်နစ်နာမှုများ ရှိနေကြောင်း ငွေတိုးချေးငှားသူတစ်ဦးကပြောသည်။

"အတိုးနှုန်းများတယ် ဆိုတာကလည်း ချေးတဲ့သူဘက်က မပေးရင် အရင်းနဲ့အတိုးက အတော်လောက်ကျသွားမယ်။ အကယ်၍ ပြန်မဆပ်လို့ တရားရုံးရောက်ရင်လည်း ကိုယ်တွေမှာ လိုင်စင်မရှိတဲ့အတွက် ကြားထဲက ရှေ့နေ၊ တရားသူကြီးတွေပဲ စားသွားတာ။ သူတို့က အမှုကိုခြောက်လ၊ တစ်နှစ်ထိဆွဲပြီးကာမှ နောက်ဆုံး ဤအမှုကို ပလပ်လိုက်သည်ဟုဆိုပြီးပြီးသွားတာ။ ဒီတော့ ငွေရှင်ဘက်က အများကြီး ဆုံးရှုံးသွားတယ်" ဟု သုံးခွမြို့အတွင်းရှိ ငွေတိုးပေးသူ ဦးနိုင်လင်းဦးက ပြောသည်။

ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)ကလည်း "ချေးတဲ့သူတွေက ပိုက်ဆံပြန်လိုချင်တော့ ငွေယူတဲ့သူတွေကို တရားမကြောင်းအရ လိမ်လည်မှုနဲ့ တရားစွဲတယ်။ အချို့ကတော့ အမှုအတောအတွင်း ပြန်ဆပ်တယ်။ တချို့က အမှုပြီးတောင် ပြန်မဆပ်လို့ ဝရမ်းထုတ် စစ်ရတယ်" ဟု ဆိုသည်။

"နယ်တွေမှာတော့ အတိုးပေးတာကို ဥပဒေတွေ ထွက်တာ မထွက်တာကိုလည်း မသိဘူး။ အဆင်ပြေသလိုပဲ လုပ်နေကြတာ။ ပေးတာလည်း နှုတ်ကတိတွေနဲ့ပဲ ပေးနေကြတာ များပါတယ်။ ပေးကတည်းက သေချာတဲ့သူကိုပဲ ရွေးပေးတယ်။ နယ်ကလူတွေဆိုတော့ တရားဝင်တာ မဝင်တာ မသိဘူး။ ပေးနေကြရတာပဲ။ ယူတဲ့သူတွေကလည်း နောက်တစ်ကြိမ်ထပ်မရမှာစိုးလို့ ပုံမှန်ပြန်ကြတာများပါတယ်" နယ်ဒေသများတွင် အကြွေးပေးနေသော စနစ်နှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မယ်မသော်ကျေးရွာမှ အတိုးပေးထားသူက ပြောသည်။

## မျက်နှာဖုံး-ပြည်သူလူထု လိုလားပါက သမ္မတလုပ်မည်ဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြား မှ

ဒေါ် အောင်ဆန်းစုကြည် နိုင်ငံကို ဦးဆောင်ခွင့်ရပါက ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်နိုင်မလားဆိုသော ထင်မြင်မှုနှင့်ပတ်သက်၍ ဘီဘီစီသတင်းဌာနနှင့် အင်တာဗျူးတွင် ဖြေကြားထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် လွှတ်တော်တွင်းရောက်ရှိနေပြီဖြစ်သော ဒေါ် အောင်ဆန်းစုကြည်သည် လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းများနှင့် ညီညွတ်သော်လည်း နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်ခံရန်မှု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါသမ္မတအရည်အချင်းများနှင့် ညီညွတ်မှုမရှိပေ။

သမ္မတဖြစ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရာတွင် သမ္မတတစ်ဦးတည်း၏ သဘောထားဖြင့်ပြင်ဆင်၍ မရသည့်အတွက် ဒေါ် အောင်ဆန်းစုကြည်သည် လွှတ်တော်တွင်း ရောက်ရှိပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားနှင့် ပြည်သူလူထု၏ထောက်ခံမှု နှစ်ခုလုံးကိုရရှိမှသာ ပြင်ဆင်နိုင်မည်ဟုလည်း သမ္မတဦးသိန်းစိန်က ပြောကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်ဟု ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီကပင် မူချမှတ်ထားပြီးဖြစ်သည့်အတွက် ဥပဒေပြင်ဆင်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး သမ္မတဖြစ်ရေး ကိစ္စတင်မကဘဲ အခြားပြင်ဆင်စရာများလည်း များစွာရှိသေးကြောင်း ဒေါ် အောင်ဆန်းစုကြည်က ပြောကြားသည်။

အခြေခံဥပဒေပုဒ်မ ၅၉(စ)တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ဇနီး (သို့မဟုတ်) ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီး တစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင် သားသမီးတစ်ဦးဦး၏ ဇနီး (သို့မဟုတ်) ခင်ပွန်းသော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရိုသေသူ (သို့မဟုတ်) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ(သို့မဟုတ်)တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများမဖြစ်စေရ၊ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏နိုင်ငံသားသော်လည်းကောင်း၊ ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေရဟူ၍ပါရှိသည်။

ဒေါ် အောင်ဆန်းစုကြည်၏ ခင်ပွန်း ဗြိတိန်နိုင်ငံသား ဒေါက်တာ မိုက်ကယ် အဲရစ်သည် ၁၉၉၉ ခုနှစ်က ဗြိတိန်နိုင်ငံတွင် ကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စုတွင်နေထိုင်သည့် သားကြီး အလက်ဇန္ဒား အဲရစ်နှင့် ဗြိတိန်နိုင်ငံတွင် နေထိုင်သော သားငယ် ကင်မ်အဲရစ်တို့နှစ်ဦးလုံးမှာပြည်ပနိုင်ငံသားများ ဖြစ်နေသည်။

## မျက်နှာဖုံး-ကမ္ဘောဇဘဏ်မှ သိန်းတစ်ထောင်ကျော် ထုတ်ယူလာသူ တိုက်ခိုက်ခံရ မှ

ဓားထိုးခံရသူသည် တစ်ဦးတည်း ဘဏ်မှငွေသွားထုတ်ပြီး ကားဖြင့်ထွက်လာချိန်တွင် အခြားကားတစ်စီးနှင့် ကားချင်းငြိရာမှ လှိုင်သာယာမြို့နယ် စက်မှုဇုန် ၁၊ ပန်းလှိုင်ဂေါက်ကွင်း၊ သပြေရိပ် စားသောက်ဆိုင်အနီးရောက်သောအခါ နောက်မှ လိုက်လာသောကားက ၎င်းကားရှေ့မှ ပိတ်ရပ်လိုက်ကာ ချောကလက်ရောင် ဂျာကင်ဝတ်ဆင်ထားသော လူတစ်ဦးဆင်းလာပြီး ဘာမှမပြောဆိုဘဲ အသင့်ပါလာသော ဓားဖြင့်ထိုးခဲ့သဖြင့် ဒဏ်ရာများရခဲ့သော်လည်း သတိဝင်လာပြီး ကားပေါ်ပြန်တက်ကာ စက်ရုံသို့ မောင်းပြေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရသူ ကမာရွတ်မြို့နယ်၊ အမှတ် ၁၀ရပ်ကွက်၊ ဝင်ဒါမီယာတွင်နေထိုင်သော TT International အအေးခန်းစက်ရုံပိုင်ရှင်မှာ ဝဲညှပ်ရိုးပေါ်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲလက်ဖျံထိုးသွင်းစုတ်ပြဲဒဏ်ရာတစ်ချက်၊ ယာလက်ခုံပြတ်ရှဒဏ်ရာတစ်ချက်တို့ ရရှိခဲ့သည်။

အဆိုပါအမှုကို အောက်တိုဘာလ ၅ ရက် ညနေ ၅နာရီတွင် အအေးခန်းစက်ရုံ ဒါရိုက်တာဦးခိုင်အောင်ဝင်းက တရားလိုပြုလုပ်ကာ တိုင်ကြားလာသောကြောင့် လှိုင်သာယာရဲစခန်းမှ ပြစ်မှုဆိုင်ရာအမှတ်(ပ)၁၀၃၉/၁၂၊ ပုဒ်မ-၃၂၆ ဖြင့်အမှုဖွင့်ထားသည်။ ဓားနှင့်ထိုးခဲ့သည့် ပြစ်မှုကျူးလွန်သူဟုဆိုသော အမျိုးသားလူငယ်တစ်ဦးအား အောက်တိုဘာလ ၇ ရက်တွင် လှိုင်သာယာရဲစခန်းက ဖမ်းဆီးရမိထားပြီဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

## စာ-၇၊ အချဉ်ရည်များ ဓာတ်ခွဲစစ်ရာတွင် ဆာလဖျူရစ်အက်စစ်ပြင်းတွေ့ မှ

"အမှန်က အဲဒီလိုစစ်ဆေးတွေ့ရှိတယ်ဆိုရင် FDA ကိုပို့ပေးရမယ်။ ဒါတွေက စားသုံးရန်မသင့်တဲ့ပစ္စည်းတွေ ပါနေတယ်ဆို ရင် ဝန်ကြီးဌာနကို အကြောင်းကြားပြီး စားသုံးရန် မသင့်ဘူးဆိုပြီး တရားဝင်ကြေညာ အရေးယူတာတွေလုပ်မှ လူတွေအားလုံးသိမှာ"ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဝင်းကပြောသည်။

အချဉ်ဓာတ်ရရှိရန် အတွက် ထည့်သွင်းအသုံးပြုသည့် ရှာလကာရည်အစား အက်စစ်ပြင်းများ ထည့်သွင်းသုံးစွဲထားခြင်းနှင့် တားမြစ်ဆိုးဆေးများကြောင့် စားသုံးသူများတွင် ဝမ်းကိုက်၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ အစာအိမ်ရောင်ရမ်းခြင်း၊ အူရောင်ခြင်း၊ အသဲရောင်ရမ်းခြင်း ဝေဒနာများအပြင် ရေရှည်တွင် အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အသည်းကင်ဆာများအထိ ဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

အချဉ်ရည်သည် လူထုအတွင်း အမျိုးမျိုးအသုံးများသည့် ကုန်ပစ္စည်းဖြစ်သည့်အပြင် ဈေးကွက်အတွင်းတွင် ဖော်ပြချက်မပါဘဲ ရောင်းချနေသည့်ပစ္စည်းဖြစ်သည့်အတွက် စားသုံးသူကာကွယ်ရေးအသင်းမှ ပထမဆုံးအကြိမ် ဓာတ်ခွဲစမ်းသပ်သည့် ကုန်ပစ္စည်းဖြစ်ပြီး မကြာခင်ရက်ပိုင်းအတွင်း သဘာဝအတိုင်းမဟုတ်ဘဲ ဈေးကွက်အတွင်း အရောင်ချွတ်ဆေးများ အသုံးပြု၍ ဖြူဖွေးအောင်ပြုလုပ်ထားသည့် အိမ်သုံးဆားများကိုလည်း အန္တရာယ် ရှိ၊မရှိစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။


## ဝန်ထမ်းအလိုရှိသည်

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အတွက် အရည်အချင်းရှိသော အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

1) Executive Officer F (1)
2) Receptionist F (1)
3) General Worker M (1)

❋ အမှတ်စဉ် (၁) အတွက် အသက် (၃၀) နှင့်အထက်၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။ စီမံခန့်ခွဲမှု ဒီပလိုမာရရှိထားသူဖြစ်ရမည်။ လုပ်ငန်းကျွမ်းကျင်မှု ရှိရမည်။

❋ အမှတ်စဉ် (၂) အတွက် အသက် (၂၅) နှစ်အောက်၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်၍ သွက်လက်ရမည်။ လူမှုဆက်ဆံရေး ကောင်းမွန်ရမည်။

❋ အမှတ်စဉ် (၃) အတွက် အခြေခံပညာအထက်တန်းအောင်မြင်သူဖြစ်ရမည်။ အလုပ်မရွေး လုပ်ကိုင်နိုင်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ တို့နှင့်အတူ (၂၅.၁၀.၂၀၁၂) နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

အခန်းအမှတ် (G-12)၊ မြေညီထပ်၊ တိုက် (B)၊ Diamond Center ၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
Ph: 512887, 513515~519



**TRADEMARK CAUTION**

Continental Teves AG & Co. oHG. a company incorporated in Germany at Guerickestrasse 7, 60488 Frankfurt is the Owner and Sole Proprietor of the following Trademark:-

Ate

Reg: No.4/10710/2012

In respect of : Int'l Class 7 : "Machines and machine tools; motors and engines (except for land vehicles); machine coupling and transmission components (except for land vehicles); agricultural implements other than hand-operated; automatic vending machines."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph:371990 11.Oct.2012

# Health

7 DAY NEWS JOURNAL

Vol.11, No.31 • OCTOBER 11 , 2012


## ဆေးစစ်ခမတတ်နိုင်၍ ဆေးယဉ်ပါးအိတ်ချ်အိုင်ဗီ လူနာများ အခက်တွေ့

**မြတ်စုမွန်**

**ရန်ကုန်၊**

**အောက်တိုဘာ-၄**

ဆေးယဉ်ပါးမှုကြောင့် ဆေးဝါးပြောင်းလဲသောက်သုံးရတော့မည့် အိတ်ချ်အိုင်ဗီကူးခံရသူများသည် ပိုးကောင်ရေစစ်ဆေးရန် လိုအပ်သော်လည်း ဆေးစစ်ခမြင့်မားမှုကြောင့် လက်လှမ်းမမီဆဲဖြစ်နေကြောင်း Myanmar Positive Group (MPG)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ခန္ဓာကိုယ်ထဲမှာ အိတ်ချ်အိုင်ဗီပိုးအကောင်ရေတစ်သောင်းရှိရင် Second Line ပြောင်းသောက်ရတော့မယ်။ ဒါပေမဲ့ အဲလိုပိုးကောင်ရေ စစ်ဖို့အတွက် ဈေးကြီးလွန်းတော့ မလုပ်နိုင်ကြဘူး။ ပိုးစစ်ခက တစ်သိန်းကျော်ရှိတယ်" ဟု MPG မှ ဥက္ကဋ္ဌဦးမျိုးသန့်အောင်က ပြောသည်။

ဆေးဝါးပြောင်းလဲ သောက်ရမည့်သူများအတွက် စစ်ဆေးရမည့် စက်ကိရိယာများလည်း ရှားပါးမှုရှိနေပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်နေကြောင်း ဦးမျိုးသန့်အောင်က ပြောသည်။

ထို့အပြင် First Line မှ Second Line သို့ ပြောင်းရန် လိုအပ်၊ မလိုအပ်ကို မိမိဘာသာ မဆုံးဖြတ်ဘဲ ပိုးကောင်အရေအတွက် စစ်ဆေးခြင်းကို ဦးစွာလုပ်သင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗီပိုးဖြင့် အသက်ရှင်နေထိုင်သူ နှစ်သိန်းတစ်သောင်းကျော်ရှိပြီး ARV ဆေးသောက်သုံးရန် လိုအပ်နေသူ တစ်သိန်းတစ်သောင်းကျော်ရှိသည်။ ၂၀၁၂ ခုနှစ် ဇွန်လအထိ ဆေးဝါးရရှိသူ လေးသောင်းလေးထောင်ကျော်သာရှိပြီး ဆေးဝါးလိုအပ်နေသူဦးရေ၏ သုံးပုံတစ်ပုံသာ ဆေးကုသမှုပေးနိုင်သေးကြောင်း သိရသည်။

မကြာသေးမီက နိုင်ငံတော်အစိုးရက ARV ကျပ်သိန်း နှစ်ထောင်ကျော်ဖိုး ဝယ်ယူရန်ဆုံးဖြတ်ခဲ့သည်။

ထို့အပြင် HIV Positive တစ်ယောက်အနေဖြင့် ARV ဆေးဝါးကုထုံးသောက်သုံးရန် လိုအပ်၊ မလိုအပ်ကို စစ်ဆေးသည့် CD4 စက်သည်လည်း ဒေါ်လာသောင်းဂဏန်းအထိရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စစ်ဆေးရန် ခက်ခဲကြောင်း သိရသည်။



## ကိုယ်ဝန်အဆုံးသတ်ခွင့် ဆွေးနွေးသင့်ပြီလား

**ဝတ်ရည်အောင်**

"ထိပ်အချွန်နဲ့တစ်ထွာကျော်လောက်ရှိတဲ့ ဒီသစ်သားချောင်းကြီးအပြင် ပေါက်ပြဲနေတဲ့ သားအိမ်နဲ့ အင်္ဂါအစိတ်အပိုင်းတွေကြားမှာ တော်တော်လေးကို ပြန်အသက်လုခဲ့ရတယ်"ဟု ဗဟိုအမျိုးသမီးဆေးရုံကြီးမှ သားဖွားနှင့် မီးယပ် အထူးကု ဆရာဝန်ဒေါက်တာဖိုးလွင်က သူ၏ ခွဲခန်းအတွေ့အကြုံတစ်ခုကို ပြန်ပြောပြသည်။

အဖျားကြီးပြီး ကယောင်ကတမ်းပြောနေသည့် ထိုအမျိုးသမီးငယ်သည် ဆေးရုံတွင် နေ့စဉ်နေ့တိုင်း ကြုံတွေ့နေရသော မလိုချင်သည့်ကိုယ်ဝန်အား နီးစပ်ရာတွင် တိတ်တဆိတ် တရားမဝင် ဖျက်ချပြီးဖြစ်ပွားလာသော နောက်ဆက်တွဲ အခြေအနေများနှင့် ရောက်လာတတ်သည့် အမျိုးသမီးများထဲ တစ်ဦးပင်ဖြစ်သည်။

ခန့်မှန်းခြေအားဖြင့် ကမ္ဘာ့လူဦးရေ၏ ၂၅ ရာခိုင်နှုန်းကျော်သည်ကိုယ်ဝန်ဖျက်ချခြင်းနှင့်သက်ဆိုင်သော ပြင်းထန်သည့်ဥပဒေပြဋ္ဌာန်းချက်များ ချမှတ်ထားသောနိုင်ငံများတွင်နေထိုင်နေကြရသည်။

အထူးသဖြင့် လက်တင်အမေရိကနိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ကိုယ်ဝန်ဖျက်ချခြင်းအား ဘာသာတရားအရပါ ပြင်းထန်စွာ တားမြစ်ထားသည့်နိုင်ငံများတွင် တရားမဝင် ကိုယ်ဝန်ဖျက်ချခြင်းသည် ဥပဒေအရပါ အပြစ်ပေးခြင်းခံရမည့်အပြင် အဓမ္မပြုကျင့်ခံရခြင်းကြောင့် ရရှိလာသည့်ကိုယ်ဝန်ပင်လျှင် ဖျက်ချရန်ခွင့်မပြုထားသည့်နိုင်ငံများတွင်လည်း မြန်မာနိုင်ငံမှာ ပါဝင်သည်။

သန္ဓေစတည်သည့်အချိန်မှစတင်ပြီး အသက်ရှိသည့် အရာတစ်ခုအား ပျက်စီးအောင် လုပ်ခွင့်မရှိဘဲ ပြုလုပ်ပါက လက်သည် (သို့မဟုတ်)

**စာ(၁၄)သို့**

## မိခင်မှ ရင်သွေးသို့ အိတ်ချ်အိုင်ဗီ ကူးစက်မှုလျှော့ချနိုင်မည့် PMCT

**သီဟ**

ကမ္ဘာပေါ်တွင် နေ့စဉ် ကလေးတစ်ထောင်ခန့်သည် မိခင်မှတစ်ဆင့် HIV ပိုးကူးစက်မှုခံနေရပြီး ယင်းတို့အား ပြုစုကုသမှုတစ်စုံတစ်ရာပြုလုပ်ပေးခြင်းမရှိပါက အသက် ၂နှစ်ပြည့် မွေးနေ့မတိုင်မီ အဆိုပါကလေးများသည် လောကကြီးမှ ပြန်လည်ထွက်ခွာသွားကြမည်ဖြစ်သည်။

ထို့ကြောင့် ကလေးများအား မိခင်မှတစ်ဆင့် HIV ပိုးကူးစက်ခံရခြင်းမရှိစေရန်အတွက် ကိုယ်ဝန်ဆောင်မိခင်များအား HIV စစ်ဆေးခြင်းအပါအဝင် အခြားကာကွယ်ကုသခြင်းလုပ်ငန်းများအား မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှဆောင်ရွက်နေကြခြင်းဖြစ်သည်။

HIV ပိုးရှိသည့် မိခင်မှ ကလေးငယ်အား HIV ကူးနိုင်ခြေမှာ ၁၅ မှ ၄၀ ရာခိုင်နှုန်းအထိရှိကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်-မြန်မာ) မှ HIV ရေးရာကျွမ်းကျင်သူ ဒေါက်တာဥမ္မာအောင်ကပြောသည်။

ကူးစက်နိုင်သည့် နည်းလမ်းများမှာ ကိုယ်ဝန်ဆောင်ချိန်၊ မီးဖွားချိန်နှင့် နို့တိုက်ချိန်များတွင် ကူးစက်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မိခင်မှကလေးသို့ HIV ပိုးကူးစက်နှုန်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းကောက်ယူမှုမပြုနိုင်သေးသော်လည်း ရန်ကုန်တွင်ရှိသည့် ဗဟိုအမျိုးသမီးဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံ၊ တောင်ဥက္ကလာပဆေးရုံနှင့် သဃ်န်းကျွန်းစံပြဆေးရုံတို့တွင်ကောက်ယူထားသည့် စစ်တမ်းများအရ ကူးစက်မှုနှုန်းမှာ ၁၁ မှ ၁၃ ရာခိုင်နှုန်းအထိရှိကြောင်းသိရသည်။

ထို့ကြောင့် မိခင်မှကလေးသို့ HIV ကူးစက်ခြင်းမှကာကွယ်ခြင်းမရှိရန်အတွက် ပြုလုပ်ခြင်းအား Prevention of Mother -to-Child Transmission PMCT ဟုခေါ်ကြောင်း သိရ သည်။

PMCT အား မြန်မာနိုင်ငံတွင် ၂၀၀၁ ခုနှစ်တွင် ထိုင်း-မြန်မာနယ်စပ်မြို့များဖြစ်သည့် ကော့သောင်းနှင့် တာချီလိတ်မြို့နယ်များတွင် ရှေ့ပြေးစီမံချက်များအဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၂၀၀၃ခုနှစ်တွင် ဆေးရုံ ၅ခု၌ ဆက်လက်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်အထိ မြို့နယ်ပေါင်း ၂၀၀ ကျော်နှင့်ဆေးရုံပေါင်း ၃၈ ခုတွင်ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု အမျိုးသားခုခံကျကာလသားတိုက်ဖျက်ရေးစီမံချက်မှ စီမံချက်မန်နေဂျာ ဒေါက်တာမြင့်ရွှေကပြောသည်။ ထို့သို့ဆောင်ရွက်မှုများပြုလုပ်လျက်ရှိသော်လည်း လွှမ်းခြုံမှုမှာ ကျေနပ်ဖွယ်မရှိသေးကြောင်း ဒေါက်တာမြင့်ရွှေက ပြောသည်။

ကိုယ်ဝန်ဆောင်မိခင်များ၏ ၈၀ ရာခိုင်နှုန်းအား နှစ်သိမ့်ဆွေးနွေးမှုပြုနိုင်ခဲ့ပြီး ထိုအထဲ မှ ၆၀ရာခိုင်နှုန်းကိုသာ သွေးစစ်နိုင်ခဲ့ကြောင်း ဒေါက်တာမြင့်ရွှေကပြောသည်။

**စာ(၁၄)သို့**







7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

## စာ-၁၃၊ ကိုယ်ဝန်အဆုံးသတ်ခွင့် ဆွေးနွေးသင့်ပြီလား မှ

ဆရာဝန်ပြုလုပ်သူကိုပါဥပဒေအရ အရေးယူကြောင်း သိရသည်။

"တရားဝင် သားကြောဖြတ်ခွင့်ကျသည့်သူတွေနဲ့ နောက်ဆုံး ဘယ်လိုမှမဖြစ်နိုင်လွန်းတဲ့အခြေအနေမှာ မိခင်နဲ့ကလေးကို ရွေးချယ်ရတော့မယ့်အခြေအနေမှာပဲ ကိုယ်ဝန်အဆုံးသတ်ဖို့ခွင့်ပြုထားတယ်။ တခြားအခြေအနေမှာ ပြုလုပ်တယ်ဆိုရင်တော့ ဥပဒေအရ အရေးယူတယ်၊အခုအချိန်ထိလည်း အဲလို အရေးယူခံရတဲ့ သူတွေရှိတာပဲ"ဟု တရားရုံးချုပ်ရှေ့နေ ဦးအောင်သန်းစိုးကပြောသည်။

သို့သော် ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်ပြီး အပြစ်ပေးသည့် အဆိုပါရာဇဝတ်မှုသည် ပပျောက်ရန်မဆိုနှင့် လျော့နည်းခြင်းပင်မရှိဘဲ မည်သည့်အချိန်မဆို မိခင်သေနှုန်းအများဆုံးဖြစ်စေသည့် အကြောင်းအရာများထဲမှ တစ်ခုအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

ဥပဒေအရသော်လည်းကောင်း၊ ဘာသာရေးအယူအဆကြောင့်သော်လည်းကောင်း ကိုယ်ဝန်ဖျက်ချခြင်း၊ လက်မထပ်ခင်အတူနေခြင်းတို့အား ပြင်းပြင်းထန်ထန်တားမြစ်ထားသည့်အခြေအနေတွင် အလုပ်အကိုင်အခွင့်အလမ်းများကြောင့် မြို့ပြသို့ လာရောက်အလုပ်လုပ်ကိုင်သူ အမျိုးသမီးငယ်များ၊ ပြောင်းလဲလာသည့်ခေတ်အခြေအနေများကြား အန္တရာယ်အား ကာကွယ် သိရှိနိုင်သည့် မျိုးဆက်ပွားဗဟုသုတများသိရှိမှု အားနည်းသည့်အခါ အမျိုးသမီးများအတွက် အသက်သေလျှင်သေ၊မသေလျှင်တစ်ဘဝလုံး အမည်းစက်ဖြင့် ရပ်တည်နေရမည်ဖြစ်သည်။

ဖွံ့ဖြိုးပြီး ယဉ်ကျေးမှုအရလည်း ပြင်းထန်မှုမရှိသည့် နိုင်ငံအချို့တွင် ၁၈ နှစ်အောက် အမျိုးသမီးများ၊ကျောင်းသူများ၊ ကလေးမလိုချင်တော့သည့် အမျိုးသမီးများအား တရားဝင် ကိုယ်ဝန်အဆုံးသတ်ခွင့်ပေးခြင်းဖြင့် အမျိုးသမီးများ၏ အခွင့်အရေး၊ မိခင်သေဆုံးမှုလျှော့ချရန်အတွက် ခွင့်ပြုပေးကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဒေါက်တာတင်တင်အေးကပြောသည်။

"ဒီလို ပွင့်လင်းလွန်းတဲ့အစွန်းထိသွားဖို့ မဟုတ်သလို ဘယ်လိုမှအခွင့်အရေးတွေမပေးဘဲ လုံးဝဘာမှမလုပ်ရဘူးဆိုပြီး ပိတ်ပင်ထားလွန်းပြီး အခုလို အဆက်မပြတ် သေနေတဲ့အခြေအနေကို ဆက်လက်ထားမယ့်အစွန်းဘက်ပဲနေမလားဆိုတာကတော့ ပြန်စဉ်းစားသင့်တယ်လို့ထင်တယ်"ဟု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများပေးနေသည့် အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းတစ်ခုမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

ယခု ကိုယ်ဝန်ဖျက်ချခြင်းများကြောင့် သေဆုံးနေသူများသည့် လူငယ်အမျိုးသမီးငယ်များမှာ ယဉ်ကျေးမှုအရ စောင့်ထိန်းရမည့်ကျင့်ဝတ်များအား စောင့်ထိန်းမှုမရှိခြင်းကြောင့်သာ သေဆုံးနေသည်ဟု ထင်မှတ်မရပေ။

လူငယ်အမျိုးသမီးငယ်များများပြားနေသည် မှန်သော်လည်း ကလေးများလွန်းနေသည့် အမျိုးသမီးများ၊ အသက်ကြီးမှ ကိုယ်ဝန်ရသွားသည့်အတွက် ရှက်ကြောက်၍ ကိုယ်ဝန်ဖျက်ချရာမှ သေဆုံးသွားသည့်အမျိုးသမီးကြီးများလည်းပါဝင်ကြောင်း ဒေါက်တာစိုးလွင်ကပြောသည်။

လက်ထပ်ထားပြီး အမျိုးသမီးတစ်ယောက်အတွက် ကလေးသုံးယောက်ရှိနေလျှင်သော်လည်းကောင်း၊ ကလေးမွေးဖွားလျှင် အသက်အန္တရာယ်ရှိစေသည့်ပြင်းထန်သောနှလုံးရောဂါ၊ ဦးနှောက်ချို့ယွင်းမှုများ စသည့်ရောဂါရှိသူများတွင်လည်းကောင်း သက်ဆိုင်ရာမြို့နယ်များသို့လျှောက်လွှာတင်ပြီး ဒါရိုက်တာအဖွဲ့မှတွေ့ဆုံပြီး ခွင့်ပြုလျှင် တရာဝင်သားကြောဖြတ်ခွင့်ရှိကြောင်း သိရသည်။

သို့သော် သားဆက်ခြားနည်းလမ်းများထဲတွင် သားကြောဖြတ်ခြင်းနည်းလမ်း အသုံးပြုခြင်းသည် အနည်းဆုံးဖြစ်ပြီး လုပ်ငန်းအဆင့်ဆင့်ကို သေချာမသိရှိကြခြင်းကြောင့် ငွေကြေးနှင့် အချိန်ကုန်ကျမည်ကိုစိုးရိမ်ပြီးလုပ်ဆောင်မှုအနည်းဆုံးဖြစ်နိုင်ကြောင်း အင်းစိန်မြို့နယ်မှ သူနာပြုဆရာမတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

"ရှိတဲ့အန္တရာယ်ကင်းစေတဲ့ ဥပဒေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် မလုပ်ပေးထားတဲ့အခါ သိရှိသူတွေနည်းပြီး ဥပဒေပြင်ပမှာ တရားမဝင် ဖျက်ချတာကနေ အသက်အန္တရာယ်တွေ ရှိကုန်တယ်"ဟု ဒေါက်တာတင်အေးကပြောသည်။

လက်ရှိပြောင်းလဲလာသောအခြေအနေများပေါ် မူတည်၍ မျိုးဆက်ပွားကျန်းမာရေးသည် အလေးပေးရမည့် အနေအထားရောက်လာသည့်အပြင် ဖြစ်ပေါ်လာသည့် အခြေအနေပေါ်မူတည်ပြီး ခေတ်နှင့်အညီ သုံးသပ်ပြီး သီးခြားဥပဒေများဖြင့် ပြဌာန်းဆောင်ရွက်သင့်ပြီဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်၊ ဆရာဝန်တစ်ဦးလည်းဖြစ်သူ ဒေါက်တာမြတ်ဉာဏစိုးက သူ၏အမြင်ကို ပြောသည်။

"ဒါက ကိုယ်ဝန်ဖျက်ချတဲ့ကိစ္စတစ်ခုတည်းတင် မဟုတ်တော့ဘူး။ တခြားကျန်တဲ့ကိစ္စတွေမှာပါဝင်လာပြီဖြစ်တဲ့အတွက် မျိုးဆက်ပွားကျန်းမာရေးနဲ့ပတ်သက်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေအားလုံး စုပေါင်းပြီး ဆွေးနွေးတိုင်ပင်ဖို့လိုအပ်လာပြီ"ဟု ဒေါက်တာမြတ်ဉာဏစိုးက ဆက်လက်ပြောသည်။

လွှတ်တော်ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထားသည့်ကျန်းမာရေးဆိုင်ရာ ကော်မတီများမှ ဆောင်ရွက်မည့်လုပ်ငန်းများတွင်လည်း ဆက်လက်ဆောင်ရွက်မည့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးလုပ်ငန်းများပါဝင်နေကြောင်း သိရသည်။

"ဒီပြောင်းလဲနေသည့်ခေတ်ကြီးကို လိုက်ပိတ်ပင်လို့တော့ မရဘူး။ ဒါပေမဲ့ အခုဖြစ်နေတဲ့ အနေအထားပေါ်မှာ သင်ခန်းစာတွေယူပြီး လူထုအတွက်ပိုမိုလက်တွေ့ကျပြီး အသုံးဝင်အောင် ဘာတွေလုပ်ရမလဲဆိုတာတွေတော့ စဉ်းစားသင့်တယ်"ဟု ဒေါက်တာတင်အေးကပြောသည်။

ကျင့်သုံးနေသော ဥပဒေသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးများအတွက် အသက်ရှိသည့် အရာအား သတ်ခြင်းကံအား ကန့်သတ်ထားသည့်အပြင် ကိုယ်ဝန်ဖျက်ချခွင့်အား တရားဝင်ခွင့်ပြုလိုက်ပါက နောက်ဆက်တွဲ အိမ်ထောင်ရေးပြဿနာများ ဖြစ်ပေါ်လာစေနိုင်သည့်အတွက် လက်ရှိကျင့်သုံးနေမှုများကိုသာ လက်ခံသူများလည်း ရှိသည်။

မြန်မာနိုင်ငံတွင် သားဆက်ခြား နည်းလမ်းများအား လက်လှမ်းမီမှု မရှိသေးသည့် လူဦးရေများပြားနေပြီး ကိုယ်ဝန်ဖျက်ချမှုကြောင့် အန္တရာယ်ရှိသည့် နောက်ဆက်တွဲ ပြဿနာများ မဖြစ်စေရန် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဗဟုသုတများ၊ သားဆက်ခြားနည်းလမ်းများ၊ ပစ္စည်းများ အလွယ်တကူ ရရှိစေရန် အတွက် ဆောင်ရွက်ခြင်းကလည်း နည်းလမ်းတစ်ခုဖြစ်ကြောင်း ပညာရှင်များက ထောက်ပြပြောဆိုသည်။

"မိန်းကလေးတွေကို ဒီလိုအန္တရာယ်တွေမဖြစ်အောင် သိသင့်တဲ့အရွယ်မှာကတည်းက မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဗဟုသုတတွေကို ကျယ်ကျယ်ပြန့်ပြန့် သင်ခန်းစာတွေထဲမှာထည့်ပြီး သင်သင့်တယ်လို့ထင်တယ်။ မသင်နိုင်သေးဘူးဆိုရင်တောင် ကျောင်းတွေမှာ အပတ်စဉ် ပညာပေးတာမျိုးတွေ လုပ်ပေးရင်ကောင်းမယ်လို့ထင်တယ်"ဟု အသက် ၂၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။ ချွန်ထက်အောင် ပြုလုပ်ထားသည့် သစ်ကိုင်းများ၊ ဆေးသွင်းပိုက်များ၊ ဆေးဝါးများ၊ ဖိနှိပ်ချခြင်းများ စသည့် နည်းလမ်းအမျိုးမျိုးတို့အသုံးပြု၍ သားအိမ်များပေါက်ထွက်သွားခြင်းကြောင့်လည်းကောင်း သွေးဆိပ်တက်ခြင်းတို့ကြောင့်လည်းကောင်း အဖျားတက် ကယောင်ကတမ်း အော်ပြီး သွေးများဆင်းပြီး ရောက်လာသည့် အမျိုးသမီးများမှာ ဆေးရုံ၊ ဆေးခန်းများတွင် နေ့စဉ်နေ့တိုင်း မြင်တွေ့နေရသည့် အခြေအနေတစ်ခုဖြစ်နေဆဲဖြစ်သည်။

## စာ-၁၃၊ မိခင်မှ ရင်သွေးသို့ အိတ်ချ်အိုင်ဗီ ကူးစက်မှုလျှော့ချနိုင်မည့် PMCT မှ

ထို့အပြင် သွေးစစ်သူများထဲမှ ၅၀ ရာခိုင်နှုန်းသာမိမိတို့၏ သွေးအဖြေကို ရယူခဲ့ကြကြောင်းသိရသည်။

သွေးအဖြေရယူခဲ့သည့်ကိုယ်ဝန်ဆောင်မိခင်များထဲမှပိုးတွေ့ရှိသူ ၇၀ ရာခိုင်နှုန်းကိုသာ ART ဆေးပေးနိုင်ခဲ့ကြောင်း သိရသည်။

HIV ပိုးရှိသည့်မိခင်မှ မွေးဖွားသည့် ကလေးငယ်အား ပိုးကူးစက်ခံရခြင်းရှိမရှိအား ကလေးအသက် ၁၈လကြာမှ စစ်ဆေးနိုင်ပြီး စစ်ဆေးသည့်ကလေးမှာ ၃၀ရာခိုင်နှုန်းသာရှိသည်ဟုဒေါက်တာမြင့်ရွှေက ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ခုနှစ်က ကိုယ်ဝန်ဆောင်မိခင် ငါးသိန်းခုနစ်သောင်းကျော်အား သွေးစစ်ပေးနိုင်ခဲ့ပြီး ထိုအထဲမှ သုံးသိန်းနှစ်သောင်းကျော်သည် မိမိတို့၏ သွေးအဖြေများကိုပြန်လည်ရယူခဲ့သည်ဟု ဒေါက်တာဉမ္မာအောင်ကပြောသည်။

သွေးအဖြေယူခဲ့သည့် ကိုယ်ဝန်ဆောင်မိခင်များထဲတွင် HIV ပိုးတွေ့ရှိသည့် ကိုယ်ဝန်ဆောင်မိခင်များထဲမှ သုံးထောင်ကျော်အား PMCTနည်းဖြင့် ကာကွယ်ကုသခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ခဲ့ကြောင်းသိရသည်။

PMCT ဝန်ဆောင်မှုများ မြန်မာနိုင်ငံတွင် ဆေးရုံကြီးများမှ အစပြု၍ ကျေးလက်ကျန်းမာရေးဌာနခွဲများအထိ ရယူအသုံးချနိုင်ကြောင်း သိရသည်။

PMCT နည်းဖြင့် ကာကွယ်ခြင်းဟူသည်မှာ ကိုယ်ဝန်ဆောင်မိခင်အား နှစ်သိမ့်ဆွေးနွေး၍ မိမိဆန္ဒအလျောက် HIV ပိုးစစ်ဆေးစေခြင်း၊ ထိုမှတစ်ဖန် သွေးအဖြေပြန်လည် ယူစေခြင်း၊သွေးအဖြေတွင် HIV ပိုးတွေ့ပါက ကလေးငယ်အားကူး စက်ခြင်းမရှိနိုင်ရန်အတွက်မိခင်အား ကာလတိုART ကုထုံးဖြင့် ကုသခြင်း(သို့မဟုတ်) မိခင်သည်ဆေးသောက်ရန်လိုအပ်နေသူဖြစ်ပါက ကာလရှည်ART ကုထုံးပေးခြင်းတို့ဆောင်ရွက်ခြင်းဖြစ်သည်ဟု အကြမ်းဖျင်းမှတ်ယူနိုင်ကြောင်းသိရသည်။

ထို့နောက်တွင် မွေးဖွားလာသည့် ကလေးအား သတ်မှတ်သက်တမ်းပြည့်ပါက HIV ပိုးကူးစက်ခံထားရခြင်းရှိမရှိစစ်ဆေးခြင်းနှင့် ကူးစက်ခံရပါက လိုအပ်သည့် ကုသမှုများပြုလုပ်ပေးခြင်းတို့ဖြစ်ကြောင်း သိရသည်။

မိခင်မှ ကလေးသို့ HIV ပိုးကူးစက်နိုင်သည့်နည်းလမ်းများမှာ အထက်တွင်ဖော်ပြထားသည့် နည်းလမ်းသုံးခုဖြင့် ကူးစက်နိုင်သော်လည်း မိခင်နို့တစ်မျိုးတည်းအား ခြောက်လအထိတိုက်ကျွေးပါက ကူးစက်နိုင်သည့်နှုန်းကျဆင်းနိုင်ကြောင်း ဒေါက်တာဉမ္မာအောင်ကပြောသည်။


ထို့အပြင်အသက် ၁၅နှစ်မှ ၄၉နှစ်အရွယ်ရှိ မျိုးပွားနိုင်သည့်အရွယ်ရှိ အမျိုးသမီးများအား HIV ပိုးကူးစက်ခြင်းမခံရစေရန် ပညာပေးဟောပြောခြင်းများပြုလုပ်ခြင်းကလည်း PMCT နည်းလမ်းများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

PMCT နည်းဖြင့် ကလေးအားကာကွယ်ပါက ကလေးငယ်အားကူးစက်နိုင်သည့်နှုန်းမှာ ကမ္ဘာ့နိုင်ငံများတွင် ၂ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၅ရာခိုင်နှုန်းအထိလျှော့ချနိုင်ကာ မြန်မာနိုင်ငံတွင် ၁၁ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီဖြစ်သည်ဟု သိရသည်။

"HIV မှာ ဇီးရိုးဆိုတဲ့ အသုံးအနှုန်းမသုံးပေမယ့် ကျွန်မတို့ကတော့ဇီးရိုးအဆင့်အထိရောက်အောင်ကြိုးစားသွားမှာပါ"ဟုဒေါက်တာဉမ္မာအောင်က ပြောသည်။


၈ မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
နီလာ
"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာဌာနလေးမည်၊ သံဝေဇနိယ လေးဌာန ဖူးကြအလီလီ၊ အပါယ်လေးဝမလားရ လားရာလူနတ်ပြည်"
(၁၂)ရက်ခရီး - သံဝေဇနိယလေးဌာန + အဝိဇဟိတသုံးဌာန (အိန္ဒိယ + နီပေါ) → ၈ သိန်း (စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနိယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ → ၉ သိန်း (စရိတ်ငြိမ်း)
တဝ်ချ်မဟာ၊ ကိုလ်ကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ
(၆)ညအိပ်(၇)ရက်ခရီး - သီရိလင်္ကာ (စွယ်တော်) + ဆန်ကောတ် (မြဲဘုရား) → (၁၂)သိန်း (စရိတ်ငြိမ်း) ၂.၁၁.၂၀၁၂ ထွက်မည်။
အထူးအစီစဉ်အနေဖြင့် ဗုဒ္ဓဂယာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုနိုင်ရန် စီစဉ်ထားပါသည်။
အသင်းလိုက် အဖွဲ့လိုက်သီးသန့်သွားလိုသော သူများကိုလည်း အထူးအစီအစဉ်ဖြင့် ပို့ဆောင်ပေးနေပါသည်။
ဝန်ဆောင်မှုနှင့်ပတ်သက်၍ နေထိုင်စား၊သောက်ရေး စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်ရန်အတွက် ကုမ္ပဏီမှ တာဝန်ယူပို့ဆောင်ပေးနေပါပြီ။
မည်သည့်ခရီးစဉ်မဆို (၁၆)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
ထွက်ခွာမည့်ရက်များ - အောက်တိုဘာ - ၁၀၊၁၂၊၁၇၊၁၉၊၂၄၊၂၆၊၂၇၊၂၉၊၃၁။ နိုဝင်ဘာ - ၃၊၇၊၉၊၁၄၊၁၇၊၂၁၊၂၃၊၂၈။ ဒီဇင်ဘာ - ၅၊၇၊၁၂၊၁၅၊၁၉၊၂၁၊၂၆၊၂၉။ ဇန်နဝါရီ - ၂၄၊၉၊၁၆၊၁၈၊၂၃၊၂၅၊၂၆၊၃၀။ ဖေဖော်ဝါရီ - ၁၂၊၆၊၉၊၁၃၊၁၆၊၁၅၊၂၀၊၂၇။ မတ်လ - ၁၆၊၁၃၊၁၅၊၂၀၊၂၇၊၂၉။ ဧပြီ - ၃၊၁၀၊၁၂၊၁၇၊၁၉၊၂၆။
ရန်ကုန်ရုံးချုပ် အမှတ် - ၂၇၆/၂၇၈ (မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း (ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးရုံးခွဲ (၁) အမှတ် (၁၀၃)၊ လမ်း ၃၀၊ ၆၅ နှင့် ၆၆ လမ်းကြား၊ မင်းကွန်းတိုက်တန်း၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ရုံးခွဲ (၂)-မော်လမြိုင် ၊ ရုံးခွဲ (၃)-ပုသိမ် ၊ ရုံးခွဲ (၄)-တောင်ကြီး ၊ ရုံးခွဲ (၅)-လားရှိုး
☎ ၀၁-၃၇၆၆၀၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၅၂၂၊ မန္တလေးရုံးခွဲ - ၀၉-၄၇၂၂၀၈၅၊ ၀၉-၄၇၂၂၁၀၆၊ ၀၉-၄၀၁၇၄၄၄၀၄၊ ၀၉-၄၂၈၂၁၇၂၅၁




အောင်ဇေယျာမင်း (တိုင်းရင်းအထူးကုဆေးခန်း)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက (စာနယ်ဇင်း) ၀၃၄/၀၈၀၉
မနာမကျင် မခွဲစိတ် လိပ်ခေါင်းအထူးကု
အောင်ဇေယျာမင်းအထူးကုဆေးခန်းတွင် ဒေါက်တာအောင်ဇေယျာမင်း C.T.M.P,Ph.D Kolkata(India) ကိုယ်တိုင် ဦးစီး၍ ပညာရှင်များနှင့် မနာမကျင်၊ မခွဲမစိတ်ဘဲ ခေတ်မီလိပ်ခေါင်းအထူးကု ကွန်ပျူတာစက်ကို အသုံးပြု၍ Turell နာကျင်မှုမရှိသော ကုသနည်းဖြင့် လိပ်ခေါင်းရောဂါများ၊ သွေးစုနာ၊ ဂရင်ဂျီနာ၊ သွေးဝမ်းပါခြင်း၊ စအိုကွဲ၊ စအိုယားယံစေသော စအိုနှင့်အူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများကို အထူးကုသပေးနေပါသည်။
၁။ ခေတ်မီစက်ဖြင့် ကုသပေးခြင်းကြောင့် စိတ်ကျေနပ်မှု ရရှိစေခြင်း။
၂။ နာကျင်မှုနည်းခြင်း၊ ကုသချိန်တိုတောင်းခြင်း၊ အနာကျက်မြန်ခြင်းတို့ကြောင့် အချိန်ကုန်သက်သာစေခြင်း
၃။ ငွေကြေးကျပ်တည်း၍ အခက်အခဲရှိသူများကို ကုသမှုအားလုံးမှ အချို့ကိုအခမဲ့ဆောင်ရွက်ပေးခြင်း။
၄။ ကုသပြီးသော ရောဂါရှင်မှ ရောဂါပြန်ဖြစ်လျှင် ရာသက်ပန်အခမဲ့ကုသပေးနေပါသည်။
No.68, ၁၂လမ်း (အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၂၄၄၂၈၊ ၀၉-၅၀၀၀၈၈၇၊ ၀၉-၄၂၅၂၉၇၆၈၈

Regional
7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# တောင်ကြီးမြို့တွင် လုပ်ငန်းခွင်မတော်တဆမှုကြောင့် လူခုနစ်ဦးသေဆုံး

**မင်းဇာနည်**

**တောင်ကြီး၊**
**အောက်တိုဘာ - ၄**

တောင်ကြီးမြို့ရှိဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုတွင် ဘိလပ်မြေ ဖျော်စက် အမြင့်သို့ ဆွဲတင်ရာမှ ယင်းစက် ပြုတ်ကျမှုကြောင့် လူခုနစ်ဦး သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ ယခုလ ၃ ရက်က တောင်ကြီးမြို့ ပြည်တော်သာရပ်၊ အမှတ်(ပ/၂၃)ကြံ့ခိုင်ရေးလမ်းပေါ်ရှိ ဆောက်လုပ်ဆဲ အဆောက်အအုံပေါ်သို့ ဘိလပ်မြေမွှေစက် အပေါ်ဆုံးထပ်သို့ဆွဲတင်ရာမှ ကြိုးပြတ်ကျပြီး ငြမ်းစင်ပေါ်သို့ပြုတ်ကျခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ ဆေးရုံတွင် ထပ်မံသေဆုံးသွားကြောင်း သိရသည်။



တောင်ကြီးမြို့တွင် မတော်တဆမှုဖြစ်ပွားခဲ့ရာ အဆောက်အအုံ

ဓာတ်ပုံ - မင်းဇာနည်

အဆိုပါဖြစ်စဉ်ကြောင့်လုပ်ငန်းခွင်အတွင်းမှလုပ်သားအများအပြား ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အား တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ ဆက်လက်ကုသလျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

# မကွေးတွင်ဘဏ်မှ ငွေထုတ်လာသူတစ်ဦး လုယက်ခံရ

**စောရန်နိုင်**

**မကွေး၊အောက်တိုဘာ-၆**

မကွေးမြို့ ကမ္ဘောဇဘဏ်မှ ငွေထုတ်ပြီးပြန်လာသူတစ်ဦးအား ဆိုင်ကယ်ဖြင့်လိုက်လံလုယက်မှုယခုလ၄ရက်ကဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ မကွေးမြို့နေ အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ယင်းနေ့က မိခင်ဖြစ်သူ ဆေးကုသရန်အတွက် ကမ္ဘောဇဘဏ်တွင် ငွေကျပ်ဆယ့်ငါးသိန်းထုတ်ယူပြီး ယင်းငွေများပါရှိသည့်အိတ်အား ဆိုင်ကယ်ရှေ့ခြင်းအတွင်းထည့်၍ ပြန်လာခဲ့သည်ဆို၏။

ထိုသို့ပြန်လာစဉ် ကန်သာရပ်ကွက် ပြည်တော်သာလမ်းဆုံ အရောက်တွင် လူငယ်တစ်ဦးက ဆိုင်ကယ်ဖြင့် ဘေးချင်းယှဉ်လိုက်လာပြီး ငွေထုပ်အားလုယူကာ မောင်းပြေးသွားခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ မြို့မရဲစခန်းသို့ တရားလိုပြု၍ တိုင်ကြားခဲ့ရာ မကွေးမြို့ မြို့မရဲစခန်းမှ (ပ)၂၄၈/၁၂ ပြစ်မှုဆိုင် ရာဥပဒေပုဒ်မ ၃၈၂ အရ အမှုဖွင့်ထားရှိခဲ့ပြီး အဆိုပါအမှုအား အမြန်ဆုံးစုံစမ်းဖမ်းဆီးနိုင်ရေးအတွက် ဆက်လက်ရှာဖွေစုံစမ်းခဲ့ရာမှ ပြစ်မှုကျူးလွန်သူအား ၂၄နာရီအတွင်း သက်သေခံပစ္စည်း ငွေကျပ်ဆယ့်ငါးသိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြို့မရဲစခန်းမှ စုံစမ်းသိရှိရသည်။

# ချင်းတွင်းမြစ်အတွင်း စက်လှေပေါ်မှ မူးယစ်ဆေးဝါး ကျပ်သိန်း ၁၆၀၀ ကျော်ဖိုး ဖမ်းမိ

**မျိုးမင်းဦး**

**မုံရွာ၊အောက်တိုဘာ-၂**

မုံရွာခရိုင် ဝင်းမနားရဲစခန်းအပိုင် လက်ပန်စုကျေးရွာအနီး ချင်းတွင်း မြစ်အတွင်း စက်လှေတစ်စီးပေါ်မှ မူးယစ်ဆေးဝါး ကျပ်သိန်းတစ်ထောင့်ခြောက်ရာကျော်ဖိုး ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ကာလတန်ဖိုးကျပ်သိန်းတစ်ထောင့်သုံးရာကျော်ရှိ ဆူဒိုအက်ဖရင်းဆေးပြား ၆၅ အိတ်နှင့် ကျပ်သိန်းသုံးရာကျော်ဖိုးရှိအလေးချိန် ၉ ကီလိုဂရမ်ပါ အဖြူရောင်အမှုန့် စက္ကူဂျပ်ဖာတစ်ထုပ်အား စက်တင်ဘာ ၂၉ ရက် ည ၈ နာရီအချိန်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ စက်လှေမောင်းသူ သူရစိုး(ခ) စိုးကြီး(ခ)ဇော်ဝင်းကို၊ ခမိတ်ကျေးရွာ၊ တမူးမြို့နယ် အပါအဝင် ငါးဦးအား ကနီမြို့နယ်ဝင်းမနား ကျေးရွာရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ဝင်းဟန်မှ တရားလိုပြုလုပ်၍ ဝင်းမနားရဲစခန်းတွင် မူးယစ်(ပ)၁/၂၀၁၂ မူးယစ်ပုဒ်မ၁၅/၁၅(ခ)/၂၁ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# မြင်းမူမြို့နယ်အတွင်း ဖရဲတိုးစိုက်၍ လယ်ယာမြေ ငှားရမ်းမှုမြင့်တက်

**ရန်နိုင်ကျော်**

**မုံရွာ၊ အောက်တိုဘာ - ၆**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းပြည်တွင်းစိုက်ပျိုးရေးကုမ္ပဏီများက ဖရဲစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်းကြောင့် လယ်ယာမြေငှားရမ်းမှုနှုန်း သိသိသာသာ မြင့်တက်လာကြောင်း မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ပြောကြားချက်အရ သိရှိရသည်။

“မြင်းမူမြို့ မြောက်ဘက် မြင်းမူမြို့အဝင်ဆိုင်းဘုတ်အနီးမှာ လယ်ယာမြေဧက ၃၀ ကျော် ဖရဲစိုက်ခင်းတွေ စစိုက်နေပြီ။ တစ်ဧက နှစ်သိန်းနှုန်းနဲ့ မြေငှားစိုက်တာ။ အရင်နှစ်တွေတုန်းက မြင်းမူမြို့နဲ့ အနီးဆုံးမှာ ဒီလို စိုက်ခင်းတွေ စိုက်တာမရှိဘူး။ ဒီနှစ် မြို့နဲ့အနီးဆုံး ယာခင်းတွေကို ငှားပြီး စိုက်ကြတယ်။ ရာသီမမှန်တော့ လူပန်းခံပြီး စိုက်ပျိုးမနေတော့ဘဲ စိုက်ပျိုးရေး ကုမ္ပဏီတွေကို ငှားကြတယ်။ တချို့ တောင်သူတွေက တစ်ဧက နှစ်သိန်းခွဲ၊ သုံးသိန်းအထိ မြေငှားခတောင်းတယ်။ စိုက်ခင်းတွေ ပြီးသွားရင် မြေပျက်မှာကို စိုးရိမ်နေတဲ့ တောင်သူတွေလည်း ပိုများလာတယ်” ဟု မြင်းမူမြို့ မြောက်ဘက်အဝင် ဖရဲစိုက်ခင်းများအား မြေငှားရမ်းခဲ့သော တောင်သူတစ်ဦးက ပြောသည်။

“အရင်တုန်းက သဲသောင်ပြင်တွေ သက်ရင့်ကျွန်းတွေမှာ ဖရဲစိုက်ခင်းတွေ ငှားတာရှိတယ်။ ဒီနှစ် မူးမြစ်ကမ်းက ကုန်းမြင့်ပိုင်း သဲဆန်တဲ့ မြေတွေကို တစ်ဧက နှစ်သိန်းနဲ့ လာငှားတယ်။ အလုပ်သမားခ တစ်ရက် ၁,၅၀၀ တဲ့။ ရာသီအပြောင်းအလဲကြောင့် သီးနှံအထွက်လျော့တာရော မိုးဦးသီးနှံပျက်လို့ အရင်းအနှီးနည်းသွားတာရောကြောင့် လူပန်း နွားပန်းမခံတော့ဘဲ ဖရဲစိုက်ခင်းတွေဆီက အသားတင်ငွေကို ယူပြီး မြေငှားတာပိုများလာတယ်။ တချို့ တောင်သူတွေက မိုးနှောင်းရာသီကောင်းရင် ဝင်ငွေကောင်းတဲ့ မြေပဲတွေ စိုက်ကြတယ် မြေမငှားသူတွေလည်း ရှိပါတယ်” ဟု မြင်းမူမြို့နယ် ပျော့ရွာကျေးရွာဒေသခံ တောင်သူဦးမင်းနိုင်ကဆိုသည်။

မြင်းမူမြို့နယ်အတွင်း ပြည်တွင်းစိုက်ပျိုးရေးလုပ်ငန်းကုမ္ပဏီများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရာတွင် လယ်ယာမြေငှားရမ်းမှုနှုန်း မြင့်တက်လာပြီး ဒေသခံလယ်ယာ အလုပ်သမားများအလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိလာခဲ့ကြောင်း သိရသည်။

ဖရဲစိုက်ခင်းများတွင် အိမ်နီးချင်း တရုတ်နိုင်ငံနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဖရဲစိုက်ပျိုးရေးပညာရှင်များ လာရောက်လုပ်ကိုင်စိုက်ပျိုးကြောင်း အဆိုပါ ဒေသခံတောင်သူများ ပြောသည်။

မြင်းမူမြို့နယ်အတွင်း ယခင်နှစ်များက လယ်ယာမြေတစ်ဧကလျှင် တစ်နှစ် ငါးသောင်းမှ တစ်သိန်းဝန်းကျင်အထိသာ ဈေးရရှိခဲ့ရာမှ ပြည်တွင်းစိုက်ပျိုးရေးကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုကြောင့် လယ်ယာမြေတစ်ဧကလျှင် ကျပ်နှစ်သိန်းအထိ ရရှိခဲ့သည်။

ပြည်တွင်း ဖရဲစိုက်ပျိုးရေး ကုမ္ပဏီများမှ ထုတ်လုပ်သော ဖရဲသီးများ ပြည်တွင်း ပြည်ပဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချမှုကြောင့် မုံရွာခရိုင်အတွင်း ဖရဲ အများဆုံး စိုက်ပျိုးရာ ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာ ဖရဲစိုက်တောင်သူများ ယခင်နှစ်များအတွင်း အရှုံးနှင့် ရင်ဆိုင်ခဲ့ရသဖြင့် ဒေသခံတောင်သူများ ဖရဲစိုက်ပျိုးမှု တစ်နှစ်ထက်တစ်နှစ် သိသိသာသာလျော့နည်းလာကြောင်း ငါးယုန်ကျေးရွာ ဒေသခံတောင်သူများပြောကြားချက်အရသိရသည်။




7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# မန္တလေးတွင် တောင်းရမ်းစားသောက်သူများ လျော့နည်းရေး ဆောင်ရွက်နေ

**ညီညီဇော်**

**မန္တလေး၊ အောက်တိုဘာ-၆**

မန္တလေးမြို့တွင် တောင်းရမ်းစားသောက်နေသူများ ပပျောက်လျော့နည်းရေးအတွက် ဌာနသုံးခု ပူးပေါင်းကာ စီမံချက်ချ ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

မန်းစည်ပင်သန့်ရှင်းရေးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့များနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး စက်တင်ဘာလမှ စတင်ကာ ဆောင်ရွက်နေကြောင်း စီမံချက်တွင် ပါဝင်သူ မန်းစည်ပင်သန့်ရှင်းရေးဌာနမှ ဌာနခွဲမှူးဦးစိုးတင့်အောင်က ပြောသည်။

မန္တလေး မြို့လယ်ဧရိယာတစ်ခုဖြစ်သော ချမ်းအေးသာစံမြို့နယ်အတွင်း တောင်းရမ်းစားသောက်နေသူအချို့ကို စတင်စစ်ဆေးအရေးယူနေပြီး မန္တလေးမြို့ရှိ အခြားမြို့နယ်များတွင်လည်း လိုက်လံစစ်ဆေး အရေးယူသွားမည်ဟု မန်းစည်ပင်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စက်တင်ဘာ ၂၉ ရက်က မန္တလေးမြို့ လူစည်ကားရာနေရာများဖြစ်သော ၇၈ လမ်း၊ လမ်း ၃၀၊ ၃၅ လမ်းကြားနှင့် မန္တလေးဘူတာကြီးတစ်ဝိုက်တွင် မန်းစည်ပင်သန့်ရှင်းရေးဌာနနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်ရဲတပ်ဖွဲ့တို့ ပူးပေါင်းရှင်းလင်း ဆောင်ရွက်ကြရာ အမျိုးသမီးနှစ်ဦးမှာ အသက် ၁၈ နှစ်အထက် ဖြစ်နေသောကြောင့် အမှတ် ၈ ရဲစခန်းသို့ အမှုဖွင့် အပ်နှံခဲ့သည်။

ထို့နောက် အသက် ၁ လနှင့် ၁၈ ရက်သာ ရှိသေးသည့် မိန်းကလေးငယ်တစ်ဦး၊ အသက် ၁၀ နှစ်၊ ၃ နှစ်၊ ၉ နှစ်အရွယ်ရှိ ယောကျ်ားလေးသုံးဦး၊ အသက် ၇ နှစ်၊ ၆ နှစ်၊ ၁၂ နှစ်၊ ၇ နှစ်အရွယ်ရှိ မိန်းကလေးလေးဦး စုစုပေါင်း အသက် ၁၈ နှစ်အောက် ရှစ်ဦးတို့ကို လူမှုဝန်ထမ်းဦးစီးဌာနထံ အပ်နှံခဲ့ကြောင်း တာဝန်ရှိသူကပြောသည်။

ယခင်ကပင် စီမံချက်တစ်ခုအနေဖြင့် အခြေအနေမဲ့ တောင်းရမ်းစားသောက်သူများအား ဖမ်းဆီး၍ ရေတံခွန်တောင် စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံနှင့် အနာရောဂါရှိသူများအား ရေနံ့သာအနာကြီးရောဂါကု ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ အလုပ်လုပ်နိုင်သူများကို ရေတံခွန်တောင် စိုက်ပျိုးမွေးမြူရေးခြံနှင့် မန်းစည်ပင်သန့်ရှင်းရေးဌာနတို့တွင် ခန့်ထားပေးခဲ့သော်လည်း လုပ်ကိုင်လိုခြင်းမရှိသဖြင့် ထွက်ပြေးတိမ်းရှောင်ပြီး တစ်ပတ်အကြာ ယခင်တောင်းနေကျနေရာသို့သာပြန်လည်တောင်းရမ်းစားသောက်ကြကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

"ကလေးတွေကမေးတယ်။ ဦးတို့က သားတို့ကိုစားပြီးသောက်ပြီး အကျန်ငါးထောင်ပေးနိုင်လားမေးတယ်။ ဘယ်လိုလုပ်ပေးနိုင်မလဲ။ ဒီက(သန့်ရှင်းရေးဌာနက) ဝန်ထမ်းတွေတောင် အဲဒီလောက်မရဘူး။ ကလေးတွေက အလွယ်ရနေတော့ အလုပ်လုပ်ချင်စိတ်ကို မရှိကြတော့ဘူး"ဟု ဌာနခွဲမှူးကပြောသည်။ ဖမ်းဆီးခံရသည့် တောင်းရမ်းစားသောက်သူများထဲတွင် အသက် ၁၈ နှစ်အထက် ရှိသူများသည် သက်ဆိုင်ရာ ရဲစခန်း၌ အမှုဖွင့် စစ်ဆေးအရေးယူခံရပြီးလျှင် မန်းစည်ပင်သန့်ရှင်းရေးဌာနတွင် အလုပ်လုပ်ကိုင်လိုပါက ခန့်ထားပေးခဲ့သည်။

မန္တလေးမြို့တွင် တောင်းရမ်းစားသောက်သူများသည် လူအဝင်အထွက်များသည့်စတိုးဆိုင်များ၊ ပလာဇာများနှင့် မီးပွိုင့်များအနီး တောင်းလေ့ရှိပြီး ဘုရားပွဲတော်ကာလများတွင် ပိုမိုများပြားလာကြောင်း မြို့ခံများထံမှ သတင်းရရှိသည်။




ရန်ကုန်မြို့ မီးပွိုင့်တစ်နေရာတွင် တောင်းရမ်းစားသောက်သူ ကလေးငယ်တစ်ဦးအားတွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## မုံရွာမြို့နယ်တွင် ကြက်သွန်နီစိုက်ပျိုးချိန် မျိုးစေ့ဈေးကွက် နှစ်ဆခန့် မြင့်တက်

**ရန်နိုင်ကျော်**

**မုံရွာ၊ အောက်တိုဘာ - ၆**

မုံရွာမြို့နယ်အတွင်း ကြက်သွန်နီစိုက်ခင်းများတွင် မိုးကြက်သွန်နှင့် ဆောင်းကြက်သွန်စိုက်ခင်းများ အောက်တိုဘာလဆန်းပိုင်းစတင်စိုက်ပျိုးချိန်တွင် ယခင်နှစ်အတွင်း ရာသီဥတု ပြောင်းလဲမှုကြောင့် ကြက်သွန်မျိုးစေ့ အထွက်နှုန်း သိသိသာသာ လျော့နည်းခဲ့သဖြင့် ယခုနှစ် စိုက်ပျိုးချိန်တွင် မျိုးစေ့ဈေးနှုန်းများ ယခင်နှစ်များထက် နှစ်ဆခန့် မြင့်တက်လာကြောင်း စစ်ကိုင်းတိုင်းစားဖိုဆောင် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးအသင်းဒုတိယဥက္ကဋ္ဌ(ကြက်သွန်နီအစုအဖွဲ့)ဦးအောင်ထူးက ပြောကြားခဲ့သည်။

"မိုးကြက်သွန် (အမြိတ်ထောင်) ဒေသထွက်မျိုးက တစ်ပိဿာ ၄၀၀ ကနေ ၅၀၀ ကျပ်ဝန်းကျင်ရှိတယ်။ အရင်နှစ်က တစ်ပိဿာ ၂၅၀-၃၀၀ ဈေးပေါ့။ ဇော်မွှားလို့ခေါ်တဲ့ မျိုးကြက်သွန်ဥသေးက ရေစကြိုဘက် သွားဝယ်ရတယ်။ တစ်ပိဿာကို ၁,၀၀၀ ကနေ ၁,၂၀၀ အထိ ဈေးပေးဝယ်ရတယ်။ အရင်နှစ်တုန်းက ဇော်မွှားတစ်ပိဿာ ၅၀၀-၆၀၀ ဈေးရှိခဲ့တယ်။ ဆောင်းကြက်သွန်မျိုးစေ့က တစ်ပြည်ကို ငါးသောင်းအထိရှိတယ်။ အရင်နှစ်တုန်းက နှစ်သောင်းခွဲကနေ သုံးသောင်းလောက်အထိပဲ ဈေးရှိတယ်။ မုံရွာတစ်ဝိုက်သာမက ကြက်သွန်စိုက်တဲ့ နယ်တွေအားလုံး ပြီးခဲ့တဲ့နှစ်ရာသီအပြောင်းအလဲကြောင့် မျိုးစေ့အထွက်လျော့တဲ့အတွက် အခုလို မျိုးစေ့ဈေးတွေ တက်လာတာပါ။ ဒီနှစ် ကြက်သွန်နီဈေးက တစ်ပိဿာ ၇၀၀ ကျော်အထိ ဈေးကောင်းရတော့ ကြက်သွန်တောင်သူတိုင်းလည်း စိုက်ကြပျိုးကြတယ်"ဟု ဦးအောင်ထူးက ရှင်းလင်းပြောကြားခဲ့သည်။

"အရင်နှစ်တွေတုန်းက မျိုးစေ့ပိုလို့ ရောင်းစားရတယ်။ ဒီရွာမှာက ကြက်သွန်နီမျိုးစေ့အတွက် မပူရအောင် ပိုစိုက်တယ်။ ပြီးခဲ့တဲ့ နှစ်တုန်းက မိုးနှောင်းရာသီပြောင်းလဲမှုက မျိုးစေ့အထွက်လျော့တယ်။ ကြက်သွန်နီ စိုက်ပြီးချမ်းသာသူတွေများတော့ မျိုးစေ့အတွက် ကြိုစုထားတဲ့အတွက် မျိုးဈေးတက်လည်း ဒေသတွင်း ကြက်သွန်နီစိုက်ပျိုးရေးတော့ အခက်မကြုံပါဘူး"ဟု မုံရွာမြို့နယ်အတွင်း ကြက်သွန်နီအများဆုံး စိုက်ပျိုးထုတ်လုပ်သော မြေနဲကျေးရွာဒေသခံ တောင်သူတစ်ဦးက ပြောသည်။

"ကြက်သွန်နီမျိုးက အရင်နှစ်က အထွက်နည်းတယ်။ ဒေသတွင်း စိုက်ဖို့ပျိုးဖို့တော့ လုံလောက်တယ်ဆိုပေမယ့် အပြင်က နည်းနည်းစီတော့ ဝယ်ရတယ်။ မိုးကြက်သွန်တွေက စစိုက်နေပြီ။ ကြက်သွန်နီ တစ်ပိဿာ ၇၀၀ ကျော်ဆိုတော့ စိုက်တဲ့သူလည်း များတယ်။ မျိုးဈေးကလည်း များတယ်ဆိုရမှာ။ နေ့စားအလုပ်သမား တစ်ယောက်ကို ၁,၅၀၀ ကျပ်ပေးရတယ်။ မိုးကြက်သွန်အပြတ်စိုက် တစ်ဧက လေးသောင်းဝန်းကျင်အထိ ပေးရတယ်။ နေ့စား အလုပ်သမားရှားတော့ အပြတ်စိုက် ငှားရတာပိုများတယ်။ ဆောင်းကြက်သွန်တွေ အောက်တိုဘာလဆန်းမှ စပျိုးထောင်နေပြီဆိုတော့ ကြက်သွန်နီမျိုးစေ့ဈေး ငါးသောင်းအထိ အရောင်းအဝယ်ဖြစ်တယ်ဆိုပေမယ့် ကိုယ့်ရပ်၊ ကိုယ့်ရွာ အနေအထားကြည့်ပြီး ကြိုဝယ်ထားတာဆိုတော့ မျိုးစေ့တစ်ပြည် သုံးသောင်း၊ လေးသောင်းဝန်းကျင်နဲ့ ဝယ်ထားကြတယ်"ဟုမုံရွာမြို့နယ် မင်းရွာကျေးရွာ ဒေသခံ ကြက်သွန်နီစိုက် တောင်သူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်အတွင်း မြေနဲကျေးရွာ၊ မင်းရွာ၊ ကျွဲရဲကျေးရွာ၊ သမန္တာကျေးရွာ၊ တောင်ပလူကျေးရွာ၊ အက်တော ကျေးရွာတို့တွင် ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သူ များပြားပြီး ဒေသတွင်းဈေးကွက်သာမက အထက်မြန်မာနိုင်ငံ မန္တလေးဈေးကွက်သို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**TRADEMARK CAUTION**

HONDA TSUSHIN KOGYO CO., LTD. a company incorporated in Japan at 18-12, Meguro Honcho 6-chome, Meguro-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademark:-

**HTK**

Reg: 4/10241/2012

In respect of : Int'l class 9 :

" Photographic machines and apparatus; Cinematographic machines and apparatus; Optical machines and apparatus; Measuring or testing machines and instruments; Power distribution or control machines and apparatus; Rotary converters; Phase modifiers; Connectors for communication cable; Optical connectors;' Optical cables with optical connectors; Electric wires and cables; Telecommunication machines and apparatus; Electronic machines, apparatus and their parts."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.


U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myint.advocate@mptmail.net.mm

www.mipadvocate.com

Ph : 371990 11.Oct.2012



7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# အမှိုက်သိမ်းယာဉ်များ မိုးကာအမိုးအုပ်၍ အမှိုက်သယ်ဆောင်ရမည်ဟု မန်းစည်ပင်ညွှန်ကြား

**ညီညီဇော်**

**မန္တလေး၊ အောက်တိုဘာ-၆**

မန္တလေးမြို့ရှိ အမှိုက်သိမ်းယာဉ်များပေါ်တွင် အမှိုက်များကို မိုးကာအမိုးများအုပ်၍ သယ်ဆောင်ရန် ညွှန်ကြားထားပြီး လိုက်နာခြင်းမရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

မန်းစည်ပင်တွင် အမှိုက်သိမ်းယာဉ်ကြီး ၁၄၄ စီးရှိပြီး ယင်းယာဉ်များအားလုံးအား အမှိုက်သိမ်းဆည်းပြီး အမှိုက်ကျင်းသို့ ပို့ဆောင်ရာတွင် အမှိုက်များ လွင့်စဉ်ပြုတ်ကျမှု မဖြစ်ပေါ်စေရေးအတွက် ထုတ်ပေးထားသော မိုးကာအမိုး အုပ်ပြီးမှသာ အမှိုက်သိမ်းယာဉ်များ မောင်းနှင်ပို့ဆောင်ရန် ညွှန်ကြားထားသည်ဟု မန်းစည်ပင်သန့်ရှင်းရေးဌာနမှ ဌာနခွဲမှူးတစ်ဦးကပြောသည်။




*စဉ်းကမ်းတကျ အမှိုက်ယာဉ်တစ်စီး တွေ့ရစဉ်* ဓာတ်ပုံ-ညီညီဇော်

အမှိုက်များ လိုက်လံသိမ်းဆည်းရာတွင် အချို့သော အမှိုက်သိမ်းယာဉ်များမှာ မန်းစည်ပင်၏ သတ်မှတ်စည်းကမ်းများကို လိုက်နာမှုမရှိဘဲ စွန့်ပစ်အမှိုက်များ ဖုံးအုပ်သယ်ယူမှု အားနည်းသည်ကို တွေ့ရှိရသဖြင့် ပတ်ဝန်းကျင်တွင် အမှိုက်များ ကျကျန်ခဲ့ခြင်း၊ ညစ်ညမ်းစေခြင်းများဖြစ်ပေါ်စေခြင်းကြောင့် အမှိုက်များကို ဖုံးအုပ်သယ်ဆောင်ခြင်း မပြုသည့် အမှိုက်သိမ်းယာဉ်များကို တွေ့ရှိပါက တိုင်ကြားပေးစေလိုကြောင်း တာဝန်ရှိသူကပြောသည်။ ယင်းသို့ စည်းကမ်းမလိုက်နာသော ယာဉ်မောင်းများကိုစည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တရုတ်နိုင်ငံသို့ တရားမဝင်တင်ပို့မည့် အမဲသား ပိဿာချိန် ၈,၀၀၀ ကျော်ဖမ်းမိ

**စိုင်းသာအောင်**

**မန္တလေး၊ အောက်တိုဘာ - ၆**

တရုတ်နိုင်ငံသို့ တရားမဝင်တင်ပို့မည့် အမဲသား ပိဿာချိန် ၈,၀၀၀ ကျော်အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရဲတပ်ဖွဲ့မှ အောက်တိုဘာ ၁ ရက်က ရှာဖွေဖမ်းဆီးရမိခဲ့သည်။

မြို့တော်စည်ပင်ရဲတပ်ဖွဲ့မှ ရဲအရာရှိနှစ်ဦး၊ တပ်ဖွဲ့ဝင် ၁၀ ဦးတို့သည် ချမ်းမြသာစည်မြို့နယ် မန္တလေး-ရန်ကုန်လမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် မော်တော်ယာဉ်အမှတ်၆ဂ/---- အားရပ်တန့်ရှာဖွေရာ အအေးခန်းအမဲသားများကို ကွန်တိန်နာကားဖြင့် တင်ဆောင်ထွက်ခွာလာသည့် ယာဉ်မောင်းမောင်နိုင်ကို အမဲသား ၁၄ တန်ပိဿာ ၈,၀၀၀ ကျော်၊ အိတ်ပေါင်း ၅၈၂ အိတ် ဖမ်းဆီးရမိခဲ့သည်။

ယာဉ်မောင်းက ကံရွာနေ ဦးဇော်ဝင်း(ခ)အားကျိုးက အပ်နှံပြီး မူဆယ်သို့ ပို့ပေးရမည်ဖြစ်ကြောင်း ထွက်ဆိုသဖြင့် ဖမ်းဆီး ရေးအဖွဲ့အနေဖြင့် တရားဝင်သယ်ယူခွင့်၊ တိ-ကုဆရာဝန်၏ ထောက်ခံချက်၊ နယ်စပ်သို့ သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါရှိသဖြင့် မြို့တော်စည်ပင်အက်ဥပဒေ ၂၆ အရ အမှုဖွင့်အရေးယူထားသည်။

စက်တင်ဘာ ၁၂ ရက်ကလည်း တရုတ်နိုင်ငံဘက်သို့ပို့မည့် အမဲသား ရေခဲအိတ် ၃၆၀၊(ပိဿာ ၅,၀၀၀ ကျော်) ကို ၅၉×မနော်ဟရီလမ်းထောင့်တွင် ဖမ်းဆီးရမိသဖြင့် မြို့တော်စည်ပင်အက်ဥပဒေ ၂၆ အရ အမှုဖွင့်အရေးယူထားပြီးဖြစ်သည်။

တရုတ်နိုင်ငံ ရွှေလီမြို့သို့ယခင်က မန္တလေး-မူဆယ်လမ်းကြောင်းအတိုင်း အသားစားသုံးရန်အတွက် နွားများကို ၁၂ ဘီးကားဖြင့် တင်ပို့ကြသော်လည်း မကြာခဏ ဖမ်းဆီးခံရသဖြင့် နွားများကို အကောင်လိုက်မပို့တော့ဘဲ အမဲသားများအဖြစ် ပို့ဆောင်ခြင်းဖြစ်ကြောင်း၊ မြို့တော်စည်ပင်ရဲတပ်ဖွဲ့အနေဖြင့်စက်တင်ဘာလဆန်းမှအောက်တိုဘာ ၁ ရက်အထိ တရုတ်နိုင်ငံသို့ တင်ပို့မည့် အမဲသားများကို ယခုအပါအဝင် သုံးကြိမ်ဖမ်းဆီးရမိခဲ့ပြီး ယခုအချိန်သည် အများဆုံးဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။

# မန္တလေးတိုင်းအတွင်း ယာဉ်မောင်းစဉ် ဖုန်းပြောလျှင် အရေးယူမည်

**ညီညီဇော်**

**မန္တလေး၊အောက်တိုဘာ-၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်နေစဉ်အတွင်း ဖုန်းပြောသူများကိုစစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်ထိခိုက်မှု လျော့နည်းစေရေးအတွက် ယာဉ်မောင်းနေစဉ် ဖုန်းပြောဆိုခြင်း မပြုလုပ်ရန် မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက အသိပေး ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

"ယာဉ်မောင်းရင်းဖုန်းပြောရင် အာရုံတွေများလာတယ်။ ဂရုစိုက်မမောင်းနိုင်တော့ဘူး။ အန္တရာယ်လည်းများတယ်။ ဒါကြောင့် ခုလိုလုပ်ရတာပါ"ဟု ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ယာဉ်ထိန်းအရာရှိတစ်ဦးက ပြောသည်။

လိုက်နာမှုမရှိသူများအား မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၆ အရ ထောင်ဒဏ်သုံးလအထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အရေးယူခံရနိုင်ကြောင်း မန်းစည်ပင်စီမံရေးရာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့ ခရီးသွားလုပ်ငန်းတစ်ခုမှ ဝန်ထမ်းအမျိုးသားတစ်ဦးက "ဆိုင်ကယ်နဲ့ သွားရင်း ဖုန်းခဏခဏလာတယ်။ မပြောလို့လည်းမဖြစ်တော့ လမ်းဘေးရပ်ပြောရတယ်။ ဘလူးတုပါတဲ့ နားကြပ်ဝယ်မယ် စိတ်ကူးတယ်"ဟု ဆိုသည်။

မန္တလေးမြို့တွင် ၂၀၁၂ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ဆိုင်ကယ်အပါအဝင် ယာဉ်တိုက်မှုများကြောင့် သေဆုံးဒဏ်ရာရရှိသူ အရေအတွက်သည် ယမန်နှစ်ကထက် ပိုများလာပြီး ယာဉ်စည်းကမ်း မလိုက်နာမှုများကြောင့် အဖြစ်များသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းနေသေး၍ ယခင်ထက် တင်းကျပ်သော အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်နေသော်လည်း မောင်တောနယ်စပ်တွင် ပုံမှန်လည်ပတ်လျက်ရှိ

**မောင်ကံ**

**မောင်တော၊ အောက်တိုဘာ-၆**

ဘင်္ဂလားဒေ့ရှ် နိုင်ငံ၌ စက်တင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်များက ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် နယ်စပ်ဒေသများတွင် ညမထွက်ရအမိန့်များ ထုတ်ပြန်ထားသော်လည်း မောင်တောနယ်စပ်တွင် နယ်စပ်ဖြတ်ကျော်သွားလာမှုနှင့် နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများမှာ ဆက်လက်လုပ်ကိုင်နေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

"ဟိုဘက်ကမ်းမှာ ဆူပူအကြမ်းဖက်မှုတွေဖြစ်နေတာကြောင့် ဒီမှာလိုပဲ ပုဒ်မ ၁၄၄ ညမထွက်ရအမိန့်ကို ထုတ်ပြန်ထားပါတယ်။ ဒါပေမဲ့ နယ်စပ်ဖြတ်ကျော် သွားလာခွင့်ကိုတော့ မပိတ်ပါဘူး။ နေ့တိုင်းမောင်တောနဲ့ တက္ကနဖ်ကို နေ့ချင်းပြန် တစ်ပိုင်တစ်နိုင် စီးပွားရေးသမားတွေ သွားနေကြပါတယ်။ ဒါပေမဲ့ စောစောသွား၊ စောစောပြန်လာရပါတယ်။ နှစ်ဖက်စလုံးမှာ ညမထွက်ရအမိန့်တွေရှိနေတော့ အချိန်ကြာအောင် နေလို့ အဆင်မပြေပါဘူး"ဟု မောင်တောနယ်စပ်နှင့် တက္ကနဖ်သို့ နေ့ချင်းပြန် ကူးသန်းသွားလာနေသည့် တစ်ပိုင်တစ်နိုင် ကုန်သွယ်သူတစ်ဦးက ပြောသည်။

နေ့ချင်းပြန် ထိုသို့သွားသူများ နယ်စပ်ဖြတ်ကျော်သွားလာနေခြင်းနှင့်အတူ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းမှာလည်း ရပ်ဆိုင်းထားခြင်းမရှိဘဲ ပုံမှန်အတိုင်း ဆက်လက်လုပ်ကိုင်နေဆဲဖြစ်ကြောင်း နယ်စပ်ကုန်သွယ်ရေးလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

သို့သော်လည်း ခုနစ်ရက်ဗီဇာသမားများကိုမူ သွားလာခွင့်မပြုသေးကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အစွန်းရောက် အကြမ်းဖက်သူများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများနှင့် ရခိုင်တိုင်းရင်းသားနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

N L

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၊ ကွာလာလမ်ပူ အထွေထွေ ရောဂါကု ဆေးရုံကြီးမှ၊ စိတ်ကျန်းမာရေး အထူးကု ဆရာဝန်ကြီး၊ တွဲဖက်ပါမောက္ခ၊ ဒေါက်တာ ခင်ဥမ္မာနိုင်သည်၊ ရန်ကုန်မြို့သို့ ၂၅. ၁၀. ၂၀၁၂ မှ ၂၇-၁၀. ၂၀၁၂ အထိလာရောက်ပြီး၊ လူနာများကို ကြည့်ရှုဆွေးနွေးကုသပေးမည် ဖြစ်ပါသဖြင့် လူနာဟောင်း၊ လူနာသစ်များ ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၄၅၀၀၅၄၂၁၀၊၀၉-၄၄၈၀၁၈၆၂၁

ဦးသူရိန်

Studying in Singapore

ACCA (UK) Professional စာရင်းကိုင်သင်တန်းများကို Singapore နိုင်ငံရှိ Kaplan, SAA-GE နှင့် LSBF ကျောင်းများတွင် သွားရောက်သင်ကြားလိုပါက 2013 January Intake အတွက် Student Pass လျှောက်ထား ခြင်းများကို စတင်လက်ခံနေပါပြီ။

MAS EDUCATION CENTER
KAPLAN FINANCIAL
SAA GLOBAL EDUCATION
London School of Business & Finance

No.184-186, 2nd floor, 45th street (Upper), Botahtaung Tsp, Yangon.
+951 398715, +959 448005544, +959 5003499
www.mas-education.com
thurashein@mas-education.com

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.31 · OCTOBER 11 , 2012

## မန္တလေး-ပုဂံ အပျော်စီး သင်္ဘော အောက်တိုဘာ ၁၄ တွင် စတင်ပြေးဆွဲမည်

**အိဖြူလွင်**

**ရန်ကုန်၊ အောက်တိုဘာ-၄**

နိုင်ငံခြားသား ခရီးသွားများအတွက်အဓိကရည်ရွယ်သည့်ပေါ်က္က ၂၀၁၂ အပျော်စီးသင်္ဘော၏ မန္တလေး-ပုဂံ၊ ပုဂံ-မန္တလေး ခရီးစဉ်များကိုယခုလ၁၄ရက်မှစ၍စတင်ပြေးဆွဲမည်ဟု သိရသည်။

မန္တလေး-ပုဂံနှင့် ပုဂံ-မန္တလေး ခရီးစဉ်များကို တစ်ညအိပ်နှင့် နှစ်ညအိပ်ခရီးစဉ်များကို ခရီးတိုအဖြစ် ပြေးဆွဲပေးမည်ဖြစ်ပြီး လမ်းတစ်လျှောက်တွင် နိုင်ငံခြားသားခရီးသွားများ စိတ်ဝင်စားနိုင်မည့် လေ့လာသင့်သော နေရာများတွင် ဆိုက်ကပ်ပေးမည်ဟုလည်း သိရသည်။

သင်္ဘောတွင် နှစ်ယောက်အခန်း ၂၂ ခန်း ပါဝင်ပြီး ရှုခင်းနေရာပေါ် မူတည်ပြီးဈေးနှုန်းများကွာခြားမည်ဟုလည်း သိရသည်။

အခန်းဈေးနှုန်းများသည် အမေရိကန် ဒေါ်လာ ၃၀၀ မှ ၄၀၀ ကြားရှိနိုင်ပြီး ခရီးသည်များနှင့် ခရီးသွားကုမ္ပဏီများ၏ လိုအပ်ချက်ပေါ် မူတည်၍ ခရီးတို၊ ခရီးရှည် ပြောင်းလဲပြေးဆွဲပေးနိုင်သည်ဟုလည်း သိရသည်။

၁၃၈ ပေအရှည်ရှိ၍ အနံ ၃၄ ပေကျယ်သော ပေါ်က္က ၂၀၁၂ သင်္ဘောကို မြန်မာ့သင်္ဘောကျင်းတွင်ပင် တည်ဆောက်ခဲ့ပြီး သင်္ဘောပေါ်တွင် မြန်မာနိုင်ငံထွက် ကျွန်းနှင့် သစ်မာများကိုသာ အဓိကအသုံးပြုထားကြောင်းလည်း သိရသည်။

နိုင်ငံခြားသား ခရီးသွားများ အဆင်ပြေစွာ သွားလာနိုင်ရန် သင်္ဘောပေါ်ရှိ အခန်းများကို ဟိုတယ်ခန်းများကဲ့သို့ ပြင်ဆင်ပေးထားပြီး အင်္ဂလိပ်စကားပြော ခရီးသွားများအတွက် ဧည့်လမ်းညွှန် သီးသန့်မလိုအပ်ဘဲ သင်္ဘောပေါ်ရှိတာဝန်ရှိသူများက လိုအပ်သည့် ရှင်းလင်းမှုများကို တာဝန်ယူပေးသည်ဟုလည်း သိရသည်။

ပေါ်က္ကအပျော်စီးသင်္ဘောကို Ayravata Cruises သင်္ဘောလိုင်းမှ စီစဉ်ခြင်းဖြစ်ပြီး ယခုသင်္ဘောသည် တတိယမြောက် အပျော်စီးသင်္ဘောဖြစ်သည်ဟု သိရသည်။

## ဆင်းရဲနွမ်းပါးသူများအတွက် ပြဟ္မစိုရ်အသင်းမှတစ်ဆင့် ကျန်းမာရေးအလှူငွေ ကျပ်သိန်းပေါင်း နှစ်ထောင်ကျော် လှူဒါန်း

**စိုင်းသာအောင်**

**မန္တလေး၊ အောက်တိုဘာ - ၆**

မန္တလေးပြဟ္မစိုရ်လူမှုကူညီရေးအသင်းသည် ဧပြီလမှ ဩဂုတ်လအထိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အပါအဝင် အစိုးရဆေးရုံကြီးခြောက်ရုံ၊ ပြဟ္မစိုရ်ဆေးရုံတို့တွင် လာရောက်ကုသကြသော ဆင်းရဲနွမ်းပါးလူနာများအတွက် ကျပ်သိန်းပေါင်း ၂,၇၂၇ ကျော် ဆေးဖိုးအလှူငွေလှူဒါန်းခဲ့ကြောင်း သိရသည်။

ပြဟ္မစိုရ်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့် (တော်ဝင်ဆေးရုံ)က "ကျွန်တော်တို့ ပြည်သူတွေထံက ကျန်းမာရေးအလှူငွေကျပ်သိန်းပေါင်း ၁,၄၄၅ သိန်းကျော် ရရှိပါတယ်။ ဒါပေမဲ့ ဆင်းရဲနွမ်းပါးလူနာတွေက များနေတော့ အသင်းက ကျပ်သိန်းပေါင်း ၁,၂၈၁ သိန်းကျော်စိုက်ထုတ်ပြီး ဆေးဖိုးအလှူကုသိုလ်ပြုခဲ့ပါတယ်။ ဆေးဝါးကုသဖို့ခက်ခဲတဲ့ ဆင်းရဲသားပြည်သူတွေက ပိုများလာတယ်"ဟု ပြောသည်။ ပြဟ္မစိုရ်ကုသိုလ်ဖြစ် ဆေးရုံတွင် ယခင်က စနေ၊ တနင်္ဂနွေ နှစ်ရက်သာ ကုသပေးခဲ့ရာမှ တက်ရောက်ကုသသူ များပြားလာသည့်အတွက် ဗုဒ္ဓဟူးနေ့အထိပါ ရက်တိုးချဲ့လက်ခံကုသလျက်ရှိကြောင်းသိရသည်။မန္တလေးပြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ ဆက်သွယ်လှူဒါန်းလိုပါက ၀၂-၃၉၁၄၃/၀၂-၆၆၄၀၀ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

## မန္တလေးရှိ ကြယ်ငါးပွင့်ဟိုတယ် ပြည်တွင်းဟိုတယ်များတွင် ဈေးအမြင့်ဆုံးဖြစ်နေဟုဆို

**စိုင်းသာအောင်**

**မန္တလေး၊ အောက်တိုဘာ - ၆**

မန္တလေးမြို့တွင် မကြာမီလပိုင်းအတွင်းက ကြယ်ငါးပွင့်အဆင့်အဖြစ် သတ်မှတ်ဖွင့်လှစ်ခဲ့သော ဟိုတယ်ရွှေပြည်သာ (Hotel Shwe Pyi Thar) သည် မြန်မာနိုင်ငံတွင် အခန်းခဈေးအကြီးဆုံးဟိုတယ်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်ကြီးများအသင်း(မန္တလေးဇုန်)မှ အမှုဆောင်တစ်ဦးကပြောသည်။

ရွှေပြည်သာဟိုတယ် ဈေးကွက်မန်နေဂျာ ဒေါ်အေးပပအောင်က ဟိုတယ်အခန်းခများ သတ်မှတ်ထားရှိမှုနှင့်ပတ်သက်၍ "ဟို Presidential Suite တစ်ခန်းရှိတယ်။ အခန်းခက ဒေါ်လာ ၂,၅၀၀ ပါ။ Ambassadar Suite ကလည်း တစ်ခန်းပါ။ အဲဒါက ဒေါ်လာ ၂,၀၀၀ ပါ။ ပုံမှန်ခန်း တစ်ခန်း ဒေါ်လာ ၂၅၀ပါ"ဟုပြောကြားသည်။

"မန္တလေးမှာ ဆီဒိုးနားဟိုတယ်နဲ့မန္တလေးဟေးလ်ရီဆော့ဟိုတယ်နှစ်လုံးက ကြယ်လေးပွင့်အဆင့်ပဲဟိုတယ်/ခရီးက သတ်မှတ်ထားတော့ ကြယ်လေးပွင့်ဟိုတယ်အမြင့်ဆုံးအခန်းခထက် နှစ်ဆလောက်မြင့်တာမှန်ပေမယ့် ရေရှည်မှာတော့ ဧည့်သည်တွေများလာမှာပါ" ဟု ၎င်း၏အမြင်ကိုပြောသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ကြယ်လေးပွင့်အဆင့်ဟိုတယ်အနေဖြင့် ဟိုတယ်အခန်းခကို တစ်ရက်လျှင် ဒေါ်လာ ၁၂၀ မှ ဒေါ်လာ ၁၇၀ အထိသာ တရားဝင်ယူခွင့်ရှိသည်။

## ပင်းချောင်းအတွင်း အဝတ်အစားမပါသော အမျိုးသားတစ်ဦး အလောင်းတွေ့

**ဆန်းညွန့်**

**ရေနံချောင်း၊ အောက်တိုဘာ-၁**

ပင်းချောင်းအတွင်း သဲသောင်ခုံအလယ်တွင် အဝတ်အစား မပါဘဲ သေဆုံးလျက်ရှိသည့် လူသေအလောင်းတစ်လောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်အချိန်တွင် ရေနံချောင်းရဲစခန်း မြောက်ဘက် လေးမိုင်ခန့်၊ ပင်းချောင်းတံတား အနောက်ဘက်ကိုက် ၂၀၀ ခန့်အကွာတွင် ပင်းချောင်းအတွင်း သဲသောင်ခုံအလယ်တွင် လူသေအလောင်းတစ်လောင်း အဝတ်အစားမပါဘဲ မှောက်လျက်တွေ့ရှိကြောင်း နွားကျောင်းသားတစ်ဦး၏ အကြောင်းကြားချက်အရ တာဝန်ရှိသူများသွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ရေနံချောင်းမြို့ ယာကြီးပြင်ရပ်နေ မင်းမင်းထွေးဖြစ်ပြီး ပြင်ပဒဏ်ရာများ မတွေ့ရှိဘဲ သေဆုံးနေခြင်းဖြစ်သည်။

ဓမ္မတာအရ သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးအစီရင်ခံပေးပါရန် ဒုရဲအုပ်သိန်းထွဋ်က တရားလိုပြုလုပ် တိုင်တန်းခဲ့၍ ရေနံချောင်းမြို့ လက်မှတ်ကုန်းရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၁/၂၀၁၂ အရ အမှုဖွင့်ထားကြောင်း သိရသည်။

သေဆုံးသူမှာ စိတ်ကျန်းမာရေး မကောင်းဘဲ တစ်ဦးတည်း သွားလာတတ်ကာ ယခုကဲ့သို့ ဖြစ်ရခြင်းမှာ ပင်းချောင်းအတွင်း ရေဆင်းကူးခြင်းဖြစ်ကြောင်း ရဲသုံးသပ်ချက်အရ သိရသည်။

## အပြိုင်အဆိုင်ရောင်းလိုသူ ပိုမိုများပြားလာ၍ မုံရွာဘုရားကြီးပွဲတော် ဆိုင်ခန်းခများ အဆမတန်မြင့်တက်

**ရန်နိုင်ကျော်**

**မုံရွာ၊ အောက်တိုဘာ - ၆**

အညာဒေသ ပွဲတော်ကြီးများတွင် အပြိုင်အဆိုင် ဈေးရောင်းချသူဦးရေ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည့်အတွက် မုံရွာဘုရားကြီး ပွဲတော်ဈေးဆိုင်ခန်းရောင်းချသူများ ဈေးဆိုင်ခန်းအခက်အခဲများ ပိုမိုကြုံတွေလာခဲ့ရပြီး ဆိုင်ခန်းငှားရမ်းမှုနှုန်းထားများလည်းမြင့်တက်လာခဲ့ကြောင်း အညာနယ်လှည့် ပွဲဈေးရောင်းချသူများ ပြောကြားချက်အရသိရှိရသည်။

"ပွဲတော်တွေမှာ ဂေါပကအဖွဲ့တွေ၊ ပွဲတော်ကျင်းပရေးကော်မတီက ရောင်းချတဲ့ ဈေးဆိုင်ခန်းခက သက်သာပါတယ်။ မူလ အမည်ပေါက် ဈေးဆိုင်ခန်းရှင်တွေကို ဦးစားပေးရောင်းတာပိုများပါတယ်။ တချို့ပွဲဈေးရောင်းသူတွေက ဂေါပကဆီက ဈေးသက်သက်သာသာနဲ့ယူပြီး အပြင်ပေါက်ဈေးနဲ့ တစ်ဆင့်ပြန်ငှားတဲ့အတွက် ပွဲဈေးဆိုင်ခန်းခတွေက သိန်းနဲ့ချီ ပေးရတာတွေရှိတယ်။ မုံရွာဆုတောင်းပြည့် ဘုရားကြီးဈေးပွဲတော်မှာ ဂေါပကအဖွဲ့ငှား ရမ်းတဲ့ ဆိုင်ခန်းတွေက ဈေးသက်သာပြီး အိမ်ရှင်တွေက ဆိုင်ခန်းရောင်းတဲ့အခါ မျက်နှာစာငါးပေတစ်ခန်း တစ်သိန်းခွဲလောက်အထိ ပေးငှားရတယ်။ အပြိုင်အဆိုင် ဈေးရောင်းရတဲ့စနစ်ဆိုတော့ နေရာကောင်းရဖို့ ဈေးကောင်းပေးငှားရတယ်"ဟု မုံရွာမြို့ နယ်လှည့်ပွဲဈေးရောင်းချသူဦးဝင်းကိုက ပြောကြားသည်။

"လွန်ခဲ့တဲ့ ၁၀ နှစ်လောက်တုန်းက မုံရွာသီတင်းကျွတ်ဘုရားကြီးပွဲတော်မှာ ဈေးဆိုင်ခန်းတွေ စနစ်တကျ ဖွင့်ခွင့်ပေးတယ်။ လမ်းလယ်မှာပျံကျဈေးသည်တွေ လုံးဝဖွင့်ခွင့်မရှိဘူး။ အခုနောက်ပိုင်း ပွဲတော်လမ်းအလယ်မှာ ဈေးဆိုင်ခန်းတွေ ဖွင့်ခွင့်ပေးတော့ လမ်းဘေးဈေးဆိုင်နဲ့ လမ်းလယ်ဈေးဆိုင်အကြားမှာ တစ်ဖက်နှစ် ပေလောက်သာ လူသွားလမ်းကျန်တယ်။ ကြိတ်ကြိတ်တိုး စည်ကားချိန်မှာ တိုးဝှေ့သွားလာနေရတဲ့အတွက် ဈေးဝယ်တွေ ရပ်ဖို့တောင် နေရာမရလို့ ဈေးသည်တွေ အရောင်းပါးတာလည်းရှိတယ်" ဟု မုံရွာသီတင်းကျွတ်ဘုရားပွဲတော်ဈေးဆိုင်ခန်း ပိုင်ရှင်တစ်ဦးကဆိုသည်။

မုံရွာသီတင်းကျွတ်ဘုရားပွဲတော် (ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနပွဲတော်)ကို နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ လကွယ်နေ့အထိ ကျင်းပလေ့ရှိရာ ဆုတောင်းပြည့်ဘုရားကြီးရင်ပြင်တော်နှင့် မုံရွာမြို့၏ ညီနောင် စေတီတော်ကြီး ဖြစ်သော ဆုတောင်းပြည့်စေတီတော်နှင့် ရွှေစည်းခုံစေတီတော်ကြီး အကြား ဈေးဆိုင်ခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်းသိရှိရသည်။

အဆိုပါ ဘုရားပွဲတော်ကာလတွင် စားသောက်ကုန်များ၊ လူသုံးကုန်များ၊ အဝတ်အထည်များ၊ ဆေးဝါးများနှင့် ကလေးကစားစရာများ ဒေသထွက်ကုန်များ အဓိကရောင်းချလျက်ရှိရာ မုံရွာမြို့ပေါ်ရှိ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ ဈေးကြီးများအတွင်းမှ ဈေးသည်များ၊ နယ်လှည့်ဈေးရောင်းပွဲတော် အရောင်းဆိုင်များ သာမက အနီးပတ်ဝန်းကျင် ကျေးရွာများမှဒေသထွက်ကုန်စည်များ၊ ဒေသထွက် အဝတ်အထည်များ လာရောက်ရောင်းချသူများရှိကြောင်းသိရှိရသည်။

လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်ဝန်းကျင်က နယ်လှည့်ပွဲဈေးရောင်းချသူ ၅၀ ဦးခန့် ရှိရာမှ ခုနှစ်အတွင်း နယ်လှည့်ဈေးဆိုင်ရောင်းချသူ ၂၀၀ ကျော်ခန့်အထိ များပြားလာကြောင်း နယ်လှည့်ဈေးဆိုင်ရောင်းချသူများ ပြောပြချက်အရသိရှိရသည်။ မုံရွာမြို့ဆုတောင်းပြည့်စေတီတော်ဂေါပကအဖွဲ့မှ ဈေးဆိုင်ခန်းများ နေရာချထားရေးအစည်းအဝေးအား လာမည့် သီတင်းကျွတ်လဆန်း ၈ ရက် အောက်တိုဘာလ ၂၈ ရက်တွင်ကျင်းပမည်ဖြစ်ကြောင်းစုံစမ်းသိရှိရသည်။

ပြင်ပ ဈေးဆိုင်ခန်းများ မြင့်တက်လာသည့်အတွက် ဂေါပကအဖွဲ့မှ ချထားပေးမည့် ဈေးဆိုင်ခန်းများတွင် ဖွင့်လှစ်နိုင်ရန် အတွက် နယ်လှည့်ပွဲဈေးရောင်းချသူများက စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

zwenex
Empowering Businesses
Apply Now!
Be part of our next-generation
Myanmar Software Engineers team.
Details at zwenex.com

ကျားကမ္ဘာ အမျိုးသားအားဖြည့်ဆေး
သုံးစွဲနိုင်သောရောဂါများ-
အိမ်ထောင်ရှင်အမျိုးသားများ အကြောနှင့်ပတ်သက်၍ ထုံခြင်း၊ ကျင်ခြင်း၊ ကိုက်ခြင်း၊ ညှို့ခြင်း၊ သေခြင်း၊ မြန်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ ကျောက်ကပ်၊ နှလုံးအားနည်း၍ နှလုံးတုန်ခြင်း၊ အိပ်မပျော်စားမဝင်ခြင်း စသည့်ရောဂါများအတွက် ဆေးတစ်ဘူးမျှ ပုံမှန်သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို ရရှိပါလိမ့်မည်။
➤ စိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒပြည့်ဝစေ ◀
ကိုယ်စားလှယ်များ ဆက်သွယ်ရန်
ရန်ကုန် - ရွှေသဇင်ဆေးဆိုင်၊ (ဇေ)-မှ အမြင့်တန်း၊ ကုန်ဈေးတန်းလမ်း။
ဦးဝင်းမြင့်+ဒေါ်ဘောဘီ၊ (၁၅)လမ်း။
ကိုလှစိုး မြန်မာဆေးမျိုးစုံဆိုင်၊ ၂၄ လမ်း။
မန္တလေး - ကောင်းသန့် မြန်မာဆေးမျိုးစုံဆိုင်၊ ၂၈ လမ်း၊ ၈၂၊၈၃ ကြား၊ မန္တလေး။
လားရှိုး - ကြံတိုင်းအောင်ဆေးဆိုင်၊ ဈေးကြီး၊ လားရှိုး။

ဦးကျော်သီဟ B.A (Korean) MUFL ဦးစီးသော
Ever Stand
ကိုရီးယား လုပ်ငန်းခွင်ဝင်ခွင့် စာမေးပွဲ
(EPS-TOPIK)အတွက်သီးသန့်(7)ယောက်ပိုင်းများ
09-43107402, 09 420 132133
သင်တန်း(၁) တိုက်(19)အခန်း(501)ဝါဝါဝင်းအိမ်ယာ
(ပတ်စ်ပို့ရုံးအနီး) ရန်ကင်းမြို့နယ်။
သင်တန်း(၂) အမှတ်(81)၊(3)လွှာ၊လှည်းတန်းလမ်းမကြီး
(တာလီရွှေဆိုင်အနီး)၊ကမာရွတ်မြို့နယ်။
ဝန်ဆောင်မှုပေးသည်

# ဂျာနယ်တိုက်များတွင် ဝန်ထမ်းခေါ်ယူမှု အမြင့်ဆုံးအချိန်

**အေးမြတ်သူ**

**ရန်ကုန်၊**
**အောက်တိုဘာ - ၇**

ပြည်တွင်း အပတ်စဉ်ထုတ် ဂျာနယ်တိုက်များက ယခုလပိုင်းအတွင်း သတင်းထောက်ဦးရေ ၁၅၀ ကျော်ခန့် ခေါ်ဆိုထားပြီး ဆယ်စုနှစ်တစ်ခုကျော်အတွင်း ဦးရေအများဆုံး ခေါ်ယူခြင်းဖြစ်ကြောင်း ပြည်တွင်းဂျာနယ်တိုက်များမှ တာဝန်ရှိအယ်ဒီတာများက ပြောကြားသည်။

မကြာမီ ထုတ်ဝေမည့် ပုဂ္ဂလိကနေ့စဉ် သတင်းစာထုတ်ဝေရေးအတွက် အဓိကရည်ရွယ်ခေါ်ဆိုခြင်းဖြစ်ကာ အချို့သော သတင်းဂျာနယ်တိုက်များအနေဖြင့် တီဗီရုပ်သံလိုင်း၊ အွန်လိုင်းမီဒီယာအတွက်ပါ ထည့်သွင်းခေါ်ယူခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"တိုက်တိုင်းက အပြိုင်ခေါ်တာတော့မဟုတ်ဘူး။ လိုအပ်ချက်ရှိလို့ခေါ်ကြတာ။ တစ်ယောက်နဲ့ တစ်ယောက် ပြိုင်ပြီးခေါ်တာမဟုတ်ဘူး။ သတင်းထောက်အဖြစ် အသက်မွေးဝမ်းကျောင်း အလုပ်အခွင့်အလမ်းများတယ်လို့ပဲပြောရမယ်" ဟု The Voice Weekly ဂျာနယ်မှ အယ်ဒီတာချုပ်ဦးကျော်မင်းဆွေကပြောသည်။

Messenger ဂျာနယ်မှ တာဝန်ခံအယ်ဒီတာ ဦးသူရအောင်က "သတင်းထောက်တွေရဲ့ ရွေးခေတ်လို့ မသုံးချင်ဘူး။ လူငယ်အများစုအနေနဲ့ အခွင့်အလမ်းတစ်ခုပဲလို့ ပြောချင်ပါတယ်" ဟု ဆိုသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် အခြားသောနိုင်ငံများကဲ့သို့ ဂျာနယ်လစ် သင်တန်းကျောင်းများဖွင့်လှစ်မှု၊ သင်ကြားမှုနည်းပါးလျက်ရှိသည့်အတွက် ယခု ခေါ်ယူထားသော ဂျာနယ်တိုက်များအနေဖြင့် တိုက်တွင်းလေ့ကျင့်မှုများကို အချိန်ယူကာ ဂျာနယ်တိုက်အတွင်း လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Weekly Eleven ဂျာနယ်မှ အယ်ဒီတာချုပ် ဦးဝေဖြိုးက "HR ကတော့ ဂျာနယ်လစ်နဲ့ပတ်သက်လို့ ဂျာနယ်လစ်ကျောင်းထွက် အပတ်စဉ် ၃၊ ၄ က တစ်ခုခုပေါ့။ ဒါပဲရှိသေးတယ်။ သူများနိုင်ငံလို တက္ကသိုလ်က သင်ကြားပေးတာ အများကြီးမှမရှိသေးတာ။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကပဲ သင်ပေးရတာပေါ့"ဟု ဆိုသည်။

သတင်းမီဒီယာများအနေဖြင့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ သတင်းဂျာနယ်များ ထုတ်ဝေခဲ့သော်လည်း ပုံနှိပ်မှုအားလုံး စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနသို့ကြိုတင်ခွင့်ပြုချက်တောင်းခံပြီးမှသာ ထုတ်ဝေခွင့်ရခဲ့သည်။ သို့သော် ယခုနှစ် ဩဂုတ်လ ၂၀ရက်မှစ၍ စာပေစိစစ်ရေးသို့ ကြို၍တင်စရာမလိုတော့ဘဲ ပုံနှိပ်ပြီးမှတင်ရသည့် ထုတ်တင်စနစ်သို့ ပြောင်းလဲခဲ့သည်။

နေ့စဉ်သတင်းစာထုတ်ဝေခွင့်ရရန်အတွက်လည်း ပြည်တွင်းဂျာနယ်ခုနစ်စောင်က သမ္မတထံ စာတင်ထားပြီး သတင်းထောက်အလုပ်နေရာများကို 7Day News ဂျာနယ်၊ Weekly Eleven ဂျာနယ်၊ မြန်မာတိုင်း(မ်) ဂျာနယ်၊ Messenger ဂျာနယ် စသည့်ဂျာနယ်တိုက်များက ခေါ်နေခြင်းဖြစ်သည်။

"အခုလောလောဆယ် ရေပန်းစားနေတယ်လို့ ပြောလို့ရတယ်။ အလုပ်မရှိသေးရင်သတင်းထောက်အလုပ်သွားလုပ်။ အဲဒါဆိုမှားသွားလိမ့်မယ်။ ကိုယ်က အမှတ်မဲ့ရေးလိုက်တာမှားသွားရင်နောက်ပိုင်း ပြဿနာအများကြီးရှိသွားမယ်။ ဒီအလုပ်ကို လေးလေးနက်နက်သဘောပေါက်ပြီးသား လူတွေသာဝင်သင့်တယ်"ဟု မြန်မာတိုင်း(မ်)ဂျာနယ်မှ စာတည်းမှူး(အချုပ်ပို) ဦးမျိုးလွင်က ပြောကြားသည်။

ရန်ကုန်မီဒီယာဂရုဗ်မှဥက္ကဋ္ဌ ဦးကိုကိုကလည်း "သတင်းထောက်ကို အလုပ်တစ်ခုအနေနဲ့ လျှောက်ကြတာများတယ်။ လုပ်ပြီးကာမှ ပင်ပန်းပြီး ထွက်ပြေးသွားတာရှိတယ်။ တချို့ကျတော့ တကယ်ပဲလုပ်ရင်းနဲ့စိတ်ပါပြီးလုပ်သွားတာရှိတယ်" ဟု ဆိုသည်။

"လူကောင်းတွေ အရင်ရှာမှ ကျန်တာလုပ်လို့ရမယ်။ နို့မို့ဆိုရင် လူကောင်းမရဘဲ Daily ထုတ်ရင် အကျိုးရှိမှာမဟုတ်ဘူး။ ရလာတဲ့ HR တွေကိုလည်း သေချာခန့်ခွဲဖို့ အရေးကြီးတယ်" ဟု မြန်မာတိုင်း(မ်) ဂျာနယ်မှ ဦးမျိုးလွင်က ပြောသည်။

လက်ရှိ ဂျာနယ်တိုက်များအနေဖြင့် အယ်ဒီတာ၊ သတင်းထောက်အရေအတွက် တစ်တိုက်လျှင်ဦးရေ၃၀ မှ ၆၀ ခန့်ရှိပြီး အချို့တိုက်များတွင် လူ ၁၀၀ ခန့်ရှိကြောင်း သိရသည်။

ထို့အပြင် အပတ်စဉ်ဂျာနယ်မှ နေ့စဉ်သတင်းစာသို့ ထုတ်ဝေပါက အဓိကအခက်အခဲများအနေဖြင့် အချိန်မီဖြန့်ဝေနိုင်ရန်၊ ရောက်ရှိနိုင်ရန်နှင့် လုံလောက်သောသတင်းထောက်၊အယ်ဒီတာရှိရန်တို့အပါအဝင် စက်ပစ္စည်းကိရိယာများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာငွေကြေး စသည့်ရင်းနှီးမြှုပ်နှံမှုများ ပါဝင်ကြောင်း သတင်းရရှိသည်။

---

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
Admin Staff မ(၂)ဦး
(ဘွဲ့ရ အင်္ဂလိပ်လို ပြောတတ်ရမည်။ Tour လုပ်ငန်း အတွေ့အကြုံရှိရမည်။ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ (၂) ပုံ၊ ညှိနှိုင်းလစာ) နံနက် ၉ နာရီမှ နေ့လယ် ၃ နာရီအတွင်း
**ဖုန်း - ၂၀၁၃၃၆၊ ၀၉၄၃၁၉၇၉၇၃**

---

**ဝန်ထမ်းအလိုရှိသည်**
John Engineering & Construction Co.,Ltd
Sie Engineer (Civil) ကျား (၁၀) ဦး
(A.G.T.I, B-Tech, B.E)
**ဖုန်း - ၀၁-၅၄၉၁၆၂**

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း (ကျွမ်းကျင်) ကျား (၂) ဦး
လက်ထောက်မန်နေဂျာ ကျား (၁) ဦး
(Word, Excel ကျွမ်းကျင်စွာသုံးနိုင်ရမည်)
အထွေထွေဝန်ထမ်း ကျား (၅) ဦး
(အသက် ၂၀-၃၅ နှစ်)
**ဖုန်း - ၀၉-၇၃၀၂၇၇၃၃**

---

**ဝန်ထမ်းအလိုရှိသည်**
သင်တန်းဆရာ/ ဆရာမ အမြန်အလိုရှိသည်။
Business Management, Human Resource Management, Marketing Management သင်ကြားပေးနိုင် သူဆရာ/ဆရာမ အမြန်အလိုရှိသည်။
**ဖုန်း - ၃၈၆၆၉၃**

---

**ဝန်ထမ်းအလိုရှိသည်**
သင်တန်းဆရာ/ ဆရာမအမြန်အလိုရှိသည်။
English (4 Skills) (သို့မဟုတ်) Business English သင်ကြားပေးနိုင်သူ ဆရာ/ ဆရာမအမြန်အလိုရှိသည်။
**ဖုန်း - ၃၈၆၆၉၃**

---

**ဝန်ထမ်းအလိုရှိသည်**
MANS Security Angency တွင်တာဝန်ထမ်းဆောင်ရန်
၁။ Security Guard ကျား(၂၀) ဦး
(အသက် ၁၈ မှ ၅၀ နှစ်အတွင်း၊ အခြေခံပညာအလယ်တန်းအဆင့်၊ နယ်မှ ဝန်ထမ်းများ နေစရာစီစဉ်ပေးမည်)
အမှတ် (၇၃)၊ ၄ လွှာ၊ ၁၆၆ လမ်းတို၊ တာမွေမြို့နယ်။ ဖုန်း - ၀၉၇၃၀၆၄၂၉၈

---

**ဝန်ထမ်းအလိုရှိသည်**
ပွဲရုံစာရေးမ (၃) ဦးအလိုရှိသည်။
(ဘွဲ့ရ၊ သုံးနှစ်လုပ်နိုင်ရမည်၊ ရိုးသားကြိုးစား နှစ်ရှည်လုပ်နိုင်သူ)
**ဖုန်း- ၀၉၇၃၂၃၄၁၃၂**

---

**ဝန်ထမ်းအလိုရှိသည်**
Zawgyi House Cafes
၁။ Waiter ကျား (၅) ဦး
၂။ Cook ကျား (၂) ဦး
အမှတ် (၃၇၂)၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ် (FMI Centerဘေး)
**ဖုန်း - ၃၈၀၃၉၈၊ ၀၉၅၀၈၉၄၄၁**

---

**ဝန်ထမ်းအလိုရှိသည်**
Sales & Marketing Executive (1) M/F (Age between 25 to 30 years)
Office Staff (1) M
(Age between 20 to 25 years)
no later than 5:00 pm, 15 october 2012.
Bld (4), Room.004, Aung Chan Thar Housing, East Shwe Gone Daing Road, Bahan Township.
Ph & Fax. (+951)-8603600, 554100 (Ext: 254)

---

**ဝန်ထမ်းအလိုရှိသည်**
အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ကျွမ်းကျင်စွာ ပြုပြင်နိုင်သူများ လျှောက်ထားနိုင်သည်။
အမှတ် (၁၇၈)၊ ဗဟိုလမ်း၊ ၁ ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
**ဖုန်း - ၀၉-၅၀၉၅၉၁၆**

---

**ဝန်ထမ်းအလိုရှိသည်**
Receptionst မ (၁) ဦး
Admin Assistant (လက်ထောက်စီမံဝန်ထမ်း) မ (၃) ဦး
**ဖုန်း - ၀၁-၆၅၇၈၃၀၊ ၆၅၇၈၃၁**
၃၁၊ အောက်တိုဘာ ၂၀၁၂ နောက်ဆုံးထားလျှောက်ထားရန်၊ တနင်္လာမှ စနေနေ့ (နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း)

---

**ဝန်ထမ်းအလိုရှိသည်**
Power Support Services Co.,Ltd
ဂျပန်စကားအသင့်အတင့်ပြောဆိုနိုင်ပြီး ဂျပန်စာစီစာရိုက်နိုင်သူ (အမျိုးသမီး) တစ်ဦးအလိုရှိသည်။ (မတတ်ပါကလည်း သင်ပြပေးပါမည်) ရုံးချိန် (၈း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ)
**ဖုန်း - ၃၈၀၆၀၂၊ ၀၉-၅၁၇၆၆၅၄**

---

**ဝန်ထမ်းအလိုရှိသည်**
Media & Advertising လုပ်ငန်းအတွက်
Marketing မ (၃) ဦး
Gaphic Designer ကျား (၂) ဦး
Office Staff ကျား (၂) ဦး
**ဖုန်း - ၀၁-၂၀၂၈၂၅၊ ၀၉-၄၉၂၁၄၆၁၉**

---

**ဝန်ထမ်းအလိုရှိသည်**
Myanmar Integrated Cargo Services Co.,Ltd
Operation (1) M
-Experience in running document at Government Office.
Customer Service Exective (1) M/F
-Experience in C/S for freight forwarding company.
Security (1) M/F
အမှတ် (၈၇၊အေ) မြကန်သာလမ်းနှင့် ငြိမ်းချမ်းရေးလမ်းထောင့်၊ (၁၀) မိုင်၊ အင်းစိန်မြို့နယ်။ **ဖုန်း - ၆၅၆၃၆၀**

---

**ဝန်ထမ်းအလိုရှိသည်**
Myanmar Teacher (5) Female
English Teacher (5) Female
Maths Teacher (5) Female
Computer Operator (Full Time or Part Time) (3) Female
Receptionists (3) Female
မိတ္တူကျွမ်းကျင် (full time or part time) (3) Female
No (5), Mahar Myint Moh St, U Chit Maung Lansone, Bahan.
**Ph:01-400769, 09420098274**

---

**ဝန်ထမ်းအလိုရှိသည်**
ဆေးရောင်းဖို့ဝန်ထမ်းအလိုရှိသည်။
ဘွဲ့ရစရာမလိုပါ။ အဝေးသင်မဖြစ်ရပါ။ ရည်မွန်၊ ယဉ်ကျေးစွာပြောဆိုရောင်းဝယ်တတ်သူဖြစ်ရမည်။ နံနက် (၉ နာရီမှ ၁၀ နာရီ) ဝန်းကျင်နှင့် ည (၇ နာရီ) နောက်ပိုင်း ဆက်သွယ်ပါ။
**ဖုန်း - ၀၁-၅၃၈၀၂၀**

---

**ဝန်ထမ်းအလိုရှိသည်**
City Mart Holding Co.,Ltd တွင်
(၁) အရောင်းဝန်ထမ်း (၃၀) ဦး
(၂) ငွေကိုင် (၃၀) ဦး
Human Resources Department
City Mart Holding Company Ltd.
အမှတ် (၁-၁၁)၊ ပဒုမ္မာကွင်းအရှေ့ဘက်ခြမ်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
ကိုးတန်း၊ ၁၀ တန်းကျောင်းသား/ ကျောင်းသူများအား အုပ်ချုပ်ရန် အဆောင်မှူးဆရာတစ်ဦးနှင့် အဆောင်မှူးဆရာမတစ်ဦး အလိုရှိပါသည်။
အမှတ် (၃၁)၊ တန်းမြင့်ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။
**ဖုန်း - ၀၉-၅၀၆၁၃၆၈**

---

**ဝန်ထမ်းအလိုရှိသည်**
UCS- United Courier Services Co.,Ltd
Accountant Female (1) Post
ဘွဲ့ရဖြစ်ရမည်။ LCCI Level III ၊ ကွန်ပျူတာစာရင်းကိုင် အတွေ့အကြုံအနည်းဆုံး (၂) နှစ်၊ ကုမ္ပဏီစာရင်းအားကိုယ်တိုင်ဦးဆောင်လုပ်ကိုင်နိုင်သူဖြစ်ရမည်။
No-75, Oak Pone Seik Road, Thadargalay Junction, Mayangone
**ဖုန်း - ၀၁-၆၅၂၅၂၂၊ ၀၉၇၃၀၇၃၀၉၉**

---

**ဝန်ထမ်းအလိုရှိသည်**
PTZ Co.,Ltd
Marketing Executive မ(၁)ဦး
(Software များဖြန့်ချိရန်၊ အတွေ့အကြုံနှစ်နှစ်အထက်)
အမှတ် (၁၄၇)၊ အနော်ရထာလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
**ဖုန်း - ၀၁- ၂၉၉၉၆၀**

---

**ဝန်ထမ်းအလိုရှိသည်**
Sales & Marketing ကျား/မ (၅) ဦး
(၁၀တန်းအောင် (သို့) ဘွဲ့ရဖြစ်ရမည်၊ အသက် ၂၅ နှစ်အောက်ရှိပြီး အိမ်ထောင်မရှိသူဖြစ်ရမည်)
No.8, Parami Rd,Bet; Insein & Baho Rd, Near Parami Seing Gay Har, 16 ward, Hlaing Township, Yangon. **Ph: 01-654646**

---

**ဝန်ထမ်းအလိုရှိသည်**
1. Engineering Person (20) M
2. Chinese-Myanmar-English Translator (5) M/F
3. Admin Officer (5) F
4. Vehicle Supervise Staff (2) M
5. Accountant (3) M
6. Driver (20) M
Email - rita235163@gmail.com
**Ph: 09-73166383**

---

**ဝန်ထမ်းအလိုရှိသည်**
ILMC
၁။ သင်ကြားရေးဆရာ၊ ဆရာမများ (ဂျပန်၊ ကိုရီးယား၊ တရုတ်ဘာသာစကား)
၂။ ဈေးကွက်ရှာဖွေရေးဝန်ထမ်း (၂) ဦး ကျား/မ (မည်သည့်ဘွဲ့ရမဆို၊ အသက် ၂၂ နှစ်မှ ၃၀ နှစ်ကြား)
(၁၅. ၁၀. ၂၀၁၂ နောက်ဆုံးထား၍ khinwinlatt@gmail.com သို့လျှောက်ထားနိုင်)
အမှတ် (၇၄/၅)၊ ဥဿာလမ်းနှင့် ချင်စုလမ်းထောင့်၊ နဝဒေးဥယျာဉ်မြို့ တော်၊ လှိုင်သာယာ။
**ဖုန်း - ၀၉၄၂၀၀၃၉၉၈**

---

**ဝန်ထမ်းအလိုရှိသည်**
Hello Myanmar Travels & Tours Co.,Ltd
Tour Operator (1) Post
(လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးတစ်နှစ်ရှိရမည်)
မြကန်သာလမ်း၊ အမှတ် (၇)၊ ၂ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
**ဖုန်း- ၀၉၄၂၀၀၅၂၃၇၆**

---

**ဝန်ထမ်းအလိုရှိသည်**
အိမ်ကားယာဉ်မောင်း ကျား (၂) ဦး
(အသက် ၃၅-၅၀ နှစ်ကြား၊ လစာကျပ် ၁၆၀,၀၀၀ ကျပ်ဝန်းကျင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် အလုပ်ဆင်းရမည်)
**ဖုန်း- ၅၂၃၄၉၆ (ရုံးချိန်အတွင်း)**

---

**ဝန်ထမ်းအလိုရှိသည်**
TLCC ကွန်ပျူတာတာစင်တာ
လက်ကမ်းကြော်ငြာဝေ/ကြော်ငြာကပ်ရန် မ (၁) ဦး
(အချိန်ပိုင်းလုပ်နိုင်သူ/ ရန်ကုန်မြို့နှင့် အနီးတွင်နေထိုင်သူ)
၇၆/၈၀၊ ဗညားဒလလမ်း၊ (သိမ်ဖြူကားမောင်းကွင်းရှေ့-မဆလာစက်မှတ်တိုင်အနီး) **ဖုန်း - ၀၉-၅၁၉၆၀၆၇**

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်းတစ်ဦးအလိုရှိသည်။ အသက် ၃၅ မှ ၄၅ နှစ်၊ ပညာအရည်အချင်း ၁၀ တန်းအောင်၊ အတွေ့အကြုံ ငါးနှစ်၊ ယာဉ်စည်းကမ်းဥပဒေများလိုက် နာပြီး ယာဉ်မောင်းကျွမ်းကျင်ရမည်)
**ဖုန်း - ၀၉-၇၃၀၄၁၁၅၅**

---

**ဝန်ထမ်းအလိုရှိသည်**
25th Group Co.,Ltd
၁။ လုံခြုံရေးဝန်ထမ်း ကျား (၃၀) ဦး
(အသက် ၂၀ မှ ၄၅ နှစ်အတွင်း၊ စစ်မှုထမ်းဟောင်း၊ ရဲမှုထမ်းဟောင်းဦးစားပေးပြီး အသက်လျှော့ပေါ့စဉ်းစားမည်၊ အရက်သေစာသောက်စားသူများ လက်ခံမည်မဟုတ်)
**ဖုန်း - ၀၁-၅၂၆၄၈၊ ၀၉၇၃၂၁၃၆၀၃**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS
နာချင်ရာ နာစမ်း . . .
TIGER BALM
PLASTER
I NEVER GO ANYWHERE WITHOUT MY TIGER.
TIGER BALM PLASTER
TIGER BALM PLASTER-RD
TIGER BALM®
Marketed & Distributed by: THUKHA DANA
Head Office - No.84, 12th Street, Lanmadaw Township, Yangon. Ph : 01- 215151, 215252, 215454.
Mandalay - No.141, 34th Street, Between (78th & 79th) Street, Mandalay. Ph : 02-69377, 69388, 69363.



TERUMO® JAPAN
THUKHA DANA
Digital Blood Pressure Monitor
လက်မောင်းပတ် အိစ်ဂျစ်တယ်
သွေးပေါင်ချိန်တိုင်း ကိရိယာ
ES*P311
၁ နှစ် အာမခံ
မှန်ကန်တိကျသော တိုင်းတာချက်
ရိုးရှင်းလွယ်ကူသော အသုံးပြုနည်း
ခေတ်မီဆန်းသစ်သော နည်းပညာ
TERUMO ACTIVITY MONITOR
Check Total Calorie Consumption
to Control Meals & Exercise
နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုအခြေအနေနှင့်
ကယ်လိုရီ သုံးစွဲမှု ပမာဏကို တိုင်းတာပေါ်ပြပေးမည့် ကိရိယာ
Lightweight 22 grams
MEMORY SET MODE
MEDISAFE™ MINI
Blood Glucose Reader
သွေးချိုတိုင်း ကိရိယာ
Memory
mg/dl mmol/L
ခန္ဓာကိုယ် အပူချိန်ကို နားမှတစ်ဆင့်
တိကျလျင်မြန်စွာ တစ်စက္ကန့်အတွင်း တိုင်းတာနိုင်သည်
TERUMO Ear Thermometer
EM-30CP LB/R
Just 1 second
အသက်အရွယ်မရွေး အသုံးပြုနိုင်သည်။
MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

# Education

7DAY NEWS JOURNAL

Vol.11, No.31 • OCTOBER 11 , 2012


# ကမ္ဘာ့ဆရာများနေ့က မြန်မာ့ဆရာများရင်ဖွင့်သံ



**နေလင်းထွန်း**

ဆရာ၊ ဆရာမတို့အား လောကကျေးဇူးပြုသူများအဖြစ် သဘောထားခြင်း မရှိတော့ဘဲ အထင်သေးဆက်ဆံခြင်းများ ပြုလုပ်လာနေကြသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရကြောင်း တက္ကသိုလ်ဆရာ၊ ဆရာမများက ကမ္ဘာ့ဆရာများနေ့အတွက် သဝဏ်လွှာ၌ ထည့်သွင်းရေးသား ပေးပို့ခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့ရှိတက္ကသိုလ်ဆရာ၊ ဆရာမများအသင်းတို့က အောက်တိုဘာလ ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အနေဖြင့် စုပေါင်းသဝဏ်လွှာပေးပို့ခဲ့ကြခြင်းဖြစ်သည်။

ဆရာ၊ ဆရာမများ၏ လူမှုဘဝနိမ့်ကျမှုများ၏ အကျိုးဆက်အဖြစ် အမျိုးသားကျောင်းဆရာများ ရှားပါးလာခြင်း၊ ဆရာအလုပ်ကို ဂုဏ်ယူတန်ဖိုးထားဖွယ်ရာ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်တစ်ခုအနေဖြင့် ရွေးချယ်လုပ်ကိုင်လိုသူများ နည်းပါးလာခြင်း၊ အမှန်တကယ် အရည်အချင်း ပြည့်ဝသောဆရာ၊ ဆရာမများကို လက်လွှတ်ဆုံးရှုံးနေရခြင်း၊ ပညာရေးကို ဘဝတိုးတက်ရေးအတွက်ဟု သဘောမထားတော့ဘဲ ရောင်းကုန်၊ဝယ်ကုန်ကဲ့သို့ သဘောထားလာခြင်း စသည်ဖြင့် သဝဏ်လွှာတွင် ရေးသားဖော်ပြထားသည်။

ယခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်သည် ‘ဆရာများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းရပ်တည်ပေးကြစို့’(Take a stand for teachers) ဖြစ်ပြီး လူတိုင်း သင်ယူမှုအရည်အသွေးမြင့်မားရေးအတွက် ဆရာများ၏ အသက်မွေးဝမ်းကျောင်း အခြေအနေ ယုတ်လျော့ကျဆင်းလာခြင်း သံသရာကို ရပ်တန့်ပစ်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့အကြီးအကဲတို့ကလည်း စုပေါင်းသဝဏ်လွှာထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရန် စီစဉ်လျက်ရှိရာ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ပျော်ရွှင်ဖွယ်ကောင်းသော၊ လွတ်လပ်စွာသင်ကြားမှု၊ သင်ယူမှုများ ပြုလုပ်နိုင်သော ပညာရေးဝန်းကျင်ကောင်းများ ဖြစ်လာအောင် ဖန်တီးပေးရမည်ဖြစ်ပြီး ဆရာ၊ဆရာမများ၏ လူမှုဘဝအခြေအနေများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း တက္ကသိုလ်ဆရာ၊ဆရာမများအသင်း၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

**စာ(၁၀)သို့**

# ထိုင်း-မြန်မာနယ်စပ် တက္ကသိုလ်ဝင်တန်းကျောင်းသားများ မြန်မာအစိုးရစာစစ်ဌာနတွင် ဖြေဆိုခွင့်ပြု

**မြတ်စုမွန်**

**ရန်ကုန်၊ အောက်တိုဘာ - ၅**

ထိုင်း-မြန်မာနယ်စပ်ရှိရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများအား တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မြန်မာနိုင်ငံအစိုးရစာစစ်ဌာနတွင် ယခုနှစ်မှစတင်၍ ဖြေဆိုခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ကရင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

“နယ်စပ်က ပညာရေးဖောင်ဒေးရှင်းတစ်ခုက လှမ်းချိတ်လို့ ဒီနှစ်ကစပြီး ပထမဆုံးအနေနဲ့ ခွင့်ပြုသွားမှာပါ။ အရင်တုန်းက ဒီလိုလုပ်မပေးဖူးဘူး။ သူတို့က မြဝတီစာစစ်ဌာနက ဝင်ဖြေကြမှာပါ”ဟု ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က 7Day News သို့ ပြောသည်။

ထိုင်း-မြန်မာနယ်စပ်ရှိ ရွှေ့ပြောင်းလုပ်သားများ၏ ကျောင်းနေအရွယ် ကလေးငယ်များ ပညာရေးနှင့် ပတ်သက်၍ လုပ်ဆောင်ပေးနေသည့်မြန်မာပြောင်းရွှေ့လုပ်သားများ ပညာရေးကော်မတီက ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထိုင်း-မြန်မာနယ်စပ်ရှိ ကျောင်းသူ၊ ကျောင်းသား ၇၂ ဦးဝင်ရောက်ဖြေဆိုမည်ဖြစ်ပြီး၊ လာမည့်နှစ်မှစတင်ကာ ပြည်တွင်း၌ ပြန်လည်သင်ကြားလိုသော ကလေးငယ်များကို ညှိနှိုင်းလက်ခံပေးသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

“သူတို့ကိုဒီမှာကျောင်းတက်ခွင့်ပေးသွားမယ်။ ဟိုက လေးတန်းအောင်လာတဲ့ ကလေးကို ဒီမှာ ငါးတန်းတန်းပြီးတက်လို့ရအောင်ညှိနှိုင်းပေးမယ်။ အရည်အချင်းပြန်စစ်တာတွေ မလုပ်တော့ဘူး။ ပြန်စစ်နေရင် ဟိုမှာ သင်ခဲ့ရတာတွေကို အယုံအကြည် မရှိလို့လားလို့ အထင်လွဲနိုင်တယ်”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်တစ်သိန်းနှစ်သောင်းခန့် ပြည်တွင်းသို့ ပြန်လည်ဝင်ရဖွယ်ရှိကြောင်း ထိုင်းအမျိုးသား လုံခြုံရေး ကောင်စီက ယခုလ တတိယပတ်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းထုတ်ပြန်ချက်တွင် မြန်မာဘက်၌ မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နေရာထိုင်ခင်းများ စီစဉ်ပေးနေပြီဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာဆရာများကွန်ရက်ဖွဲ့စည်း

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ - ၅**

ပုဂ္ဂလိကကျူရှင်ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ဆရာ၊ ဆရာမများပါဝင်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာများကွန်ရက်ကို ကမ္ဘာ့ဆရာများနေ့တွင် စတင်ချိတ်ဆက်ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပုဂ္ဂလိကဆရာများအသင်းချုပ်နှင့် တက္ကသိုလ်ဆရာ၊ ဆရာများအသင်းမှ ဆရာ၊ ဆရာမများ၊ ပညာရေးကျွမ်းကျင်သူများနှင့် ပညာရေးလုပ်ငန်းလုပ်ကိုင်နေသူများသည် မြန်မာနိုင်ငံလုံးဆိုင်ရာဆရာများကွန်ရက် ဖြစ်မြောက်ရေးအခမ်းအနားသို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

“ဒီထက် ပိုပြည့်စုံတဲ့ တစ်ပြည်လုံးက ဆရာ၊ ဆရာမတွေပါဝင်တဲ့ တွေ့ဆုံပွဲကို နောင်တစ်ချိန်ဖြစ်လာဖို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်ဆရာ၊ ဆရာမတွေ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆရာ၊ ဆရာမတွေ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းက ဆရာ၊ဆရာမတွေ၊ ပုဂ္ဂလိက ပညာရေးကျောင်းက ဆရာ၊ဆရာမတွေ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းက ဆရာ၊ ဆရာမတွေ၊ အဲ့လို အားလုံးပါဝင်တဲ့ ပညာရေးကွန်ရက်ကြီးပေါ်ပေါက်လာဖို့ ရည်ရွယ်ချက်နဲ့ ဒီနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာများကွန်ရက်ဖြစ်မြောက်ရေးဆောင်ရွက်နေသော ဒေါက်တာဘိုင်အိုကပြောသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာများကွန်ရက်ဖွဲ့စည်းပေါ်ပေါက်လာပါက ကမ္ဘာ့ဆရာများကွန်ရက်၊ ကမ္ဘာ့ပညာရေးကွန်ရက်များနှင့် ချိတ်ဆက်သွားမည်ဖြစ်ပြီး ပြည်တွင်း၌ ပညာရေး လုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်ခြင်းဖြင့် နိမ့်ကျနေသော နိုင်ငံ့ပညာရေး ပြုပြင်ပြောင်းလဲမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။




7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

**ပညာရေးသတင်းတိုများ**

## ဗြိတိန်နှင့် ဩစတြေးလျ ပညာရေးပြပွဲကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ – ၅**

ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံတို့ရှိ တက္ကသိုလ်များအကြောင်း ရှင်းလင်းဆွေးနွေးမည့်ပညာရေးပြပွဲကိုအောက်တိုဘာလ ၂၄ ရက်၊မွန်းလွဲ ၁ နာရီမှ ညနေ၅ နာရီခွဲထိ ချက်ထရီယမ်ဟိုတယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း Mentor ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှသိရသည်။ ယင်းပြပွဲတွင် ဗြိတိသျှကောင်စီ(မြန်မာ)၏ ယူကေစာမေးပွဲများနှင့် KMD သင်တန်းကျောင်း၏ နိုင်ငံတကာ အသိအမှတ်ပြု သင်တန်းများ အကြောင်း စုံစမ်းမေးမြန်းစာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

## နယူးဇီလန်၊ ဩစတြေးလျ ပညာရေးဟောပြောပွဲ

**ရန်ကုန်၊ အောက်တိုဘာ – ၆**

နယူးဇီလန်၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံများသို့ သွားရောက်ပညာသင်ယူလိုသော ကျောင်းသားများအတွက် ပညာရေးဟောပြောပွဲကို အောက်တိုဘာလ ၂၇ရက်၊နံနက်၁၀နာရီမှနေ့လယ် ၂နာရီထိဆန်းမစ်ပ့ါခ်ဗျူးဟိုတယ်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း Crown ပညာရေး ဝန်ဆောင်မှုလုပ်ငန်းမှသိရသည်။

## မန္တလေးမြို့တွင် သိပ္ပံဉာဏ်စွမ်းရည်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ – ၂၇**

အသက် ၁၅ နှစ်မှ ၁၇ နှစ်အရွယ်ကျောင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်မည့် သိပ္ပံစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်တွင် မန္တလေးမြို့ရှိ ဟိုတယ်မန္တလေး၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ မလေးရှားပညာရေးအဖွဲ့အစည်းမှပြုလုပ်သော အသင်းလိုက်ပြိုင်ပွဲအတွက် မည်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း ဂျန်ကိုပညာရေးဝန်ဆောင်မှုလုပ်ငန်းမှသိရသည်။

# တက္ကသိုလ်များတွင် သင်ကြားရေး မဟာဌာနများ ဖွဲ့စည်းသွားမည်

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ – ၅**

ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များတွင် သင်ကြားရေးမဟာဌာနများ ဖွဲ့စည်း၍ ဝန်ကြီးဌာနအသီးသီးရှိ လက်ရှိတက္ကသိုလ်များ၏ အမည်၊ ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံပါ ရာထူးများကို နိုင်ငံတကာတက္ကသိုလ်များနှင့်အညီ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

သင်ကြားရေးမဟာဌာနများအနေဖြင့် Faculty of Arts၊ Faculty of Science၊ Faculty of Law၊ Faculty of Economics၊ Faculty of Education နှင့် Faculty of Languages တို့ကို လိုအပ်သလိုဖွဲ့စည်းသွားမည်ဖြစ်ပြီး ယင်းဌာနမှူးများကို တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့က ပါမောက္ခ(ဌာနမှူး)များထဲမှ အလှည့်ကျတာဝန်ပေးအပ်ရန် စီစဉ်ထားကြောင်း အဆင့်မြင့်ပညာကဏ္ဍ၊ ပညာရေးကဏ္ဍစီမံကိန်းတွင် ဖော်ပြထားသည်။

အဆိုပါဌာနမှူးများ၏ သက်တမ်းကို ပညာသင်နှစ် ၂နှစ်သတ်မှတ်ရန်နှင့် သင်ကြားရေးမဟာဌာနများအနေဖြင့် သီးခြားရုံးအဖွဲ့ဖွဲ့စည်းခွင့်နှင့် ၎င်းတို့၏ သင်ကြားရေး၊ သုတေသနပြုရေး၊ အရည်အသွေးတိုးတက်မြင့်မားရေးအစီအမံများနှင့် သင်ကြားရေးအစီအစဉ်သစ်များ ညှိနှိုင်းဆောင်ရွက်ခွင့် ရရှိကြမည်ဖြစ်သည်။

"တီချယ်တို့ခေတ်က မဟာဌာနဆိုတာ ဘာသာရပ်တွေ အစုလိုက် ဖြစ်နေတာပေါ့။ ဝိဇ္ဇာ၊ သိပ္ပံ အကြောင်း ဆွေးနွေးမယ်ဆိုရင် ပိုပြီး ကျစ်ကျစ်လျစ်လျစ် ဖြစ်သွားမယ်။ ညှိနှိုင်းရတာ သက်သာသွားမယ်။ ဘာသာရပ်တစ်ခုနဲ့တစ်ခု မတူတာတွေရှိတဲ့အတွက် တစ်ခုချင်းစီ အဖြေရှာတဲ့နေရာမှာ မြန်မြန်ဆန်ဆန် ဖြစ်သွားမှာပေါ့။ သင်ကြားရေးမဟာဌာနတွေ ဖြစ်လာတာက ပိုအဆင်ပြေမယ်လို့ ထင်ပါတယ်"ဟု အငြိမ်းစားပါမောက္ခဒေါ်လှမြင့်ကပြောသည်။

ပညာရေး ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် သင်ကြားရေးမဟာဌာနများ ဖွဲ့စည်းရေးလုပ်ငန်းကိုနိုင်ငံတကာ တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းမည့် တက္ကသိုလ်ပညာရေးဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထက်ပါပညာရေးကဏ္ဍစီမံကိန်းမှသိရသည်။

# အခြေခံနှင့်အဆင့်မြင့်ပညာရေးဌာနများတွင် ကျွမ်းကျင်သူများ စီမံခန့်ခွဲသင့်ဟု ပညာရေးသုတေသီပြောကြား

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ – ၅**

မြန်မာနိုင်ငံ၏ ပညာရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံနှင့် အဆင့်မြင့်ပညာရေးဌာနများတွင် ပညာရေးကျွမ်းကျင်နားလည်သူများကို စီမံခန့်ခွဲမှုဆိုင်ရာတာဝန်များ ထမ်းဆောင်စေရမည်ဖြစ်ကြောင်း ပညာရေးသုတေသီ ဒေါက်တာသိန်းလွင်က ပြောသည်။

ပညာရေးဦးစီးဌာနများတွင် စီမံခန့်ခွဲမှုတာဝန်အတွက် ပညာရေးနောက်ခံမှတ်တမ်းကောင်းရှိထားသူများထက် စစ်ဘက်ဆိုင်ရာမှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေသူ များပြားနေခြင်းသည် ယနေ့ခေတ် အခြေအနေနှင့် ကိုက်ညီမှုမရှိတော့ကြောင်း ၎င်းက ကမ္ဘာ့ဆရာများနေ့အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"အခုထိ ညွှန်ကြားရေးမှူးချုပ်တွေက စစ်ဗိုလ်(ဟောင်း)တွေ ဖြစ်နေတုန်းပဲ။ ပညာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တွေက စစ်ဗိုလ်(ဟောင်း)တွေဖြစ်နေတုန်းပဲ။ ဒါမဖြစ်သင့်ဘူး။ ပညာရေးကို ပညာရေးနားလည်တဲ့သူတွေက စီမံခန့်ခွဲတာဖြစ်သင့်တယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ပညာရေးပြုပြင်ပြောင်းလဲဖို့ လိုအပ်တယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ စီမံခန့်ခွဲအုပ်ချုပ်မှုပုံစံသည် အစိုးရနှင့် ဝန်ကြီးဌာန၏ ချုပ်ကိုင်မှုတစ်ခုတည်းအောက်တွင် ရှိမနေသင့်ဘဲ ဆရာ၊ မိဘနှင့် သက်ဆိုင်သူများ ပါဝင်သော ကျောင်းအုပ်ချုပ်ရေးကော်မတီ၏ စီမံအုပ်ချုပ်မှုအောက်တွင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထိုင်း-မြန်မာနယ်စပ်တွင် ပညာရေးမူဝါဒစာတမ်းများ၊ မိခင်ဘာသာစကား သင်ကြားရေးဆိုင်ရာမူဝါဒစာတမ်းများ ပြုစုရေးသားခဲ့သော ပညာရေးသုတေသီကဆိုသည်။

"အခြေခံပညာမှာလည်း အစိုးရချုပ်ကိုင်မှုအောက်ကလွတ်ပြီးတော့ အခြေခံကျောင်းတွေမှာ ဆရာတွေလည်းပါမယ်၊ ဒေသခံမိဘတွေလည်း ပါမယ်၊ တာဝန်ရှိတဲ့သူတွေလည်း ပါမယ်။ ကျောင်းအုပ်ချုပ်ရေးကော်မတီရဲ့ စီမံခန့်ခွဲမှုက စာမေးပွဲစစ်ဆေးရေး၊ ဆရာခန့်ထားရေး၊ ကျောင်းပြောင်းရေးစတာတွေကိုလုပ်ဖို့လိုတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးက အစိုးရရဲ့၊ဝန်ကြီးဌာနရဲ့ ချုပ်ကိုင်မှုက လွတ်ပြီးတော့ လွတ်လပ်စွာ ပြဋ္ဌာန်းခွင့်ရှိတဲ့ ကျောင်းတွေ၊ တက္ကသိုလ်တွေ ဖြစ်ဖို့လိုတယ်။ အဲ့ဒါဆိုရင် ဆရာတွေကိုယ်တိုင် သူတို့ရဲ့ အရည်အချင်းတွေကို ထုတ်ပြနိုင်စွမ်းရှိရမယ်။ ဒီနေ့ခေတ်က ဆရာတွေ သူတို့အရည်အချင်းကို ထုတ်ပြနိုင်စွမ်းမရှိဘူးဖြစ်နေတယ်"ဟု ဒေါက်တာသိန်းလွင်ကပြောသည်။

အစိုးရသစ်လက်ထက်တွင် အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍအတွက် ပြုပြင်ပြောင်းလဲမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိသော်လည်း တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်အတွက် လိုအပ်ချက်ရှိဆဲဖြစ်သည်။


## ဝန်ထမ်းအလိုရှိခြင်း

ထိုင်းနိုင်ငံအခြေစိုက် မယ်ဖားလုံဖောင်ဒေးရှင်း (Mae Fah Luang Foundation)သည် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်နှင့်မိုင်းဆတ်မြို့နယ်များတွင် အကောင်အထည်ဖော်မည့် ကျေးလက်ဒေသ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းတွင် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူ ဝန်ထမ်းများ ခန့်ထားရန်အလိုရှိသည်။

**လုပ်ငန်းခွင်မန်နေဂျာ (Field Manager)** ( ၂ ) ဦး
- ၃၅ နှစ်နှင့်အထက်ရှိသူ။
- ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အတွေ့အကြုံအနည်းဆုံး ၅ နှစ်ရှိသူ။

**အုပ်ချုပ်ရေးအရာရှိ (Admin Officer)** ( ၃ ) ဦး
- စီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်နှင့် ဘွဲ့ရပြီး စီမံခန့်ခွဲအုပ်ချုပ်မှုလုပ်ငန်း လုပ်သက်အနည်းဆုံး (၃) နှစ်ရှိရမည်။

**လုပ်ငန်းခွင်အရာရှိ (Field Officer)** ( ၅ ) ဦး
- ၃၀ နှစ်နှင့်အထက်ရှိသူ။
- ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူထုစည်းရုံးရေးလုပ်ငန်းများ အတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိသူ။
- ဆက်ဆံရေးကောင်းမွန်ပြီး ကျေးရွာတွင် ရွာသားများနှင့်အတူ လက်ပွန်းတတီးနေထိုင်နိုင်သူ။

**ငွေစာရင်းအရာရှိ (Finance Officer)** ( ၁ ) ဦး
- စာရင်းအင်းပညာနှင့် ဘွဲ့ရရှိထားသူဖြစ်ရမည်။
- ငွေစာရင်းကိုင်လုပ်ငန်း အတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိသူ။

**စာရင်းကိုင် (Accountant)** ( ၁ ) ဦး
- စာရင်းအင်းပညာနှင့် ဘွဲ့ရရှိထားသူဖြစ်ရမည်။
- ငွေစာရင်းကိုင်လုပ်ငန်း အတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိသူ။
- Quickbook Accounting Software ကို တတ်ကျွမ်းလျှင် ဦးစားပေးမည်။

**ဘာသာပြန် စကားပြန် (Interpreter)** ( ၁ ) ဦး
- မြန်မာ-အင်္ဂလိပ်-ထိုင်းစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်သည့်အပြင် ဘာသာပြန်ရေးသားနိုင်သူဖြစ်ရမည်။
- ယခင်က ဘာသာပြန်ခြင်း၊ စကားပြန်ခြင်းလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

လျှောက်ထားသူသည် မြန်မာနိုင်ငံသား အမျိုးသား (သို့မဟုတ်) အမျိုးသမီးဖြစ်ရမည်။ ကွန်ပျူတာ (MS Word, Excel, Powerpoint, Internet) တတ်ကျွမ်းသူ။ မြန်မာ-အင်္ဂလိပ် (သို့) မြန်မာ-ထိုင်းစကားတတ်ကျွမ်းသူ (လားဟူ၊ အခါ၊ ရှမ်းစကားများနှင့် အခြားတိုင်းရင်းသားစကားများ တတ်လျှင်ဦးစားပေးမည်)ဖြစ်ပြီး၊ တာချီလိတ်နှင့် စီမံကိန်းနယ်မြေတွင် နေထိုင်နိုင်သူဖြစ်ရမည်။

*** လျှောက်လွှာများကို ဓာတ်ပုံ(၂)ပုံပါ ကိုယ်ရေးအကျဉ်းဖြင့် ၂၀၁၂ ခုနှစ် အောက်တိုဘာ(၂၀)ရက် (၂၀-၁၀-၂၀၁၂)နောက်ဆုံးထားပြီး ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံနှင့် အောက်ပါလိပ်စာသို့ ပေးပို့နိုင်ပါသည်။

**မယ်ဖားလုံဖောင်ဒေးရှင်း**
**ရန်ကုန်ရုံးချုပ်**
**အမှတ် ၃၀(ဗီ) အင်းလျားလမ်း**
**ကမာရွတ်မြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၅၃၂၄၆၂၊ ၀၉-၈၆၃၇၃၆၁။**
**Email: hkam.awng@doitung.org**

ဆန်ခါတင်ရွေးချယ်ခံရသူများကိုသာ လူတွေ့မေးမြန်းဆန်းစစ်ခြင်းများပြုလုပ်ရန် ပြန်လည်ဆက်သွယ်ပါမည်။




# Technology

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.11, No.31 • OCTOBER 11 , 2012


## တရားဝင် မဟုတ်သေးသော iPad Mini ပုံစံများ ပေါ်ထွက်လာ

**ဆန်ဖရန်စစ္စကို၊ အောက်တိုဘာ-၆**

iPad Mini ထွက်မည်ဟု ကြာရှည်စွာ ကောလာဟလများရှိခဲ့ပြီးနောက် iPad Mini များ စတင်ထုတ်လုပ်နေပြီဟူသော ဝေါလ်စထရိဂျာနယ်ပါ သတင်းများနှင့်အတူ ဂရပ်ဖစ်ဒီဇိုင်နာ မာတင်ဟေးဂျက်၏ ဝက်ဘ်ဆိုက်တွင် iPad Mini ပုံစံများ ပေါ်ထွက်လာသည်။

မစ္စတာဟေးဂျက်မှာ ယခုနှစ်စောစောပိုင်း iPhone 5 မထွက်ရှိမီ ၎င်း၏ဝက်ဘ်ဆိုက်တွင် iPhone 5 ပုံစံများတင်ပြခဲ့၍ အများ၏ အာရုံစိုက်မှု ရရှိခဲ့သူဖြစ်သည်။

အက်ပဲလ်ကုမ္ပဏီက ပြသသည့် ပုံစံအတိုင်း တင်ပြထားရာတွင် iPad Mini ၏ အောက်ခြေတွင် ကြိုးထိုးဆက်သွယ်သည့် နေရာပါရှိသလို စပီကာများကိုလည်း ပုံစံပြောင်းထားသည်ကို မြင်တွေ့ရသည်။

အဆိုပါ သတင်းများ ထွက်ပေါ်နေစဉ်မှာပင် အက်ပဲလ်ကုမ္ပဏီ၏ အဓိကရင်းနှီးမြှုပ်နှံသူတစ်ဦးဆိုသူက iPad Mini အား မိတ်ဆက်ရန် သတင်းသမားများအား အောက်တိုဘာလ ၁၀ ရက်တွင် ဖိတ်ကြားသွားမည်ဟု ပြောကြားခဲ့ရာ မီဒီယာနှင့် မိတ်ဆက်ပွဲမှာ အောက်တိုဘာ ၁၇ ရက်ခန့်တွင် ဖြစ်နိုင်သည်ဟု ပြောကြားလာကြသည်။



အက်ပဲလ်ကုမ္ပဏီကလည်း iPad mini များကို လာမည့်အားလပ်ရက် ရာသီမတိုင်မီ သုံးစွဲသူများလက်ထဲအရောက် ပို့ပေးချင်သည့်သဘောရှိသည်။ *—Ref:eweek*

## ဆက်သွယ်ရေးဆိုင်ရာဥပဒေများ လွှတ်တော်တွင် ဆွေးနွေးတော့မည်

**နိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ - ၄**

ဆက်သွယ်ရေးဆိုင်ရာဥပဒေများအား ပြည်သူ့လွှတ်တော်တွင် ဖတ်ကြားဆွေးနွေးတော့မည်ဖြစ်ကြောင်း ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ပြောကြားသည်။

"ဆက်သွယ်ရေးဆိုင်ရာဥပဒေတွေ ပြည်ထောင်စုရှေ့နေချုပ်ရုံးကနေ သုံးသပ်အကြံပြုချက်ရရှိထားပြီ။ နိုင်ငံတော်သမ္မတရုံးရဲ့ ဥပဒေအကြံပြုအဖွဲ့ဆိုင်ရာကော်မတီရဲ့ သုံးသပ်အကြံပြုချက်နဲ့အညီ လုပ်ထုံးလုပ်နည်းတွေအတိုင်း ဆောင်ရွက်ထားပြီး ပြည်သူ့လွှတ်တော်မှာ ဖတ်ကြားဆွေးနွေးနိုင်တော့မှာပါ"ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းကပြောကြားသည်။

"ဆက်သွယ်ရေးဥပဒေရှိတာကောင်းပါတယ်။ ဒါပေမဲ့ဥပဒေမူကြမ်းကို Industry တွေကို အရင်ပြသင့်တယ်။ တချို့ကိစ္စတွေကဥပဒေမရှိဘဲလုပ်လို့မရဘူး"ဟု မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌဦးရဲမြတ်သူက သုံးသပ်ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍ ယင်းဥပဒေများမှာ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများအတွက် အဓိကကျသော ဥပဒေပိုင်းဆိုင်ရာ အထောက်အကူများ ရရှိလာမည်ဖြစ်ကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများလည်း ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက အောက်တိုဘာ ၂ ရက်တွင် ရွှေနန်းတော်ဟိုတယ်၊ ပုဂံမြို့၌ ကျင်းပသည့် အာဆီယံဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ ဆိုင်ရာအရာရှိကြီးများနှင့် ဆက်သွယ်ရေး ဥပဒေပြုသူများကောင်စီ၏ ခေါင်းဆောင်များအလွတ်သဘောအစည်းအဝေးတွင် ပြောကြားခဲ့သည်။

စာ(၂၄)သို့

## တယ်လီဖုန်းအော်ပရေတာ တင်ဒါခေါ်ယူမှုတွင် တရုတ်ကုမ္ပဏီ Huawei လျှောက်ထားဖွယ်ရှိ

**နိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ-၆**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်းအော်ပရေတာတင်ဒါခေါ်ယူမှုတွင် ပြည်ပကုမ္ပဏီဖြစ်သည့် တရုတ်နိုင်ငံ အခြေစိုက် Huawei ကုမ္ပဏီ ပါဝင်လျှောက်ထားနိုင်ဖွယ်ရှိသည်ဟု မြန်မာ့ဆက်သွယ်ရေးဦးစီးဌာနမှ သိရသည်။



" Huawei က အော်ပရေတာအနေနဲ့ လျှောက်ဖို့မရှိဘူးလို့ မထင်ဘူး။ Huawei က အခုကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ ကုမ္ပဏီပါ။ ၂၀၁၃ မှာကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲမှာလည်း Huawei နဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟု မြန်မာ့ဆက်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးက ဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား ဆက်သွယ်ရေးကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး ဆက်သွယ်ရေးကော်ပိုရေးရှင်းမှ မြန်မာတယ်လီကွန်းကုမ္ပဏီအား ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။

မြန်မာတယ်လီကွန်းကုမ္ပဏီနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီတို့အပြင် ပြည်ပအခြေစိုက် အခြားကုမ္ပဏီနှစ်ခုစုစုပေါင်းကုမ္ပဏီလေးခု ဆက်သွယ်ရေးဆိုင်ရာယှဉ်ပြိုင်မှုများရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

Huawei ကုမ္ပဏီအနေဖြင့် ပြည်ပမှ အော်ပရေတာကုမ္ပဏီတစ်ခုဖြစ်လာနိုင်ပြီး လိုအပ်နေသော အော်ပရေတာကုမ္ပဏီနှစ်ခုအား တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

စာ(၂၄)သို့





**အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်**

အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းမှာ **01-703625, 09-73085653**




## မိုက်ကရိုဆော့ဖ်၏ Windows Phone 8 ကို အောက်တိုဘာ ၂၉ တွင် မိတ်ဆက်မည်

**ရက်မွန်း၊ အောက်တိုဘာ - ၆**

မိုက်ကရိုဆော့ဖ်ကုမ္ပဏီသည်လက်ရှိWindows Phone 7 အား အဆင့်မြှင့်ထားသော Windows phone 8 မိုဘိုင်းဖုန်းစနစ်သစ်ကို အောက်တိုဘာ ၂၉ ရက်တွင် စတင်မိတ်ဆက်မည်ဖြစ်သည်။

Windows 8 စနစ်အား စမတ်ဖုန်းများ၊ သင်ပုန်းကွန်ပျူတာများ၊ နုတ်ဘွတ်ခ်များ၊ လက်ပ်တော့များနှင့် စားပွဲတင်ကွန်ပျူတာများအားလုံးတွင် ပုံစံတူမြင်တွေ့ရစေရန် မိုက်ကရိုဆော့ဖ်က ပေါင်းစည်းထားသည်။ ထို့အတွက် အသုံးပြုသူများအနေဖြင့် မည်သည့်နည်းပညာပစ္စည်းကို အသုံးပြုသည်ဖြစ်စေ အသုံးပြုပုံခံစားချက် တူညီနေမည်ဖြစ်သည်။

Windows Phone 8 စနစ်အတွက်လည်း ပြိုင်ဘက်များရှိနေပြီးဖြစ်သည်။

စာ(၂၄)သို့




# ကျေးလက်နေ ပြည်သူများအတွက် အရစ်ကျဖုန်း ဒီဇင်ဘာလကုန်အထိ ရောင်းပေးမည်

**အိဖြူလွင်၊ သိမ့်သိမ့်စိုး**
**ရန်ကုန်၊ အောက်တိုဘာ-၆**

ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ကျေးလက်နေ ပြည်သူများအတွက် GSM(2.75G) အမျိုးအစား မိုဘိုင်းဖုန်းများကို ယခုလဆန်းမှစတင်ကာ ဒီဇင်ဘာလကုန်ထိအရစ်ကျစနစ်ဖြင့်ရောင်းချပေးနေပြီဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးမှ အာမခံပေးသည့် ကျေးရွာနေသူများ သက်ဆိုင်ရာနယ်ရှိမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန်နေဂျာမှတစ်ဆင့် မိုဘိုင်းဖုန်းဝယ်ယူနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

အရစ်ကျစနစ်ဖြင့် ပေးသွင်းရာတွင် ပထမဆုံးအရစ်ကို ကျပ်လေးသောင်းပေးသွင်းပြီးနောက် လစဉ်ကျပ်တစ်သောင်းနှုန်း ပေးသွင်းရမည် ဖြစ်သည်။


အရစ်ကျ ပေးသွင်းရာတွင် ပထမဆုံး အရစ်ပေးသွင်းပြီးနောက် ဖုန်းကတ်ကို ထုတ်ယူ၍ စတင်သုံးစွဲနိုင်မည်ဖြစ်ကာ ပေးသွင်းနေစဉ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့် တယ်လီဖုန်း ကနဦးတပ်ဆင်ခ ငွေကိုပြောင်းလဲလျှော့ချ သတ်မှတ်ပါက ထိုနှုန်းထားအသစ်ကိုပါ ခံစားခွင့်ရှိသည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

ထိုသို့မဟုတ်ဘဲ ပြောင်းလဲလျှော့ချသည့် ငွေထက် ပိုမိုပေးသွင်းထားပြီး ငွေဖြစ်လျှင်မူ ပေးသွင်းပြီး ငွေကို ပြန်လည်ထုတ်ပေးမည် မဟုတ်ပေ။

ကျေးလက်ဒေသနေသူများကို အရစ်ကျစနစ်ဖြင့် မိုဘိုင်းဖုန်းများ ရောင်းချပေးရာတွင် ရောင်းချရငွေ၏ ၂ ရာခိုင်နှုန်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ် အုပ်ချုပ်ရေးမှူးများသို့ ခွဲဝေပေးမည်ဟုလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

အရစ်ကျပေးသွင်းရမည့် တပ်ဆင်ခ ပေးသွင်းမှုကို အကျေပြီးဆုံးခြင်း မရှိဘဲ အဆိုပါ တယ်လီဖုန်းများကို တစ်ဆင့်လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း ခွင့်မပြုထားကြောင်း သိရသည်။

ယခုလက်ရှိ ဆောင်ရွက်နေသော ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်သည့်မိုဘိုင်းတယ်လီဖုန်း ရေဒီယိုစခန်းများမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စခန်း ၇၀၀ ခန့်ရှိပြီး စခန်းတည်ရှိရာ ဒေသ၏ မြေပြန့်မှ ၇ မိုင်နှင့် ၈ မိုင်ပတ်ဝန်းကျင်ရှိ ကျေးရွာများသည် ဆက်သွယ်ရေးကွန်ရက်တွင် ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။




## စာ(၂၃) - မိုက်ကရိုဆော့ဖ်၏ Windows Phone 8 ကို အောက်တိုဘာ ၂၉ တွင် မိတ်ဆက်မည် မှ




အက်ပဲလ်ကုမ္ပဏီက မကြာသေးမီကပင် ios 5 စနစ်တွင် အထူးလုပ်ဆောင်မှုများ ၂၀၀ ကျော် ထည့်သွင်း၍ iOS 6 ကို ဖော်ထုတ်ခဲ့သည်။ ဂူးဂဲလ်ကုမ္ပဏီကလည်း Jelly Bean ဟု ခေါ်ဆိုသော Android 4.1 စနစ်ကို ဖြန့်ချိထားပြီဖြစ်သည်။ Andriod 4.2 စနစ်ပင် ထွက်ပေါ်တော့မည်ဟု အင်တာနက်တွင် ကောလာဟလများ ထွက်ပေါ်နေသည်။

ထို့အပြင် Windows စနစ်၏အားနည်းချက်မှာ ၎င်းနှင့်လိုက်ဖက်သော App များဈေးကွက်အတွင်း ရရှိမှုနည်းပါးနေခြင်း ဖြစ်သည်။ *—Ref: The droidguy*

## စာ(၂၃) - တယ်လီဖုန်းအော်ပရေတာ တင်ဒါခေါ်ယူမှုတွင် တရုတ်ကုမ္ပဏီ Huawei လျှောက်ထားဖွယ်ရှိ မှ

သို့သော် Huawei ကုမ္ပဏီ၏ မြန်မာနိုင်ငံအခြေစိုက်ရုံးခွဲမှ ပြင်ပဆက်သွယ်ရေးဌာန၏ တာဝန်ရှိသူတစ်ဦးဖြစ်သည့် Mr.Yang Cheng က ၎င်းတို့အနေဖြင့် နည်းပညာပိုင်းဆိုင်ရာကိုသာ အဓိကရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ဆက်သွယ်ရေးကော်ပိုရေးရှင်း လက်အောက်မှ တယ်လီဖုန်းအော်ပရေတာအနေဖြင့် လုပ်ကိုင်ရန် မရှိကြောင်း 7Day News သို့ပြောသည်။

Huawei ကုမ္ပဏီမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အကြံပေးတင်ဒါခေါ်ယူရာတွင် ပါဝင်ယှဉ်ပြိုင်သော ကုမ္ပဏီများထဲမှ တစ်ခု အပါအဝင်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

**TRADEMARK CAUTION**
**Sime Darby Malaysia Berhad,** a company incorporated in Malaysia at 19th Floor, Wisma Sime Darby, Jalan Raja Laut, 50350 Kuala Lumpur, Malaysia is the Owner and Sole Proprietor of the following Trademark:-

MORAKOT

MORAKOT

**Reg: 4/10242/2012**
In respect of : Int'l class 29: "Palm oil for food; soy oil for food; sunflower oil for food; sesame oil for food; peanut oil for food."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 11.Oct.2012

## စာ(၂၃) - ဆက်သွယ်ရေးဆိုင်ရာ ဥပဒေများ လွှတ်တော်တွင် ဆွေးနွေးတော့မည် မှ

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍအား ပုဂ္ဂလိကကဏ္ဍပါဝင်ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများမှ ယှဉ်ပြိုင်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တယ်လီဖုန်းအော်ပရေတာတင်ဒါခေါ်ယူရေးအတွက် နိုင်ငံတကာအကြံပေးကုမ္ပဏီများ ဖိတ်ခေါ် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအစည်းအဝေးမှ သိရသည်။

ဆက်သွယ်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုများပတ်သက်၍ ဆက်သွယ်ရေးဆိုင်ရာဥပဒေများမှာလည်း အရေးပါကြောင်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။

# မြန်မာပြည်သို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်လာသော ဂျပန်

ရိုက်တာသတင်းဌာနမှ အန်တိုနီစလော့ဒ်ကော်စကီး ရေးသား၍ ကျော်မျိုးဘာသာပြန်သည်

ဂျပန်စီးပွားရေးကား မြန်မာနိုင်ငံသို့ လျင်မြန်စွာဝင်ခဲ့ချေပြီ။ ထိုသို့ အမြန်ဝင်လာမှုမှာ ပြီးခဲ့သည့် အောက်တိုဘာ ညတစ်ညက စခဲ့သည်။ ထိုစဉ်က မြန်မာသမ္မတသစ်သည် ညစာစားပွဲပြီးနောက် မြေပုံတစ်ချပ်ကို ဖြန့်ခင်းချပြကာ ဂျပန်၏ ဩဇာကြီးသော စေ့စပ်ညှိနှိုင်းရေးသမားကြီးတစ်ဦးကို တိုကျိုအတွက် မကာအိုလောက်နီးနီးကြီးမားသည့်မြေနေရာကြီးတစ်ခုကို ဖွံ့ဖြိုးရေးလုပ်ပေးရန် ချထားပေးလိုက်ချိန်ဖြစ်သည်။

ဦးသိန်းစိန် (၆၇ နှစ်)သည် ယခင် ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးဖြစ်ခဲ့ပြီးမြန်မာအရပ်သားအစိုးရ၏ သမ္မတဖြစ်လာခဲ့သည်မှာ ခြောက်လခန့်သာရှိသေးချိန်ဖြစ်သည်။ ၎င်းသည် မြန်မာ့ဒီမိုကရေစီပြယုဂ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်ရေးပြန်လည်ရရှိခြင်း၊ ရက်စက်သည့် စစ်အုပ်ချုပ်မှုအောက်နှစ်ငါးဆယ်ကြာမြင့်ခဲ့ပြီဖြစ်သည့် မြန်မာ့စီးပွားရေးကို ပြန်ဖွင့်ပေးခြင်းတို့အတွက် သတိရှိရှိ ချီးကျူးခံရမှုများရခဲ့သည်။ ယခုတော့ သူသည်အာရှ၏ ဒုတိယမြောက် အဆင်းရဲဆုံးတိုင်းပြည်ကို ဖွံ့ဖြိုးရေးလုပ်ရန် ရင်းနှီးမြှုပ်နှံသူများ ရှာဖွေနေပါပြီ။



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဂျပန်ဝန်ကြီးချုပ် ယိုရှိဟိကိုနိဒါ

မြို့တော် နေပြည်တော်ရှိ သမ္မတအိမ်တော်တွင် တရုတ်စတိုင် ညစာစားပွဲကြီး တည်ခင်းပြီးနောက် သမ္မတဦးသိန်းစိန်သည် မြန်မာကို စိတ်ဝင်စားမှုပြင်းပြနေသည့် ဂျပန်နိုင်ငံရေးသမားကြီး ဟီဒီယိုဝါတာနာဘေး(၇၈နှစ်)ဘက်သို့ လှည့်လိုက်သည်။ ယင်းမှာ သမ္မတသစ်က စာချုပ်တစ်ရပ်လုပ်ရန် ကမ်းလှမ်းခြင်းပင်ဖြစ်သည်။ မြန်မာ၏ အကြီးဆုံးမြို့တော်နှင့် အိန္ဒိယသမုဒ္ဒရာပေါ် မေးတင်ရှိနေသော ဆိပ်ကမ်းတစ်ခုအနီး သီလဝါရှိ အထူးစီးပွားရေးဇုန်တစ်ခုကိုဂျပန်က ငွေကြေးထည့်ဝင်၍ ဖွံ့ဖြိုးရေးလုပ်ရန်ဖြစ်သည်။

"တစ်ခုခု ထူးခြားအောင် ကျွန်တော် လုပ်နိုင်မှာပါလို့ ပြောခဲ့ပါတယ်"ဟု ယခင် ဂျပန်အစိုးရအဖွဲ့ဝန်ကြီးဟောင်းလည်းဖြစ်ပြီး ဂျပန်ဝန်ကြီးချုပ်ဟောင်း အာဆူဟီရိုနာကာဆိုနေ၏ ထိပ်တန်းအကြံပေးဖြစ်ခဲ့သူ မစ္စတာဝါတာနာဘေးက ဖြစ်ရပ်ကို ပြန်ပြောင်းပြောပြသည်။

ဝါတာနာဘေးသည် ပြောသလောက်လည်း ကောင်းခဲ့ပါသည်။(မြန်မာအစိုးရသစ်တက်ပြီး) တစ်နှစ်မပြည့်ခင် ကာလအတွင်း လျင်မြန်စွာ ပြုလုပ်နိုင်ခဲ့သော စာချုပ်တစ်ရပ်က ဂျပန်အတွက် အနည်းဆုံး ဒေါ်လာ ၁၈ ဘီလီယံခန့်ကို အစိုးရနှင့် ပုဂ္ဂလိကရင်းမြစ်များထံမှ ရယူပြီး ကြွေးမြီလျှော်ပစ်ရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် ထောက်ပံ့ရေးကဏ္ဍများတွင် မြန်မာအတွက်သုံးရန် လမ်းကြောင်းဖော်ပေးခဲ့ပါသည်။

## ■ ရွှေအိုရောင်ပွေ့ဖက်မှု

ထိုစာချုပ်အပြင် ရိုက်တာသတင်းက လေ့လာထားရှိသလောက်ဆိုလျှင် ဂျပန်သည် မြန်မာတောင်ပိုင်းရှိထားဝယ်ရေနက်ဆိပ်ကမ်းနှင့် နောက်ထပ် အထူးစီးပွားရေးဇုန်တစ်ခုတည်ဆောက်ရေးအတွက် ချေးငွေသစ် ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံကိုလည်း ထုတ်ချေးမည်ဟု သိရသည်။ ထားဝယ်စီမံကိန်းမှာ အရှေ့တောင်အာရှ၏ အကြီးဆုံးသော စက်မှုဇုန်ကြီးဖြစ်လာပါမည်။

ဤသဘောတူ စာချုပ်များမှာ မြန်မာ့ဈေးကွက်အဖွင့်၌ ညတွင်းချင်းပင် ဂျပန်အား အဓိကဇာတ်ဆောင်တစ်ဦး ဖြစ်စေခဲ့သည်။ သီလဝါကိစ္စ၌ ကြွေးမြီလျော်ပေးခြင်းနှင့် ဘဏ္ဍာရေးပြန်လည်ထောက်ပံ့ပေးမှုမှာ ဒေါ်လာငါးဘီလီယံနီးပါးရှိသည်။ ဤသည်မှာ အမေရိကန်ပြည်ထောင်စုက ၂၀၁၁ နှင့် ၂၀၁၂ တွင် ဒေါ်လာ ၇၆ သန်း ထောက်ပံ့ခဲ့မှုနှင့် အီးယူက ၂နှစ်တာ စီမံချက်ဖြင့် ဒေါ်လာသန်း ၂၀၀ ပေးခဲ့မှုတို့ထက် အဆများစွာပိုပါသည်။

ဂျပန်အစိုးရနှင့် စီးပွားရေးခေါင်းဆောင်များသည် မြန်မာနှင့်ပြန်လည်ထိတွေ့မှုကို သတိရှိရှိလုပ်ရာမှ ရွှေရောင်အပွေ့အဖက်ဖြစ်ပေါ်လာချိန်ထိ တစ်နှစ်တာအတွင်း အနေအထားကို ပြန်လည်ဆက်စပ်မိရန် ရိုက်တာသတင်းသည် နှစ်ဖက်စလုံးမှ နိုင်ငံရေးသမားများ၊ လုပ်ငန်းရှင်အကြီးအကဲများ၊ အရာရှိများ စသဖြင့် လူ ၅၀ ကျော်ကို မေးမြန်းခဲ့ရသည်။ ၎င်းတို့က မြန်မာနှင့် ချိတ်ဆက်မှုကောင်းစွာရှိသော ဂျပန်နိုင်ငံရေးနှင့် စီးပွားရေးသမားအုပ်စုလေးတစ်စုက တိုကျို၏ ဗြူရိုကရေစီယန္တရားနှင့် ထောက်ပံ့ရေးအေဂျင်စီများကိုမြန်ဆန်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်အောင်မည်သို့တွန်းအားပေးခဲ့ကြောင်း ပြောပါသည်။ ဤသည်မှာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းများကို ပါလီမန်၌ ဆွေးနွေးနေဆဲ အချိန်မှာပင်ဖြစ်ပါသည်။

လက်ရှိတွင် အရေးကြီးနေသည်မှာ အာရှ၏ နောက်ဆုံးကျန်ရှိနေသော ရှေ့တန်းဈေးကွက် (မြန်မာ)၌ ဩဇာလွှမ်းမိုးမှု ဖြစ်သည်။ မြန်မာ့ခေါင်းဆောင်များသည် နိုင်ငံတွင်း၌ တရုတ်၏ ဩဇာလွှမ်းမိုးမှု ကြီးမားခြင်းကို ချိန်ညှိရန် မဟာမိတ်များ ရှာနေစဉ်အတွင်းမှာပင် ဂျပန်တို့က ဖမ်းဆုပ်မိခြင်းဖြစ်သည်။ မြန်မာသို့ ဂျပန်၏ အမြန်ပြန်ဝင်လာမှုသည် အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ကို ခုန်ကျော်သွားခဲ့သည်။ ၎င်းတို့မှာမူ (မြန်မာအပေါ်) ၁၉၉၀ နှစ်များက ချမှတ်ထားသော ရင်းနှီးမြှုပ်နှံမှုတင်းကျပ်ထားခြင်းများနှင့် ကုန်သွယ်ရေးပြန်လုပ်ရန်ကိစ္စတို့၌ပါ သတိထားနေကြသည်။ ထို့ကြောင့် ခြေလှမ်းကြီးကြီးလှမ်းလိုက်ခြင်းရလဒ်မှာ ကုန်သွယ်ရေးရုံးများ၊ ဘဏ်များ၊ ကန်ထရိုက်တာများနှင့် စက်မှုကုမ္ပဏီများအတွက် ဖြစ်လာတော့မည်ဖြစ်သည်။

"ကျွန်တော်တို့ ကံကောင်းပါတယ်။ ဘာလို့လဲဆိုတော့ အမေရိကန်ဟာ စီးပွားရေးပိတ်ဆို့မှုတွေလုပ်ထားခဲ့ပါတယ်။ ဒီအချက်ကြောင့် အနောက်တိုင်း ဘဏ္ဍာရေးကုမ္ပဏီတွေ မြန်မာမှာ အခုထိမရှိသေးတာပေါ့"ဟု ဒိုင်ဝါသုတေသနအင်စတီကျူဒ်အတွက်မြန်မာနိုင်ငံတွင်လုပ်ငန်းများဆောင်ရွက်ပေးနေသည့် ရှီဂေတို အီနာမီက ပြောသည်။ ယင်းအဖွဲ့သည်မြန်မာ၏ စတော့အိတ်ချိန်းကို တည်ထောင်ပေးနေပြီး ၂၀၁၅တွင်လုပ်ငန်းများ လည်ပတ်နိုင်ရန် စီစဉ်ထားသည်။ သို့သော် အမေရိကန်နှင့်ဥရောပသံတမန်များကမူဂျပန်တို့ထိုသို့အောင်မြင်ခဲ့မှုကိုအနောက်တိုင်းနိုင်ငံစုံ လုပ်ငန်းများအတွက် အားနည်းချက်ဖြစ်စေမည်ဟု မမြင်ကြောင်း ပြောကြသည်။ ဝါရှင်တန်သည် တိုကျိုအပါအဝင်မဟာမိတ်များကို မြန်မာပြည်တွင်းဝင်၍ စီးပွားရေး အားကောင်းအောင်လုပ်ရန်၊ စစ်တပ်ကျောထောက်နောက်ခံ ပြုထားသည့် အစိုးရမှ ပြုပြင်ပြောင်းလဲရေးသမားများအားကောင်းအောင်လုပ်ရန်တိုက်တွန်းနေခဲ့ပါသည်။ GE နှင့် ကိုကာကိုလာအပါအဝင် လက်တစ်ဆုပ်စာ အမေရိကန် ကုမ္ပဏီကြီးမှာလည်း မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နေကြပါပြီ။ သီလဝါတွင်တော့ GE နှင့် Siemens ကဲ့သို့သော အနောက်တိုင်းလျှပ်စစ်ဓာတ်အားထုတ်လုပ် ရေးကုမ္ပဏီများ၊ Bechtel နှင့် Balfour Beatty ကဲ့သို့သော ဆောက်လုပ်ရေးကုမ္ပဏီများမှာ ဂျပန်တို့ထံမှ ကန်ထရိုက်များ ရရှိနိုင်ကြောင်း စီးပွားရေး ဆန်းစစ်သူတို့က ဆိုသည်။ "ကျွန်တော်တို့ ပြိုင်ဘက်တော်တော်များများက အဲဒီဈေးကွက်ထဲမှာ နှစ်ပေါင်းများစွာ ရှိနေခဲ့ကြတာ။ ဒါကြောင့် ဒီပွဲထဲဝင်တာ ကျွန်တော်တို့ နောက်ကျနေပြီးသားပါ"ဟု အမေရိကန်ကုန်သည်ကြီးများအသင်း၏ အရှေ့တောင်အာရှဆိုင်ရာ အကြီးတန်းဒါရိုက်တာဂျွန်ဂိုယာကပြောသည်။ သို့သော် ၎င်းကပင် "မြန်မာဘက်ကတော့ အမေရိကန်ကုမ္ပဏီတွေ ဒီမှာရှိနေစေချင်တဲ့ဆန္ဒနဲ့ စိတ်ဝင်စားမှုကတော့ ထင်ထင်ရှားရှားပါပဲ"ဟုပြောသည်။

## ■ မြန်မာ့ညှော်ခန်းဆောင်

ဂျပန်၏ အလျင်အမြန်ဝင်လာမှုသည် အန္တရာယ်များလည်း သယ်ဆောင်လာပါသည်။ အမေရိကန်က အမည်မည်းစာရင်းသွင်းထားသော သူဌေးများနှင့် တွဲလုပ်ရမည့် ဂျပန်ကုမ္ပဏီများအတွက် နာမည်ဂုဏ်သတင်းထိခိုက်မည့် အလားအလာရှိနေပါသည်။ သီလဝါစီမံကိန်းမြေပတ်လည်မှ ပိုင်ဆိုင်မှုဆိုင်ရာကိစ္စများ မဖြေရှင်းရသေးခင်မှာပင် ဂျပန်တို့သည် ထိုနေရာ၌ အထူးစီးပွားရေးဇုန် အကျယ် ၂,၄၀၀ ဟက်တာ (၅,၉၃၀ ဧက) ကို ဖွံ့ဖြိုးရေးလုပ်ရန် လုပ်ကွက်ရရှိခဲ့သည်။ ယခုအထိတော့ သီလဝါသည် ဗလာဟင်းလင်းဖြစ်နေသောကြောင့် မှတ်မှတ်ရရ အကောင်းဆုံးနေရာတစ်ခု ဖြစ်နေသည်။ စပါးခင်းများက စက်ရုံများအတွက် လျာထားသည့် မြေနေရာများကို ဖုံးလွှမ်းနေသည်။ လုပ်သားများက မြေစေးများကိုခြင်းများနှင့် သယ်ယူနေစဉ်ထရပ်ကားများက ပွယောင်းယောင်းမြေသားထဲသို့ ကျောက်စရစ်ခဲများ သွန်ချနေသည်။ မြန်မာအစိုးရဝန်ကြီးဌာနများနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ချိတ်ဆက်ပေးနေသော ယခင်အစိုးရ အရာရှိဟောင်းတစ်ဦးဖြစ်သူ ဦးမြင့်ဦးက "ကျွန်တော်တို့ရဲ့ အယ်လ်ဒိုရာဒိုနေရာသစ်ကကြိုဆိုပါတယ်"ဟုမြစိမ်းရောင်လယ်ကွင်းတစ်လျှောက်ကားဖြတ်မောင်းလာစဉ်ညွှန်သည့်သည် တစ်ဦးကိုနှုတ်ဆက်သည်။

ဂျပန်စီးပွားရေးခေါင်းဆောင်များကစွန့်စားရမည့်အန္တရာယ်များသည်ကြီးမားကြောင်းယုံကြည်ကြပါသည်။ Marubeni ကော်ပိုရေးရှင်းမှ ပရောဂျက်မန်နေဂျာရာဆူဟီရိုမိုရီမိုတိုက "ကျွန်တော်သာ ပြဿနာတွေကို ချရေးရမယ်ဆိုရင်ကြောင်းရေ၅၀၊၆၀လောက်တော့ ရေးနိုင်တာပေါ့"ဟု ပြောသည်။ သို့သော် ဖြစ်လာနိုင်သည့်အမြတ်အစွန်းများမှာ အဆုံးအရှုံးများထက် ပိုများနေပါသည်။

သို့သော် တိုကျိုသည် ၎င်း၏အကျိုးလက်မောင်းကို ပင့်တင်လျက်ရှိပါသည်။ ဂျပန်နှင့် မြန်မာ၏ ဆက်နွှယ်မှုများသည် ဒုတိယကမ္ဘာစစ်အတွင်း ရက်စက်သည့် ဂျပန်ကျူးကျော်မှုရှိခဲ့သော်ငြား ပုံမှန်မဟုတ်ဘဲ နွေးထွေးခဲ့ပါသည်။ မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်ပြီးနောက် ဂျပန်ကို စစ်လျော်ကြေးတောင်းခဲ့သော ပထမဆုံး အရှေ့တောင်အာရှနိုင်ငံဖြစ်ခဲ့သည်။ (ဒေါ်အောင်ဆန်းစုကြည်၏ဖခင်) လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ယခင် အာဏာရှင်ဟောင်း ဦးနေဝင်းတို့သည်ဗြိတိသျှအုပ်စိုးမှုဆန့်ကျင်ရေး 'ရဲဘော်သုံးကျိပ်' လှုပ်ရှားမှုတွင်ပါဝင်သူများဖြစ်သည်။ ၎င်းတို့ကို ဂျပန်စစ်တပ်အရာရှိများက လေ့ကျင့်ပညာသင်ကြားပေးခဲ့သည်။ မြန်မာနိုင်ငံသည် အတိတ်တုန်းကလည်း တိုကျိုအပေါ်တွင် စူးရှသည့် ဝေဖန်တိုက်ခိုက်မှုများ ရှောင်ကြဉ်ခဲ့ပြီး ထိုသို့တိုက်ခိုက်မှုများမှာ တရုတ်နှင့် ကိုရီးယားတွင် ပုံမှန်ဖြစ်နေကျဖြစ်ရာ မြန်မာနိုင်ငံကို ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဂျပန်နိုင်ငံရေးသမားများက တွယ်တာခဲ့ကြသည်။ ဂျပန်နိုင်ငံသည် အနောက်တိုင်းကဲ့သို့မဟုတ်ဘဲ မြန်မာနိုင်ငံအပေါ်၌လည်း ဘဏ္ဍာရေးနှင့်ကုန်သွယ်ရေးပိတ်ဆို့မှုများ တစ်ခါမှ မချမှတ်ခဲ့ဖူးပေ။ ရလဒ်အဖြစ် ဂျပန်စီးပွားရေးလုပ်ငန်းများသည် မြန်မာ၌ ထူးထူးခြားခြားပင် တည်ရှိနေခဲ့ပြီးဖြစ်သည်။ ဂျပန်နိုင်ငံ၏ အဓိကဘဏ်ကြီးများဖြစ်သော Mitsubishi UFJ၊ Sumitomo Mitsui Financial၊ Mizuho Financial Group တို့မှာ ကုန်သွယ်ရေးအချက်အခြာကျရာ ရန်ကုန်တွင် ကုမ္ပဏီခွဲများ ရှိထားကြသည်။ ခိုင်မာသော ဂျပန်-မြန်မာဆက်ဆံရေးများကို ဖော်ဆောင်ရန် အချိန်ရောက်ပြီဟု ထိပ်တန်းဘဏ်လုပ်ငန်း အမှုဆောင်တစ်ဦးကရိုက်တာသို့ပြောပါသည်။

## ■ တိုကျို၏ အဓိကလူ

မြန်မာနိုင်ငံနှင့်ပတ်သက်၍ တိုကျို၏ လူအဖြစ် ဝါတာနာဘေးပေါ်ထွက်လာမှုသည်နိုင်ငံရေးနယ်ပယ်တစ်လျှောက် ဩဇာကြီးမားသည့်မိတ်ဆွေများကို ပျိုးထောင်နိုင်စွမ်းရှိသည့် ၎င်း၏သက်တမ်းတွင် ဒုတိယမြောက် အခန်းကဏ္ဍအား ကိုယ်စားပြုပါသည်။ ဒုတိယကမ္ဘာစစ်ပြီးခါစတွင် ဝါတာနာဘေးမှာ ၁၁ နှစ်သားအရွယ်သာ ရှိခဲ့သည်။ ၎င်း၏ အစ်ကိုကြီးမှာ အိုကီနာဝါတိုက်ပွဲတွင် အသေခံတိုက်ပွဲဝင်ခဲ့သည်။ နောက်ဆုံးသော 'ကာမိကာဇေ' (အသေခံ) လေသူရဲများထဲမှ တစ်ဦးအပါအဝင်ဖြစ်သည်။ ဤအမှတ်တရမှာ အများရှေ့ မိန့်ခွန်းများ၌ သူမကြာခဏ ပြောနေကျဖြစ်သည်။ ဝါတာနာဘေးသည် ကွန်ဆာဗေးတစ်နိုင်ငံရေးသမားတစ်ဦးအဖြစ် လျှောက်လှမ်းခဲ့ပြီး ၁၉၉၀ ပြည့်နှစ်များတွင် ဂျပန်စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးဌာနဝန်ကြီးဖြစ်ခဲ့သည်။ ၎င်း၏ မြန်မာနိုင်ငံနှင့် ပထမဆုံး ပတ်သက်မှုမှာ ၁၉၈၇ တွင်ဖြစ်သည်။ ထိုအချိန်က ၎င်းသည် တိုကျို၌ စစ်ဗိုလ်ချုပ်ကြီးများအား ဂျပန်ဝန်ကြီးချုပ်နာကာဆိုနေ၏ အစိုးရအဖွဲ့လက်ထောက်အတွင်းရေးမှူးအဖြစ် ကြိုဆိုညှော့ခံခဲ့ရသည်။ မြန်မာဗိုလ်ချုပ်များက ကျောင်းသားဆန္ဒပြသူများကိုဖြိုခွင်းပြီး ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်နောက် ၂ နှစ်အကြာတွင် ချမှတ်လိုက်သည့်တိုင်အောင်ပင် နာကာဆိုနေသည် ဝါတာနာဘေးအား မြန်မာနှင့် ဂျပန်၏ တရားမဝင်ဆက်ဆံမှုများကို ဖွံ့ဖြိုးအောင်၊ ခိုင်မြဲအောင်လုပ်ရန် တိုက်တွန်းခဲ့သည်။

စာ(၂၇) သို့

7DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012



# ချိုလိမ်ကြီးနဲ့ ကိုခရိုနီ

သင်းရီ

ငအောက်တိုဘာလ ၄ ရက်၊ ည ၁၁ နာရီထိုးပြီးသွားပြီ။ ကျွန်တော့်အိမ်မှ သားသမီးတွေ မအိပ်နိုင်ကြသေး။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လှမ်းပို့ပေးနေသော ဓာတ်ပုံတွေကို သူတို့ဝက်ဘ်ဆိုက်ပေါ်တင်နေကြသည်။ သူတို့တင်လိုက်သည့် ဓာတ်ပုံတွေကို စောင့်မျှော်ကြည့်ရှုနေကြသူတွေကလည်း မနည်းလှဟုထင်၏။

အမေရိကားခရီးစဉ်မှပြန်ရောက်လာသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုကြသည့်ပြည်သူများ၏ ဓာတ်ပုံများက အွန်လိုင်းမှ တစ်ဆင့် ဟောတစ်ပုံဟောတစ်ပုံရောက်လာနေသည်။ ကြိုကြသူတွေက လေယာဉ်မဆိုက်မီ အစောကြီးကတည်းကပင် လေယာဉ်ကွင်းသို့ ကြိုတင်ရောက်ရှိနေကြပုံရ၏။ လေဆိပ်ထဲမှာပြည့်ကျပ်နေသည်။ သွားကြိုသူတစ်ဦးထံ ဖုန်းဆက်မေးကြည့်တော့ "ဥရောပခရီးစဉ်တုန်းက လာကြိုကြသူတွေထက် နှစ်ဆ၊ သုံးဆလောက်ပိုတယ်။ ခြေချစရာနေရာတောင် ခပ်ရှားရှား" ဟု ဆိုသည်။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောခရီးမှ အပြန်ပေပဲပျော်စရာကြီးပေ့ါဟု တွေးမိသည်။

အလားတူ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ကျင်းပသည့် (၆၇)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် မိန့်ခွန်းပြောကြားပြီး အောက်တိုဘာ ၁ ရက်နေ့ နံနက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ကို ရုပ်ရှင်အနုပညာနယ်ပယ်မှ ထင်ပေါ်ကျော်ကြားသည့် မင်းသား၊ မင်းသမီးတွေအပါအဝင် ပြည်သူတွေက သောင်းသောင်းဖြဖြကြိုကြသည်ကို ဂျာနယ်တွေမှာ တခမ်းတနားမြင်ရတုန်းကလည်း ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် မင်္ဂလာတစ်ပါးပါပေပဲဟု လှိုက်သည်းသောမုဒိတာပီတိဖြစ်မိခဲ့ရပါသေးသည်။

သို့သော် ထိုသို့ လာကြိုသည့်ပြည်သူတွေထဲတွင် စက်မှုဇုန်စက်ရုံမှ သမ္မတကြီးကိုပင်မသိသော မသိနိုးနား အလုပ်သမလေးတွေကို ဘုမသိဘမသိဆွဲခေါ်လာတာတွေလည်း ပါသည်ဟု လူမှုကွန်ရက်အင်တာနက်စာမျက်နှာများတွင် ဖတ်လိုက်ရသည့်အခါတွင်တော့ ရသာခြောက်ပါးနှင့် ပြည့်စုံစွာ မြိန်ယှက်ဖွယ်ကောင်းလှသည့် နတ်သုဒ္ဓာစားမြိန်ခွက်ထဲသို့မစင်စက်မုန်ညင်းစေ့ခန့်စဉ်လာလိုက်သကဲ့သို့ ခံစားလိုက်ရသည်။

အောက်တိုဘာလ ၄ ရက်နေ့ထုတ် အတွဲ-၁၁၊ အမှတ်(၃၀) 7Day News ဂျာနယ်ထဲတွင် ပါသည့် "ကုန်သည်/စက်မှုညီနောင်အသင်းများမှ သမ္မတကြီးဦးသိန်းစိန်ကိုကြိုဆိုရန်အတွက် အသင်းတစ်သင်းလျှင် လူ ၅၀ တောင်းခံခဲ့ကြောင်း လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌကပြောသည်"ဟု ဖတ်ရပြန်သောအခါတွင်လည်း အဘယ်သို့သော 'အနားပျာ' တစ်ဦးဦးကများ ခေတ်ဟောင်းမှာ စို့ခဲ့ဖူးသည့်ချိုလိမ်အဟောင်းကြီးကိုဖြုတ်မထားနိုင်ခဲ့သေးဘဲ လူတွေကို ချောဆွဲခိုင်းပြန်တာပါလိမ့်ဟု ကရုဏာဒေါသဖြစ်ရသည်။

တကယ်တော့ ထိုသို့သော လိမ်ဆင်မျိုးကို ဖန်ဆင်းရန် အကြောင်းမရှိ။ သို့သော်. . . "ဒေါ်အောင်ဆန်းစုကြည် ပြန်လာတဲ့အခါ ကြိုတဲ့သူတွေများမှာ။ ဒို့သမ္မတကြီးအပြန်မှာ လူများများနှင့် သိုက်သိုက်ဝန်းဝန်း သောင်းသောင်းဖြဖြရှိမှ ကောင်းမယ်။ ငါလည်း မျက်နှာကောင်းရမယ်" ဆိုသည့် အပြိုင်အဆိုင် အနားပျာအတွေး လက်တစ်ဆစ်မျှသာရှိသော ခရိုနီတစ်ဦးဦး၏ ဦးမှန်းမသိပဲ့မှန်းမသိ အရိပ်သုံးပါးနားမလည်သော စေတနာရေစီးကမ်းပြိုငဖားကိစ္စဖြစ်ဖို့က သေချာသည်။

'ခရိုနီ' ဆိုသည့် စကားလုံးကို ပုဂ္ဂိုလ်တစ်ဦးကတော့ 'မိတ်ဆွေအပေါင်းအသင်း' ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ကျွန်တော်ကတော့ ထိုသို့မဖွင့်ချင် 'လက်ဝါးကြီးအုပ်ကိုယ်ကျိုးရှာ ငဖားအနားပျာ' ဟုသာ ဖွင့်ချင်သည်။ ထိုသို့သောသခင်အားရ ကျွန်ဝမ်းဝဆိုသည့် ကိုယ်ကျိုးရှာ အနားပျာတွေ ဆိုသည်က ပွင့်လင်းမြင်သာမှု မရှိသော အာဏာရှင်တို့၏ လက်ထက်မျိုး၌သာ မျိုးပွားရှင်သန်နိုင်သည်ဟု ထင်သည်။ မြန်မာနိုင်ငံဆိုသည်ကလည်း အာဏာရှင်အဆက်ဆက်တို့၏ လက်အောက်တွင် နှစ်ပေါင်းငါးဆယ်ခန့် နေလာခဲ့ရသည် ဆိုသည့်အခါ လက်ဝါးကြီးအုပ် ကိုယ်ကျိုးရှာ ငဖားအနားပျာစိတ်ဓာတ်က အမြစ်ခိုင်နေခဲ့ပြီ။ သည်လိုလူမျိုးတွေက နေရာတကာမှာရှိသည်။ မဆလ၊ နဝတ၊ နအဖလက်ထက်မှ ယခုတိုင် အဆက်ဆက်မှာလည်း ရှိနေခဲ့၊ ရှိနေဆဲဖြစ်သည်။ တည်ဆဲနိုင်ငံရေးပါတီ အချို့ထဲမှာလည်း ရှိလေသည်။

ထိုသို့သော မျက်နှာလိုအားရ ခရိုနီတစ်ဦးတလေကြောင့် သမ္မတကြီးကို ကြိုဆိုသည့်ကိစ္စတွင် သန့်သန့်လေးဖြစ်သင့်ပါလျက် နတ်သုဒ္ဓါထဲ မစင်အမှုန်အမွှားကျလိုက်သလို စိတ်မကောင်းစရာဖြစ်ရသည်။

တကယ်တော့ သမ္မတကြီးဦးသိန်းစိန်သည်ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် အနှစ်ငါးဆယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တက်ရောက်မိန့်ခွန်းပြောခွင့်ရသော နိုင်ငံ့ခေါင်းဆောင်တစ်ဦးဖြစ်သည်သာမက မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံသို့ ဦးတည်ပြောင်းလဲရာ လုပ်ငန်းစဉ်များကို စိတ်ပါလက်ပါကြိုးစားဆောင်ရွက်နေသူလည်းဖြစ်သဖြင့် မိမိတို့နိုင်ငံသူနိုင်ငံသားများအနေဖြင့် 'တာဝန်' မဟုတ်သော ရင်ခုန်သံပါသည့် လှိုက်လှဲပျူငှာ သောင်းသောင်းဖြဖြ ကြိုဆိုခြင်းမျိုးဖြင့် ကြိုဆိုအပ် ကြိုဆိုထိုက်လှသည်။

မြန်မာနိုင်ငံ ဒီမိုကရေစီရေးကို အမြဲတစေ စောင့်ကြည့်ကူညီနေခဲ့သော အမေရိကန်အစိုးရက တမင်ဖန်တီးလေရော့သလားမသိ။ သမ္မတကြီးဦးသိန်းစိန်နှင့် အတိုက်အခံ ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ အမေရိကန်ပြည်ထောင်စုတွင် ဆုံကြသည်။ ဆုံကြပုံကလည်း လက်ရှိအာဏာရ ပြည်ခိုင်ဖြိုးပါတီ၏ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတနှင့် အတိုက်အခံ ပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌ အတိုက်အခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့ တွေ့ဆုံကြပုံနှင့်မတူ။ အာဏာရနှင့် အတိုက်အခံ ပြိုင်ဘက်တွေ ဆုံပုံမျိုးလည်းမဟုတ်။ ဆွေမျိုးရင်းချာညီအစ်ကိုမောင်နှမဆန်လှသည်။ မြန်မာ့ရိုးရာအားကစားတစ်ခုနှင့် ပမာပြုရလျှင် 'ခြင်းရိုင်ခတ်ပွဲ' တစ်ခုနှင့်တူသည်။

ခြင်းရိုင်ခတ်သည် ဆိုသည်က ဝိုင်းဖွဲ့၍ ကစားရသောနည်းဖြစ်၏။ လေထဲတွင် ဝဲနေသည့် ခြင်းလုံးကို မြေမကျရလေအောင် သူ့တွင်လည်း တာဝန်ရှိသည်။ ကိုယ့်တွင်လည်း တာဝန်ရှိသည်။ အပေးအယူ၊ အထောက်အပင့်၊ အဆယ်အမညီရသည်။ သို့မှလည်း ဝိုင်းကလှသည်။

အမေရိကားခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ တောင့်တင်းခိုင်မာစွာဖွဲ့စည်းထားသော အကြံပေးအဖွဲ့ ပါမသွားသည့်တိုင် သမ္မတကြီးတွင်တော့ တောင့်တင်းသောအကြံပေးအဖွဲ့နှင့်အတူ သမ္မတရုံး ဝန်ကြီးနှစ်ဦးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနဝန်ကြီးတို့ ပါသွားကြသည်။

သို့တိုင် သမ္မတကြီးတို့အဖွဲ့ငါးဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ အမေရိကားခရီးစဉ်အတွင်း နေရာအသီးသီး၌ သီးခြားစီပြောခဲ့ကြသည့် စကားတို့က တူညီသောပန်းတိုင်ဆီသို့တစ်ဦးအပေါ်တစ်ဦး ယုံကြည်စွာ စည်းချက်ညီပြိုင်တူလှမ်းနေကြောင်း ထင်သာမြင်သာရှိလှသည်။ တူညီသောစေတနာ၌ ကိုယ်စီ အခြေခံထားသဖြင့်လည်းအပေးအယူ၊အထောက်အပင့်၊ အဆယ်အမညီလှသော ခြင်းဝိုင်းတစ်ခုနှင့် ထပ်တူရှိလှသည်။

တစ်နေရာတွင် ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။

"တစ်ခုတော့ ကျွန်မပြောချင်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံက တပ်မတော်ဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ မားမားမတ်မတ် ပြည်သူတွေနဲ့အတူ လျှောက်ပြီဆိုရင်တော့ နောက်ကြောင်းပြန်လှည့်ဖို့ မရှိသလောက်ဖြစ်သွားမယ်လို့တော့ ကျွန်မတို့ ယုံကြည်လို့ရပါတယ်"

အခြားတစ်နေရာတွင် သမ္မတကြီးဦးသိန်းစိန်က မြန်မာမီဒီယာသမားနှင့်တွေ့ဆုံရာ၌ "ယနေ့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက်သာဖြစ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရန်အတွက် အုပ်ချုပ်ရေးပိုင်းမှာ ဝင်ရောက်စွက်ဖက်ရန်မရှိကြောင်း၊ နိုင်ငံရေးအပိုင်းတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကိုအကာအကွယ်ပေးသည့်သဘောသာရှိကြောင်း၊ တပ်မတော်၏ အဓိကအလုပ်မှာ တိုင်းပြည်ကို ကာကွယ်ရန်သာ ဖြစ်ကြောင်း. . ." ပြောကြားသွားခဲ့သည်။ ခေါင်းဆောင်နှစ်ဦးတို့၏ စကားအတွင်းသားတို့ ချိတ်ဆက်မိတ်ဖက်ပြုနေမှုကမြင်သာသည်။

သမ္မတကြီးဦးသိန်းစိန်နှင့် ဘီဘီစီ HARDTALK အစီအစဉ်၌ မေးမြန်းသည့်သူက "ဒေါ်အောင်ဆန်းစုကြည် ပြောတာကတော့ သူတို့ဟာ ပြောင်းလဲနေပါပြီ။ ဒါပေမဲ့ စစ်မှန်တဲ့ဒီမိုကရေစီလူ့အဖွဲ့အစည်းဆီကို ပြောင်းလဲဖို့လိုနေပါသေးတယ်လို့ ပြောခဲ့ပါတယ်"ဟုပြောသည့်အခါ သမ္မတကြီးက "မှန်ပါတယ်။ ကျွန်တော်တို့ဟာ သက်တမ်းအားဖြင့်လည်း တစ်နှစ်ခွဲပဲရှိပါသေးတယ်။ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်ဖို့ လုပ်စရာတွေ အများကြီးလိုအပ်နေပါသေးတယ်" ဟု ရင်ထဲအတိုင်း ရှင်းရှင်းဘွင်းဘွင်းပြောပုံက မှတ်မှတ်သားသားဖြစ်စရာတစ်ခုဖြစ်နေပြန်သည်။

အလားတူပင် "ကုလသမဂ္ဂမှာ ဒေါ်အောင်ဆန်းစုကြည်ကို နိုဗယ်ငြိမ်းချမ်းရေးဆုရှင် တစ်ဦးအဖြစ် သမ္မတကြီးက ချီးကျူးခဲ့ပါတယ်။ သမ္မတကြီးအနေနဲ့ သူမဟာ တိုင်းပြည်ရဲ့ ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်မယ်လို့ ယုံကြည်ပါသလား။ သမ္မတကြီးဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုင်းပြည်ကို ဦးဆောင်ရာမှာ သူမနဲ့တွဲပြီး လုပ်ဆောင်မယ်လို့စိတ်ကူးပြီး ပြင်ဆင်ထားပါသလား" ဟု မေးလာသည့်အပေါ်တွင် သမ္မတကြီးပြန်လည်ဖြေကြားပုံက ရိုးရှင်းလှသည်။

စာ(၃၁) သို့

> "ထိုစကားမှန်လျှင်. .
> ဒေါ်အောင်ဆန်းစုကြည် ပြည်သူနှင့်အတူ စိုက်ခဲ့သည့်အပင်က ငွေရတုတိုင်တော့မည်။ အနှစ်အသားအပွင့်အခက်ဝေလှပြီ။
> ပြည်သူနှင့်အတူ သမ္မတကြီး စိုက်ခဲ့သည့်အပင်က ဒေါ်အောင်ဆန်းစုကြည်နည်းတူ မျိုးကောင်းမျိုးသန့် မှန်ပေပြား တစ်နှစ်ခွဲသားမျှသာ ရှိသေးသည်။"

# စာ(၂၅) မြန်မာပြည်သို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်လာသော ဂျပန် မှ

ဖြို့ခွင်းမှုများသည် စစ်အစိုးရအား အပယ်ခံဖြစ်စေခဲ့သည့်တိုင်အောင်ပင် စစ်အစိုးရအားဝါတာနာဘေး၏ထောက်ခံမှုသည် ဘယ်သောအခါမှ မယိမ်းယိုင်ခဲ့ပါ။ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုတိုင်းကို ထောက်ခံအားပေးရန် ၎င်းတည်ထောင်ထားသောဂျပန်-မြန်မာအသင်းဝက်ဘ်ဆိုက်တွင် ယခုနှစ်ထဲ၌ ၎င်းက "မြန်မာဟာ ပြည်တွင်းဥပဒေနဲ့အစီအစဉ်ကို ထိန်းသိမ်းနိုင်ဖို့ စစ်အစိုးရတစ်ရပ်ကလွဲလို့ ရွေးချယ်စရာ ဘာမှမရှိခဲ့ပါဘူး" ဟု ရေးသားခဲ့သည်။

ဝါတာနာဘေးသည်ဦးသိန်းစိန်နှင့် ၁၉၉၆ခုနှစ်က ရှမ်းပြည်နယ်သို့ ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများ သယ်ဆောင်သွားသောခရီးတွင် တွေ့ဖူးခဲ့ခြင်းဖြစ်သည်။ ထိုနေရာတွင် ဗိုလ်ချုပ်ဦးသိန်းစိန်က တိုင်းမှူးဖြစ်နေခဲ့သည်။ ထို့နောက်တော့ ၎င်းကို တိုင်းမှူးဗိုလ်ချုပ်က ဂေါက်ရိုက်ရန်ဖိတ်ခေါ်ခဲ့သည်။ "ဒါလေးက ကျွန်တော်တို့ရဖူးတဲ့ တစ်ခုတည်းသော ပျော်စရာလေးပါပဲ။ သူက ဂေါက်ရိုက်တာ တော်တယ်။ ရုံးဆင်းရင် ယူနီဖောင်းဝတ်လျက်နဲ့ပဲ သူ(ဦးသိန်းစိန်) ဟာ ထူးခြားခမ်းနားနေခဲ့ပါတယ်"ဟုရိုက်တာနှင့် အင်တာဗျူးတွင် ဝါတာနာဘေးကပြောသည်။ ၎င်းသည်မှာ လယ်သမားမိသားစုမှ ဖွားမြင်လာပြီး ဆယ်စုနှစ်လေးခုနီးပါး စစ်မှုထမ်းသက်တမ်း၌ ဗျူရိုကရေစီအလုပ်အများစုကိုသာ လုပ်ခဲ့ရသူ၊ ၂၀၀၇ တွင် ကြားဖြတ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသူ ဦးသိန်းစိန်ကို ပုံမှန်အားဖြင့် သရုပ်ဖော်ပြချက်မျိုး မဟုတ်ပါ။ စာဖတ်သမားတစ်ဦးအသွင်ရှိသော ထိုဗိုလ်ချုပ်ကြီးသည် အစိုးရအတွင်း စစ်တပ်၏နေရာကို အာမခံပေးထားသော ၂၀၁၀ ပြည့်နှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုမြင်ရပြီးသော ကာလနောက်ပိုင်း၄၉နှစ်တာကာလအတွင်း ပထမဆုံးသော အရပ်သားသမ္မတဖြစ်လာပါသည်။

**■ သံတမန်ရေးပွဲစားလုပ်ခြင်း**

ဝါတာနာဘေး၏ပုဂ္ဂိုလ်ရေးသံခင်းတမန်ခင်းမှာ တစ်ခါတစ်ရံတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကိုပင် ပြိုင်ဆိုင်ပြီး ချန်ထားရစ်နိုင်သည်။ ယမန်နှစ် အောက်တိုဘာ ၂၁ ရက်နေ့က တိုကျိုတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကိုအီချီရိုဂမ်ဘာက မြန်မာနိုင်ငံခြားရေးဝန်ကြီးကို ညစာစားပွဲဧည့်ခံခဲ့သည်။ ၎င်းသည်မှာ ၁၆ နှစ်တာအတွင်း နှစ်နိုင်ငံစလုံး၏ ထိပ်တန်းသံတမန်များအကြား ပထမဆုံးတွေ့ဆုံမှုဖြစ်သည်။ ဂမ်ဘာက ဂျပန်မှ ရင်းနှီးမြှုပ်နှံမှုအသစ်များပေးရန် ကမ်းလှမ်းခဲ့ပြီး ယင်းမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများတွင် အဆက်မပြတ်တိုးတက်မှုကို မြန်မာက ပြသပေးနိုင်ရန်ဖြစ်သည်။ ထိုည၌ပင် ဝါတာနာဘေးက မြန်မာနိုင်ငံ၏ မြို့တော်တွင် သမ္မတဦးသိန်းစိန်နှင့်အတူ မြေပုံတစ်ချပ်ပေါ်၌နစ်မျောလျက်ရှိသည်။

သို့သော် ထိုဝါရင့်ဂျပန်ပွဲစားသည် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ဖြစ်ထွန်းမှုအတွက် အလွန်ကွဲပြားခြားနားသော အချက်ပြမှုကိုပေးပို့ခဲ့ပါသည်။ သမ္မတသစ်က ဝါတာနာဘေးအား ထိုင်းနှင့်အတူထားဝယ်စီးပွားရေးဇုန်အား တည်ဆောက်ရေးကြိုးပမ်းမှုမှာ လေးပင်စွာ လှုပ်ရှားနေရကြောင်းပြောသည်။ ဦးသိန်းစိန်သည် ထိုစဉ်က လူထု၏ ကန့်ကွက်မှုများဖြစ်ပေါ်ပြီးနောက် တရုတ်က ရန်ပုံငွေမတည်ဆောက်ရွက်သော(မြစ်ဆုံ)ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ရပ်တန့်ပြီးစဖြစ်သည်။ "သမ္မတကပြောခဲ့ပါတယ်။ ကျွန်တော့်မှာ ခင်ဗျားအတွက် တစ်ခုရှိတယ်ဆိုပြီး သူ့အတွင်းရေးမှူးကို စာရွက်စာတမ်းတွေနဲ့ပြန်လာဖို့ လွှတ်လိုက်ပါတယ်။ ဒါကပဲ ကျွန်တော်တို့သီလဝါကိစ္စဆီရောက်သွားရပုံအကြောင်းပါပဲ"ဟုဝါတာနာဘေးကပြန်ပြောပြသည်။

တိုကျိုရှိ မြန်မာသံရုံးနှင့် နေပြည်တော်ရှိ သမ္မတရုံးတို့မှာ ဝါတာနာဘေးနှင့်ဦးသိန်းစိန်တို့၏ တွေ့ဆုံမှုအတွက် ယခု စုံစမ်းမေးမြန်းရန်တောင်းဆိုမှုများကို တုံ့ပြန်ခဲ့ခြင်းမရှိပါ။ ၂၀၁၁ အောက်တိုဘာတွေ့ဆုံမှုပြီးနောက် တိုကျိုသို့၎င်းပြန်ရောက်လာသောအခါ ၎င်းသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဂမ်ဘာနှင့် ထိတွေ့နေခဲ့ပြီဖြစ်ကြောင်း ဝါတာနာဘေးကပြောသည်။ "ကျွန်တော် ဂမ်ဘာကို ပြောခဲ့ပါတယ်။ သီလဝါကိစ္စကို ကျွန်တော်တို့ နီးကပ်စွာစောင့်ကြည့်နေတယ်လို့ပြောဖို့နှစ်မကုန်ခင် မြန်မာကို တရားဝင်အလည်အပတ်ခရီးတစ်ခု ခင်ဗျား သွားသင့်တယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ သူ မလုပ်ဘူးဆိုရင် အဲဒီကိစ္စဟာ တရားဝင်အစိုးရဘက်က အစပျိုးလုပ်ဆောင်မှုဖြစ်လာမှာ မဟုတ်ဘူးလေ။ ဟုတ်တယ် မဟုတ်လား"ဟု ဝါတာနာဘေးက ပြောပါသည်။

ဂမ်ဘာအား ထိုသို့ လုပ်ဆောင်ရန် ဖိအားပေးသည့်အနေဖြင့် ဝါတာနာဘေးသည် ဂျပန်ကုန်သွယ်ရေးဝန်ကြီး ယူကီယိုအီဒါနို၊ ဂျပန်အာဏာရပါတီမှ သြဇာကြီးမားသည့် နိုင်ငံရေးခေါင်းဆောင် ယိုရှီတိုဆင်ဂိုကူတို့အား ဆွဲဆောင်သိမ်းသွင်းခဲ့ပြီး မြန်မာနိုင်ငံသို့ မြန်မြန်သွားရောက်ရန် ပြောခဲ့ကြောင်းဆိုသည်။ ၎င်းက "အဲဒီတုန်းက နိုင်ငံခြားရေးဝန်ကြီးဌာနကို ကျွန်တော်ပြန်သွားခဲ့ပြီး မြန်မာကို ခရီးထွက်ဖို့ အီဒါနိုကတိပေးတဲ့အကြောင်း သူတို့ကို ကျွန်တော်ပြောခဲ့ရပါတယ်။ နိုင်ငံခြားရေးဝန်ကြီး မသွားခင် မြန်မာကိုကုန်သွယ်ရေးဝန်ကြီးသွားမယ်ဆိုရင် ဂမ်ဘာ မျက်နှာပျက်ရပါလိမ့်မယ်။ ဒါ့ကြောင့် သူ အဲဒီ့ကို ဒီဇင်ဘာမှာ သွားခဲ့တာပေါ့"ဟု ရှင်းပြသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနတို့သည် ဝါတာနာဘေး၏ ယခုတွေ့ဆုံမှုများအကြောင်းပြောကြားချက်ကို မှတ်ချက်ပေးရန်ငြင်းဆန်ခဲ့ကြပါသည်။

> **ယခုအထိတော့ သီလဝါသည် ဗလာဟင်းလင်းဖြစ်နေသောကြောင့် မှတ်မှတ်ရရ အကောင်းဆုံးနေရာတစ်ခု ဖြစ်နေသည်။ စပါးခင်းများက စက်ရုံများအတွက် လျာထားသည့် မြေနေရာများကို ဖုံးလွှမ်းနေသည်။ လုပ်သားများက မြေစေးများကို ခြင်းများနှင့် သယ်ယူနေစဉ် ထရပ်ကားများက ပွယောင်းယောင်းမြေသားထဲသို့ကျောက်စရစ်ခဲများသွန်ချနေသည်။ မြန်မာအစိုးရဝန်ကြီးဌာနများနှင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများကို ချိတ်ဆက်ပေးနေသော ယခင်အစိုးရအရာရှိ ဟောင်းတစ်ဦးဖြစ်သူ ဦးမြင့်ဦးက "ကျွန်တော်တို့ရဲ့ အယ်လ်ဒိုရာဒိုနေရာသစ်က ကြိုဆိုပါတယ်"ဟု မြစိမ်းရောင်လယ်ကွင်းတစ်လျှောက် ကားဖြတ်မောင်းလာစဉ် ဧည့်သည်တစ်ဦးကို နှုတ်ဆက်သည်။**

**■ ကြွေးမြီများ လျှော်ပစ်ခြင်း**

မတ်လထဲမှာတော့ ဂျပန်-မြန်မာအသင်းကို တည်ထောင်လိုက်ပါသည်။ တည်ထောင်သူအဖွဲ့ဝင်များတွင် နာကာဆိုနေအပြင် တရုတ်နှင့်ပတ်သက်၍ တင်းမာသည့်လိုင်းရှိ၍၊ လူသိများသူ ဝန်ကြီးချုပ်ဟောင်း တာရိုအာဆိုတို့ပါဝင်ကြသည်။ အသင်းတွင် အငြိမ်းစားအစိုးရအရာရှိကြီးများ၊ Marubeni နှင့် Mitsubishi ကော်ပိုရေးရှင်းများမှ အမှုဆောင်လူကြီးများလည်း ပါဝင်သည်။ အသင်းက နွေရာသီတွင် ပုံဖော်မည့် (မြန်မာနိုင်ငံသို့) ထောက်ပံ့ကူညီရေးအစီအစဉ် ပူးပေါင်းလုပ်ဆောင်ရေးအတွက် အစိုးရလေ့လာရေးအုပ်စုတစ်ခု ဖွဲ့စည်းရန် တွန်းအားပေးခဲ့သည်။

ဝါတာနာဘေးသည်လည်း ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်မှုများကို အသုံးပြုပြီး (မြန်မာနိုင်ငံ အပေါ်) ကြွေးမြီများလျှော်ပစ်ရေးအတွက် ကြားဝင်ဆောင်ရွက်ပေးခဲ့သည်။ နေပြည်တော်တွင် ညစာစားခဲ့ပြီး အချိန်ခြောက်လအကြာ ဧပြီ ၂၁ တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံသို့ မြန်မာက ပေးရန် ကြွေးမြီ ၆၀ ရာခိုင်နှုန်းကျော်ကို လျှော်ပစ်ရန်ကြေညာခဲ့ပါသည်။ ဝါတာနာဘေးက ၎င်းသည် ကြွေးမြီအားလုံး အပြည့်အဝလျှော်ပစ်ရန် တွန်းအားပေးခဲ့သော်လည်း ပါရီကလပ်ခေါ် မြီရှင်နိုင်ငံများအဖွဲ့၏ ခုခံမှုကြောင့် ထိုသို့မဖြစ်နိုင်ကြောင်း အပြောခံခဲ့ရသည်ဆိုသည်။

ကြွေးမြီလျှော်သည့် အစီအစဉ်တွင် ပါဝင်သူများက တိုကျိုသည် (မြန်မာနိုင်ငံအပေါ် ရှိနေသော)ကြွေးမြီ ၃ ဒသမ ၇ ဘီလီယံကိုလျှော်ပစ်ရန် သဘောတူခဲ့ပြီး မြန်မာနိုင်ငံ၏ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့သို့ လက်ကျန်ကြွေးများ ပေးနိုင်ရန် ချေးငွေ ဒေါ်လာသန်း ၉၀၀ ကိုလည်း တိုကျို-မစ်ဆူဘီရှီယူအက်ဖ်ဂျေဘဏ်ဦးဆောင်သော ဂျပန်ဘဏ်များအသင်းမှတစ်ဆင့် ထုတ်ပေးခဲ့ကြောင်းဆိုပါသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများသည် "ဂျပန်၏ ကြွေးမြီလျှော်ပစ်သည့်မြန်နှုန်းကို အလွန့်အလွန်အံ့အားသင့်ခဲ့ရကြောင်း" ပြောခဲ့သည်ဟုဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သည့် ဂျပန်အစိုးရ အရာရှိတစ်ဦးကလည်း ပြောသည်။ ၎င်းက "သူတို့ကပြောတယ်။ ဒီလိုအရင်က မမြင်ဖူးကြဘူးတဲ့"ဟု ပြန်ပြောပြသည်။ ဂျပန်သည် ထိုမှစ၍ အခြားအလှူရှင်နိုင်ငံများကိုလည်း ကြွေးမြီလျှော်ပစ်သည့် ချဉ်းကပ်နည်းသည် မြန်မာ့အပြောင်းအလဲများကို တွန်းအားပေးရန် အကောင်းဆုံးနည်းဖြစ်ကြောင်း ဆွဲဆောင်သိမ်းသွင်းခဲ့သည်။ အခြားအဖွဲ့အစည်းများကိုလည်း တိုကျိုတွင် နောက်တစ်ပတ်၌ ထိုကိစ္စဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ကြောင်း အထက်ပါအရာရှိကပြောသည်။

**■ ဒေါ်အောင်ဆန်းစုကြည်၏ ထောက်ခံမှုကို ရှာဖွေခြင်း**

မြန်မာ့စီးပွားရေး တံခါးအဖွင့်တွင် ဝါတာနာဘေးအား ထောက်ပံ့ကူညီသူများထဲမှ တစ်ဦးမှာ နီပွန်ဖောင်ဒေးရှင်းတည်ထောင်သူ ယိုဟိုင်းဆာဆာကာဝါဖြစ်သည်။ ထိုဖောင်ဒေးရှင်းကို ဆာဆာကာဝါ၏ ကြွယ်ဝသောဖခင်ဖြစ်သူ၊ စစ်ပြီးခေတ် ဂျပန်တွင် လက်ယာစွန်း နိုင်ငံရေးသမားဖြစ်ပြီး သြဇာကြီးသူက တည်ထောင်ခဲ့သည်။ မြန်မာကို ကာလရှည်ကြာစွာ စိတ်ဝင်စားခဲ့သူ ဆာဆာကာဝါသည် နေပြည်တော်တွင် ဇူလိုင်လက ဦးသိန်းစိန်နှင့် သီလဝါကိစ္စဆွေးနွေးမှုများအတွင်း ဝါတာနာဘေး၊ ဆင်ဂိုကူတို့နှင့်အတူပါဝင်ခဲ့သည်။ ထိုစဉ်က ဆာဆာကာဝါက စစ်အစိုးရနှင့် ကာလရှည်ကြာ ပဋိပက္ခဖြစ်နေသော လူနည်းစုတိုင်းရင်းသားဒေသများတွင် လှူဒါန်းထောက်ပံ့မှုများ လုပ်နိုင်ရန်ကမ်းလှမ်းခဲ့သည်။ ၎င်းက လူနည်းစုတိုင်းရင်းသားများသည် အစိုးရသစ်တွင် ငြိမ်းချမ်းရေးရည်ရွယ်ချက်များရှိကြောင်း နားလည်ရေး မရှိမဖြစ် လိုအပ်သည်ဟုဆိုပါသည်။ မြန်မာ၏ ပဋိပက္ခဖြစ်ပွားရာဇုန်များတွင် ၂၀၁၀ရွေးကောက်ပွဲများ မကျင်းပနိုင်ခဲ့ပါ။

နှစ်နိုင်ငံအကြား ကျယ်ပြန့်သည့် သဘောတူညီချက်များကို ဩဂုတ်လတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယခုအခါ မြန်မာဘက်က ဦးဝင်းအောင်ခေါင်းဆောင်သည့် စက်မှုလုပ်ငန်းအဖွဲ့အကြောင်း အသေးစိတ်ကို ပြင်ဆင်လုပ်ကိုင်နေပြီး ဂျပန်ဘက်ကလည်း အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများ အကြမ်းဖျင်းရေးဆွဲနေသည်။ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၎င်းတို့သည် အဆိုပြုထားသော ရင်းနှီးမြှုပ်နှံမှုက စစ်တပ်ကျောထောက် နောက်ခံပြုအစိုးရအတွက် နိုင်ငံရေးအကျိုးအမြတ်များ ရစေမည်၊ မရစေမည်ကို စိတ်မပူကြောင်းပြောပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ယခုအခါ ပါလီမန်သို့ တင်နေသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ထောက်ခံထားပြီး အနောက်တိုင်းကိုလည်း နောက်ထပ်ပိတ်ဆို့မှုများ လျှော့ချရန် တောင်းဆိုနေပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီ အဖွဲ့ဝင်ဦးဟံသာမြင့်က "ကျွန်တော်တို့ဒါနဲ့ပတ်သက်လို့ ဘာမှ မစိုးရိမ်ပါဘူး။ကျွန်တော်တို့အတွက် အရေးကြီးတာက ဒီရင်းနှီးမြှုပ်နှံမှုနဲ့ အထောက်အပံ့တွေဟာ လူတွေအတွက် အကျိုးဖြစ်စေသလား၊ မဖြစ်စေဘူးလားဆိုတာပါပဲ" ဟု ပြောသည်။

ဂျပန်ကုန်သွယ်ရေးဝန်ကြီးဌာနသည် သီလဝါစီမံကိန်း၌ ယခင်စစ်အစိုးရလက်ထက် ခရိုနီများနှင့် ပူးတွဲလုပ်ကိုင်ခြင်းကြောင့် ဂျပန်ကုမ္ပဏီများတွင် ဂုဏ်သတင်းထိခိုက်နိုင်မည့် အရေးနှင့် ပတ်သက်၍ မည်သို့မျှ မှတ်ချက်ပေးခြင်းမရှိပါ။ ကုန်သွယ်ရေးဝန်ကြီးဌာနပြောခွင့်ရအမျိုးသမီး အဆာဂီဆာကိုင်းက "သီလဝါဖွံ့ဖြိုးရေးစီမံကိန်းဟာ မြန်မာအစိုးရဘက်က တောင်းဆိုမှုနဲ့စတင်ခဲ့တာပါ။ အစိုးရနှစ်ရပ်စလုံးက ဒါကို စဉ်းစားနေပါတယ်။ သီလဝါမှာ ဂျပန်-မြန်မာပူးပေါင်းဆောင်ရွက်ရေး ပုံဖော်ဖို့ ဘယ်လို လက်တွေ့ဆုံးဖြတ်ချက်မျိုးကိုမှ မချမှတ်ရသေးပါဘူး"ဟုပြောသည်။

တိုကျိုရှိ ၎င်း၏ ရုံးခန်းတွင်တော့ မြန်မာနိုင်ငံတွင် စောစောပိုင်းကပင် ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်ရခြင်းအန္တရာယ်နှင့်ပတ်သက်၍ မေးမြန်းခံရသောအခါ မစ္စတာဝါတာနာဘေးက ပခုံးတွန့်ပြပါသည်။ "ဒီလိုကိစ္စတွေနဲ့ပတ်သက်လို့ ပူပန်နေတဲ့ ကုမ္ပဏီတွေတစ်ခုခုများရှိခဲ့ရင် သူတို့ ဂျပန်မှာပဲနေမြဲကောင်းနေကြမှာပါ။ ဒါဟာ သူတို့ ရွေးချယ်မှုပါပဲ" ဟု ပြောပါသည်။

—Ref:'How Japan Inc Stole a march in Myanmar' by Antoni Slodkowski.

7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# ဘင်္ဂလားဒေ့ရှ်သံရုံးရှေ့တွင် သံဃာတော်အပါး ၃၀၀ ခန့် ဆန္ဒဖော်ထုတ်




**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၈**

မြန်မာနိုင်ငံတွင် OIC(Organization of Islamic Cooperation) ရုံးဖွင့်လှစ်ရန် လုံးဝ အလိုမရှိကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များကို ဘင်္ဂလားဒေ့ရှ် အစိုးရက လုံခြုံစွာ ဆောင်ရွက်ပေးရေးအပါအဝင် စုစုပေါင်း အချက် ၁၄ ချက်အား သံဃာတော်အပါး ၃၀၀ ခန့်က အောက်တိုဘာ ၈ ရက်(ယနေ့၌) ဘင်္ဂလားဒေ့ရှ် သံရုံးရှေ့တွင်ဆန္ဒဖော်ထုတ်တောင်းဆိုခဲ့ကြသည်။

OIC သည်ဆော်ဒီအာရေဗီးယားနိုင်ငံ ဂျက်ဒါမြို့တွင် အခြေစိုက်ပြီး ကုလသမဂ္ဂအဖွဲ့ပြီးလျှင် ဒုတိယအင်အားအကြီးဆုံး အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ကာ အဖွဲ့ဝင် ၅၇ နိုင်ငံရှိသည်။ ယင်းအဖွဲ့ မြန်မာနိုင်ငံ၌ လာ၍ရောက်ရုံးစိုက်မည့်အရေးနှင့်ပတ်သက်၍ ရခိုင်တိုင်းရင်းသူများကလည်း ယခုလအတွင်း ဆန္ဒထုတ်ဖော်ရန် စီစဉ်ခဲ့သည်။

အဆိုပါတောင်းဆိုချက်များအား မဟာသံဃာ့နာယကဆရာတော်များ နိုင်ငံတော် သမ္မတ၊ နိုင်ငံရေး ပါတီခေါင်းဆောင်များ၊ မွတ်ဆလင်ဘာသာရေး ခေါင်းဆောင်များကပါတောင်းဆိုပေးပါရန်လည်း ထည့်သွင်းတောင်းဆိုခဲ့ကြသည်။

“ဘင်္ဂလားဒေ့ရှ်ကော့ဘဇားခရိုင်ဒေသမှာ လူနည်းစု ဗုဒ္ဓဘာသာဝင်တွေ မီးရှို့ခံရတယ်။ သတ်ဖြတ်ခံရတယ်။ ရပ်တန်းက ရပ်တန့်ပေးဖို့ တောင်းဆိုတာပါ”ဟု ဆန္ဒဖော်ထုတ်ပွဲတွင် ဦးဆောင်ဆရာတော်တစ်ပါးဖြစ်သော ဆရာတော် ဦးပညာနန္ဒက မိန့်ကြားသည်။

ယခု တောင်းဆိုသော အချက်များကို လိုက်လျောပေးပါက ဆန္ဒဖော်ထုတ်မှုကို ရပ်တန့်ပေးမည်ဖြစ်ပြီး မလိုက်လျောပါက ဆက်လက်ဆန္ဒဖော်ထုတ်သွားမည်ဟု ဆရာတော်ဦးပညာနန္ဒက မိန့်ကြားသည်။

ဆန္ဒဖော်ထုတ်သော သံဃာတော်များသည် ယနေ့ မွန်းလွဲ ၂ နာရီခန့်က ဘင်္ဂလားဒေ့ရှ်သံရုံးရှေ့တွင် တောင်းဆိုချက် ၁၄ ချက်အား ဖတ်ကြားခြင်းနှင့် မေတ္တာသုတ်ရွတ်ဆိုပြီးနောက် အမေရိကန်သံရုံးသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

အမေရိကန် သံရုံးရှေ့တွင် လစ်ဗျား နိုင်ငံ၌ ကျဆုံးသွားခဲ့သော အမေရိကန် သံအမတ်အတွက် လွမ်းသူ့ပန်းခွေချခြင်းနှင့် သံအမတ်ကြီး ကောင်းရာသုဂတိရောက်ရှိစေရန် မေတ္တာသုတ် ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင်ဒေသရှိ ဗုဒ္ဓဘာသာဝင်များ တိုက်ခိုက်ခံရခြင်း၊ သာသနိက အဆောက်အအုံများ ဖျက်ဆီးခံရခြင်းနှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိသံဃာတော်အချို့သည် အောက်တိုဘာ ၅ ရက်မှ စတင်၍ ဘင်္ဂလားဒေ့ရှ်သံရုံးရှေ့တွင် ဆန္ဒဖော်ထုတ်ခဲ့ကြခြင်းဖြစ်သည်။






လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်

# လူ့ဘောင်သစ်ပါတီ ပြည်တွင်းတွင် ပြန်အခြေချမည့် ပထမဆုံးသော နိုင်ငံရေးအဖွဲ့အစည်း ဖြစ်ဖွယ်ရှိ

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊အောက်တိုဘာ-၇**

ပြည်ပအခြေစိုက် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကမြန်မာနိုင်ငံတွင်နိုင်ငံရေးပါတီအဖြစ်ပြန်လည်ရပ်တည်ရန် သဘောသလောက်ရှိပြီဖြစ်ကြောင်း လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က 7Day News သို့ပြောကြားသည်။

ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှတစ်ဆင့်ပြည်ပရောက်အမည်မည်းစာရင်းဝင်များ၊ ပါတီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် အစိုးရအကြား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ အကယ်၍ လူ့ဘောင်သစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် ပြည်တွင်းတွင် ရပ်တည်ခွင့်ပြုမည်ဆိုပါက ယင်းပါတီမှာ ပြည်တွင်း၌ ပြန်လည်ရပ်တည်မည့်ပထမဆုံးသောနိုင်ငံရေးအဖွဲ့အစည်းဖြစ်လာမည်ဖြစ်သည်။

“ဦးအောင်မိုးဇော်တို့အဖွဲ့နဲ့ ဒီဘက်အဖွဲ့နဲ့ သုံးကြိမ်တွေ့ပြီးပါပြီ။ ဆွေးနွေးဖို့ သိပ်မကျန်တော့ဘူးလို့ ကျွန်တော် ထင်ပါတယ်။ သူတို့ပြန်လာခဲ့ရင်တော့ ပြည်ပရောက်အဖွဲ့ထဲက ပြည်တွင်းမှာပြန်ရပ်တည်မယ့် ပထမဆုံးအဖွဲ့ဖြစ်လာပါလိမ့်မယ်” ဟု ငြိမ်းချမ်းရေးအကျိုးဆောင် ဦးလှမောင်ရွှေက သုံးသပ်ပြောကြားသည်။

လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌကပြီးခဲ့သည့် စက်တင်ဘာ ၃ ရက်တွင် မြန်မာနိုင်ငံသို့ သုံးပတ်တာ

စာ(၂၉)သို့

7DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# ပုဂ္ဂလိကစက်သုံးဆီဆိုင်များ ဆီအခိုးကြမ်း

## ဆိုင်ပေါင်း ၂၃ ဆိုင် ဝင်ရောက်စစ်ဆေးရာ ၂၁ဆိုင်မှာ အခြင်အတွယ်မပြည့်

**ရန်ကုန်၊အောက်တိုဘာ-၆**
စွမ်းအင်ဝန်ကြီးဌာနက ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင် ၂၃ဆိုင်အား အောက်တိုဘာ ၆ရက် (ယနေ့) ရှောင်တခင် စစ်ဆေးရာ ဆိုင်ပေါင်း ၂၁ ဆိုင်ရှိပန့်များမှာ သတ်မှတ်အခြင်အတွယ် ပြည့်မီခြင်းမရှိဘဲ လျော့နည်းနေသည်ကိုတွေ့ရှိရကြောင်း စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

သတ်မှတ်အခြင်အတွယ်ပြည့်မီခြင်းမရှိသည့် ဆိုင်ပိုင်ရှင်များထံသို့ တရားဝင်စာဖြင့် သတိပေးသွားမည်ဖြစ်ပြီး ထပ်မံစစ်ဆေးတွေ့ရှိပါက စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ကိုပြန်လည်သုံးသပ်သွားမည်ဟုလည်း ကြေညာချက်တွင် ပါရှိသည်။

“တက္ကသိုလ်ရိပ်သာလမ်းက မြဝတီဆိုင်မှာ ဆီထည့်တုန်းက ဂိတ်ကမတက်ဘူးလို့ပြောတော့ဝန်ထမ်းကပြန်ပြောတယ်။တစ်သောင်းဖိုးထည့်တာတောင်ဂိတ်ကမတက်ဘူးလို့ပြောတယ်။ အဲဒီကတည်းက အဲဒီဆိုင်မှာ တစ်ခါမှ မထည့်တော့ဘူး”ဟု အငှားယာဉ်မောင်း ကိုစန်းလင်းအောင်က ပြောကြားသည်။

များသောအားဖြင့် ဓာတ်ဆီတစ်ဂါလန်တွင် ၄ ဒသမ ၅ လီတာရှိသော်လည်း မပြည့်သောဆိုင်များ၌ လီတာဝက်ခန့် လျော့သည်ကို တွေ့ရှိရကြောင်း ကိုစန်းလင်းအောင်ကပြောသည်။

သတ်မှတ်အခြင်အတွယ် မပြည့်မီသော ဆိုင် ၂၁ ဆိုင်ထဲတွင် နာမည်ကြီး ကုမ္ပဏီများက ဖွင့်ထားသော ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ထူးထရေးဒင်း ကုမ္ပဏီ၊ တော်လှန်ရေးပန်းခြံရှေ့ ဦးဝိစာရလမ်းရှိ DENKO ကုမ္ပဏီ၊ တာမွေမြို့နယ်ရှိ မက်စ်မြန်မာကုမ္ပဏီ၊ ဒဂုံမြို့သစ်တောင်ပိုင်းရှိ နီလာရိုးမကုမ္ပဏီ၊ တောင်ဥက္ကလာပမြို့နယ်မင်္ဂလာလမ်းထောင့်နှင့် ရတနာလမ်းထောင့်ရှိ ရာဇာမင်းကုမ္ပဏီ၊ ကန်သာယာလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရွှေတောင်ကုမ္ပဏီ၊ ရန်ကုန်-ပြည်လမ်း မင်္ဂလာဒုံမြို့နယ်ရွာရွှေဝါကုမ္ပဏီ၊ပန်းပင်ကြီးလမ်းကြည့်မြင်တိုင်မြို့နယ်ရှိPetro Green (ယုဇနကုမ္ပဏီ)၊ ဦးဝိစာရလမ်း ဒဂုံမြို့နယ်ရှိ လင်းလက်အောင် (မြဝတီထရေးဒင်း) ကုမ္ပဏီတို့ပါဝင်သည်။

“ဘာမှတော့ပြောစရာမရှိပါဘူး။ ဒါပေမဲ့ မကြာခင်ကစပြီး လီတာနဲ့ ရောင်းတော့မယ်။ ဂါလန်နဲ့ မရောင်းတော့ဘူးဟု မက်စ်မြန်မာဆီဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စွမ်းအင်ဝန်ကြီးဌာနကယင်းကဲ့သို့ စစ်ဆေးရာတွင် တစ်ဂါလန်လျှင် အမေရိကန် စံနှုန်းဖြစ်သော တစ်ဂါလန် ၄ ဒသမ ၅ လီတာနှင့် မစစ်ဆေးဘဲ အင်္ဂလန်စံနှုန်းဖြစ်သည့် ၄ ဒသမ ၅၄၆ လီတာနှင့် စစ်ဆေးခဲ့ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

“ဘယ်စနစ်နဲ့စစ်တာလဲ။ အမေရိကန်စနစ်လား၊ အင်္ဂလန်စနစ်လား တည့်မတ်ပေးချင်တာလား၊ အပြစ်တင်ချင်တာလား ဆိုတာ စဉ်းစားစရာဖြစ်နေတယ်။ ဆိုင်တွေကို အခြင်အတွယ်ပြည့်အောင် အမြဲစစ်ဆေးပါတယ်”ဟု DENKOဆီဆိုင်ပိုင်ရှင် ဦးချစ်ခိုင်က ပြောသည်။



**စာ(၂၈)မှ**

လာရောက်ခွင့်ရရှိခဲ့ပြီး အစိုးရတာဝန်ရှိသူများ အပါအဝင် ပြည်တွင်းရှိနိုင်ငံရေးအင်အားစုများ လူထုအခြေပြု အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

“သူတို့က ကျွန်တော်တို့ကို ဘလက်လစ်ကနေ ထုတ်ပေးပြီးပြီ။ နောက်တစ်ခုက လူတစ်ဦးချင်းစီကိုလည်း ဘလက်လစ်ကနေ ထုတ်ပေးပြီးသွားပြီ။ နောက်တစ်ဆင့်က အဖွဲ့အစည်းအနေနဲ့ ပြန်ဖို့ပဲရှိတော့တယ်။ အဖွဲ့အစည်းအနေနဲ့ ဒီကို ပြန်နိုင်တဲ့အနေအထား၊ အသေးစိတ်ကိစ္စမှာ နည်းနည်းကျန်နေတာ။ ပြေလည်ဖို့များပါတယ်” ဟု ဦးအောင်မိုးဇော်က ပြောကြားသည်။

ပြည်ပရောက် နိုင်ငံရေးပါတီတစ်ခုဖြစ်သော NLD-LA ပါတီဝင်ဟောင်း(လောလောလတ်လတ်နုတ်ထွက်ထားသူ) ဦးညိုအုန်းမြင့်က လူ့ဘောင်သစ်ပါတီ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ယခုကဲ့သို့ မှတ်ချက်ပြုပြောကြားသည်။

“နိုင်ငံရေး စာမျက်နှာသစ်တစ်ခုရောက်ပြီဆိုရင် ဆုံးဖြတ်ကြရမှာ ဒီစာမျက်နှာပေါ် လိုက်မလား။ မလိုက်ဘူးလား။ လူ့ဘောင်သစ်ကတော့ပြတ်တယ်။ မြန်မာပြည်ပြန်လာပြီး ပါတီထောင်မယ်ပေါ့။ အပြင်မှာ နိုင်ငံရေးပါတီအနေနဲ့ သီးသန့်ရပ်တည်တာ နှစ်ခု၊ သုံးခုပဲရှိတယ်။ ဒီမိုကရက်တစ် အဖွဲ့အစည်းတွေကတော့ ၂၀ လောက်ရှိတယ်။ အထဲမှာနေခြင်းအပြင်မှာနေခြင်းကတော့ ကိုယ့်ထိရောက်မှုနဲ့ ဆိုင်တယ်” ဟု ဦးညိုအုန်းမြင့်က ဆက်ပြောသည်။

လူ့ဘောင်သစ် ပါတီသည် ၁၉၉၀ က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီပြီးလျှင် ဒုတိယအင်အားအကြီးဆုံးပါတီ တစ်ခုဖြစ်သော်လည်း ယခုပြည်တွင်းတွင် ပြန်လည်ရပ်တည်မည် ဆိုပါက လက်ရှိ တည်ဆဲဥပဒေများ အရအခက်အခဲများကြုံတွေ့ရနိုင်ကြောင်း နိုင်ငံရေးလေ့လာသူတို့က သုံးသပ်သည်။

ထိုကိစ္စနှင့် ပတ်သက်၍ ဦးအောင်မိုးဇော်က “ရွေးကောက်ပွဲဥပဒေအရပဲဖြစ်ဖြစ် နိုင်ငံရေးပါတီ ဥပဒေအရပဲဖြစ်ဖြစ် အဟန့်အတားတွေရှိတယ်။ နိုင်ငံရေးပါတီအဖြစ် ရပ်တည်ခွင့်ရပြီးရင်တော့ ဆက်လက်ရုန်းကန်ရမယ့်ဟာတွေပေါ့။ တခြားအဖွဲ့အစည်းတွေနဲ့ လက်တွဲပြီးတော့ ဆောင်ရွက်သွားပါမယ်” ဟု ပြောကြားသည်။

မည်သည့်နိုင်ငံသားမျှ ခံယူမထားသည့်အတွက် အစိုးရနှင့် အပြီးသတ် ဆွေးနွေးပြီးပါက နိုင်ငံသားအဖြစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံအတွင်း ကျန်းမာ၍ တာဝန်ယူမှုရှိသော အတိုက်အခံပါတီတစ်ခုအဖြစ် ရပ်တည်သွားလိုကြောင်း၊ လူထုနိုင်ငံရေးအင်အားကောင်းစေရေးအတွက် လူထုနိုင်ငံရေးအင်အားကောင်းအောင် အားစိုက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။



## စာ– ၂၁၊ ကမ္ဘာ့ဆရာများနေ့က မြန်မာ့ဆရာများရင်ဖွင့်သံ မှ

“ဆရာတွေ အတော်အများစုက ဆင်းရဲပါတယ်။ တပည့်မရှား တစ်ပြား မရှိ၊ ပီတိကိုစား အားရှိပါ၏တဲ့ ပီတိစားပြီး အားရှိတာတော့ ကျွန်တော်တစ်ယောက်မှတော့ မတွေ့ဖူးပါဘူး။ ပြည်သူဆင်းရဲရင် ဆရာ ဆင်းရဲမယ်၊ ပြည်သူ ချမ်းသာရင် ဆရာ ချမ်းသာမယ်။ အဲ့ဒါကြောင့် ပြည်သူနဲ့ အတူတူ လက်တွဲသွားကြဖို့ ဆရာကဏ္ဍက အရေးကြီးပါတယ်”ဟု တက္ကသိုလ်ဆရာဟောင်းတစ်ဦးဖြစ်သော ဒေါက်တာခင်မောင်ညိုက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်တွင် ပြောကြားခဲ့သည်။

စစ်အုပ်ချုပ်ရေးစနစ်၏ ရလဒ်အနေဖြင့် ဆရာ၊ ဆရာမများ၏ အသက်မွေးဝမ်းကျောင်းဘဝခက်ခဲမှု ကြီးထွားလာခြင်း၊ သင်ကြားမှု အရည်အသွေးများ လျော့ကျလာခြင်း၊ ဂုဏ်သိက္ခာကျဆင်းလာခြင်းတို့ကို ပြန်လည်ကုစားနိုင်ရန် ပညာရေးဝန်ထမ်းများက မျှော်လင့်နေကြသည်။

ဆရာ၊ ဆရာမများ၏ လူမှုဘဝများ ပြန်လည်မြင့်မားတိုးတက်လာစေရန် ပညာရပ်ဆိုင်ရာ သင်တန်းများ ပို့ချပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဘဝ လုံခြုံမှုရှိလာစေခြင်း၊ လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုမှုများကို အသိအမှတ်ပြုခြင်း၊ သင်ကြားရေးနှင့် သက်ဆိုင်ခြင်းမရှိသော လုပ်ငန်းတာဝန်များတွင် အချိန်ကုန်၊ လူကုန်ဖြစ်နေမှုကို ကုစားခြင်း၊ ခရီးသွားလာမှု ခက်ခဲနေခြင်းကို ပံ့ပိုးကူညီခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းမွန်စေအောင် ဖန်တီးပေးထားခြင်း နည်းလမ်းများကို အဖြေရှာဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ပြင် လစာပေးချေမှုပုံစံနှင့် ရာထူးတိုးမြှင့် သတ်မှတ်သောပုံစံတို့သည် ဆရာ၊ ဆရာမများ၏ စိတ်ဓာတ်ခွန်အားနှင့် လုပ်ရည်ကိုင်ရည် တိုးတက်လာစေရန် အဟန့်အတားဖြစ်စေလျက်ရှိကြောင်း ပညာရေးကျွမ်းကျင်သူများကဆိုသည်။

“ဆရာတွေရဲ့ အဆင့်အတန်းကို ခွဲခြားနေတယ်။ မူလတန်းဆရာကို နိမ့်တယ်လို့ ယူဆတယ်။ လစာလည်း နိမ့်တယ်၊ ဆက်ဆံပုံလည်း နိမ့်တယ်။ ဆရာတွေရဲ့ပညာရပ်က ဘယ်ကဏ္ဍမဆိုမြင့်တယ်။ မူလတန်းကလေးတွေရဲ့စိတ်သဏ္ဍာန်၊ ကလေးတွေရဲ့ဖွံ့ဖြိုးမှုကို ကောင်းကောင်းနားလည်မှ ကလေးတွေရဲ့ သင်ယူမှုကို ဆရာတွေက ထောက်ပံ့ပေးနိုင်မယ်။ မူလတန်းလည်း အရေးကြီးတယ်၊ အလယ်တန်း၊ အထက်တန်းလည်း အရေးကြီးတယ်။ တက္ကသိုလ်လည်း အရေးကြီးတယ်။ ကဏ္ဍတိုင်းက အရေးကြီးတယ်။ အဲ့ဒီတော့ ဆရာတွေရဲ့ အဆင့်ကိုခွဲခြားတာ မသင့်ဘူး’ဟု ပြည်ပရောက်ပညာရေးသုတေသီ ဒေါက်တာသိန်းလွင်က ပြောသည်။

စိန်ခေါ်မှုအနေဖြင့် အခြေခံပညာအဆင့်တွင် မူလတန်းပြများအား အလယ်တန်းရာထူးနှင့် အလယ်တန်းပြများအား အထက်တန်း ရာထူးသို့ တိုးမြှင့်ပေးလျက်ရှိရာ တစ်ဆင့်မြင့် အတန်းတွင် ဘာသာရပ်များကို ပြောင်းလဲသင်ကြားရသဖြင့် ယခင် သင်ကြားမှု အတွေ့အကြုံများ ဆုံးရှုံးမှုရှိနေပြီး ဝေးလံခက်ခဲသော ဒေသများတွင်လည်း ဆရာ၊ ဆရာမများ နည်းပါးနေကြောင်း အမျိုးသားအဆင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစာတမ်းတစ်စောင်တွင် ဖော်ပြထားသည်။

ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေးမြင့်မားရေးအတွက် ဆရာ အတတ်ပညာအရည်အချင်း၊ ရာထူး၊ လုပ်သက်၊ ကျွမ်းကျင်မှုအဆင့်ပေါ် မူတည်၍ လစာနှုန်းထား တိုးမြှင့်သတ်မှတ်ရန်စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းဘဝ ဖူလုံမှုအတွက် အစိုးရတစ်ရပ်တည်းပေါ်တွင် မှီခိုနေရခြင်းထက် ရပ်ရွာဒေသနှင့် အခြားအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများလည်း လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်၏ ပညာရေးအဆင့်အသီးသီးတွင် သင်ယူနေသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်အောင် သင်ကြားပေးနေသော ဆရာ၊ ဆရာမများသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်နေကြသူများဖြစ်ကြောင်း၊ စီးပွားရေး၊လူမှုရေးဆိုင်ရာ အခက်အခဲအမျိုးမျိုးကြားက ရုန်းကန်လှုပ်ရှားနေကြရသော လက်ရှိ လူမှုစီးပွားအခြေအနေကို ပိုမိုတိုးတက်နိုင်အောင် နည်းလမ်းကောင်းများ ရှာကြံဆောင်ရွက်သွားကြရန် အချိန်ရောက်ပြီဖြစ်ကြောင်း ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နေပြည်တော်တွင် ကျင်းပသော ကမ္ဘာ့ဆရာများနေ့တွင်ပြောကြားခဲ့သည်။

ဆရာ၊ဆရာမများအနေဖြင့် သင်ခန်းစာများ သတ်မှတ်ချိန်အမီပြီးပြတ်နိုင်ရေး လုံးပန်းနေရခြင်း၊ သင်ကြားရေးနှင့် မသက်ဆိုင်သော လုပ်ငန်းတာဝန်များ လုပ်ကိုင်နေရခြင်းနှင့် အသက်မွေးဝမ်းကျောင်းခက်ခဲမှုကြောင့် အခြားနည်းလမ်းဖြင့် ဝင်ငွေရှာနေရခြင်းတို့သည် အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော သတင်းအချက်အလက်နှင့် နည်းပညာခေတ်တွင် နောက်ကျ ကျန်နေစေသော အကြောင်းရင်းများဖြစ်သည်။

အစမ်းသပ်ခံပညာရေးစနစ်တွင် နှစ်ပေါင်းများစွာ ကျင်လည်နေခဲ့သော မြန်မာ့ပညာရေးသည် ဆရာ၊ ဆရာမများအပေါ် ကြီးကြီးမားမား သက်ရောက်မှုဖြစ်စေလျက်ရှိရာ ဆရာ၊ ဆရာမများ၏ သဘောထားအမြင်၊ စိတ်အားထက်သန်မှု၊ တိုင်းပြည်နှင့် လူမျိုးချစ်စိတ်တို့ ပြန်လည်ရှင်သန်ပြောင်းလဲလာစေရန် လိုအပ်နေပြီဖြစ်သည်။

“အရင်တုန်းက စေတနာတို့၊ အနစ်နာတို့ ဆိုတာက လျှောက်ပြော နေတာပါ။ ဒါတွေက လိုပါတယ်။ ဒါပေမဲ့လည်း တကယ့်လက်တွေ့မှာ ဆရာတွေ စိတ်ဓာတ်တက်ကြွလာအောင်၊ စေတနာတွေ ရှိလာအောင်၊ ငါတို့တိုင်းပြည်၊ ငါတို့လူတွေအတွက်ဆိုတာမျိုး ဖြစ်လာအောင်၊ တကယ်သင်တတ်၊ကြားတတ်ဖြစ်လာအောင် အဲ့ဒါတွေလိုပါတယ်” ဟု ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေသော စာရေးဆရာကိုတာကပြောသည်။

**TRADEMARK CAUTION**

FUJI ELECTRIC CO., LTD, a Company incorporated in Japan at 1-1, Tanabeshinden, Kawasaki-ku, Kawasaki-shi, JAPAN is the Owner and Sole Proprietor of the following Trademark:-

**Innovating Energy Technology**

**Reg: No.4/9855/2012**

In respect of : Int'l Class 7 : " Metalworking machines and tools; construction machines and apparatus; loading- unloading machines and apparatus; chemical processing machines and apparatus; textile machines and apparatus; food or beverage processing machines and apparatus; lumbering, woodworking, or veneer or plywood making machines and apparatus; pulp making, papermaking or paper- working machines and apparatus; printing or bookbinding machines and apparatus; plowing machines and implements [other than "handheld tools"]; cultivating machines and implements; harvesting machines and implements; plant fiber processing machines and implements [for making agricultural aids of crude vegetable fibrous materials]; fodder presses; fodder cutting machines [feed cutters]; fodder mixing machines [feed mixers]; cake- fodder crushing machines [feed mills]; plastic processing machines and apparatus; semiconductor manufacturing machines and systems; machines and apparatus for manufacturing rubber goods; non- electric prime movers, not for land vehicles [other than "water mills" and "wind mills"]; parts for non- electric prime movers [other than "water mills" and "wind mills"]; water mills; wind mills; pneumatic or hydraulic machines and instruments; vending machines; gasoline station equipment; electric washing machines for industrial purposes; repairing fixing machines and apparatus; mechanical parking systems; food mixing machines for commercial use; food peeling machines for commercial use; food cutting, chopping and slicing machines for commercial use; dish washing machines for industrial purposes; electric wax-polishing machines for industrial purposes; vacuum cleaners for industrial purposes; curtain drawing devices electrically operated; electric door openers; waste compacting machines and apparatus; waste crushing machines; starters for motors and engines; AC motors and DC motors [not including those for land vehicles but including "parts" for any AC motors and DC motors]; AC generators [alternators]; DC generators. "

Int'l Class 9 : "Ozonisers [ozonators]; electrolysers; blueprint apparatus; cash registers; coin counting or sorting machines; electric sign boards for displaying target figures, current outputs or the like; photo- copying machines; drawing or drafting instruments and apparatus; time and date stamping machines; time clocks [time recording devices]; punched card office machines; voting machines; postage stamp checking apparatus; coin- operated gates for car parking facilities; fire alarms; gas alarms; anti- theft warning apparatus; photographic instruments and apparatus; cinematographic instruments and apparatus; optical apparatus and instruments; measuring or testing machines and instruments; power distribution or control machines and apparatus; rotary converters; phase modifiers; solar batteries; batteries and cells; solar cells; electric or magnetic meters and testers; electric wires and cables; telecommunication machines and apparatus; computer programs; electron tubes; semi- conductor elements; electronic circuits [not including those recorded with computer programs]; computers and their peripherals; electrostatic copying machines; electronic desk calculators; electronic dictionaries; word processors; Geiger counters; high frequency welders; cyclotrons [not for medical purposes]; industrial x- ray machines and apparatus [not for medical use]; industrial betatrons [not for medical use]; magnetic prospecting machines; magnetic object detectors; seismic exploration machines and apparatus; hydrophone machines and apparatus; echo sounders; ultrasonic flaw detectors; ultrasonic sensors; electronic door closing systems; electron microscopes".

Int'l Class 11 : "Drying apparatus [for chemical processing]; recuperators [for chemical processing]; steamers [for chemical processing]; evaporators [for chemical processing]; distillers [for chemical processing]; heat exchangers [for chemical processing]; industrial furnaces; nuclear reactors [atomic piles]; air- conditioning apparatus [for industrial purposes]; freezing machines and apparatus; cooking equipment for industrial purposes; industrial dish drying apparatus and installations; dish disinfectant apparatus for industrial purposes; garbage incinerators for industrial purposes; solar water heaters; water purifying apparatus."

Int'l Class 12 : " Non- electric prime movers for land vehicles [not including "their parts"]; AC motors or DC motors for land vehicles [not including "their parts"]; vessels and their parts and fittings [other than "air cushion vehicles"]; railway rolling stock and their parts and fittings; automobiles and their parts and fittings; two-wheeled motor vehicles, bicycles and their parts and fittings.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph:371990

11.Oct.2012

**ဒုတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း**
**AGTI (CIVIL) 1994, INSEIN**

ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားအား (8-12-2012) ရက် အမျိုးသားနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလိုပါသဖြင့် ကျောင်းသား/ကျောင်းသူ သူငယ်ချင်းများအားလုံး မပျက်မကွက်အမြန်ဆုံး ဆက်သွယ်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| Section (A) | ဆက်သွယ်ရန် | Section (B) |
|---|---|---|
| ဦးကိုကိုသက် | | ဦးအောင်ဇော်မြင့် |
| 09-5045040 | | 09-5190779 |
| ဦးထိပ်တင်ဟန်လင်း | | ဦးဝင်းနိုင်ဦး |
| 09-49233295 | | 09-5022180 |
| ဒေါ်ခင်မိုးအေး | | ဒေါ်နွယ်နီထွန်း |
| 09-43206932 | | 09-8573046 |
| ဦးဇော်လွင်မိုး (S'pore) | | ဒေါ်သီတာဝင်း |
| (+)65-91125183 | | 09-5014882 |

**ဝန်ထမ်းအမြန်အလိုရှိသည်။**

Asia Metal Group of Companies ၏ စက်ရုံ၊ အလုပ်ရုံများနှင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင်လုပ်ကိုင်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

**Safety Officer** **Male (10)Post**

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။
- အင်္ဂလိပ်စာအသင့်အတင့်ရေးနိုင်၊ဖတ်နိုင်၊ပြောနိုင်ရမည်။
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ဆိုင်သောကိစ္စရပ်များကို စိတ်ပါဝင်စားသူဖြစ်ရမည်။(အတွေ့အကြုံရှိသူကိုဦးစားပေးမည်။)
- Computer အသုံးပြုနိုင်သူဖြစ်ရမည်။
- ဆောက်လုပ်ရေးနှင့်စက်ရုံ၊အလုပ်ရုံပိုင်းတွင်စိတ်ပါဝင်စား၍စကားပြောပြေပြစ်ကောင်းမွန်မှုရှိရမည်။
- နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အသက်(၂၅)နှစ်နှင့်(၄၀)နှစ်ကြားဖြစ်ရမည်။

(လျှောက်ထားလိုသူများသည် (၂၀.၁၀.၂၀၁၂)ရက်နေ့နောက်ဆုံးထား၍ကိုယ်ရေးရာဇဝင်၊ ဓါတ်ပုံ (၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊အလုပ်သမားမှတ်ပုံတင်မှုရင်း၊ရပ်ကွက်ထောက်ခံစာမူရင်း၊အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်းထောက်ခံစာမူရင်းတို့နှင့်အတူ Asia Metal Group of Companies အမှတ်(၁၀၆)၊ ပန်းဆဲခေါင်းမောင်စက်လမ်း၊စက်မှုဇုန်(၄)၊ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့သို့လျှောက်ထားနိုင်ပါသည်။ ဖုန်း – ၀၁ ၆၁၈၁၃၇)



(တစ်)

ရန်ကုန်မြို့ အခြေစိုက်တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းကနေ ပါမောက္ခဘဝဖြင့် အငြိမ်းစားယူသွားပြီးဖြစ်သူ ဆရာတစ်ယောက်နှင့်ကျွန်တော်တို့ မကြာခဏဆိုသလို စကားစမြည် ပြောဖြစ်ပါသည်။ ထိုစကားစမြည်တွင်ကား ဆရာက "တိုက်စစ်" အကြောင်းပြောကာရယ်ပွဲဖွဲ့ပါသည်။ "တိုက်စစ်"တဲ့။ တက္ကသိုလ်ကျောင်းထဲက တိုက်စစ်။ ဤတွင် ပညာရေးလောကနှင့် တိုက်စစ်ဘာဆိုင်လို့တုံးဟု ဆန္ဒစောသူတို့က မေးနိုင်ပါသည်။ ရေလည်အောင်ရှင်းပြပါရစေဦး။

စစ်ရေးလောက၌ တိုက်စစ်၊ ထိုးစစ်၊ ခံစစ်၊ ပြောက်ကျားစစ် စသည် စသည်ဖြင့် သေနင်္ဂဗျူဟာ အမျိုးမျိုးရှိသည်ကို အများအသိဖြစ်ပါသည်။ ယခုက တက္ကသိုလ်ကျောင်းပရိဝုဏ်ထဲက "တိုက်စစ်"။

ထိုဆရာတို့၏ ဘာသာရပ်က အင်္ဂလိပ်ဘာသာဖြင့် သင်ယူကာ အင်္ဂလိပ်ဘာသာဖြင့်ပင် ပြန် လည်ဖြေဆိုရသည့် ဘာသာရပ်ဖြစ်ပါသည်။ သို့ဖြင့် တစ်နေ့စာ မေး-အဖြေလွှာများ စစ်ဆေးအပြီး အမှတ်များ ထည့်သွင်းကြစဉ် သံသယဖြစ်ဖွယ် ခုံနံပါတ်တစ်ခုကို သွားတွေ့လိုက်ကြရသည်

မောင်သာချို

# ကျောင်းပရိဝုဏ်အတွင်း၌ တိုက်စစ်ဆင်ခြင်း

ဟု ဆိုပါသည်။ ထိုခုံနံပါတ်ရှင်က ဘာသာရပ်တိုင်းလိုလိုတွင် အမှတ်ကောင်းကောင်း မြင့်မြင့် တွေ့ရထားပြီး တစ်ခုတည်းသောဘာသာ၌ အလွန်ညံ့ဖျင်းစုတ်ပြတ်သည့် အမှတ်ကိုသာရထားသည်ဟု ဆိုပါသည်။

ဤတွင် ဆရာ၊ ဆရာမကြီး အချို့တို့ သံသယဖြစ်ကာ ထိုညံ့ဖျင်းစုတ်ပြတ်သည့် အဖြေလွှာကို ထုတ်ကြည့်ရာ ခေါင်းနားပန်းကြီးသွားကြရသည်ဟု ဆိုပါသည်။

အကြောင်းမှာ အလွန်တရာ အဆင့်အတန်းမြင့်သည့် အင်္ဂလိပ်စာ အရေးအသားဖြင့် ဘာသာရပ်ကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုထားကြောင်းတွေ့လိုက်ရသောကြောင့်ဟု ဆိုပါသည်။ သို့ဖြင့် ထိုအဖြေလွှာစစ်ဆေးသည့် နည်းပြဆရာမကို ခေါ်ရပါသည်။ ဘယ်လိုစစ်ဆေးသလဲ မေးရပါသည်။ ဆရာမကလည်း ရိုးရိုးသားသားပဲ ဖြစ်ပါသည်။ မည်သည့် ပယောဂတစ်စုံတစ်ရာမှ မရှိပါ။

သူက ပို့ချချက် စာအုပ်ကို လက်ကိုင်ထားသော ဆရာမကလေးဖြစ်ပါသည်။ ပို့ချချက်ထဲက ဝါကျတွေ၊ စာပိုဒ်တွေကို သူအကုန်မှတ်မိသည်။ ယခုအဖြေလွှာထဲက ဝါကျတွေ၊ စာပိုဒ်တွေကို သူတစ်ခါမှ မတွေ့ဖူး။ သို့ဖြင့် ပို့ချချက်စာအုပ်ကြီးကို ရှေ့တွင်ချကာ တိုက်ကြည့်သည်။ မတူ။ လုံးဝမတူ။ သို့ဖြင့် အမှတ်ကို တော်စွလျော်စွပေးကာ ချထားလိုက်ခဲ့ခြင်းဖြစ်ပါသည်။ ဆရာကြီး၊ ဆရာမကြီးတို့ ရယ်လည်းရယ်၊ မောလည်း မော၊ ထိုဆရာမကလေးကိုလည်း သွန်သင်ဆုံးမကာ ပြန်လည်ပြင်ဆင်စစ်ဆေးပေးခဲ့ကြရကြောင်း ဇာတ်လမ်းပင် ဖြစ်ပါသည်။

"နောက်မှ သိရတာက အဲဒီစာဖြေသူက မိဘတွေအလုပ်တာဝန်ကြောင့် ပြည်ပမှာတော်တော်ကြာကြာ နေခဲ့ဖူးတဲ့သူတဲ့ . . . အင်္ဂလိပ်စာ အရေးအသား သိပ်ကောင်းတာ၊ ကျုပ်တို့ ဆရာမက ပို့ချချက် စာအုပ်နဲ့ တိုက်ပြီး စစ်တာ. . . မတူတော့မှားတယ်ထင်တာ။ အဲဒီမှာ ရယ်ရင်းမောရင်း ဆုံးမရတာ နောင်တိုက်မစစ်နဲ့ တိုက်စစ်က အန္တရာယ်များတယ်လို့"

ပါမောက္ခဟောင်းကြီး တဝါးဝါးရယ်နေသည်ကို ကြည့်ကာ ကျွန်တော်လည်း သူ့နောက်က လိုက်ရယ်နေမိပါသည်။ စာအုပ်ကြီးထဲကနဲ့ တူ၊ မတူကို တိုက်ပြီးစစ်လို့ "တိုက်စစ်"တဲ့။ အော်ကျောင်းပရိဝုဏ်အတွင်းက တိုက်စစ်များ။

(နှစ်)

"တိုက်စစ်" အန္တရာယ်က ပညာရေးလောကအတွက် ကြီးလွန်းလှပါသည်။ ၏သည်မလွဲ ပြန်ပြောနိုင်လျှင်လူတော် မပြောနိုင်လျှင် လူညံ့အဖြစ် ဆရာ၊ ဆရာမများ ကိုယ်တိုင်က သဘောထားနေကြသည်ကို မပြင်ဘဲနှင့်တော့ ဘာမှ ဖြစ်လာလိမ့်မည် မထင်ပါ။ ရန်ကုန်မြို့၌ ရွှေတိဂုံစေတီတော်ရှိပါသည် ဟူသည့် ဝါကျကိုပင်လျှင် "ရွှေတိဂုံစေတီတော်သည် ရန်ကုန်မြို့၌ ရှိသည်"ဟု ပြန်မရေးရဲသော ကလေးတွေကို နေရာတိုင်းမှာ ကျွန်တော်တို့တွေ့နိုင်ပါသည်။ ဆရာ သို့မဟုတ် ဆရာမက သူရေးပေးတဲ့အတိုင်း မရေးရင် အမှတ်မပေးဘူးဟုဆိုကာ စိုးထိတ်နေကြပါသည်။ ခြေလေးချောင်းသတ္တဝါသုံးမျိုးကို ဆရာ၊ ဆရာမက ခွေး၊ ကြောင်၊ နွားဟု ရေးပေးထားသည်ဆိုပါတော့။ ကလေးက ဆင်တို့၊ ကျွဲတို့၊ မြင်းတို့၊ ဆိတ်တို့ကို မရေးရဲ။ ရေးလျှင် အမှတ်မရမှာ (သို့မဟုတ်) ဆူမှာ သို့မဟုတ် အပြုပြင်ခံရမှာကို စိုးထိတ်နေရသည့် အနေအထားဖြစ်ပါသည်။

ဝါကျကလေးများ စကားလုံးကလေးများကိုပင်လျှင်လွတ်လွတ်လပ်လပ် ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် ချမရေးရဲမှတော့ အတွေးအခေါ် အယူအဆတွေကို ချပြရဲ၊ တင်ပြရဲဖို့ဆိုသည်မှာ ဟိုး အဝေးကြီးမှာပါ။

(သုံး)

ပြင်သစ်နိုင်ငံ၌ ပညာသင်ကြားကာ မြန်မာနိုင်ငံမှာ ဟိုတယ်တွေ လာဖွင့်နေသူ သွက်လက်ထက်မြက်သော ရှမ်းသမီးပျိုကလေးတစ်ဦးနှင့် အင်းလေးကန်ဘေးက သူတို့ ဟိုတယ်ထဲမှာပင် စကားဝိုင်းဖွဲ့ဖူးပါသည်။ မိုးလေဝသဆရာကြီး ဒေါက်တာဦးထွန်းလွင်တို့၊ ဆရာချစ်ဦးညိုတို့၊ မနုနုရည်(အင်းဝ) တို့လည်း ထိုမိန်းကလေးကို ကောင်းကောင်းသိပါသည်။

သူက ဆိုကြပါစို့တဲ့။ ပြင်သစ်စာရေးဆရာကြီး ဗစ်တာဟူးဂိုး (Victor Hugo)ကိုသင်သတဲ့။ ဆရာ၊ ဆရာမက ဗစ်တာဟူးဂိုး (Victor Hugo) ပြောတာကို ကြိုက်၊ မကြိုက် လက်ခံ၊ လက်မခံ မေးသတဲ့။ လက်ခံရင် ကြိုက်ရင် လက်ခံကြောင်း ကြိုက်ကြောင်း ရေး၊ လက်မခံဘူး မကြိုက်ဘူးဆိုင်ရင်လည်း လက်မခံကြောင်း မကြိုက်ကြောင်း ရေးတဲ့။

ကျွန်တော်တို့ကတော့ မှတ်စုများကိုပင် ရိုက်နှိပ်ထုတ်ဝေကာ ကျောင်းသား၊ ကျောင်းသူများဆီသို့ ရောင်းချဝေငှထားလိုက်ပါသေးသည်။ အဲသည့် စာအုပ်ထဲကအတိုင်း ဖြေဆိုကြပေတော့။

ငါရေးချပေးထားတဲ့ ဝါကျအတိုင်းပဲ ရေး။ မကွန့်နဲ့။ ငါတွေးပြပေးထားတဲ့ အတိုင်းပဲ တွေး။ မတွန့်နဲ့။ ငါတွက်ပြပေးထားတဲ့ အတိုင်းပဲတွက်။ မညွန့်နဲ့။ ငါခံစားပြထားတဲ့အတိုင်းပဲ ခံစား။ မလွန့်နဲ့။

ဒါကို ကျွန်တော်က အာဏာ၏ အရိပ်ဟုထင်ပါသည်။ စာသင်ခန်းထဲသို့ အာဏာ၏ အရိပ်များ လွှမ်းမိုးလာခြင်းဖြင့် ပညာရေးလောကသည်လည်း အခြားသော လောကများနှင့်အတူ ဆွံ့အကြံ့လိုညှိုးနွမ်းခြောက်သွေ့သွားခဲ့ရခြင်းဖြစ်ပါသည်။

အလွတ်ကျက်ထားသည်ကို တစ်သဝေမတိမ်း ပြန်ရွက်ပြ ပြန်ရေးပြသည်ကို Factual Recall ဟု ခေါ်ဆိုရာ ထိုဖက်ကျူရယ်ရီကောလ်သည် Reasoning Power ခေါ် ဆင်ခြင်ခြင်း၏ ရန်သူ၊ Critical Thinking ခေါ် ဝေဖန်သုံးသပ်ခြင်း၏ ရန်သူ၊ Decision Making ခေါ် ဆုံးဖြတ်ချက်ချခြင်း၏ ရန်သူ၊ Problem Solring ခေါ် ပြဿနာဖြေရှင်းခြင်း၏ ရန်သူပင် ဖြစ်ပါသည်။

စာအုပ်ထဲကအတိုင်း ပြန်ချရေးနိုင်၊ မရေးနိုင်စစ်ဆေးသော "တိုက်စစ်" သည် Factual Recall ပင်ဖြစ်ပါသည်။

ယခု အာဏာ၏ အရိပ်ကို ဖယ်ကာ ဒီမိုကရေစီရေးသို့ ရှေးရှုနေသောကာလ၌ ကျောင်းပရိဝုဏ်များအတွင်းတွင် "တိုက်စစ်" ရှိနေသေးသည်ဆိုလျှင် ဆရာ၊ ဆရာမတို့ကိုယ်တိုင်က အာဏာအရိပ်အောက်က မလွတ်မြောက်နိုင်ကြခြင်းပင် ဖြစ်ပါသည်။ ငါရေးတဲ့ ငါတွေးတဲ့၊ ငါတွက်တဲ့၊ ငါချက်တဲ့အတိုင်း ရေး၊ မရေး၊ တွေး မတွေး၊ တွက် မတွက်၊ ချက် မချက် တိုက်စစ်ကြည့်သော ဓလေ့။

ကျောင်းပရိဝုဏ်တွေထဲမှာ "တိုက်စစ်" ရပ်ပါတော့။ ။

## စာ-၂၆၊ ချိုလိပ်ကြီးနဲ့ ကိုခရိနီ မှ

"အားလုံးဟာ ပြည်သူတွေအပေါ် မူတည်ပါတယ်။ ပြည်သူတွေက လက်ခံရင် ကျွန်တော်လည်း လက်ခံမှာပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော်တို့ကြားမှာ ဘာပြဿနာမှမရှိပါဘူး"ဟူ၏။

ထိုမျှမက အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ထားမှုများ ပြန်လည်ရုပ်သိမ်းရေးမှအစ ပြောခဲ့ကြသော အခြားစကားများစွာတို့၌လည်း တိုင်းပြည်အကျိုးစီးပွားပေါ်၌ နှစ်ဦးသား ညီညွတ်စွာ စကားအတွင်းသားချင်းတွေ ချိတ်ဆက်ညီညွတ်လှပနေခဲ့ကြသည်။ ထို့ကြောင့်ပင် နိုင်ငံတော်သမ္မတကြီး၏ အမေရိကားခရီးစဉ်သည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ချီးမွမ်းထောပနာပြုခဲ့ကြရသည့် ခရီးစဉ်တစ်ခု ဖြစ်ခဲ့သည်။

ထို့ကြောင့်လည်း ဒီမိုကရေစီအပြောင်းအလဲကို နှစ်ပေါင်းများစွာ ရင်တမမဖြင့် မျှော်လင့်စောင့်စားနေခဲ့ကြရသည့် ကျွန်ုပ်တို့အနေဖြင့် သမ္မတကြီး၏ အပြန်ခရီးကို စိတ်ရင်းစေတနာအရင်းခံဖြင့် လှိုက်လှိုက်လှဲလှဲမကြိုဆိုနိုင်ရန် အကြောင်းမရှိဟုထင်မိသည်။ သွားကြိုကြသူတွေအားလုံးထဲမှာလည်း စက်ရုံမှ မဆင်မခြင် ချောဆွဲခံခဲ့ကြရသည့် အလုပ်သမလေးတွေမှအပ အားလုံးမှာ စိတ်ရင်းစေတနာအမှန်များသာဖြစ်ကြလိမ့်မည်ဟု မျှော်လင့်ယုံကြည်မိသည်။

သို့သော် တစ်ခုရှိသည်မှာ နိုင်ငံတော်သမ္မတကြီးဟု ဆိုလင့်ကစား ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုသူဦးရေနှင့် သမ္မတကြီးကို ကြိုဆိုသူဦးရေချင်းတော့ တူချင်မှတူပေလိမ့်မည်။

အကယ်စင်စစ် လူတိုင်းသည် မိမိစိုက်သောသီးနှံကိုသာ မိမိ ရိတ်သိမ်းကြရသည်ချည်းဖြစ်သည်။

ထိုစကားမှန်လျှင်. .

ဒေါ်အောင်ဆန်းစုကြည် ပြည်သူနှင့်အတူ စိုက်ခဲ့သည့် အပင်က ငွေရတုတိုင်တော့မည်။ အနှစ်အသား အပွင့်အခက်ဝေလှပြီ။

ပြည်သူနှင့်အတူ သမ္မတကြီး စိုက်ခဲ့သည့် အပင်က ဒေါ်အောင်ဆန်းစုကြည်နည်းတူ မျိုးကောင်းမျိုးသန့်မှန်ပေပြား တစ်နှစ်ခွဲသားမျှသာ ရှိသေးသည်။

မည်သို့ဆိုစေ သမ္မတကြီး၏ ဖြူစင်သော စေတနာ၊ မေတ္တာတို့ကို ကျွန်ုပ်တို့ပြည်သူများက အကြွင်းမဲ့ယုံသည်။ ယုံကြည်မှုနှင့်အတူလည်း မျှော်လင့်အားထားသည်။

ယုံကြည်အားထားကြသည့်အတိုင်းလည်း သမ္မတကြီးအပေါ် တစ်စထက်တစ်စ ထောက်ခံသူတွေ တိုးများလာကြမည်မှာ မလွဲဧကန်ဖြစ်မည်ဟုလည်း ယုံကြည်နေမိသည်။

ထို့ကြောင့်ပင် နိုင်ငံတော်သမ္မတကြီး၏ နောက်ခရီးစဉ်တစ်ခုခုမှ အပြန်ခရီး လေဆိပ်သို့ စိတ်ရင်းစေတနာ ရင်ခုန်သံအပြည့်နှင့် ပြည်သူများက လှိုက်လှဲပျူငှာကြိုဆိုကြမည်ဖြစ်ရာ "ခေတ်ဟောင်းမှ ချိုလိပ်အဟောင်းကြီးကိုစို့လျက်သားနှင့် မလာခဲ့ပါနဲ့တော့ ကိုခရိနီရယ်. . . "ဟုသာ ပြောလိုက်ရင်းဖြင့်။ ။

7 DAY NEWS JOURNAL
Vol.11, No.31 · OCTOBER 11 , 2012

ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ အေးမြတ်သူ၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချို့နွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# ကျွန်တော်နှင့် Galaxy Ace

မျိုးအောင်(အငြိမ်းစား)

ကျွန်တော်'ပင်စင်နာ'(Pensioner)သည် အသက် ၇၀ ရှိပြီဖြစ်သော်လည်း လက်ကိုင်ဖုန်းကို Nokia အမျိုးအစားကိုသာ ကိုင်သုံးနေသည်မှာ ငါးနှစ်တောင်ကျော်ခဲ့ပါပြီ။ ကျွန်တော် ကျွမ်းကျင်တာဆိုလို့ ဖုန်းခေါ် မယ်၊ ဖုန်းလာရင်ပြောမယ် ဒီလောက်ပဲလုပ်တတ်ပါတယ်။ ဘာပြဿနာမှလည်းမရှိပါဘူး။




ဒါပေမဲ့ကျွန်တော်နဲ့စနေ နေ့ညနေတိုင်း ဂေါက်ကွင်းမှာ တွေ့နေတဲ့ သူငယ်ချင်းတွေအားလုံးက iPhone၊ Galaxy SIII၊ HTC၊ Huawei တွေနဲ့ချည်းပဲ။ မိတ်ဆွေတစ်ယောက်များဆိုရင် ဖုန်းနှစ်လုံးတောင်ရှိသေး။ ဟိုဖုန်းက မြည်လိုက်၊ ဒီဖုန်းကမြည်လိုက်နဲ့ လက်တောင်မလည်ဘူး။ သူ့ကိုကြည့်ရတာ ကျွန်တော်ပါ စိတ်မောလာတယ်။ စကားကောင်းကောင်း မပြောနိုင်ဘူး။ ပြောမယ်လုပ်ရင်း ဖုန်းမြည်ရင်းပေါ့။ ထားပါတော့လေ. . . ။

ကျွန်တော် တစ်နေ့ကျတော့ Touch Screen ပါတဲ့ဖုန်းတစ်လုံး လိုချင်စိတ် ဘယ်ကနေ ဘယ်လိုဖြစ်သွားလဲမသိပါဘူး။ ရှုးတယ်ပဲပြောပြော လိုချင်စိတ်ကတော့ ပိုပြီးဆိုးလာတာ သေချာပါတယ်။ အင်္ဂလိပ်လိုဆိုရင်တော့ Peer Pressure ပေါ့ဗျာ။ ပတ်ဝန်းကျင်ရဲ့စေ့ဆော်မှုလို့လည်း ပြောလို့ရပါတယ်။

ဒါနဲ့ပဲ ကျွန်တော်လည်း မိတ်ဆွေတွေညွှန်းတဲ့ ပါရမီလမ်းက 'လူကြီးမင်းဖုန်းဆိုင်'ကိုရောက်သွားပါလေရော။ ဖုန်းတွေကလည်း Brand အမျိုးမျိုး၊ Function တွေကလည်း စုံလို့ပါပဲ။ ကိုယ်က အသက်လည်းရလာပြီး ခေတ်နောက်ကျန်နေတော့မသိတာတွေလည်းများတာပေါ့လေ။ ဒါကြောင့် ဆိုင်က ဝန်ထမ်းတွေကို မေးရမှာတောင်အားနာမိပါတယ်။ ဒီလိုနဲ့ပဲ ကိုယ်သိချင်တဲ့ Function တွေကို ရေးချပြီး ဆိုင်က ကလေးမလေးကိုပြလိုက်တယ်။ သူ့ကြည့်ရတာ တော်တော်လေး ဖုန်းအကြောင်းနားလည်ကျွမ်းကျင်ပုံရပါတယ်။ ကျွန်တော့်ကို စိတ်ရှည်လက်ရှည်နဲ့ရှင်းပြတယ်။ ဒီလို'ပင်စင်နာ'ကြီးကို ရှင်းပြဖို့ဆိုရင် တော်ရုံစိတ်ရှည်မှုနဲ့မရဘူးလေ။

တိုတိုပြောရရင် ဈေးနှုန်းသင့်တင့်တဲ့ Samsung Galaxy Ace ကိုဝယ်ဖြစ်ခဲ့ပါတယ်။ ဖုန်းဈေးက ၁၈၈,၀၀၀ ကျပ်ပါ။ ဒါပေမဲ့ Application တွေ၊ အင်တာနက်တွေ၊ မြန်မာ Font တွေထည့်လိုက်တော့ ဈေးနှုန်းက ကျပ်နှစ်သိန်း ငါးသောင်းဝန်းကျင်လောက် ကျသွားတာပေါ့။

ကဲ - ဖုန်းလည်းရရော သင်တန်းကတော့ စပါပြီ။ ဖုန်းခေါ်နည်း၊ ပိတ်နည်း၊ Contacts ရှာနည်း၊ Gmail အသုံးပြုပုံ၊ စာရိုက်နည်း၊ ရိုးရိုးစာလုံး၊ စာလုံးအကြီးရေးနည်း စသည်ကို ဆိုင်က ဝန်ထမ်းကပြပေးပါတယ်။ ကျွန်တော့်ကို ဖုန်းသုံးတာသင်ပေးတဲ့ကလေးမလေးက အသက် ၂၀ ကျော်လောက်ပဲရှိမယ်။ ပါးစပ်ကလည်းပြော၊ လက်ကလည်းရိုက်ပြ၊ မြန်လွန်းလို့ ခဏခဏ ပြန်ပြခိုင်းရတယ်။ ဒါကိုပဲကြည့်လေ။ လူငယ်နဲ့လူကြီး အသက်တင်ကွာတာမဟုတ်ပါ။ ဦးနှောက်သင်ယူမှုကလည်း ကွာတယ်ဆိုတာသိလိုက်ပါတော့တယ်။

သင်တန်းကတော့ လွယ်လွယ်နဲ့ မပြီးသေးပါ။ Gmial၊ Skype၊ Viber စတာတွေကို ဖွင့်နည်းပိတ်နည်းတွေကိုပါ သင်ယူရပါသေးတယ်။ ကြာလာတော့ ဦးနှောက်က Hang ဖြစ်လာချင်တယ်။ ဒါနဲ့ ကလေးမလေးကို နောက်မှ ဆက်သင်ပါရစေလို့ တောင်းပန်ပြီး တစ်နေ့တာသင်တန်းကိုနားခဲ့ပါတယ်။

အိမ်လည်းရောက်ရော ဖုန်းကိုဖွင့်ကြည့်တယ်။ အိုကေပါပဲ။ ကျွန်တော့်ညီမရဲ့ဖုန်းကိုခေါ်ကြည့်တယ်။ ဒါလည်းရနေပြီ။ ဒါနဲ့ခလုတ်တွေကို ဆက်နှိပ်ကြည့်လိုက်၊ ပိတ်လိုက်လုပ်မိတယ်။ ဩော်. . "မျောက်အုန်းသီးရတယ်" ဆိုတာ ဒါပဲဖြစ်မယ်လို့တွေးမိ တယ်။

စနေနေ့ညနေလည်းရောက်ရော ထုံးစံအတိုင်း ဂေါက်ကွင်းက သူငယ်ချင်းတွေလည်း ဖုန်းမခေါ်လာဘူးလို့တွေးပြီးစောင့်နေတယ်။ နောက်တော့ အိမ်ရှေ့မှာနေတဲ့ သူငယ်ချင်းကလာပြီး "မင်း ဖုန်းပိတ်ထားတာလား" ဆိုပြီး မေးတယ်။ ချက်ချင်းပဲ ဖုန်းကိုကြည့်လိုက်တော့ လေယာဉ်ပုံကလေး ပေါ်နေတယ်။ အဲဒါ Flight Mode ဆိုတာ နောက်မှသိရတယ်။ လေယာဉ်အတက်အဆင်း ဖုန်းမသုံးရအောင် ခဏပိတ်ထားတဲ့ခလုတ်ဖြစ်တယ်။ ဩော်. . ဒါကြောင့်ကိုး။

ဖုန်းပွင့်သွားပြီးနောက် ဖုန်းခေါ်သံကြားတယ်။ ဒါနဲ့ ဖုန်းကိုကောက်ကိုင်လိုက်ပြီး "ဟယ်လို၊ ဟယ်လို"ဆိုပြီး အကြိမ်ပေါင်းများစွာပြောနေမိပြန်ရော။ ဒါပေမဲ့ ဘာသံမှ မကြားရဘူး။ နောက်တော့မှ ဖုန်းရဲ့ Screen ကို ညာဘက်တွန်းလိုက်မှ အသံကြားရတယ်။ ဆိုင်မှာတုန်းက ဆရာမလေးကတော့ သင်ပေးလိုက်မှာပါ။ ဒါပေမဲ့ ကျွန်တော့်မှတ်ဉာဏ်တွေကအောက်နေပြီ။

နောက်တစ်ဆင့် နိုင်ငံခြားကို အီးမေးလ်ပို့မယ်ပေါ့နော်။ မေးလ်ဆိုတဲ့'M'ပြထားတဲ့ခလုတ်ကို နှိပ်လိုက်တယ်။ စာရိုက်ဖို့ Compose Mail ကို နှိပ်လိုက်တော့ Email Address နှင့် Subject တွေပေါ်လာတယ်။ ကဲ- စာစရိုက်ပါပြီ။ Key တွေကို ဘယ်လိုနှိပ်နှိပ်မပေါ်လာပါဘူး။ Cursor ကိုနှိပ်လိုက်တော့မှ ဆက်ရိုက်လို့ရတော့တယ်။

ပြီးတော့ Screen က သိပ်ပြီးနူးညံ့တော့'W'ကိုနှိပ်ရင်'E'ဖြစ်၊ 'A'ကိုနှိပ်ရင် 'S'ဖြစ် စသည်ဖြင့် ကမောက်ကမတွေဖြစ်နေတော့တာပဲ။ ဒါတောင် တိုတိုလေးရိုက်တာကို အချိန် ၁၅ မိနစ်လောက်ပေးလိုက်ရတယ်။ အသက်ကြီးမှ လက်ပေးသင်နေရတဲ့ ခွေးလိုမျိုးဖြစ်နေတော့တာပေါ့။ ကိုယ့်ဟာကိုယ်ပြန်ပြီး အားပေးရတော့တာပါပဲ။ "စိတ်ရှည်ရမယ်။ ဒါပြဿနာမဟုတ်ဘူး။ စိန်ခေါ်မှုတွေလို့ ခံယူရမယ်"ဆိုတာပေါ့။

ကျွန်တော် နောက်တစ်နေ့ကတော့ တစ်ဆင့်တက်ပြီး စမ်းသပ်ပြန်ပါတယ်။ ဒါကတော့ ဖုန်းက အင်တာနက်ကိုဖွင့်ပြီး G-Talk ကို ဝင်ကြည့်တာပါပဲ။ စာရိုက်တာလည်း အမှားနည်းလာတယ်။ တိုးတက်လာတဲ့ သဘောပေါ့နော်။ အကျေနပ်ကြီး ကျေနပ်နေမိပါတော့တယ်။ ဒါပေမဲ့ နေ့လယ် အင်တာနက်ကို တစ်ခါပြန်ဖွင့်တဲ့အခါကျတော့ သူ့အလိုလို'ON'နေတာတွေ့ရတယ်။ ဒီလိုမျိုး ဖွင့်ရက်ကြီးဖြစ်နေတာ ငါးနာရီလောက် ရှိပြီ။ ဒုက္ခပါပဲဆိုတဲ့ စကားလုံးတစ်လုံးကလွဲပြီး ဘာမှ မပြောတတ်၊ ပြန်လည်း မပိတ်တတ်ပေါ့။ ခလုတ်တစ်ခုနှိပ်ဖို့အတွက်'လူကြီးမင်း'ဆီပြေးရမယ်ဆိုရင်လည်း ဓာတ်ဆီဖိုးတောင် မကာမိပါဘူး။ သင်ခန်းစာပေါ့ဗျာ။

Touch Screen က လက်မငြိမ်တဲ့သူ၊ လက်တုန်တဲ့သူဆိုရင် ဘယ်လိုမှမဖြစ်ဘူး။ ခလုတ်တစ်ခုကိုနှိပ်တဲ့အခါ နည်းနည်းလေးမှ အမှားမခံဘူး။ ဘယ်ညာအတိမ်းအစောင်းလည်းမခံဘူး။ စူးစိုက်မှု (Concentration)အပြည့်ရှိမှရတယ်။ သမာဓိကောင်းဖို့လိုအပ်ပါတယ်။ စာရိုက်လို့တွေ့တဲ့အမှားတွေပြောပြရရင်တော့ အများကြီးပါပဲလေ။ တဖြည်းဖြည်းတော့ မှန်လည်းမှန်လာသလို မြန်လည်းမြန်လာပါတယ်။

ဒီလိုနဲ့ Galaxy က User Friendly ဖြစ်လာတယ်။ Gmail၊ G-Talk တွေတင် မကပါဘူး။ Skype၊ Viber စတာတွေရော၊ SMS ရော ပို့တတ်လာတယ်။ ဖုန်းကတော့ Connection ပေါ်မှာ မူတည်တာပေါ့နော်။ ကနေဒါနဲ့ ပြောတာတောင် မြို့တွင်းမှာပြောသလို ကြည်ကြည်လင်လင်ကြားရတယ်။

အခုဆိုရင် လမ်းသွားရင်း ဓာတ်ပုံရိုက်ကြည့်တယ်။ 5MP ဆိုတော့ ပုံတွေက ထင်ထင်ရှားရှားမြင်ရတယ်။ လျှပ်တစ်ပြက်မြင်လိုက်ရတဲ့ဟာ ဥပမာ-လမ်းဘေးဈေးသည်တွေ၊ စီတန်းလမ်းလျှောက်ဆန္ဒပြတာတွေ၊ ယာဉ်တိုက်မှုတွေ စသည်ဖြင့် ရိုက်ပြီး ဂျာနယ်တိုက်တောင် ပို့လို့ရပြီ။ Photo Journalist တောင် လုပ်ချင်လာသေးတယ်။

မနေ့ကတော့ Zawgyi One ကို Install လုပ်ပြီး မြန်မာစာရိုက်ကြည့်တော့ အင်္ဂလိပ်စာထက် အများကြီးခက်တယ်ဆိုတာတွေ့ရတယ်။ "ဘဦး ရေကူးနေသည်"ဆိုတဲ့စာတန်းကို ၁၅မိနစ်လောက်ရိုက်လိုက်ရတယ်။ မြန်မာ Font ထည့်တယ်ဆိုတာကလည်း အယ်ဒီတာ့ထံပေးစာရေးဖို့၊ အခါအခွင့်သင့်လို့ ရေးစရာအကြောင်းပေါ်လာရင်ရေးဖို့ပေါ့နော်။ နောက်ပြီး ဝက်ဘ်ဆိုက်တွေမှာပေါ်တဲ့ Myanmar Blog တွေကို ဖတ်ချင်တာလည်း ပါတာပေါ့နော်။ သတင်းဦးသတင်းထူးတွေကိုဦးဦးဖျားဖျား ဖတ်ချင်တဲ့ မျှော်လင့်ချက်ကလေးနဲ့ပေါ့လေ။

ကျွန်တော့်လို ပင်စင်နာ အလုပ်လက်မဲ့တွေကို မျှဝေချင်တာလေးရှိပါတယ်။ Galaxy ရပြီးကတည်းက ကျွန်တော့်အတွက် တစ်နေ့မှာ ၂၄နာရီရှိတဲ့အချိန်လေးဟာ နည်းနေသေးတယ်လို့တောင် ထင်ရပါသေးတယ်။ အနောက် နိုင်ငံတွေမှာရှိတဲ့ အသက်အရွယ်ကြီးတဲ့သူတွေ ဖြစ်လေ့ရှိတဲ့ အတိတ်မေ့ရောဂါ (Alzheimer) မဖြစ်ချင်ရင် လက်ကိုင်ဖုန်းတစ်လုံးဝယ်ပြီး ကမ္ဘာကြီးနဲ့ရော မိတ်ဆွေအပေါင်းအသင်းတွေနဲ့ပါ အဆက်အသွယ်မပြတ်အောင် အမြဲဆက်သွယ်နေပါ။ စိတ်ဓာတ်ကျမှု (Depression) တွေ၊ အထီးကျန်နေတာတွေ လုံးဝမဖြစ်စေရဘူးလို့ အာမခံရဲပါတယ်။

(မှတ်ချက်-ဤဆောင်းပါးသည် ဘဝလွတ်မြောက်ရေးအတွက် လောကုတ္တရာတရားများ ကျင့်ကြံအားထုတ်နေသော ကျွန်တော့်သူငယ်ချင်းမိတ်ဆွေများအတွက် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။)

Business
7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# အီးယူပို့ကုန်များ အထူးအခွန်သက်သာနှုန်း အမြန်ဆုံးရရှိရေး ပါဝင်ဆောင်ရွက်ပေးရန် လုပ်ငန်းရှင်များ အစိုးရကို တိုက်တွန်း

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ - ၂**

မြန်မာ့ရေထွက်ကုန်များ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ(အီးယူ)သို့တင်ပို့ရာတွင်အထူးအခွန်သက်သာနှုန်းထား(ဂျီအက်စ်ပီ) ခံစားခွင့်ရရှိရန် အဆင့်များစွာ လိုနေသေးသောကြောင့် အလျင်အမြန်ရရှိရန် နိုင်ငံတော်အစိုးရမှ ပါဝင်ဆောင်ရွက်ပေးရန်တိုက်တွန်းထားကြောင်းမြန်မာနိုင်ငံရေထွက်ကုန် ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်းဘဏ္ဍာရေးမှူး ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

"အားလုံးက ဆန်ရှင်(စီးပွားရေးပိတ်ဆို့မှု)ဖြေလျှော့ပေးလိုက်ရင် ဂျီအက်စ်ပီ ချက်ချင်းရတော့မယ်လို့ ထင်နေကြတယ်။ ရမယ်လို့တော့ အားလုံးကပြောတယ်။ နိုင်ငံတကာအစည်းအဝေးတွေမှာ ကျွန်မတို့တက်ခွင့်ရရင် ဒါကို အမြဲကထားပြီးပြောပါတယ်။ ဂျီအက်စ်ပီရလို့ရှိရင် မရတဲ့နိုင်ငံတွေကတောင် ကျွန်မတို့ဆီမှာ ကုန်ချောလာထုတ်လို့ရပါတယ်။ ပြည်ပတင်ပို့တဲ့အခါ အခွန်က သုညဖြစ်မှာမို့ အမြန်ရဖို့ အစိုးရကိုတင်ပြထားတယ်"ဟု ၎င်းကပြောသည်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အအေးခန်းစက်ရုံတစ်ခု**

အဆိုပါကိစ္စအား စက်တင်ဘာ ၂၅ရက်တွင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် International Management Group မှ စီမံကိန်းညှိနှိုင်းရေးမှူး မစ္စလင်ဒါဘယ်ရီတို့နေပြည်တော်တွင် ညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအား အီးယူနိုင်ငံများမှ GSP (Generalized System of Preferences) အခွင့်အရေးပေးနိုင်ရန်အတွက် မြန်မာ့ထွက်ကုန်များအား အီးယူအဆင့်မီ အရည်အသွေးဖြစ်စေရန် ကျွမ်းကျင်သူများက လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း မစ္စလင်ဒါဘယ်ရီက ပြောသည်။ **စာ(၃၄)သို့**

# ဒီပါဝလီပွဲတော် နီးလာ၍ အိန္ဒိယမှ အဝယ်လိုက်ကာ ပဲမျိုးစုံ ဈေးမြင့်တက်

**ပြည်သိမ်း၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၆**

အိန္ဒိယနိုင်ငံတွင် ဒီပါဝလီပွဲတော်ကာလ နီးလာသဖြင့် ပဲမျိုးစုံဝယ်ယူမှုတက်လာပြီး ဈေးနှုန်းလည်းမြင့်တက်လာကြောင်းမြန်မာနိုင်ငံပဲနှမ်းအသင်းမှ သတင်းရရှိသည်။

ပြည်တွင်း ပဲဈေးကွက်တွင် စက်တင်ဘာလဆန်းကထွက်ပေါ်ခဲ့သည့် ပဲကုန်သည်နှစ်ဦး အရှုပ်အရှင်းကြောင့် ဈေးနှုန်းအတက်အကျ ကြမ်းပြီး အရောင်းအဝယ်ကျသွားခဲ့သည်။ ထို့အပြင် အိန္ဒိယမှ စက်တင်ဘာ ပဲအထွက်ကို ချိန်၍ ထိန်းပြီးဝယ်ခဲ့သဖြင့် ဈေးအေးခဲ့သည်။

"အိန္ဒိယက အဝယ်လိုက်လာရင် ဈေးတက်လာတယ်။ အဝယ်နည်းရင် ဈေးကျသွားတယ်။ ရှေ့ဆက်ပြီး အဝယ်ပြန်လိုက်မယ်လို့တော့ မှန်းထားတယ်" ဟု အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးမင်းကိုဦးက ဆိုသည်။

ပြည်တွင်းဈေးကွက်၌ယခုရက်ပိုင်းအတွင်း မတ်ပဲ FAQ အမျိုးအစားတစ်တန်လျှင် FOB ကျပ် ငါးသိန်းထိ ဈေးပြန်ဖြစ်လာသည်။ ယင်းမတ်ပဲမှာယခင်ရက်သတ္တပတ်က FOB တစ်တန်လျှင် ၄၈၀,၀၀၀ ကျပ်ဝန်းကျင်သာ ရှိသည်။

"ဈေးပြန်တက်လာတော့ အရောင်းအဝယ် ပြန်ဖြစ်တယ်။ ပမာဏတော့ နည်းတယ်။ အများကြီးတော့ မတက်နိုင်သေးဘူး" ဟု ကုန်စည်ဒိုင်မှ ပဲကုန်သည်တစ်ဦးက ဆိုသည်။

လက်ရှိ ပဲဈေးကွက်တွင် မတ်ပဲမှာ အရောင်းအဝယ်များပြီး ပဲစင်းငုံနှင့် ပဲတီစိမ်း(ခရမ်းရွှေဝါ) တို့မှ အရောင်းအဝယ်နည်းနေသေးကြောင်း သိရသည်။ အိန္ဒိယဈေးကွက်မှ ဝယ်ယူမှုများသည့် ပဲစင်းငုံမှာလည်း တစ်တန်လျှင် FOB ၅၆၅,၀၀၀ ကျပ်မှ ၅၈၅,၀၀၀ ကျပ်ထိ ဈေးတက်လာသည်။ ပဲတီစိမ်းမှာ ပိဿာ ၆၀ တစ်အိတ်လျှင် ၇၂,၀၀၀ ကျပ်သာ ဈေးရှိသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၀ | ၈၆၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၀ | ၈၆၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၂ | ၇၀၄ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၀၆ | ၁၁၂၄ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၁ | ၂၇. ၁၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၈ | ၁၃၀ | ကျပ် |

၂၀၁၂ အောက်တိုဘာ ၆ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၉၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၇၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၆၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၈၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၁. ၉၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၈၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၀၉. ၈၂ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၅၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၅၈၄. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၆၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၄၄ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၁၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၈၁၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၁၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၇၈၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၉၉၅၃ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၈၀. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၁၂. ၀၂၀ |
| ငွေ | ၁ အောင်စ | ၃၄. ၅၇၂ |
| ကြေးနီ | ပေါင် | ၃၇၇. ၈၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၃၉၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ အောက်တိုဘာ ၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



Hot Line – ၀၉.၄၃၀.၂၂၂.၂၅ ၀၉.၉၁.၀၀၀.၇၅၃၊ ၀၉.၅၅.၂၂.၁၂၃ ၊ ၀၉.၇၃၀.၁၇၀.၇၃၊ ၀၉.၅၀၂.၁၁.၄၄

7DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# ရေလုပ်ငန်းများတွင် အလုပ်သမားအခက်တွေ့နေ


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မိုးညို

ဖျာပုံ၊ အောက်တိုဘာ-၅

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေလုပ်ငန်းလုပ်ကိုင်သော ကျေးရွာအချို့တွင် အလုပ်သမား ငှားရမ်းရန် အလွန်ခက်ခဲနေပြီး နှစ်စဉ်လုပ်သားအများစု ထွက်ပြေးတိမ်းရှောင်မှုများ ပေါ်ပေါက်နေကြောင်း ဖျာပုံခရိုင် အမာမြို့နယ်ခွဲ နောက်မြီးကျေးရွာမှ ရေလုပ်ငန်းရှင်များက ပြောသည်။

လုပ်ငန်းတစ်ခုလျှင် နှစ်စဉ်ပျမ်းမျှ လုပ်သား ၂၀ မှ ၃၀ ကျော်အတွင်း ထွက်ပြေးတိမ်းရှောင်မှုများဖြစ်ပေါ်နေပြီး ယင်းလုပ်သားများအား ကြိုတင်ငွေများ ထုတ်ပေးထားသောကြောင့် လုပ်ငန်းရှင်အချို့ နစ်နာမှုများနှင့်လည်း ကြုံတွေ့နေရသည်ဟု နောက်မြီးကျေးရွာမှ ရပ်မနားအလုပ်ရုံပိုင်ရှင် ဦးသန်းထွန်းကပြောသည်။

မြန်မာနိုင်ငံ၏ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်လုပ်ငန်းများ၏ နှစ်စဉ် ၈၀ ရာခိုင်နှုန်းမှာ ယင်းနောက်မြီးကျေးရွာမှ အဓိကထွက်ရှိပြီး ယင်းလုပ်ငန်းများအတွက် အလုပ်ရုံတစ်ရုံလျှင် ပျမ်းမျှလုပ်သား ၂၀၀ ကျော်မှ ၃၀၀ ကျော်အထိ အသုံးပြုနေရပြီး လုပ်သားများ ငှားရမ်းရန် ရှားပါးနေပြီလည်းဖြစ်သည်ဟုနောက်မြီးကျေးရွာ ကမ်းဝေးရေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းရွှေက ပြောသည်။

"အလုပ်ရှင်က အစောကြီးကတည်းက ပြောတယ်။ ဒီလုပ်ငန်းက ပင်ပန်းမယ်။ တကယ်လုပ်နိုင်မှ စာချုပ်ချုပ်လို့ ပြောတယ်။ ကြိုတင်ငွေလိုချင်တော့ပြီးစလွယ်ခေါင်းညိတ်တယ်။ တကယ်လုပ်ရတော့ မလုပ်နိုင်ဘဲ ထွက်ပြေးကြတယ်"ဟု နောက်မြီးကျေးရွာမှ ရေလုပ်ငန်းတစ်ခုတွင်ဝင်ရောက်လုပ်ကိုင်နေသူ အလုပ်သမားတစ်ဦးကပြောသည်။

အချို့သော အလုပ်သမားအများစုမှာမူ အခြေခံအတန်းပညာအားနည်းခြင်း၊ အလုပ်ရှာပေးသူပွဲစား၏ စကားကို ယုံမိခြင်း၊ ကြိုတင်ငွေရယူထားမိ၍ လုပ်ကိုင်ပေးနေရခြင်း၊ မလုပ်နိုင်ဘဲအလုပ်မှ နုတ်ထွက်မည်ဆိုပါက ကြိုတင်ငွေ၏ သုံးဆကိုပြန်လည်ပေးလျော်ရမည်ဖြစ်ခြင်း၊ လုပ်ငန်းရာသီပြီးစီးအောင် လုပ်ကိုင်ပါမည်ဆိုသော စာချုပ်ပါ အချက်များကြောင့် အလုပ်သမား အများစုမှာ ယင်းအခြေအနေများနှင့် ကြုံတွေ့နေရသည်ဟု ဇလွန်မြို့မှ ယင်းနောက်မြီးကျေးရွာတွင် လာရောက်လုပ်ကိုင်သူ အမျိုးသမီးအလုပ်သမားတစ်ဦးက ပြောသည်။

"ပွဲစားကပြောတော့ အရိပ်ထဲမှာ ပုစွန်ရွေး၊ ငါးရွေးရုံလေးလို့ ပြောတယ်။ ဒီရောက်တော့ အခြားအလုပ်တွေ လုပ်ရတယ်။ စာချုပ်မချုပ်ခင်မလုပ်နိုင်ဘူးလို့ငြင်းလို့မရတော့ဘူး။ ဘာကြောင့်လဲဆိုတော့ပြန်စရာလမ်းစရိတ်မှမရှိတာ"ဟု ရပ်မနားပွဲရုံမှ အလုပ်သမားအမျိုးသမီး မနွယ်နွယ်ဦးက ပြောသည်။

ယင်းရွာရှိအလုပ်သမားများရှာဖွေပေးသူ အကျိုးဆောင်အမျိုးသမီး ဒေါ်မြမြဌေးကမူ မိမိမှာ အလုပ်သမားရှာဖွေခွင့် မှတ်ပုံတင်ရရှိထားပြီး တရားဝင်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ အလုပ်သမားများအား လမ်းစရိတ်အကုန်အကျခံ၍ ခေါ်ဆောင်ပေးပြီး လုပ်ငန်းရှင်ထံမှ လမ်းစရိတ်ကို ပြန်လည်တောင်းခံကြောင်း၊ အခြားမည်သည့် အခကြေးငွေမှ လုပ်သားဘက်မှ တောင်းယူခြင်းမရှိကြောင်း ပြောသည်။

"ဒီအလုပ်က ပင်ပန်းမယ်လို့ သူတို့ မလုပ်ခင် ကြိုပြောတယ်။ သူတို့တွေ ခဏခဏ ထွက်ပြေးလို့ မနှစ်ကဆိုကျွန်မကျပ်ဆယ့်ခြောက်သိန်းလောက် လျော်လိုက်ရတယ်"ဟု အထက်ပါ အလုပ်သမားအကျိုးဆောင်အမျိုးသမီးကပြောသည်။

ထို့အပြင် ယင်းရွာများရှိ အလုပ်သမားများမှာ အတင်းအဓမ္မအလုပ်ခိုင်းစေနေခြင်း၊ အလုပ်ချိန်များ ပိုမိုလုပ်ကိုင်နေရခြင်း၊ အလုပ်ရှင်၏ ခေါင်းပုံဖြတ်မှုများကို ခံစားနေရခြင်းမှာ လုံးဝမဟုတ်မှန်ကြောင်း နောက်မြီးကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအောင်နိုင်ရေးအဖွဲ့ဝင် ဦးမင်းကြွယ်ကပြောသည်။

နောက်မြီးကျေးရွာ အုပ်ချုပ်ရေးမှူး ကိုမျိုးအေး၏ ပြောကြားချက်အရ ယင်းရွာရှိအလုပ်ရှင်နှင့် အလုပ်သမားများ စာချုပ်မချုပ်ဆိုမီ ကျေးရွာ၏ အုပ်ချုပ်ရေးအပိုင်းတွင် တာဝန်ရှိသူတစ်ဦးက အမြဲတမ်းပါဝင်ပြီး ယင်းတို့ ဆန္ဒသဘောအတိုင်းသာ ချုပ်ဆိုခြင်းဖြစ်ကြောင်း နောက်မြီးကျေးရွာတွင် အိမ်ခြေ ၂၀၀၀ ကျော်ရှိပြီး ရေလုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းပေါင်း ၅၆ ခုရှိကြောင်း သိရသည်။




### စာ(၃၃) - အီးယူပို့ကုန်များ အထူးအခွန်သက်သာနှုန်း အမြန်ဆုံးရရှိရေး ပါဝင်ဆောင်ပေးရန် လုပ်ငန်းရှင်များ တိုက်တွန်း မှ

"အခု ရေထွက်ပို့ကုန်လုပ်ငန်းရှင်တချို့က တွက်ခြေမကိုက်လို့သူတို့လုပ်ငန်းတွေခဏမေ့ထားပြီး မိုးထိမိုးမိဒေသမှာ ရွှေသွားတူးနေကြတယ်"ဟုရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခင်က ကုန်ပစ္စည်းများအား အီးယူနိုင်ငံများသို့ တင်ပို့ရာတွင် နိုင်ငံခြားဝင်ငွေထဲမှ ၁၀ ရာခိုင်နှုန်း အခွန်ဆောင်ရပြီး အီးယူနိုင်ငံများမှလည်း သွင်းကုန်ခွန် ၁၃ ဒသမ ၇ ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ အီးယူသို့ တင်ပို့သူများသည် တတိယနိုင်ငံတစ်ခုခုအမည်ခံကာ ခိုးချောင်ခိုးဝှက်တင်ပို့ရလေ့ရှိကြောင်း ဒေါက်တာတိုးနန္ဒာတင်ကပြောသည်။

ဂျီအက်စ်ပီအမြန်ရမှသာ သူများနိုင်ငံများနှင့် တန်းတူတင်ပို့နိုင်ကာ နိုင်ငံတော်အတွက်နိုင်ငံခြားဝင်ငွေပိုမိုရှာဖွေပေးနိုင်ပြီး လုပ်ငန်းရှင်ရော အလုပ်သမားများအတွက်ပါ အဆင်ပြေလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# Commodity Watch

## ပုဂံတွင် စပိန်ခရီးသွား ထက်ဝက်ခန့်ကျ

**နိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ – ၅**

ယခုနှစ် ခရီးသွားရာသီတွင် ပုဂံမြို့သို့ စပိန်ခရီးသွားဧည့်သည်ဝင်ရောက်မှု ၅၀ ရာခိုင်နှုန်းခန့်လျော့ကျသွားကြောင်း ပုဂံအခြေစိုက် ခရီးသွားလုပ်ငန်းအချို့က ပြောသည်။

ဇူလိုင်လနှောင်းပိုင်းမှစတင်ကာ စပိန်နိုင်ငံမှ ခရီးသွားဧည့်သည်များ လာရောက်မှုအများဆုံးဖြစ်ခဲ့ပြီး ပြီးခဲ့သည့်နှစ်များနှင့်နှိုင်းယှဉ်ပါက ယခုနှစ် စပိန်ခရီးသွားဝင်ရောက်မှု နည်းနေကြောင်း စပိန်ဧည့်လမ်းညွှန်များထံမှသိရသည်။

"နှစ်တိုင်း ဇူလိုင် ၂၀ ရက်နောက်ပိုင်းဆိုရင် စပိန်တွေလာနေကြပြီ။ ပုံမှန်ခရီးသွားရာသီက အောက်တိုဘာမှာစပေမယ့် စပိန်ခရီးသွားရာသီက ဩဂုတ်၊ စက်တင်ဘာလတွေ။ ဒီနှစ်တော့ ခရီးသွားဝင်ရောက်မှု ၅၀ ရာခိုင်နှုန်းလောက်နည်းသွားတာ"ဟု ဇော်ခရီးသွားလုပ်ငန်း မန်နေဂျာ ဦးဇော်ထွန်းနိုင်က ပြောသည်။

၎င်းကပင် ဆက်လက်၍ လက်ရှိအချိန်ထိ ယခင်နှစ် စပိန်ခရီးသွားစံချိန်ကိုမမီသေးကြောင်း၊ ဧည့်ဝင်ရောက်မှုနှုန်းမှာ သိသိသာသာလျော့နည်းနေသေးကြောင်း ဆိုသည်။

၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁ ခုနှစ်များနှင့် နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်းခန့် လျော့ကျသွားခြင်းဖြစ်ကြောင်း၊ စပိန်ခရီးသွားများအနေဖြင့် ပုဂံသို့ လာရောက်လည်ပတ်ပါက အများအားဖြင့် နှစ်ညအိပ်သုံးရက်ခရီးစဉ်ဖြင့် လာရောက်လည်ပတ်တတ်ကြောင်း ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

"ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အာနန္ဒာဘုရားတွေကို အဓိကသွားတယ်။ နောက် မြင်းကပါရွာ၊ မင်းနန်သူရွာ၊ ဖွားစောရွာ တစ်ဝိုက်အလည်များတယ်" ဟု စပိန်ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ကိုကျော်သူကပြောသည်။

ပုဂံသို့လာရောက်လည်ပတ်သော ပြည်ပခရီးသွားများထဲတွင် စပိန်ရာသီ၌စပိန်လူမျိုးနှင့် အခြားရာသီများတွင် အာရှနိုင်ငံအနှံ့မှ ခရီးသွားများ လာရောက်လည်ပတ်မှုအများဆုံးဖြစ်ကြောင်းသိရသည်။

"စပိန်တွေ အဝင်နည်းတယ်ဆိုတာ ဒီနှစ် သူတို့ရဲ့ စီးပွားရေးအခြေအနေကြောင့်လို့ပဲထင်ပါတယ်"ဟု ဦးဇော်ထွန်းနိုင်ကသုံးသပ်သည်။

စပိန်ခရီးသွားများ လာရောက်လည်ပတ်ပါက ၎င်းတို့အတွက် ဧည့်လမ်းညွှန်များကို ပုဂံဒေသတွင် ငှားရမ်းမှုနည်းပါးပြီး ရန်ကုန်မှ တစ်ပါတည်း ငှားရမ်းလေ့ရှိကြောင်းသိရသည်။

ပုဂံဒေသကိုပြည်ပခရီးသွားများလာရောက်လည်ပတ်မှုအများဆုံးရာသီမှာ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့ ဖြစ်ကြောင်း၊ အဆိုပါလများတွင် ခရီးသွားဧည့်သည်များပြား၍ ဟိုတယ်အခန်းမလုံလောက်ခြင်း၊ အခန်းခဈေးနှုန်းများ မြင့်တက်ခြင်းတို့ဖြစ်တတ်ကြောင်း ပုဂံဟိုတယ်အချို့မှ သိရသည်။

## ဈေးငြိမ်နေ၍ ရွှေအရောင်းအဝယ်အေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ – ၄**

ရွှေဈေးငြိမ်နေ၍ အပိုင်းဈေးကွက်တွင် အရောင်းအဝယ်ရပ်လုနီးပါးအေးနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ရွှေဈေးက ၇၈၀,၀၀၀ ကျပ်ကျော်မှာပဲရှိတာကြာနေပြီ။ ဈေးက အတက်အကျပြောင်းလဲတာနည်းတယ်။ အပိုင်းမှာ ပြန်ရောင်းတဲ့သူတွေကလည်း ၇၉၀,၀၀၀ ကျော်ရောက်သွားတုန်းက ရောင်းထားကြတာဆိုတော့ ဒီဈေးတုန်း က အထည်ဘက်မှာတော့ ရောင်းအားရှိတယ်။ အပိုင်းဘက်က ငြိမ်နေတယ်" ဟု အောင်သမာဓိရွှေဆိုင်မှ ဆိုင်တာဝန်ခံကိုဝင်းငယ်က ပြောသည်။

ရွှေဆိုင်များတွင် အပိုင်းဈေးကွက် ရောင်းအားနည်းရုံသာမက အပိုင်းသီးသန့် အရောင်းအဝယ်ပြုလုပ်သော ရွှေလုပ်ငန်းရှင်များ အသင်းရုံးတွင် ယခုရက်ပိုင်း၌ ဈေးကွက်အေးနေကြောင်း အပိုင်းအရောင်းအဝယ်ပြုလုပ်သောကုန်သည်တစ်ဦးကပြောသည်။

"ဒီတစ်ပတ်ထဲမှာ အရပ်ဘက်က ပြန်ရောင်းတာလည်း နည်းတယ်။ တရုတ်ကလည်း အဆွဲမရှိတော့ ဈေးကွက်မှာ အရောင်းအဝယ် သိပ်မရှိဘူး။ အပိုင်းဈေးကွက်က ကမ္ဘာ့ရွှေဈေး အတက်အကျအပြင် တရုတ်ငွေဈေးနဲ့လည်းဆိုင်တယ်"ဟု အပိုင်း အရောင်းအဝယ်ပြုလုပ်သောကုန်သည်တစ်ဦးကပြောသည်။ ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ယခုရက်ပိုင်းတွင် တစ်အောင်စလျှင် ၁,၇၇၅ ဒေါ်လာဝန်းကျင်တွင် အတက်အကျရှိသည်။ ထို့ကြောင့်ပြည်တွင်းရွှေဈေးနှုန်းများမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၈၅,၅၀၀ ကျပ်ဝန်းကျင်တွင် ရှိနေသည်။ ၁၅ပဲရည်ဈေးနှုန်းမှာလည်း ၇၄၀,၀၀၀ ကျပ်ဝန်းကျင်တွင်ရှိနေသည်။

လက်ရှိ ဈေးကွက်အနေအထားသည် အပိုင်းဈေးကွက်အရောင်းအဝယ်နည်းသော်လည်း အထည်ဈေးကွက်များ၌ ပုံမှန်ဝယ်လက်ရှိနေသေးကြောင်းသိရသည်။ ကမ္ဘာ့ဈေးကွက်အနေအထားများသည် ဈေးဆက်တက်နိုင်သည်ဟု ရွှေလုပ်ငန်းရှင်များက ခန့်မှန်းထားပြီး တရုတ်ငွေဈေးတက်လာပါက အပိုင်းဈေးကွက်မှာလည်း အဝယ်လိုက်လာနိုင်သည်ဟုခန့်မှန်းထားကြောင်း ရွှေကုန်သည်များက ပြောသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy S3 | 530,000 |
| Galaxy S2 | 380,000 |
| Galaxy S Plus | 280,000 |
| Galaxy Note | 470,000 |
| Galaxy Ace | 175,000 |
| Galaxy Ace 2 | 250,000 |
| Galaxy Mini | 120,000 |
| Galaxy Gio | 140,000 |

**Today's Mobile, Best More Smart Mobile, Do Co Mo ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။**

### HTC

| Model | Price |
|---|---|
| HTC One V | 233,000 |
| HTC Desire S | 250,000 |
| HTC Explore | 119,000 |

### iPhone

| Model | Price |
|---|---|
| iPhone 4S (64 GB) | 780,000 |
| iPhone 4S (32 GB) | 680,000 |
| iPhone 4S (16 GB) | 590,000 |
| iPad II (16 GB) | 450,000 |
| iPad II (32 GB) | 530,000 |

### Huawei

| Model | Price |
|---|---|
| U 8825 (GSM) | 143,000 |
| U 8860 (GSM) | 199,000 |
| U 8812 (GSM) | 140,000 |
| U 8661 (GSM) | 95,000 |
| U 8818 (GSM) | 137,000 |
| U 8180 (GSM) | 68,000 |
| U 8150 (GSM) | 65,000 |

**အောက်တိုဘာ(၆)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 205,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 85,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| LG | DV808 | 21,000 |
| EVD (AEK) | 8TMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 195,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 190,000 |

**အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ်(၈ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ်(၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၆၀-၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း(၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(၉၊၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၃၂၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၆) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၉၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၅၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၆၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၀၀၀-၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၅၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၅,၅၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်သေတ္တာ | ၇,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | တစ်ထုပ် | ၃၀၀-၅၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၄,၈၀၀-၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၄,၀၀၀-၃၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

**အောက်တိုဘာ(၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက် ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Sep(30) | 3,550 | 3,950 | 4,000 | 4,000 |
| Oct(1) | 3,550 | 3,950 | 4,000 | 4,000 |
| Oct(2) | 3,550 | 3,950 | 4,000 | 4,000 |
| Oct(3) | 3,550 | 3,950 | 4,000 | 4,000 |
| Oct(4) | 3,550 | 3,950 | 4,000 | 4,000 |
| Oct(5) | 3,550 | 3,950 | 4,000 | 4,000 |
| Oct(6) | 3,550 | 3,950 | 4,000 | 4,000 |


**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3517U, 4GB DDR3,256 GB SSD, HD,13.3" | 1384,700 |
| Intel Core i5-3210M, 4GB DDR3,750 HDD, 2GB VGA,15.6" | 632,100 |
| Intel Core i3-M2367, 4GB DDR3,500 HDD, HD,14" | 518,700 |
| Intel DualCoreB987, 2GB DDR3,500 HDD, HD,14" | 388,800 |
| Intel DualCoreB967, 2GB DDR3,320 HDD, HD,11.6" | 290,100 |
| **msi** | |
| Intel Core i7 2.3GHz, 8GB DDR3, 750HDD,2GB VGA,15.6" | 1030,500 |
| Intel Core i5 2.5GHz, 4GB DDR3, 500HDD,2GB VGA, 14" | 588,300 |
| Intel Core i3 2.1GHz, 2GB DDR3, 640 HDD,1GB VGA, 14" | 518,700 |
| Intel Pentium 2.1GHz, 2GB DDR3, 500 HDD,1GBVGA, 14" | 423,400 |
| **hp** | |
| Intel Core i7 2.3GHz 8GB DDR3,750 HDD, 2GB VGA,15.6" | 1056,500 |
| Intel Core i5 2.4GHz 8GB DDR3,750HDD,1GB VGA,14.5" | 788,000 |
| Intel Core i3 2.3GHz 4GB DDR3,500 HDD, HD, 15.6" | 437,300 |

7DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# အပြောင်းအလဲများ မြင်ရတော့မည့် ကမ္ဘာ့ဘဏ်



■ ကြည်နေဝင်းမင်း

ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကငွေချေးငှားမှုများ လုပ်ဆောင်ပေးနေသော ကမ္ဘာ့ဘဏ်တွင် ကြီးမားသော အပြောင်းအလဲများအတွက် ပြင်ဆင်နေသည်ဟု ကမ္ဘာ့ဘဏ်အကြီးအကဲသစ်မစ္စတာဂျင်ယွန်ကင်က ယခုရက်ပိုင်း၌ပြောကြားလိုက်သည်။ ကမ္ဘာလုံးဆိုင်ရာဆင်းရဲမွဲတေမှုကို အဆုံးသတ်ရေးထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် လာမည့်ရက်သတ္တပတ်၌ တိုကျိုမြို့တွင် ပြုလုပ်မည့်အစည်းအဝေးများ၌ အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးကြမည်ဟု ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌက ဆိုသည်။

အောက်တိုဘာ ၁၁-၁၄ ရက်များတွင်ပြုလုပ်မည့် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့တို့၏ အစည်းအဝေးများမှာ ဇူလိုင်လတွင် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌဖြစ်လာသော မစ္စတာကင်ယွန်အတွက် ကမ္ဘာ့ဘဏ်အပေါ်သူ၏ အမှတ်တံဆိပ်ကို ခတ်နှိပ်ရန် အခွင့်အရေးလည်း ဖြစ်သည်။

"တိတိကျကျပြောင်းလဲမှုတွေလုပ်ဆောင်ရေးတောင်းဆိုဖို့ ကျွန်တော်တို့ အဆင့်ဆင့်မဖြစ်သေးပါဘူး။ ဒါပေမဲ့ လောလောဆယ်မျှော်မှန်းထားတဲ့ အချိန်ထက်စောပြီး ဆင်းရဲနွမ်းပါးမှု အဆုံးသတ်ရေးကိုတော့ ကျွန်တော်တို့ အမှန်တကယ်ပဲ အလေးအနက်ထားပါတယ်။ ကမ္ဘာ့ဘဏ်ကိုလည်ပတ်တဲ့ ပုံစံမှာလည်း အပြောင်းအလဲ တချို့ရှိလာပါမယ်" ဟုမစ္စတာကင်ကသတင်းထောက်များအား ပြောကြားပါသည်။

"သတ်သတ်မှတ်မှတ်အနေနဲ့ကတော့ ကျွန်တော်တို့သွားချင်တဲ့ပုံစံတစ်ရပ်ဆီ အလျင်အမြန်သွားနိုင်ဖို့အတွက် ဘဏ်အကြီးအကဲတွေကို ကျွန်တော်တို့နဲ့ ပူးပေါင်းလုပ်ဆောင်ကြဖို့ တောင်းဆိုပါမယ်။ လမ်းကြောင်းတစ်ဝက်မှာပဲ ပြင်ဆင်မှုတွေ လုပ်ဆောင်နိုင်ပြီး ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့နဲ့ ဘဏ်အကြီးအကဲတွေက ချေးငွေပမာဏကြီးကြီးတွေ အတည်ပြုပေးတာကို အာရုံစိုက်မယ့်အစား နိုင်ငံတွေမှာ လက်တွေ့ဖြစ်ပေါ်နေတဲ့ ရလဒ်တွေကို တာဝန်ခံနိုင်အောင် အာရုံစိုက်ကြရပါမယ်" ဟု ၎င်းက ဆက်လက်ပြောသည်။ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအဖွဲ့အစည်းကြီးဖြစ်သော ကမ္ဘာ့ဘဏ်အနေဖြင့် ဖွံ့ဖြိုးရေး ချေးငွေများထုတ်ပေးရေးထက်လက်တွေ့တွင် အမှန်တကယ်ထူးခြားအောင် လုပ်ဆောင်ရေး ဖြစ်သည်။

လာမည့်ဧပြီလ အဖွဲ့ဝင်နိုင်ငံများနှင့် ထပ်မံပြုလုပ်မည့် အစည်းအဝေးများတွင် ပိုမို၍ တိကျခိုင်မာသော ပြုပြင်ပြောင်းလဲမှုများကို ထုတ်ဖော်ပြောကြားသွားမည်ဟု မစ္စတာဂျင်ယွန်ကင်က ပြောသည်။ "အပြောင်းအလဲတွေလုပ်ဖို့လိုတယ်ဆိုတာကတော့ အချိန်တော်တော်ကြာကြာကတည်းက ထင်ရှားနေခဲ့ပါတယ်" ဟု၎င်းကဆက်လက်ပြောသည်။

အမေရိကန်နှင့် ဥရောပနိုင်ငံများ ဖွံ့ဖြိုးမှုနည်းခြင်း၊ ကြွေးမြီမြင့်မားခြင်း၊ ဝန်ထုပ်ဝန်ပိုးများနှင့် နပန်းလုံးနေရချိန်၌ ယင်းလက်ကြီးငွေကြေးထည့်ဝင်သူများအား ကမ္ဘာ့ဘဏ်အတွက် ငွေကြေးထည့်ဝင်ပေးရန် တောင်းဆိုရမည့်အချိန်မဟုတ်သေးဟု ဥက္ကဋ္ဌသစ်ကဆိုသည်။ "ခုနေအချိန်အခါမှာ ကျွန်တော်ဘယ်လိုမှခံတွင်းမတွေ့ပါဘူး။ ဘဏ်ရဲ့ငွေပင်ငွေရင်းတိုးမြှင့်ဖို့ ဆွေးနွေးရမယ့် အချိန်မဟုတ်သေးပါဘူး။ အလှူရှင်နိုင်ငံတွေကလည်း ဒီအတွက် အဆင်သင့်ဖြစ်နေပြီလို့ ကျွန်တော်မထင်ပါဘူး" ဟု၎င်းကဆက်လက်ပြောပါသည်။

တိုကျိုမြို့အစည်းအဝေးပွဲများမှာပင် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများမြင့်တက်မှုနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုက ကမ္ဘာတစ်ဝန်းလယ်သမားများအပေါ် ရိုက်ခတ်မှုများအကြောင်းကို အဓိကထားဆွေးနွေးသွားမည်ဟုလည်း ဟားဗတ်တက္ကသိုလ်ဆေးပညာဆရာဝန်နှင့် မနုဿဗေဒပညာရှင်ဖြစ်သူ မစ္စတာဂျင်ယွန်ကင်ကပြောသည်။

နှစ်ပေါင်း ၅၀ အတွင်း အမေရိကန်တွင် အဆိုးရွားဆုံးဖြစ်ပေါ်သည့်မိုးခေါင်ရေရှားမှုနှင့်ပင်လယ်နက် (Black Sea) တစ်ဝန်းရှိ ကမ္ဘာ့ဂျုံအများဆုံးထုတ်လုပ်ရာနိုင်ငံများ၌ သီးနှံအထွက် နည်းပါးမှုကကမ္ဘာတစ်ဝန်းနေ့စဉ် စားသုံးသော ပြောင်း၊ ဂျုံနှင့် ပဲပိစပ်များ၏ ဈေးနှုန်းများကို တွန်းတင်ခဲ့သည်။ ဈေးနှုန်းကြီးမြင့်မှုများမှာ ၂၀၀၈ ခုနှစ်စံချိန်အထိ မရောက်ရှိသေးသော်လည်း အစားအစာဈေးနှုန်းများ အတက်အကျမြန်ခြင်းမှာ ပူပန်စရာဖြစ်နေသည်။

ကမ္ဘာ့ဘဏ်ကို ဦးဆောင်သောပထမဆုံး သိပ္ပံပညာရှင်အနေဖြင့် ဈေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်လာ၍ ရာသီဥတုပြောင်းလဲခြင်းကဆင်းရဲသော နိုင်ငံများအပေါ် ရိုက်ခတ်မှုများကို စိုးရိမ်မိကြောင်း မစ္စတာဂျန်ယွန်ကင်က ထုတ်ဖော် ပြောကြားသည်။

"ဒါဟာ လူ့ပယောဂကြောင့်ဖြစ်လာတဲ့ ရာသီဥတုပြောင်းလဲမှုလို့သိပ္ပံပညာရှင်တွေက ရှင်းရှင်းလင်းလင်း ဆိုထားတဲ့ ပထမဆုံးမိုးခေါင်ရေရှားမှုပါ။ ရာသီဥတုပြောင်းလာတယ်ဆိုတာ တကယ်ဖြစ်နေတာပါ။ လူ့ပယောဂကြောင့်ရာသီဥတုပြောင်းလဲမှုဖြစ်လာတယ်ဆိုတာကို သိပ္ပံပညာရှင်အသိုင်းအဝိုင်းက လှိုက်လှိုက်လှဲလှဲ သဘောတူကြပါတယ်။ ကျွန်တော်တို့ ဒါကို လက်ခံရပါမယ်"

ကမ္ဘာ့ဘဏ်သည် ယခုအချိန်အထိ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သက်၍ ကျယ်ကျယ်လောင်လောင် ထုတ်ဖော်ပြောဆိုရန် တွန့်ဆုတ်နေခဲ့သည်။ အကြောင်းမှာ ကမ္ဘာကြီးပူနွေးလာမှုတိုက်ဖျက်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှုများတွင် ပါဝင်ပတ်သက်ရမည်စိုးသောကြောင့်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း ကာဗွန်ထုတ်လွှတ်မှု ထိထိရောက်ရောက်လျှော့ချရေးကို ရှောင်ရှားပြီး ဆင်းရဲသော နိုင်ငံများ၌ ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ရန် ဘဏ္ဍာရေးပိုမို ထောက်ပံ့ရေး ခေါင်းရှောင်နေသောအမေရိကန်၊ ဥရောပနှင့် အခြားချမ်းသာသော နိုင်ငံကြီးများကို ပြစ်တင်ပြောကြားနေကြသည်။

ယူရိုဇုန်ကြွေးမြီအကျပ်အတည်းနှင့် ၎င်း၏ရိုက်ခတ်မှုများက ကမ္ဘာ့စီးပွားရေးအပေါ် သက်ရောက်မှု ကိစ္စမှာလည်း တိုကျိုအစည်းအဝေးကို အရိပ်မည်းထိုးနေကြောင်း မစ္စတာဂျင်ယွန်ကင်ကဆိုပါသည်။

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကို ယခုအချိန်အထိတောင့်ခံနိုင်သေးသော ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်း ယူရိုဇုန်အကျပ်အတည်းကြောင့် ဝယ်လိုအားလျော့ပါးလာပြီး ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ နှေးကွေးလာသည်ကိုမြင်တွေ့နေရပြီဖြစ်သည်။ ဘဏ္ဍာရေးဈေးကွက်များမှာလည်း ဂရိနှင့် စပိန်နိုင်ငံတို့အား ကယ်ဆယ်ရေးအစီအမံများ မရေရာမှုများကြောင့်မရိုးမရွဖြစ်နေကြသည်။

ကမ္ဘာ့စီးပွားရေးနှေးကွေးလာသော်လည်း အာဖရိက၊ အာရှနှင့် လက်တင်အမေရိကရှိ နိုင်ငံများမှာ ခိုင်မာသော ပေါ်လစီများဆယ်စုနှစ်တစ်ခုကြာကျင့်သုံးခဲ့ခြင်းနောက်ခံနှင့် ရင်းနှီးမြှုပ်နှံသူများ၏ဈေးကွက်အသစ်များအပေါ်စိတ်ဝင်စားမှုများကြောင့်တစ်နှစ်လျှင် ငါးရာခိုင်နှုန်းနှင့်အထက် စီးပွားရေးဆက်လက်တိုးတက်နိုင်ပါသေးသည်။

"ဥရောပအနေနဲ့ သူတို့ရဲ့ပြဿနာတွေကို တစည်းတလုံးတည်း ဖြေရှင်းဖို့ရာ နည်းလမ်းမြန်မြန်ဆန်ဆန်ရှာတွေ့မယ်လို့ ကျွန်တော်တို့အားလုံးက အားခဲနေကြတယ်" ဟုမစ္စတာကင်ကပြောရင်း ကမ္ဘာ့ဘဏ်အနေဖြင့်လည်း ယူရိုဇုန်အပါအဝင် မည်သည့်နိုင်ငံတွင်မဆို ၎င်းတို့၏ ကျွမ်းကျင်မှုများကမ်းလှမ်းရန် အသင့်ရှိသည်ဟုဆိုပါသည်။

ကမ္ဘာ့ဘဏ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တည်ဆောက်ပုံ အပြောင်းအလဲများ ပြုလုပ်ရင်း စီးပွားရေးလုပ်ငန်းများကို မြင့်တက်အောင်လုပ်ဆောင်ပေးနိုင်ခဲ့သော အတွေ့အကြုံများစွာရှိပါသည်။ ယင်းအတွေ့အကြုံများဖြင့် ဂရိနှင့် ပေါ်တူဂီကဲ့သို့ နိုင်ငံများအား ကူညီပေးနိုင်ကြောင်း ဆန်းစစ်လေ့လာသူများက ဆိုသည်။

ကမ္ဘာ့ဘဏ်အား ပိုမို၍ ပျော့ပျောင်းညင်သာလာစေရေးအတွက်နည်းလမ်းများကို ရှာဖွေရေး ပြောကြားရင်းမှပင် မစ္စတာ ဂျင်ယွန်ကင်က စီးပွားရေးလုပ်ငန်းများ ရှင်သန်ကြီးထွားပြီး အလုပ်အကိုင်နေရာများ ဖန်တီးနိုင်သည့် ပတ်ဝန်းကျင်တစ်ရပ် ထူထောင်ရေးအတွက် နိုင်ငံများအား ကူညီမည်ဟု ပြောကြားပါသည်။

ထို့အပြင် ကမ္ဘာ့ဘဏ်အနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဟူသော အောက်ထစ်မျဉ်းကို ရှင်းရှင်းလင်းလင်း သတ်မှတ်၍ လုပ်ဆောင်သွားမည်ဟုလည်း မစ္စတာဂျင်ယွန်ကင်က ပြောကြားသည်။ လုပ်ဆောင်မည့်နည်းလမ်းမှာကြီးပွားတိုးတက်ရေးလုပ်ငန်းစဉ်များကိုအားကောင်းအောင်လုပ်ဆောင်ရေးပင်ဖြစ်သည်ဟုမစ္စတာကင်က ဆိုပါသည်။ *—Ref: World Bank Chief Signals Changes to come*

**TRADEMARK CAUTION**

National Geographic Society, a Company incorporated in USA at 1145 17th Street, N.W., Washington, D.C. 20036, USA is the Owner and Sole Proprietor of the following Trademark:-

natgeoplay

Reg: 4/10426/2012

In respect of : Int'l class 9 : " Scientific, nautical, surveying, photographic, cinematographic, optical, weighing, measuring, signalling, checking (supervision), life-saving and teaching apparatus and instruments; apparatus and instruments for conducting, switching, transforming, accumulating, regulating or controlling electricity; apparatus for recording, transmission or reproduction of sound or images; magnetic data carriers, recording discs; compact discs, DVDs and other digital recording media; Computer application software for mobile phones, computers, handheld computers, netbooks, tablets, portable media players, namely, software for use in distribution of digital video, video files, and multimedia contents; downloadable films and television programs provided via a video-on-demand service."

Int'l class 38 : " Telecommunications, Streaming of audio, visual and audiovisual material via a global computer network; audio and video broadcasting via the Internet; television broadcasting services; cable television broadcasting services in international."

Int'l class 41 : " Education; providing of training; entertainment; sporting and cultural activities; Provision of non-downloadable films and television programs via a video-on-demand service; educational and entertainment services; cultural activities; production of television programs; providing on-going television programs, movies, videos, webcasts, and images via a global computer network; providing online maps and schedules for live events and exhibitions."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 11.Oct.2012



## အစီရင်ခံစာအရ အမေရိကန် အလုပ်လက်မဲ့နှုန်း ရှစ်ရာခိုင်နှုန်းအောက်ရောက်လာခြင်းသည် မယုံနိုင်လောက်သော ကိန်းဂဏန်းဖြစ်နေဟုဆို

**ဝါရှင်တန်၊ အောက်တိုဘာ - ၆**

အမေရိကန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း အစီရင်ခံစာအရနိုင်ငံ့စီးပွားရေးမှာရှေ့သို့ရွေ့လျားနေကြောင်း အမေရိကန်သမ္မတဘားရက်အိုဘားမားကပြောကြားကြောင်း ဖော်ပြသည်။ သို့သော် ဂျင်နရယ်အီလက်ထရစ်(GE)ကုမ္ပဏီအကြီးအကဲဟောင်းတစ်ဦးကမူ အလုပ်သမားကိန်း ဂဏန်းမှာ မယုံကြည်နိုင်လောက်အောင် ဖြစ်ရကြောင်း ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ စက်တင်ဘာလတွင် အလုပ်နေရာပေါင်း ၁၁၄,၀၀၀ ထပ်မံပေါ်ထွက်ခဲ့ပြီး အလုပ်လက်မဲ့နှုန်းမှာ ၇ ဒသမ ၈ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း အမေရိကန် အလုပ်သမားရေးရာဌာနက ပြောကြားပြီး ယင်းမှာ ၂၀၀၉ ခုနှစ်နောက်ပိုင်း အနည်းဆုံး အလုပ်လက်မဲ့နှုန်းဖြစ်သည်။

"ဒီကနေ့မှာတော့ ကျွန်တော်တို့ဟာ နိုင်ငံတစ်နိုင်ငံအနေနဲ့ ရှေ့ကို ဆက်သွားနေတယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်သမ္မတဖြစ်လာပြီး တစ်လကို အလုပ်နေရာ ရှစ်သိန်း ဆုံးရှုံးနေရာကနေ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေဟာ လွန်ခဲ့တဲ့ ၂ နှစ်ခွဲအတွင်းမှာ အလုပ်နေရာ သန်းပေါင်း ၅ ဒသမ ၂ သန်းဖန်တီးနိုင်ခဲ့ပါတယ်" ဟု ဗာဂျီးနီးယားပြည်နယ် မဲဆွယ်ပွဲတစ်ခုတွင် ရောက်ရှိနေသော သမ္မတအိုဘားမားက ပြောကြားခဲ့သည်။

အိုဘားမား အစိုးရအား ဝေဖန်သူများကမူ အလုပ်သမားရေးရာ ဌာန၏ အစီရင်ခံစာကို မယုံကြည်နိုင်ဖြစ်ရကြောင်း ပြောကြားကြသည်။ GE ကုမ္ပဏီ အမှုဆောင်အရာရှိချုပ်ဟောင်း ဂျက်ဝဲ့လ်ချ်ကမူ အိုဘားမား၏ ဒုတိယသက်တမ်း မဲဆွယ်မှုအတွက် အိမ်ဖြူတော်အနေဖြင့် ကိန်းဂဏန်းအချက်အလက်များကို ပြင်ဆင်ထားသည်ဟု ၎င်း၏ လူမှုရေးဝက်ဘ်ဆိုက်တွစ်တာ စာမျက်နှာတွင် ရေးသားခဲ့သည်။—*Ref: UPI*

## ပြင်သစ်တွင် လာဘ်စားမှုကျူးလွန်သော ရဲအရာရှိများအား ဖမ်းဆီးထား

**မာဆေးလ်၊ အောက်တိုဘာ - ၃**

ပြင်သစ်နိုင်ငံတွင် ရာဇဝတ်မှုများ ထူပြောရာ မာဆေးလ်မြို့မှ ရဲအရာရှိ ၁၂ ဦးသည် လာဘ်စားခြင်း၊ ငွေညစ်ခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း မသင်္ကာမှုများဖြင့် တရားရုံးတွင် စစ်ဆေးခံရမည်ဖြစ်သည်။ ၎င်းတို့၏ အမှုတွင် ပြစ်မှုထင်ရှားသောအထောက်အထား အများအပြားရှိသည်ဟု အစိုးရ တရားရေးအရာရှိတစ်ဦးက ပြောကြားသည်။

ရဲအရာရှိခုနစ်ဦးအားအချုပ်ခန်းတွင် ဖမ်းဆီးထားပြီး ငါးဦးကို ယာယီလွှတ်ပေးထားကြောင်း သိရသည်။ သို့သော် ပြင်သစ်ပြည်ထဲရေးဝန်ကြီး မယ်နျူရယ်ဗားလတ်စ်ကမူ ၎င်းတို့အား အလုပ်တာဝန်များမှ ဆိုင်းငံ့ထားမည်ဖြစ်ပြီး ရာဇဝတ်မှုတိုက်ဖျက်ရေး အထူးတပ်ဖွဲ့ကိုလည်း ဖျက်သိမ်းသွားမည်ဟု ပြောကြားသည်။

"သူတို့ရဲ့ လုပ်ရပ်တွေဟာ ထူးထူးခြားခြားကို လေးနက်ပြင်းထန်ပါတယ်" ဟုပြည်ထဲရေးဝန်ကြီးက ထုတ်ပြန်ပြောကြားသည်။ ယင်းစွပ်စွဲမှုများသာ မှန်ကန်ခဲ့ပါက မိမိနိုင်ငံသားများ၏ လုံခြုံရေးအပေါ် အာမခံရမည့် ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ပျက်စီးစေလိမ့်မည်ဟုပြည်ထဲရေးဝန်ကြီးမယ်လ်နျူရယ်ဗားလတ်စ်က ဆက်လက်ပြောကြားသည်။

ထောက်လှမ်းရေးအထူးတပ်ဖွဲ့ရုံးရှိ မျက်နှာကြက်နှင့် အဝတ်အစားထားရာ သံသေတ္တာများအတွင်းမှ ဆေးခြောက်များနှင့် ပိုက်ဆံများ ရှာဖွေတွေ့ရှိခဲ့သည်ဟု မာဆေးလ်မြို့ မြောက်ပိုင်းခရိုင်တရားရေးအရာရှိ ဂျက်ဒယ်လတ်စ်က ပြောကြားသည်။

—*Ref: AFP*

## ဆီးရီးယားစစ်တပ်က ဟမ်းစ်မြို့အား စစ်လေယာဉ်များဖြင့် တိုက်ခိုက်

**ဒမတ်စကပ်စ်၊ အောက်တိုဘာ - ၆**

ဆီးရီးယားနိုင်ငံမှ နယ်စပ်ကျော်၍ကျရောက်လာသော အမြောက်ဆန်များအတွက် တူရကီနိုင်ငံက ယခုရက်သတ္တပတ်အတွင်း ဒုတိယအကြိမ်ပြန်လှန်ပစ်ခတ်ခဲ့သည်ဟု သတင်းများထွက်ပေါ်လာစဉ်မှာပင်ဆီးရီးယားနိုင်ငံ၌သူပုန်များ ထိန်းချုပ်ထားသော ဟမ်းမြို့အား ဆီးရီးယားအစိုးရ စစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံနယ်စပ်မြို့တစ်မြို့အား အမြောက်ဖြင့် ပစ်ခတ်ခြင်းနှင့် အလက်ပိုမြို့တွင် အကြမ်းဖက်ကားဗုံးခွဲမှုကြောင့် လူ ၅၀ နီးပါး သေဆုံးခဲ့ခြင်းကို ကုလသမဂ္ဂက ရှုတ်ချပြောကြားလိုက်စဉ် ယခုတိုက်ခိုက်မှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ ဟမ်းစ်မြို့ ကယ်ဒီယက်ခရိုင်တွင် ဖြစ်ပေါ်ခဲ့သော ဗုံးကြဲတိုက်ခိုက်မှုများမှာ ငါးလအတွင်း အပြင်းထန်ဆုံးဖြစ်ပြီး ပထမဦးဆုံး အကြိမ်အဖြစ် အစိုးရက တိုက်လေယာဉ်များ အသုံးပြုခဲ့ခြင်းလည်းဖြစ်သည်။ သူပုန်တပ်ဖွဲ့များကလည်း လေယာဉ်များကို ပြန်လှန်ပစ်ခတ်ခဲ့ပြီး တိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စီးကို ပစ်ချနိုင်ခဲ့သည်။

ဟမ်းစ်မြို့ တိုက်ခိုက်မှုများ ကြောင့်အရပ်သားရှစ်ဦးနှင့် သူပုန်တစ်ဦး သေဆုံးခဲ့ကြောင်း အတိုက်အခံဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ပြောကြားပြီးစက်တင်ဘာလ ၅ ရက်မှာပင် တစ်နိုင်ငံလုံး၌ သေဆုံးသူ ၉၅ ဦး ရှိကြောင်း ပြောကြားသည်။

အလက်ပိုမြို့တွင်သူပုန်များကဆေးရုံများနှင့်ကျောင်းများကိုသိမ်းပိုက်၍ ၎င်းတို့၏ ယာယီစစ်စခန်းများအဖြစ် အသုံးပြုကြောင်း ဂျာနယ်လစ်များက ပြောကြားသည်။ ၂၀၁၁ မတ်လမှ စတင်ခဲ့ပြီး ပြည်တွင်းစစ်အဖြစ် အသွင်ပြောင်းလာသော ဆီးရီးယားစစ်ပွဲတွင် သေဆုံးသူ ၃၁,၀၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း တက်ကြွလှုပ်ရှားသူများက ပြောကြားသည်။

—*Ref: AFP*



## 7DAY BOOK REVIEW




### မြင့်မြတ်မှုပျောက်ဆုံးနေခြင်း (ဆရာတော်ဦးဇောတိက)

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလက မင်္ဂလာတရားတော်စာအုပ် ထွက်ပြီး တစ်နှစ်ခွဲကျော်ကြာပြီးမှ ထွက်ရှိလာသည့် ပျဉ်းမနား မဟာမြိုင်တောရဆရာတော် ဦးဇောတိက၏ စာအုပ်ဖြစ်သည်။ လွန်ခဲ့သော ကိုးနှစ်ကျော်က စင်ကာပူနိုင်ငံတွင် ဟောကြားခဲ့သည့် တရားတော်ကို ယခုအခါတွင်မှ စာအုပ်အဖြစ် တစ်ပေါင်းတစ်စည်းတည်း ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ထင်ရှားသည့် အဆိုအမိန့်ဖြစ်သော 'စိတ်ကောင်းရှိဖို့ပထမ' ဆိုသည့်အတိုင်း လူပုဂ္ဂိုလ်တိုင်း ထားရှိအပ်သော စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေး စိတ်အခြေအနေ၊ စိတ်သဘာဝများပေါ် မူတည်၍ တိုးတက်မြင့်မားသည့် စိတ်ဓာတ်၊ ကိုယ်ကျင့်တရား တည်ဆောက်ရေးအတွက် တစ်စိုက်မတ်မတ် ဟောကြားရေးသားလေ့ရှိသော ဆရာတော်ဦးဇောတိက၏ ဓမ္မတရားများကို ယခုစာအုပ်တွင် ဖတ်ရှုရပါမည်။

မြင့်မြတ်မှုပျောက်ဆုံးနေခြင်း တရားတော်တွင် လူတွေရဲ့စိတ်မှာဖြစ်တတ်တာတွေ၊ အထီးကျန်တဲ့ခံစားမှု၊ မြင့်မြတ်မှုဆိုတဲ့ သဘာဝပျောက်ဆုံးသွားပြီဆိုရင်ဟူ၍ အခန်းလေးများခွဲကာ လူအများ နားလည်အောင် လေးနက်သည့် စိတ်သဘာဝများကို ပေါ့ပေါ့ပါးပါး ခွဲခြားဟောကြားထားသည်။ 'ဘဝမှာ အကောင်းဆုံးနေချင်ရင် တရားကို လေ့လာမှဖြစ်မယ်'ကဏ္ဍ၌ မိမိ၏စိတ်သန္တာန် မညစ်ညမ်းစေအောင် မွေးမြူခြင်းနှင့်ပတ်သက်၍ "တရားအားထုတ်လိုက်တဲ့အခါမှာ အကျင့်စာရိတ္တပျက်တာ မဖြစ်တော့ဘူး။ နောက်ဆုံးပြောရမယ်ဆိုရင် တီဗီ၊ ဗီဒီယိုကြည့်တာကအစ မကောင်းတာဆိုရင် မကြည့်ဘူး။ ကြည့်တဲ့သူ Diginity ကျတာတွေ အများကြီးရှိတယ်။ ဂုဏ်သိက္ခာကျတယ်။ ကိုယ့်ကိုယ်ကိုယ်လေးစားမှုတွေ ကျသွားတာ အများကြီးရှိတယ်။ ကိုယ့်ကို စော်ကားသလိုဖြစ်နေတယ်။ မကောင်းတာတွေကို ထိုင်ပြီးတော့ စိတ်ပါလက်ပါကြီးကြည့်နေတာ ကိုယ့်ကိုယ်ကိုယ် ပြန်စော်ကားလိုက်သလိုပဲနော်။ ဘုန်းကြီးကိုယ်တိုင် ငယ်ငယ်တုန်းက အဲဒီလို ခံစားဖူးတယ်။ ဩော် ငါ့ကို သူတို့စော်ကားတာကို ငါကျေကျေနပ်နပ်ခံနေတာကိုး" ဟုဟောကြားထားသည်။ 'မြတ်စွာဘုရားကို အလွန်ကျေးဇူးတင်တယ်'ကဏ္ဍ၌ "ဘုရားဆိုတာကို စိတ်ထဲကနေအာရုံပြုလိုက်တာနဲ့ တစ်ပြိုင်နက် စိတ်ထဲမှာ ပီတိတွေဖြစ်ပြီး တစ်ခါတလေ မျက်ရည်တွေဝဲလာတယ်။ တစ်ခါတလေ ကြက်သီးထတယ်။ သိပ်ကျေးဇူးကြီးပါလား။ ဒီလိုမှန်ကန်တဲ့ တရားကို ပြောပြနိုင်မည့် ပုဂ္ဂိုလ်မရှိပါဘူး။ ဒီလောက်နက်နဲသိမ်မွေ့တဲ့ တရားသဘောတွေကို ပြောခဲ့တဲ့ပုဂ္ဂိုလ်၊ ဟောခဲ့တဲ့ပုဂ္ဂိုလ်၊ သင်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားပဲရှိတယ်" ဟု ယုံယုံကြည်ကြည်ဟောကြားထားပါသည်။

မေတ္တာသုတ်တရားတော်တွင် မေတ္တာသုတ်နှင့်ပတ်သက်၍ ဟောကြားရှင်းလင်းထားရာ၌ ပါဠိစာသားနည်းနည်းနှင့် အဓိပ္ပာယ် နားလည်လွယ်အောင် ရိုးရှင်းစွာ ဟောကြားထားပါသည်။ မေတ္တာသုတ်ကို အနက်ဖွင့်ဆိုရာ၌စွမ်းနိုင်သူလည်း ဖြစ်ရ၏။ ဖြောင့်မတ်သူလည်း ဖြစ်ရ၏။ အဆုံးအမလွယ်သူလည်း ဖြစ်ရ၏။ မာနခံနေရင် တရားအားထုတ်လို့မရဘူး။ တင်းတိမ်ရောင့်ရဲလွယ်သူဖြစ်ရမယ်။ ကိစ္စမများတဲ့သူဖြစ်ရမယ်။ ငြိမ်သက်သော ဣန္ဒြေရှိရမယ်စသည်ဖြင့် ခေါင်းစဉ်ငယ်လေးများခွဲကာ စာဖတ်တတ်သူတိုင်းရင်ထဲ၊ အသည်းထဲစွဲအောင် ရိုးရိုးရှင်းရှင်း ဟောကြားထားသည်။

မေတ္တာသုတ်တွင် ပါဝင်သော စည်းလဲလှည့်ပတ်မှုမပြုပါစေနဲ့(နပရောပရံနိကုဗ္ဗေထ)အပိုဒ်၌စည်းလဲခြင်းနှင့် မေတ္တာတရား ဆက်နွယ်မှု အပိုင်းတွင် **လှည့်ပတ်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းမှာ ထိုသူအပေါ် မေတ္တာမရှိခြင်းကြောင့်ပင်ဖြစ်၏** ဟု ရှင်းလင်းတိကျစွာ ဟောကြားထားပါသည်။

ရေတံခွန်စာပေက တန်ဖိုး ၁,၄၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ပဟုသုတ

### ဘီစကစ်မုန့်တွေရဲ့ သမိုင်းကိုသိပါသလား

ဘီစကစ်မုန့်များသည် ရနံ့တစ်မျိုးထည့်ထားသော အပူပေး၊ မီးဖုတ်ထားသည့် မုန့်တစ်မျိုးဖြစ်သည်။ အမေရိကန်နှင့်ကနေဒါနိုင်ငံတွင် 'ဘီစကစ်' ဆိုသည်မှာ နူးညံ့သော Scone ဟုခေါ် သည့်ပေါင်မုန့်တစ်မျိုးကိုခေါ်၍ဗြိတိသျှအစဉ်အလာ 'ဘီစကစ်' ကိုကွတ်ကီး cookie (သို့မဟုတ်) ခရက်ကာ cracker ဟုခေါ် သည်။ ဗြိတိန်နှင့် အိုင်ယာလန်တွင် အတန်ငယ်ငန်သော၊ချိုသော ဘီစကစ်များကို ခရက်ကာဟု ခေါ် လေ့ရှိပြီး ၎င်းတို့မှာ ချောကလက်ဘီစကစ်၊ ချင်းဘီစကစ် ginger biscuit၊ နို့ကြက်ဥဘီစကစ် custard cream မုန့်ကဲ့သို့မုန့်များဖြစ်သည်။ သမိုင်းအရ လွယ်ကူစွာသိုလှောင်ရန်၊ တာရှည်အထားခံ၍ စားနိုင်ရန်အတွက် ရှေးခေတ် အီဂျစ်ပင်လယ်ခရီးသွားများက dhourra cake ဟုခေါ် သော ပြောင်းမုန့်ခြောက်များသုံးစွဲလေ့ရှိပြီး ရောမသားတို့၏ ဘီစကစ်မုန့်မှာမာကျောပြီး ခြောက်သွေ့ကာ အချိုဓာတ်မပါချေ။ ပထမဆုံးသော အနံ့အရသာပါသော ဘီစကစ်မှာ အာမေးနီးယန်းဘုန်းတော်ကြီး ဂရီလိုရီဒီနီကိုလစ်က ဥရောပသို့အေဒီ ၉၉၂ ခုနှစ်တွင်သယ်ယူလာခဲ့သော ချင်းပေါင်မုန့်ခြောက်ခေါ် ginger bread ပင်ဖြစ်သည်ဟုဆိုသည်။ ထိုမှစ၍ ရာစုနှစ်များစွာကြာပြီး ၁၅ ရာစု ၁၄၄၄ ခုနှစ်တွင် ဆွီဒင်မယ်သီလရှင်များသည် ချင်းပေါင်မုန့်ခြောက်များကို စတင်ဖြန့်ဖြူးရောင်းချလာပြီး ၁၈ ရာစုတွင် ထိုသို့ရောင်းချမှုဓလေ့ထွန်းကားလာသည်။ ဗြိတိသျှ ဘီစကစ်ကုမ္ပဏီ များဖြစ်သော Carrs, Huntley & Palmer နှင့် Crawfords တို့မှာလည်း ၁၈၅၀ ပြည့်နှစ်တွင်စတင်တည်ထောင်ကာ ဘီစကစ်များ ရောင်းချလာကြသည်။ ယနေ့ခေတ်ကာလတွင်မူ ဘီစကစ်မုန့်များကို ရနံ့အမျိုးမျိုး၊ နို့၊ အသား၊ ချိစ်တို့ဖြင့် ကမ္ဘာ့ဒေသအလိုက် စတိုင်လ်အမျိုးမျိုးဖြင့် တီထွင်ပြုလုပ်လာကြသည်။ ဘီစကစ်များမှာလည်း နိုင်ငံအလိုက်အမည်အမျိုးမျိုးဖြင့် ပုံစံရာကျော်ခန့်ရှိနေကြပြီဖြစ်သည်။

—Ref: Wikipedia

## တစ်ပတ်တာကံကြမ္မာ

အောက်တိုဘာ ၁၀ ရက်မှ ၁၆ ရက် အထိ

စံဇာဏီဘို



### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

စီးပွားလာဘ်လာဘ တိုးတက်မည်။ ငွေကြေးကံကောင်းမည်။ အလုပ်အကြံအစည်များ အခက်အခဲများကို စနစ်တကျကျော်လွှားနိုင်မည်။ ငွေအစုလိုက် ဝင်ခြင်းရှိမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စများ ပြောဆိုဆောင်ရွက်အောင်မြင်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ အလုပ်သစ်များ၊ စီးပွားသစ်များ လုပ်ကိုင်၍ တိုးတက်မှုအဆင့်ဆင့် ရရှိမည်။ ခရီးသွားစဉ် အလှူခံတွေ့က အလှူပေးပါ။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

အရာရာ အဆင်ပြေမည်။ မိတ်ကောင်း၊ ဆွေကောင်းများထံမှ အထောက်အကူကောင်းရရှိမည်။ စုပေါင်းတွဲဖက်လုပ်သော ကိစ္စများမှ ထူးခြားသော အကျိုးဆက်များ ရရှိမည်။ စီးပွားလာဘ်လာဘနှင့် ဥစ္စာဓနတိုးတက်မည်။ အပြိုင်အဆိုင်များကို ကျော်လွှားပြီး တိုးတက်ခြင်းများ ရရှိမည်။ လက်လွှန်ထားသော ငွေကြေးများပြန်ရမည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းနိုင်မည်။ ရပ်ဝေးနှင့် အဆက်အသွယ် ပွင့်မည်။




### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ခရီးကိစ္စများ အဆင်ပြေမည်။ ရသင့်ရထိုက်သော ငွေများပြန်လည် ရရှိခြင်းနှင့် လာဘ်လာဘတိုးပွားခြင်းများ ရှိနိုင်သည်။ အလုပ်အကြံအစည်များ အောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်း၊ တိုးတက်မှုသတင်းများ ရရှိမည်။ စိတ်ချမ်းမြေ့ရမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ မိတ်ဆွေကောင်းများထံမှ အထောက်အကူကောင်းရမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

မိသားစု အလုပ်စီးပွားသစ်များ တိုးချဲ့လုပ်ကိုင်နိုင်မည်။ ငွေကြေးကံကောင်းခြင်းနှင့် လာဘ်ပွင့်ခြင်းများဖြစ်လာမည်။ မူလလုပ်ကိုင်ဖူးခြင်း မရှိသေးလုပ်ငန်းများ လုပ်ကိုင်ရန် အခြေအနေကောင်းများ ကြုံမည်။ အလုပ်သစ်၊ စီးပွားသစ်များ လုပ်ကိုင်ရန် ကြုံက ရဲရဲရင့်ရင့် ရှေ့တိုးလုပ်ကိုင်ဆောင်ရွက်ပါ။ မိဘအကြီးအကဲ ကျန်းမာရေး အညံ့ရှိသည်။ မပေါ့ရ။ ဆုံးဖြတ်ချက်များ မှန်ကန်မည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

အရာရာ အဆင်ပြေမည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားနိုင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ရုတ်တရက်ဆုံးဖြတ်ပြီး ဆောင်ရွက်သော ကိစ္စများမှ ထူးခြားသော အကျိုးများဖြစ်ထွန်းမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ အလုပ်တိုးတက်ခြင်း၊ စီးပွားတိုးတက်ခြင်းများ ရှိမည်။ တစ်ခုထက်မကသောကိစ္စများကို တစ်ပြိုင်နက်တည်း လုပ်ကိုင်၍ တိုးတက်မှုများရရှိမည်။ အတတ်ပညာတိုးတက်မည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

အဘက်ဘက်မှ ကောင်းမည်။ စိတ်ဆန္ဒ၊ ရည်မှန်းချက်အားလုံးကို အခိုင်အမာဆောင်ရွက်နိုင်သော အခြေအနေကောင်းများရှိမည်။ မိတ်ဆွေအကြီးအကဲ အထောက်အကူရခြင်းနှင့် အလိုဆန္ဒပြည့်စုံခြင်းများ ဆက်တိုက်ဖြစ်ထွန်းမည်။ သူတစ်ပါးနှင့်မတူသော ရှုထောင့်မှ ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ဖြစ်လာ မည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်း၊ တိုးတက်မှုသတင်းများကို ကြုံတွေ့ရမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ဆောင်ရွက်သမျှ ကိစ္စအလုံးစုံအောင်မြင်၍ လိုရာဆန္ဒတိုးတက်မည်။ မည်မျှအခက်အခဲနှင့်ကြုံစေ အားလုံးကို ကျော်လွှားနိုင်မည်။ ဦးတည်လိုက်တိုင်း နေရာတိုင်းတွင် အနှောင့်အယှက်ရှိမည်။ မဖြစ်မနေ လုပ်ဆောင်မှုကြောင့် အောင်မြင်မှုများ ရရှိမည်။ အတတ်ပညာနှင့် တက်လမ်းပွင့်မည်။ ဆုံးဖြတ်ချက်များ မှန်နေမည်။ အလုပ်နှင့်ပတ်သက်သော ကံအခွင့်အလမ်းများ တစ်မျိုးပြီးတစ်မျိုး ပေါ် ထွန်းမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

အတတ်ပညာကို အသုံးချ၍ ဘဝတက်လမ်းများ ဆက်တိုက်ကြုံမည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူကောင်းရမည်။ အကုန်အကျများခြင်းများ တစ်မျိုးပြီး တစ်မျိုး ကြုံမည်။ စုဆောင်းထားသောငွေများကို သုံးစွဲရခြင်းမျိုး ရှိမည်။ ဆောင်ရွက်နေသောလုပ်ငန်းများကို ချဲ့ထွင်ခြင်းပြု၍ အကျိုး ရှိမည်။ နာမည်အောင်မြင်မှုများ ရရှိမည်။ မည်သည့်ကိစ္စကို ဆောင်ရွက်စေ လူသိထင်ရှားကျော်ကြားမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

ပြဿနာများ၊ အခက်အခဲများ တစ်မျိုးပြီးတစ်မျိုး ရင်ဆိုင်ဖြေရှင်းရမည်။ ရန်အတိုက်အခံပြုသူများ၊ မနာလိုသူများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ ဆောင်ရွက်ထားသည့် ကိစ္စအလုံးစုံကို လိုက်လံအနှောင့်အယှက်ပြုသူများနှင့် ကြုံတွေ့ရတတ်သည်။ အိမ်တွင်းရေး၊ လူမှုရေးအညံ့များကြုံမည်။ မောင်နှမသားချင်းများ၏ ပြဿနာများကို ဖြေရှင်းပေးရကိန်းရှိသည်။ ငွေကြေးကိစ္စ ကြားဝင်၍တာဝန်ယူခြင်း၊ အာမခံခြင်း မပြုရ။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

မူလစီစဉ်ထားသော ကိစ္စများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် ခက်မည်။ ရည်မှန်းထားသည်နှင့် လက်တွေ့ဖြစ်ပေါ်မှု ကွာဟမည်။ မတော်တဆ ထိခိုက်မှု အန္တရာယ်သတိရှိရမည်။ ငွေကြေးအပေးအယူကိစ္စ၊ လုပ်ငန်းလက်လွှဲလက်ပြောင်းကိစ္စရပ်များတွင် ပြဿနာများဖြစ်တတ်သည်။ အနီးကပ်လူဒုက္ခပေးတတ်သည်။ ဆုံးဖြတ်ချက်မှားယွင်း၍ ငွေကုန်ကြေးကျများတတ်သည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

ဆောင်ရွက်သမျှ အောင်မြင်မည်။ အကြံအစည် ရည်ရွယ်ချက်မှန်သမျှ ထွန်းပေါက်အောင်မြင်အောင်ဆောင်ရွက်နိုင်မည်။ အခက်အခဲများကို ကျော်လွှား၍ တိုးတက်မှုများ ဖြစ်မည်။ မျှော်လင့်မထားသော ကံကောင်းခြင်းများ ဆက်တိုက်ဖြစ်မည်။ ဖြေရှင်းရန်ခက်ခဲ၍ အရှုံးပေးလက်မြှောက်ထားသော ကိစ္စများကို ပြန်လည်ကိုင်တွယ်ဖြေရှင်းရမည်။ ဆောင်ရွက်နေဆဲ လုပ်ငန်းထက် ပိုသာသောလုပ်ငန်းလုပ်ရမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

လုပ်ရိုးလုပ်စဉ် မဟုတ်ဘဲ စွန့်စွန့်စားစားလမ်းထွင်ပြီး အောင်ရွက်သည်များမှ တိုးတက်သောအခြေအနေ၊ အောင်မြင်သော အနေအထားသို့ အခိုင်အမာ ဖန်တီးနိုင်မည်။ ငွေကြေးအပေးအယူ သတိရှိရမည်။ လူလိမ်လူကောက်အန္တရာယ် သတိရှိရမည်။ မောင်နှမသားချင်းများ အတွက် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ခြင်း ကြုံမည်။ ထူးခြားသော စန်းပွင့်မှုများ ရှိမည်။

Environment

7 DAY NEWS JOURNAL

Vol.11, No.31 • OCTOBER 11 , 2012

# စံပယ်တောင် ကြေးနီစီမံကိန်းတစ်ဝိုက် မြေအောက်ရေသုံးမရခြင်းကို ကုမ္ပဏီရှင်း

**အိမ့်ဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၂၉**

စံပယ်တောင် ကြေးနီစီမံကိန်း အနီးတစ်ဝိုက်ရှိ မြေအောက်ရေများ သောက်သုံးမရခြင်းမှာ မြန်မာယမ်စီကုမ္ပဏီနှင့် သက်ဆိုင်မှု မရှိကြောင်း ယင်းကုမ္ပဏီလူထု ဆက်ဆံရေးအရာရှိဦးအောင်ဇော်လင်းက ဂရင်းမီးရထား ဟိုတယ်တွင် တွေ့ဆုံသောစာနယ်ဇင်းရှင်းလင်းပွဲ၌ ပြင်းဆိုလိုက်သည်။

ကျေးရွာလေးရွာအတွင်းရှိ မြေအောက်ရေများတွင် အက်စစ်ဓာတ်ပါဝင်မှု များပြီး သောက်သုံး၍ မရခြင်းမှာ ကုမ္ပဏီမှ စွန့်ပစ်ပစ္စည်းများနှင့် သက်ဆိုင်မှုမရှိကြောင်း၊ ယခုကဲ့သို့ ဖြစ်ပေါ်ရခြင်းမှာမြန်မာအိုင်ဗင်းဟိုးကုမ္ပဏီလွှဲပြောင်းမယူမီ ၁၉၉၇ ခုနှစ်က အစိုးရ လည်ပတ်ခဲ့သော အမြှုပ်ထ စက်ရုံ၏ အကျိုးအာနိသင် ကြောင့်ဖြစ်ကြောင်း၊ ယင်းစွန့်ပစ်ခဲ့သော အရည်များကိုဒေသခံများ တစ်ပိုင်တစ်နိုင်ကြေးချက်ရာမှ ၁၀ နှစ်ကြာသော အချိန်တွင် အကျိုးအာနိသင် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ယခုလည်ပတ်နေသော မိမိတို့ကုမ္ပဏီက အဆိပ်ဖြစ်စေမည့် စွန့်ပစ်အမှိုက်ကို စနစ်တကျစွန့်ပစ်ကြောင်း ဦးအောင်ဇော်လင်းက ပြောကြားသည်။

မည်သူကြောင့်ဖြစ်စေ ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေကာမူ ဦးပိုင်နှင့် မြန်မာယမ်စီကုမ္ပဏီတို့သည်သတ္တုတွင်းကိုလက်လွှဲပြောင်းယူ၍ အကျိုးအမြတ်များ ခံစားရရှိသလို ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုလည်း တာဝန်ယူဖြေရှင်းသည့်နည်းလမ်းများ ရှာဖွေသင့်ကြောင်း အစိမ်းရောင်ကွန်ရက်မှ ဥက္ကဋ္ဌ ဒေါ်ဒေဝီသန့်စင်က ပြောသည်။ မြေအောက်ရေချိုသောက်သုံးလို့မရသည့် ပြဿနာများကို ဖြေရှင်းရမည့်အပြင် လေထုညစ်ညမ်းမှု (လေထုထဲတွင် အက်ဆစ်ပါဝင်မှု)ကို ခေတ်မီလေထုညစ်ညမ်းမှုတိုင်းတာသည့်စက်ပစ္စည်း ယင်းဒေသတွင်တည်ထောင်ထားသင့်ကြောင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုရှိ၊မရှိကို ပွင့်လင်းမြင်သာစွာချပြပြီး ညစ်ညမ်းမှု တကယ်ရှိပါကစီမံကိန်းရပ်နားသည်အထိ တာဝန်ခံဖြေရှင်းသင့်ကြောင်းဒေါ်ဒေဝီသန့်စင်က ပြောသည်။

"ရေနဲ့ပတ်သက်ပြီးပြောရင် ကံကုန်းကျေးရွာကို ဒီနှစ် မေလမှာ စစ်ဆေးခဲ့တယ်။ ကံကုန်းရွာ အရှေ့၊ အနောက်၊ တောင်၊ မြောက် မြေအောက်ရေကို မန္တလေးကဓာတ်ခွဲခန်းမှာစစ်တဲ့အခါ သုံးလို့မရဘူးလို့ အဖြေထွက်ပါတယ်။ ရွာကလူတွေက တခြားနေရာက ယူသုံးနေကြပါတယ်"

ယင်းကျေးရွာများ၏ မြေဆီလွှာနှင့် မြေအောက်ရေစမ်းသပ်မှုများ လေ့လာခဲ့သူ ဒေါ်ဒေဝီသန့်စင်က အမှန်တကယ်မြေအောက်ရေများ ညစ်ညမ်းနေသည်ကို တွေ့ရှိရကြောင်း တည်ပြုပြောကြားခြင်းဖြစ်သည်။

"၁၉၉၇ နှစ်တုန်းက အမြှုပ်ထစက်ရုံကို အစိုးရက တည်ဆောက်ခဲ့ပါတယ်။ ယူဂိုဆလားဗီးယားနိုင်ငံက လက်ဆောင်ပေးခဲ့တာပါ။ စက်ရုံကလည်းဟောင်း နည်းပညာကလည်းဟောင်းတယ်။ အဲဒီတုန်း နိုင်ငံခြားငွေနဲ့ ဝယ်ရတဲ့အတွက် လိုအပ်တဲ့ စက်အရန်ပစ္စည်းကို မဝယ်ဘဲ လည်ပတ်ခဲ့ပါတယ်။ အဲဒါကြောင့် စွန့်ပစ်ပစ္စည်းကို အများကြီး စွန့်ပစ်ခဲ့ရပါတယ်။ အဲဒီစွန့်ပစ်ရေတွေက လယ်တွေထဲကိုဝင်တယ်။ အဲဒီအချိန်မှာ ကျေးရွာတွေမှာ အရပ်နည်းပညာအရကြေးချက်တဲ့လုပ်ငန်းတွေ လုပ်ကြပါတယ်။ နည်းစနစ်မကျတဲ့ အဲဒီလုပ်ငန်းတွေကြောင့် ဆယ်နှစ်လောက်ကြာတော့ အစွမ်းသတ္တိတွေ ပြလာတာဖြစ်ပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

စီမံကိန်းအနီး နေထိုင်သူများက ယမားချောင်းတွင်းသို့ စွန့်ပစ်ရည်များမှာ ယခင်က နီကျင်ကျင်အရောင်မှ ယခုတရုတ်ကုမ္ပဏီမှ စွန့်ပစ်သော စွန့်ပစ်ရေမှာ အဖြူရောင်အနည်နှစ်များသို့ ပြောင်းလဲစွန့်ပစ်ကြောင်း၊ ယခင်က နီကျင်ကျင် အရည်များကိုကျင်ယူရာတွင် ကြေးနီများထွက်ရှိသော်လည်း ယခုယင်းရေများသည် ကြေးနီမထွက်ကြောင်း၊ သို့သော်လည်း ယင်းရေစီးဆင်းသည့် ရေများထိတွေ့ပါက အပင်မဖြစ်ထွန်းကြောင်း ကံကုန်းကျေးရွာတွင် နေထိုင်သူများက ယင်းကျေးရွာတွင် သွားရောက်တွေ့ဆုံစဉ်က ပြောပြကြသည်။

"ကြေးစင်တောင် စံပယ်တောင်ကနေ အက်စစ်ဖျန်းတဲ့စနစ်ကြောင့် ကျေးရွာကိုအငွေ့တွေ ရောက်လာတယ်။ ကျေးရွာရေတွေက လုံးဝကိုသုံးလို့ မရတော့ဘူး။ ပြီးတော့ အဲဒီမှာ အက်စစ်စက်ရုံ လည်ပတ်တယ်။ အက်စစ်စက်ရုံ အနီးနားမှာ စာသင်ကျောင်းရှိတယ်။ အဲဒီစာသင်ကျောင်းက အဲဒီအငွေ့ရှူရှိုက်ခဲ့ရတယ်။ လေထုညစ်ညမ်းမှုတွေ ရှိတယ်။ ကျွန်တော်တို့ လက်တွေ့ခံစားနေရပြီ"ဟု ယခင်က အဖြစ်ပျက်များနှင့် ယခုခံစားရမှုများကို ကံကုန်းကျေးရွာသားတစ်ဦးက ပြောသည်။

ကံကုန်းနှင့် ဒုန်းတောကျေးရွာများတွင် ယခုနှစ် ဇွန် ၈ ရက်က လုပ်ငန်းခွင်ကျန်းမာရေးမှ မြေအောက်ရေတွင် အက်စစ်ပါဝင်မှုရှိ၊ မရှိကို လာရောက်စစ်ဆေးကြသော်လည်း ယခုအချိန်အထိ ကျေးရွာဒေသခံများအား စစ်ဆေးမှု အဖြေထုတ်ပြန်ခဲ့ခြင်း မရှိကြောင်း၊ သို့သော် ကျေးရွာတစ်ဝိုက်တွင် လေသင့်ရာပါလာသော စူးရှရှအနံ့ကို ရှူရှိုက်နေရကြောင်း၊ ရံဖန်ရံခါ မျက်လုံးစပ်ခြင်းများ ခံစားရကြောင်း ယင်းကျေးရွာတွင် နေထိုင်သူများက ပြောသည်။

"အိုင်ဗင်းဟိုးစက်ရုံက သတ္တုသန့်စင်တဲ့အခါ ပတ်ဝန်းကျင် ထိခိုက်မှုနည်းအောင် အကုန်အကျခံပြီး နည်းအောင်လုပ်တယ်။ တရုတ်က အဲဒီလိုလုပ်၊ မလုပ်ကို သိချင်တယ်။ ပွင့်လင်းမြင်သာစွာ ချပြသင့်တယ်လို့ထင်တယ်"ဟုECOD-EV မှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးသူကပြောသည်။ စံပယ်တောင် ကြေးနီတူးဖော်ရေးစီမံကိန်းကို ၁၉၉၇ ခုနှစ်တွင် မြန်မာအစိုးရက ဖော်ထုတ်ခဲ့သည်။ စာ(၄၀) သို့

# မြစ်ဆုံစီမံကိန်း ထာဝရရပ်ဆိုင်းပေးရန် ဝိုင်းဝန်းတောင်းဆို

**အိမ့်ဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၃**

အောက်တိုဘာ ၃ ရက်က ပြုလုပ်ခဲ့သော ဧရာဝတီမြစ် ကယ်တင်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ်လှုပ်ရှားမှုပွဲတွင် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကိုသမ္မတဦးသိန်းစိန် သမ္မတ သက်တမ်းတွင်သာမဟုတ်ဘဲ ထာဝရရပ်ဆိုင်းပေးရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက တောင်းဆိုလိုက်သည်။

တစ်နှစ်ပြည့် လှုပ်ရှားမှု အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားတွင် ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့မှ ကိုပြုံးချိုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများဖြစ်သည့် ဦးဝင်းမျိုးသူ၊ ဦးထွန်းလွင်(မိုးလေဝသ)၊ ကိုတာ၊ မောင်စိန်ဝင်း(ပုတီးကုန်း)တို့ တက်ရောက်ပြီး တက်ရောက်လာသူ လူ၅၀ ကျော်က ယခုကဲ့သို့ တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

"ဧရာဝတီမြစ်ဆုံ စီမံကိန်းကိုရပ်တာ တစ်နှစ်ကျော်ပါပြီ။ ဒါပေမဲ့ ၁၀၀ ရာခိုင်နှုန်း ရပ်သေးတာမဟုတ်ဘူး။ ဧရာဝတီရေရှည်စီးဆင်းဖို့ သမ္မတသက်တမ်းတင်မဟုတ်ဘူး။ ထာဝရရပ်ဆိုင်းပေးဖို့ တောင်းဆိုပါတယ်" ဟု ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့မှ ကိုပြုံးချိုက ပြောသည်။

သမ္မတ သက်တမ်းကာလတွင်သာ ရပ်ဆိုင်းထားခြင်းဖြစ်သောကြောင့် တရုတ်ရေအားလျှပ်စစ်ကုမ္ပဏီက ပြန်လည်လုပ်ဆောင်ခွင့်ရမည့် မျှော်လင့်ချက်ရှိနေပြီး ရပ်နားထားသည့် ကာလအတွင်း ငွေကြေးဆုံးရှုံးမှုများ ရှိနေကြောင်း တရုတ်ရေအားလျှပ်စစ်ကုမ္ပဏီ(CPI)ဒုဥက္ကဋ္ဌက 7 Day News journal နှင့် ဘေဂျင်းတွင် တွေ့ဆုံစဉ်က ပြောကြားခဲ့သည်။

စီမံကိန်းကို ယာယီရပ်နားသည် သဘောအသွင်ဆောင်သောကြောင့် ရေအားလျှပ်စစ်စီမံကိန်းကြောင့် ပြောင်းရွှေ့ရသည့်ကျေးရွာလေးရွာမှ ကျေးရွာသားများကိုပြန်လည်အခြေချနေထိုင်ခြင်းများ ခွင့်ပြုခဲ့ခြင်း မရှိချေ။ အိမ်ရာသစ်တွင် နေထိုင်ကြသူများက နေရာအသစ်တွင် စားဝတ်နေရေး အဆင်မပြေမှုများကို ကြုံတွေ့နေရကြောင်း ဒေသခံအသံကောက်ယူထားသော စစ်တမ်းစာအုပ်တွင် ဖော်ပြထားသည်။

"သမ္မတကြီးက တရုတ်ပြည်နဲ့ အမေရိကန်နိုင်ငံကို သွားတုန်းကနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အချက်လေးချက်နဲ့ကိုက်ညီရင်လက်ခံမယ်လို့ ပြောတယ်။ (၁) အမျိုးသားအကျိုးစီးပွားကို မထိခိုက်ဘူးဆိုရင်(၂)နိုင်ငံရဲ့ဂုဏ်သိက္ခာကိုမထိခိုက်ဘူး (၃) အချုပ်အခြာအာဏာကိုမထိခိုက်ဘူး(၄)သဘာဝ ပတ်ဝန်းကျင်ကို မထိခိုက်ဘူးဆိုရင် လက်ခံမယ်လို့ ပြောပါတယ်။ မြစ်ဆုံဟာ ဒီလေးချက်နဲ့ မကိုက်ညီပါဘူး။ အခုမြစ်ဆုံက သမ္မတသက်တမ်းမှာ ရပ်နေတဲ့အတွက်လုံးဝရပ်သေးတာ မဟုတ်ပါဘူး။ အဲဒါကြောင့် သမ္မတ သက်တမ်းဆိုတော့နောက်သမ္မတသက်တမ်းကာလမှာဒီသမ္မတပဲပြန်ရွေးရမလို ဖြစ်နေပါတယ်" ဟု မိုးဇလပညာရှင် ဦးထွန်းလွင်က ပြောကြားသည်။




ဓာတ်ပုံ-အိမ့်ဖြူမွန်


*တစ်နှစ်ပြည့်အခမ်းအနားတွင်တွေ့ရသည့် ဦးဝင်းမျိုးသူ*

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများက မြစ်ဆုံစီမံကိန်းကိုရပ်ဆိုင်းလိုက်သော်လည်း စီမံကိန်းအားလုံးကို ဆိုလိုခြင်း ဟုတ်၊မဟုတ် ကွဲပြားစွာ ဖော်ပြမှုမရှိကြောင်း၊မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းခြင်းဖြင့် ဧရာဝတီမြစ်၏ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့လိမ့်မည် မယူဆထားသောကြောင်း စီမံကိန်းခုနှစ်ခုလုံးကို တစ်ပြိုင်တည်း ရပ်နားစေချင်ကြောင်း ယင်းဆွေးနွေးပွဲတွင် တောင်းဆိုကြသည်။

"မြစ်ဆုံစီမံကိန်းက လုံးဝရပ်ဆိုင်းလိုက်တာ မဟုတ်တဲ့အတွက် ကျွန်တော်တို့ သွားရမယ့်လမ်းက မဆုံးသေးဘူး။ မြစ်ဆုံစီမံကိန်းတစ်ခုတင် မဟုတ်ပါဘူး။ ကျန်တဲ့ စီမံကိန်းခြောက်ခုပါ ရပ်ဆိုင်းဖို့ လိုပါတယ်။ အခုက မရှင်းမရှင်းဖြစ်နေတယ်။ ပြည်သူလူထုက နားလည်တာက မြစ်ဆုံစီမံကိန်းလို့ဆိုရင် စီမံကိန်း ခုနစ်ခုလုံးပါ။ ဒါပေမဲ့ အခု ရပ်ဆိုင်းလိုက်တာ ခုနစ်ခုလား၊ တစ်ခုလား မကွဲပြားဘူး ဖြစ်နေတယ်" ဟု ECO-DEV မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမျိုးသူက ပြောသည်။

ဧရာဝတီကို ကယ်တင်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ် လှုပ်ရှားမှုကို ဇမ္ဗူသီရိပရဟိတလူငယ်များက ဦးဆောင်ပြီး အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် တော်ဝင်နှင်းဆီခန်းမ၌ ဧရာဝတီမြစ်ကယ်တင်ခြင်း ပညာရပ်ဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

## ENVIRONMENT Cartoon




Global Link
Computer Training School
Microsoft Office Specialist Trainings
Access Specialist Training
Excel Specialist Training
Like us on : www.facebook.com/globallinkmm
Register Now ➡ Hotline - 09 430 68415

# Tourism

7Day News Journal

Vol.11, No.31 • OCTOBER 11 , 2012




ဓာတ်ပုံ - ဖြိုးမောင်မောင်

နိုင်ငံခြားသားအကြိုက်ဆုံးခရီးစဉ်တစ်နေရာဖြစ်သော ငပလီကမ်းခြေ

## ညမထွက်ရအမိန့် မရုပ်သိမ်းသေး၍ ငပလီကမ်းခြေသို့ နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု လျော့ဖွယ်ရှိ

**မြတ်စုမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၅**

မိုးရာသီတွင်ပိတ်ထားသည့်ငပလီကမ်းခြေဟိုတယ်လုပ်ငန်းများပြန်လည်ဖွင့်လှစ်လိုက်ပြီ ဖြစ်သော်လည်း ညမထွက်ရအမိန့်ကိုတရားဝင်ပြန်လည်မရုပ်သိမ်းသေးသဖြင့် နိုင်ငံခြားခရီးသွား ကြိုတင်မှာယူမှုများ ကျဆင်းသွားကြောင်း ငပလီကမ်းခြေဟိုတယ်များမှ စုံစမ်းသိရှိရသည်။

“ကာဖျူးကို တရားဝင်မရုပ်သိမ်းသေးတော့ ခရီးသွားလုပ်ငန်းတွေက ဘွတ်ခ်ကင်တွေ ပြန်ရုပ်သိမ်းကြတယ်။ အောက်တိုဘာ အတွက်ဆိုရင် ဘွတ်ခ်ကင် ၄၀ ရာခိုင်နှုန်းလောက်ကျသွားတယ်”ဟု ငပလီကမ်းခြေ၊ လင်းသာကျေးရွာရှိ အမတ ဟိုတယ်မှ Room Division Manager ဒေါ်လွင်လွင်ပြုံးက ပြောသည်။

ရခိုင်ပြည်နယ်မြို့နယ်အချို့တွင် ဖြစ်ပွားခဲ့သည့် လူမျိုးရေးပဋိပက္ခများကြောင့် သက်ဆိုင်ရာက ညမထွက်ရ အမိန့်ထုတ်ပြန်ထားသော်လည်း သံတွဲမြို့နယ်တွင် အခြေအနေ အေးချမ်းမှုရှိကြောင်း ၎င်းကဆက်လက်ပြောသည်။ အောက်တိုဘာလအတွက် ကြိုတင်မှာယူမှုအချို့ ဖျက်သိမ်းလိုက်ကြသော်လည်း နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွက်မူ ဖျက်သိမ်းခြင်း မရှိသေးကြောင်း ဒေါ်လွင်လွင်ပြုံးက ပြောသည်။

ညမထွက်ရ အမိန့်ကို ထုတ်ပြန်ထားသော်လည်း ယခုနောက်ပိုင်းတွင် ကန့်သတ်ချိန်လျှော့ချလိုက်ခြင်းများရှိပြီး ဒေသခံဟိုတယ် ဝန်ထမ်းများ သွားလာရေးအတွက် ဝန်ထမ်းသွားလာခွင့်ပြုကတ်များ စီစဉ်ပေးရန် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးနှင့် ညှိနှိုင်းထားကြောင်း ငပလီကမ်းခြေဟိုတယ်ဇုန်ဥက္ကဋ္ဌ ဦးကျော်စွာမောင်မောင်က ပြောသည်။

“သမ္မတ နိုင်ငံခြားခရီးစဉ် မသွားခင်က ကာဖျူးကို အပြီးရုပ်သိမ်းပေးဖို့ ပြည်နယ်ကတစ်ဆင့် တင်ပြထားတာရှိပါတယ်။ သူတို့က ပြန်မေးတယ်။ တာဝန်ယူနိုင်မလားဆိုပြီး၊ ဒါကြောင့် မြို့မိမြို့ဖတွေတိုင်ပင်ပြီး ရုပ်သိမ်းပေးဖို့ ပြန်တင်ထားပါတယ်။ ခုထိတော့ ပြန်ကျမလာသေးပါဘူး’ဟုဦးကျော်စွာမောင်မောင်က ပြောသည်။

ယခုအချိန်တွင် လာရောက်လည်ပတ်လျက်ရှိသည့် ကမ္ဘာလှည့်ခရီးသည်အချို့ရှိပြီး ဂျာမန်၊ ပြင်သစ်နှင့် တရုတ်နိုင်ငံသားများဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ထံမှ သိရသည်။

“ခရီးသွား အေဂျင့်တွေက ကာဖျူးကို စာနဲ့ပေနဲ့ ရုပ်သိမ်းစေချင်တယ်။ မရုပ်သိမ်းသေးတဲ့အတွက် ဧည့်သည်မှာလည်း စိုးရိမ်မှုရှိနေတယ်”ဟု၎င်းက ပြောကြားသည်။

လက်ရှိတွင် ငပလီကမ်းခြေသို့ ရန်ကုန်လေကြောင်းလိုင်း၊ အဲမန္တလေး၊ အဲပုဂံ၊ အဲကမ္ဘောဇနှင့် မြန်မာ့လေကြောင်းလိုင်းတို့ ပြေးဆွဲပေးလျက်ရှိပြီး ဧည့်သည်အဝင်လည်း ရှိနေပြီဖြစ်ကြောင်း ငပလီကမ်းခြေရှိ လေယာဉ်လက်မှတ်အရောင်းကောင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## နိုင်ငံခြားသားများအား တားမြစ်ထားသည့် နေရာအချို့ ကုမ္ပဏီစီစဉ်မှုဖြင့် ခွင့်ပြု

**ခိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ-၆**

ယခုလ ၁ ရက်မှစတင်၍ နိုင်ငံခြားသားဧည့်သည်များအား သွားလာရန် တားမြစ်ထားသည့်နေရာအချို့အား ကုမ္ပဏီစီစဉ်မှုဖြင့် လာသည့်နိုင်ငံခြားသားများကိုပြန်လည်သွားလာခွင့်ပြုလိုက်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းမှ သတင်းရရှိသည်။

“အခုခရီးသွားလုပ်ငန်းတွေက Program ပြရတယ်။ သွားလာခွင့်ပါမစ်လျှောက်ရတယ်။ ပါမစ်ရရင်တော့ သွားခွင့်ရပြီ။ အဓိကကတော့ ဧည့်သည်တွေရဲ့ လုံခြုံရေးကြောင့် သွားခွင့်မပြုတာပါ။ ကချင်မှာဆို တချို့နေရာတွေက လုံခြုံမှုမရှိသေးဘူး”ဟု စပိန်ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူကိုကျော်သူက ပြောသည်။

ခရီးစဉ်အစအဆုံးအား ခရီးသွားကုမ္ပဏီမှ တာဝန်ယူပြီး ပို့ဆောင်ပေးရသော Package Tour အစီအစဉ်အား ပြန်လည်ခွင့်ပြုခြင်းဖြစ်ကြောင်း၊ ယခင်က နယ်မြေဒေသအလိုက် ကန့်သတ်ထားသော နေရာအချို့အား ခရီးသွားဧည့်သည်များအနေဖြင့်မိမိတို့နှစ်သက်ရာ ခရီးသွားကုမ္ပဏီဖြင့် ချိတ်ဆက်၍ သွားလာနိုင်ပြီဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဧည့်သည်တွေက စစ်တွေ၊ မြောက်ဦးကိုသွားလာမှုများကြတယ်။ ရှမ်းပြည်နယ်မှာဆို ကျိုင်းတုံပေ့ါ။ ကချင်ပြည်နယ်နဲ့ ရခိုင်ဒေသကိုတော့ အခုဖြစ်နေတဲ့အကြောင်းအရာတွေကြောင့် ဧည့်သည်တွေက ပိုသွားချင်ကြတယ်” ဟု ထွန်းမြန်မာခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ဒေသအချို့အားကန့်သတ်နယ်မြေအဖြစ်ထားရှိရာမှ ယခုအခါ Package Tour များအား ပြန်လည်သွားလာခွင့်ပေးသော်လည်း တစ်ဦးချင်းခရီးသွားများကိုမူ ၎င်းတို့၏ လုံခြုံရေးအခြေအနေကြောင့် ခွင့်ပြုခြင်းမရှိသေးကြောင်း အောက်တိုဘာ ၆ ရက်ထုတ်နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြပါရှိသည်။ ရခိုင်ပြည်နယ်၏ ဒေသတွင်း အခြေအနေကြောင့် ယခုနှစ် ဩဂုတ်လ ၃၀ ရက်မှ စတင်၍ ခရီးသွားဧည့်သည် အဝင်အားပိတ်ထားခဲ့ရာမှ စက်တင်ဘာ ၂၉ ရက်တွင်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ပြန်လည်ဖွင့်ပေးခဲ့သည်။ ကချင်ပြည်နယ်ဒေသအချို့အား တရားဝင်တားမြစ်ထားခြင်းမရှိသော်လည်း ခရီးသွားဧည့်သည်များအနေဖြင့် ထိုဒေသများသို့ သွားလာနိုင်ရန် ခွင့်ပြုမိန့်တောင်းခံရကြောင်း သိရသည်။





# Cartoon























7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# တရုတ်နိုင်ငံရှိ iPhone 5 စက်ရုံတွင် ဆန္ဒပြမှုဖြစ်ပွား

**ဆန်ဖရန်စစ္စကို၊ အောက်တိုဘာ - ၆**

တရုတ်နိုင်ငံရှိ အက်ပဲလ်ကုမ္ပဏီ၏အိုင်ဖုန်းဖိုက်ဖုန်းများထုတ်လုပ်ရာ Foxconn စက်ရုံတွင် အလုပ်သမားထောင်ပေါင်းများစွာ သပိတ်မှောက်ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီး စမတ်ဖုန်းများ ထုတ်လုပ်မှုကို ထိခိုက်ခဲ့ကြောင်း တရုတ်အလုပ်သမားစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

အိုင်ဖုန်း စမတ်ဖုန်းအရေအတွက်များစွာကို ကမ္ဘာတစ်ဝန်းတစ်ကြိမ်တည်း တစ်ပြိုင်တည်း အများဆုံး စတင်ရောင်းချခဲ့ရပြီး အက်ပဲလ်အတွက် အရေးကြီးနေသောအချိန်တွင် ယခုသပိတ်မှောက်မှု သတင်းပေါ်ထွက်လာခြင်းဖြစ်သည်။ အက်ပဲလ်ကုမ္ပဏီအနေဖြင့် ယခုအချိန်မှာပင် မှာယူမှုများကို ပေးပို့နိုင်ရန် ရုန်းကန်နေရသည်။



အလုပ်သမား ၃,၀၀၀၊ ၄,၀၀၀ ခန့်သည် အောက်တိုဘာ ၅ ရက်နေ့လယ်ပိုင်းမှ စတင်၍ ရှန်ဂူးဒေသရှိ Foxconn စက်ရုံတွင်စတင်ဆန္ဒပြခဲ့ကြသည်ဟု အလုပ်သမားများအား ကိုးကား၍ စောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

အောက်တိုဘာလ ၈ ရက်တွင်စတင်မည့် ‘ရွှေရောင်ရက်သတ္တပတ်အားလပ်ရက်’ ဟု တရုတ်နိုင်ငံတွင် ခေါ်ဆိုသော သီတင်းပတ်အား အလုပ်လုပ်ပေးရန်နှင့် တိကျလွန်းသော အရည်အသွေးထိန်းချုပ်မှုများကို မကျေနပ်သောကြောင့် အလုပ်သမားများက ယခုကဲ့သို့ ဆန္ဒပြကြခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အက်ပဲလ်ကုမ္ပဏီက မှတ်ချက်ပေးရန်ငြင်းဆန်သလို Foxconn စက်ရုံကိုလည်း ဆက်သွယ်၍ မရပေ။

*—Ref: Reuters*

# ဟောင်ကောင်တွင် ကူးတို့သင်္ဘောချင်း တိုက်မှုကြောင့် လူ ၃၉ ဦး သေဆုံး

**ဟောင်ကောင်၊ အောက်တိုဘာ - ၆**

ဟောင်ကောင်တွင်ကူးတို့သင်္ဘောချင်းတိုက်မှုကြောင့် သေဆုံးသူဦးရေမှာ ၃၉ ဦးအထိရှိသွားပြီဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်မှာပြီး ခဲ့သည့်အောက်တိုဘာ ၄ ရက် တနင်္လာညပိုင်းတွင် Sea Smooth ဟုခေါ်သော ကူးတို့ရေယာဉ်နှင့် Lamma IV ဟု ခေါ်သောရေယာဉ်တို့အရှိန်ပြင်းစွာတိုက်မိရာမှ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ တာဝန်ရှိသူများ၏ကြေညာချက်၌ “Lamma IV ရေယာဉ်ပေါ်က သင်္ဘောသားသုံးဦးနဲ့ ကူးတို့ရေယာဉ်ပေါ်က ခရီးသည် ၁၂၄ ဦးကြားမှာ သေဆုံးသူ ၃၉ ဦးရှိပြီး ၈၇ ဦး ဒဏ်ရာရခဲ့ပါတယ်။ ရေတပ်ဟာ ဒီကိစ္စကိုစုံစမ်းစစ်ဆေးသွားမှာဖြစ်ပြီး ရဲတပ်ဖွဲ့ကလည်း ဖြစ်မှုကြောင်း အရစုံစမ်းစစ်ဆေး မှုတွေ ပြုလုပ်နေပါတယ်”ဟုပြောသည်။

ရေယာဉ်တိုက်မိမှုဖြစ်စဉ်တွင် Lamma IV သင်္ဘောမှာ နစ်မြုပ်သွားပြီး မိနစ်ပိုင်းအတွင်း နစ်မြုပ်သွားခဲ့သည်။ ကူးတို့ရေယာဉ် Sea Smooth မှာ ဘယ်ဘက်ခြမ်း၌ ပျက်စီးမှုများခဲ့သော်လည်း အနီးရှိ လမ်မာကျွန်းသို့ အန္တရာယ်ကင်းစွာ ဆိုက်ကပ်နိုင်ခဲ့သည်။

ရဲတပ်ဖွဲ့သည်ယခုအခါ ရေယာဉ်နှစ်စင်းလုံး၏ ကပ္ပတိန်များအပါအဝင် သင်္ဘောသားငါးဦးကို ဖမ်းဆီးထိန်းသိမ်းထားပြီး ဖြစ်စဉ်မှာ လူ၏မှားယွင်းမှုကြောင့်ဖြစ်နိုင်ကြောင်း ဆိုထားသည်။

*—Ref: AP*



# မြောက်ကိုရီးယား စစ်သားတစ်ဦး အထက်အရာရှိနှစ်ဦးကို ပစ်သတ်ပြီး တောင်ကိုရီးယားသို့ ဘက်ပြောင်းခိုလှုံ

**ဆိုးလ်၊ အောက်တိုဘာ - ၆**

တောင်ကိုရီးယားနိုင်ငံသို့ ဘက်ပြောင်းခိုလှုံခဲ့သော မြောက်ကိုရီးယားစစ်သားတစ်ဦးက ၎င်းသည် မြောက်ကိုရီးယားအရာရှိစစ်သားနှစ်ဦးကို ပစ်သတ်ခဲ့မိကြောင်း ဝန်ခံခဲ့သည်ဟု တောင်ကိုရီးယားစစ်တပ် ပြောခွင့်ရပုဂ္ဂိုလ်ကပြောသည်။

ယင်းပူးတွဲစစ်ဦးစီးချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ်က “ကျွန်တော်တို့စစ်သားတွေ နယ်စပ်မှာ စောင့်ကြပ်နေတုန်းသေနတ်သံတွေကြားရပြီး မြောက်ကိုရီးယားတပ်သားတစ်ဦး တောင်ဘက်ထဲပြေးဝင်လာတာတွေ့မိပါတယ်။ သူ့ကိုလုံခြုံရာ ခေါ်ယူခဲ့ပါတယ်။ ဘက်ပြောင်းလာတဲ့ အဲဒီတပ်သားအဆိုအရတော့ သူဟာ သူ့တပ်စိတ်ခေါင်းဆောင်နဲ့ တပ်မှူးတစ်ဦးကို နယ်စပ်မဖြတ်ခင်မှာ ပစ်သတ်ခဲ့တယ်လို့သိရပါတယ်”ဟုပြောသည်။

၎င်းဘက်ပြောင်းလာသူစစ်သားရောက်ရှိပြီးနောက် တောင်ကိုရီးယား-မြောက်ကိုရီးယားနယ်စပ်အနောက်ဘက် တောင်ကိုရီးယားစခန်းတွင် တပ်သားများ အသင့်အနေအထားဖြင့် ရှိနေခဲ့ကြသည်။ သို့သော် ယခုအချိန်ထိ မြောက်ကိုရီးယားဘက်တွင် အသေအပျောက်ရှိ၊ မရှိ အတည်မပြုရသေးကြောင်းသိရသည်။

*—Ref: AFP*



# စတုတ္ထသမ္မတသက်တမ်းအတွက် ဟူဂိုချားဗက်ဇ် ရွေးကောက်ခံရ

**ကာရာရတ်စ်၊ အောက်တိုဘာ - ၈**

ဗင်နီဇွဲလားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အတိုက်အခံခေါင်းဆောင် ဟင်နရစ်ကာပရီလက်စ်က ရွေးကောက်ပွဲ၌ မိမိရှုံးနိမ့်ကြောင်းဝန်ခံခဲ့ပြီးနောက် လက်ရှိသမ္မတဟူဂိုချားဗက်ဇ်သည် သမ္မတအဖြစ် စတုတ္ထသက်တမ်းတာဝန်ထမ်းဆောင်ခွင့်ရရှိသွားသည်။

မဲပေးခွင့်ရှိသူ၏ ၈၁ ရာခိုင်နှုန်း မဲပေးခဲ့ပြီး မစ္စတာချားဗက်ဇ်က ထောက်ခံမဲ ၅၄ ရာခိုင်နှုန်း ရရှိခဲ့သည်။ ရွေးကောက်ပွဲရလဒ်များထွက်ပေါ်လာပြီးနောက် ဗင်နီဇွဲလားနိုင်ငံ မြို့တော်ကာရာကတ်စ်တစ်ဝန်းတွင် မစ္စတာချားဗက်ဇ်အပေါ် ထောက်ခံသူများ၏ ဆူညံစွာအောင်ပွဲခံမှုများ ပေါ်ထွက်ခဲ့သည်။

မစ္စတာချားဗက်ဇ်က ဗင်နီဇွဲလားနိုင်ငံသည် ဆိုရှယ်လစ်ဝါဒဆီသို့ ဆက်လက်ချီတက်မည်ဟု ပြောကြားသည်။ ပိုကောင်းသော သမ္မတတစ်ယောက် ဖြစ်လာရန် ကြိုးစားမည်ဟုလည်း မစ္စတာချားဗက်ဇ်က ကတိပြုပြောကြားသည်။

စုစုပေါင်း မဲအရေအတွက်၏ ၉၀ ရာခိုင်နှုန်း ရေတွက်ပြီးချိန်တွင် မစ္စတာချားဗက်ဇ်က ထောက်ခံမဲ ၅၄ ဒသမ ၄၂ ရာခိုင်နှုန်းရရှိပြီး မစ္စတာကာပရီလက်စ်က ၄၄ ဒသမ ၉၇ ရာခိုင်နှုန်းရရှိခဲ့ကြောင်း ရွေးကောက်ပွဲကောင်စီဥက္ကဋ္ဌ တီဘီဆေလူစီနာကကြေညာခဲ့သည်။

ရွေးကောက်ပွဲတွင် အနိုင်ရရှိသူ မစ္စတာချားဗက်ဇ်၏ ထောက်ခံသူများ အကြီးအကျယ်အောင်ပွဲခံနေခဲ့ကြသော်လည်း ရှုံးနိမ့်သူ မစ္စတာကာပရီလက်စ်အပေါ် ထောက်ခံသူများမှာ မျက်ရည်လည်ရွဲဖြစ်နေခဲ့ကြသည်။ မစ္စတာကာပရီလက်စ်က မစ္စတာချားဗက်ဇ်အား ဂုဏ်ပြုချီးကျူးပါကြောင်း ပြောကြားခဲ့သည်။

—*Ref: BBC*

## နောက်ကျောဖုံး - နိုင်ငံတွင်း လက်နက်ကြီးများ ကျရောက်ပေါက်ကွဲပြီးနောက် တူရကီက ဆီးရီးယားဘက်သို့ ပြန်လည်ပစ်ခတ် မှ

ဆီးရီးယားအကြမ်းဖက်မှုများ ၎င်းတို့နိုင်ငံတွင်းသို့ ပျံ့နှံ့လာပါက အင်အားသုံး၍ တုံ့ပြန်သွားမည်ဟုလည်း တူရကီနိုင်ငံက သတိပေးပြောကြားလိုက်သည်။

ယင်းမှာ ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ ကျရောက်လာသော အမြောက်ဆန်များအတွက် တူရကီက ငါးရက်ဆက်တိုက် ပြန်လည်ပစ်ခတ်ခြင်းလည်းဖြစ်သည်။ ယင်းဒေသတွင် ဆီးရီးယားတပ်ဖွဲ့များက သူပုန်များထိန်းချုပ်ထားရာဒေသများအပေါ် ထိုးစစ်ဆင်နေသည်။

ဖြစ်ပေါ်ခဲ့သော အပြန်အလှန်ပစ်ခတ်မှုများမှာ သမ္မတအာဆတ်အပေါ် ဆန့်ကျင်သော ဆီးရီးယားတော်လှန်ရေးကာလအတွင်း အပြင်းထန်ဆုံး ပစ်ခတ်မှုများလည်းဖြစ်သည်။

ဆီးရီးယားနိုင်ငံမှ ပစ်ခတ်လိုက်သော လက်နက်ကြီးကျည်ဆန်သည် တူရကီစားနပ်ရိက္ခာဘုတ်အဖွဲ့ ပိုင်ဆိုင်သောစက်ရုံတစ်ခုအနီး ကျရောက်ခဲ့သည်။ လွန်ခဲ့သော ငါးရက်ကလည်း အက်ကာကေးလ်မြို့လယ်တွင် ဆီးရီးယားမှ ပစ်ခတ်လိုက်သော အမြောက်ဆန် ကျရောက်ပေါက်ကွဲခဲ့ရာ တူရကီအရပ်သားငါးဦး သေဆုံးခဲ့သည်။

တူရကီနိုင်ငံမှပစ်ခတ်လိုက်သော လက်နက်ကြီးကျည်ဆန်များသည် ဆီးရီးယားနယ်စပ်မြို့ဖြစ်သော တယ်လ်အက်ယက်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး လူအသေအပျောက်စာရင်းကိုမူ မသိရှိရသေးကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

—*Ref: Reuters*

## နောက်ကျောဖုံး - မလေးရှားဆက်သွယ်ရေးကုမ္ပဏီ Axiata မြန်မာ့ဆက်သွယ်ရေးကဏ္ဍသို့ ဝင်ရောက်ဖွယ်ရှိ မှ

မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေသော Telenor မှ တာဝန်ရှိသူတစ်ဦးကလည်း "အခုဆိုရင် အစိုးရအတွက် လိုအပ်နေတာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် ကောင်းမွန်တဲ့လုပ်ထုံးလုပ်နည်းဥပဒေချမှတ်နိုင်ဖို့ပါ။ နိုင်ငံရဲ့ပထဝီအနေအထားရယ်၊ မိုဘိုင်းဖုန်းသုံးစွဲမှုနိမ့်ကျတာရယ်၊ စီးပွားရေးတိုးတက်မှုရဖို့ မျှော်မှန်းထားတာတွေရယ်ကြောင့် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော်တို့စဉ်းစားတာ သဘာဝကျပါတယ်" ဟုပြောသည်။

မလေးရှား Axiata ကုမ္ပဏီသည် အာရှတစ်လွှားနှင့် တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီ ၁၀ ခုတွင် ရှယ်ယာများ ပါဝင်ထားပြီး မိုဘိုင်းဖုန်းအသုံးပြုသူ သန်း ၂၀၀ ခန့်ကို ဝန်ဆောင်မှုပေးနေသည်။

—*Ref: The Star*

Leader's Profile

# ဩစတီးယားသမ္မတ ဟိန့်ဇ်ဖစ်ရှာ



**ရဲမင်း**

ဩစတီးယားနိုင်ငံ၏ သမ္မတဖြစ်သူ ဟိန့်ဇ်ဖစ်ရှာသည် ၂၀၀၄ ခုနှစ် ဇူလိုင် ၇ ရက်တွင် ပထမသက်တမ်းအတွက် ရွေးကောက်ခံရပြီး ၂၀၁၀ ဧပြီလ ၂၅ ရက်တွင် ဒုတိယနှင့် နောက်ဆုံးသက်တမ်းတာဝန်ထမ်းဆောင်ရန် ထပ်မံရွေးကောက်တင်မြှောက်ခံရသည်။

ဖစ်ရှာကို ၁၉၃၈ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ဂရက်ဇ်ဒေသ၌ မွေးဖွားခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အထက်တန်းအောင်မြင်ခဲ့ပြီးနောက် ဖစ်ရှာသည်ဗီယင်နာတက္ကသိုလ်တွင် တက်ရောက်၍ ဥပဒေပညာသင်ယူခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဥပဒေဒေါက်တာဘွဲ့ ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ် အသက် ၂၅ နှစ်အရွယ်တွင် မစ္စတာဖစ်ရှာသည် အစ္စရေးနိုင်ငံမြောက်ပိုင်း လာဘွတ်စ်ဆာရစ်ဒေသ၌တစ်နှစ်ကြာ လုပ်အားပေးလုပ်ကိုင်ခဲ့သည်။ နိုင်ငံရေးသမားတစ်ဦးအဖြစ်သာမက ဟိန့်ဇ်ဖစ်ရှာသည် ပညာရေးကိုလည်း လိုက်စားပြီး ၁၉၉၃ ခုနှစ်တွင်အင်ဘရွတ်တက္ကသိုလ်၌နိုင်ငံရေးသိပ္ပံပါမောက္ခအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

မစ္စတာဖစ်ရှာသည်ဩစတီးယားပါလီမန်အမျိုးသားကောင်စီအဖွဲ့ဝင်အဖြစ် ၁၉၇၁ ခုနှစ် ကတည်းက ပါဝင်ခဲ့ပြီး ၁၉၉၀ မှ ၂၀၀၉ ခုနှစ်အထိ ယင်းကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၈၃ မှ ၁၉၈၇ ခုနှစ်အတွင်း မစ္စတာဖရက်စီနိုဝက်ဇ်ဦးဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့တွင် သိပ္ပံနည်းပညာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာဖစ်ရှာသည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် သမ္မတရွေးကောက်ပွဲဝင်မည်ဟု စတင်ပြောကြားခဲ့သည်။ အတိုက်အခံဆိုရှယ်ဒီမိုကရက်တစ်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီး ဘီနစ်တာ၊အက်ဖ်၊ ဝယ်လ်ဒါဦးဆောင်သောပြည်သူ့ပါတီမဟာမိတ်အဖွဲ့အပေါ် အနိုင်ရရှိခဲ့သည်။ မစ္စတာဖစ်ရှာသည် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၈ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

မစ္စတာဖစ်ရှာမှာ တစ်သက်လုံးနိုင်ငံရေးသမား လုပ်လာခဲ့သော်လည်း လက်တွေ့ကမ္ဘာနှင့် ထိတွေ့မှုမရှိသူဟု ဝေဖန်သူများကပြောကြားသည်။ ထို့အပြင် မစ္စတာဖစ်ရှာသည်ပဋိပက္ခနှင့်ပြဿနာများကို ရှောင်ရှားလေ့ရှိသည်ဟုလည်း တက္ကသိုလ်မှလုပ်ဖော်ကိုင်ဖက်နော်ဘတ်လက်ဆာကပြောသည်။ သို့သော် မစ္စတာဖစ်ရှာကမူ ၎င်းအနေဖြင့် လူအများအားဆန့်ကျင်၊ ကဏ္ဍကောစလုပ်ရခြင်းကိုမုန်းတီး၍ သင့်မြတ်အောင်နေသည်ဟုသာ တုံ့ပြန်ခဲ့သည်။

၂၀၁၀ ဧပြီလတွင် မစ္စတာဖစ်ရှာသည်ဩစတီးယား သမ္မတအဖြစ်ဒုတိယအကြိမ် ထပ်မံရွေးကောက်တင်မြှောက်ခံရပြီးစုစုပေါင်း မဲအရေအတွက်၏ ၇၉ ရာခိုင်နှုန်း ထောက်ခံမှုရရှိခဲ့သည်။ နိုင်ငံသမ္မတအဖြစ်တာဝန်ထမ်းဆောင် နေစဉ်ဆိုရှယ်ဒီမိုကရက်တစ်ပါတီဝင်အဖြစ် ဆိုင်းငံ့ထားရသူမစ္စတာဟိန့်ဇ်ဖစ်ရှာသည်ဇနီးသည်မာဂစ်ဘင်ဒါနှင့် သားသမီးနှစ်ဦးထွန်းကားထားသည်။

—*Ref: Wikipedia*

# သမ္မတဟောင်းကို ဖမ်းဆီးရန် မော်လဒိုက်တရားရုံး အမိန့်ထုတ်

**မာလီ(မော်လဒိုက်)၊ အောက်တိုဘာ - ၈**

မော်လဒိုက်တရားရုံးတစ်ခုက ယခင်သမ္မတဟောင်း မိုဟမ်မက်နာရှိအား တရားရုံးအမိန့်မနာခံမှု၊ ခရီးသွားခွင့်ပိတ်ပင်ထားမှုအပေါ် မလိုက်နာမှုတို့ဖြင့် ဖမ်းဆီးရန် အမိန့်ထုတ်ပြန်ခဲ့သည်။

သမ္မတဟောင်းနာရှိသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် ၎င်းအား ထောက်ခံသူများက လမ်းမပေါ်ထွက် ဆန္ဒပြခဲ့ကြဖူးသည်။ ရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ်က "ကျွန်တော်တို့ဟာ သမ္မတဟောင်းနာရှိအပေါ် ဖမ်းဆီးဖို့ အောက်တိုဘာ ၉ ရက်က တရားရုံးညွှန်ကြားချက်ရခဲ့ပါတယ်" ဟုပြောသည်။

သို့သော် သမ္မတဟောင်းနာရှိက တရားရုံး ဆုံးဖြတ်ချက်သည် လာမည့်နှစ် ရွေးကောက်ပွဲတွင် ၎င်းအား ဝင်ရောက်အရွေးမခံနိုင်အောင် တားမြစ်ရန် ရည်ရွယ်ကြောင်းဆိုသည်။ သမ္မတဟောင်းက ၎င်းသည် ဖေဖော်ဝါရီလတွင် အတိုက်အခံ ဆန္ဒပြမှုများနှင့် ရဲတပ်ဖွဲ့၏ ပုန်ကန်မှုကြောင့် ရာထူးမှ ဖြုတ်ချခံရကြောင်းဆိုထားပြီး အမျိုးသားကော်မရှင်ကမူ အစိုးရအဖွဲ့ကို ဖမ်းဆီးခြင်းသည် အာဏာသိမ်းခြင်းမဟုတ်ကြောင်း ဩဂုတ်လ ၃၁ ရက်တွင်ပြောကြားခဲ့သည်။

တရားရုံး၏ အမိန့်မနာခံကြောင်းတွေ့ရှိပါက မစ္စတာနာရှိသည် ထောင်ဒဏ် (သို့မဟုတ်) ငွေဒဏ်အဖြစ် မော်လဒိုက်ငွေ ၃,၀၀၀ (သို့မဟုတ်) သုံးနှစ်တာပိတ်ပင်ခံရဖွယ်ရှိပြီး အနာဂတ်ရွေးကောက်ပွဲများတွင် ဝင်ပြိုင်ခွင့်ဆုံးရှုံးမည်ဖြစ်သည်။ မော်လဒိုက်တရားရုံးသည် နာရှိအား စက်တင်ဘာလ ၂၆ ရက်တွင် မြို့တော်မာလီမှ ထွက်ခွာခွင့်တောင်းရန် အမိန့်ချမှတ်ခဲ့သည်။

၎င်းအာဏာရစဉ် နောက်ဆုံးနေ့ရက်များအတွင်း တရားသူကြီးတစ်ဦးအား ခြိမ်းခြောက်မှုဖြင့် တရားရုံးက တရားစွဲဆိုစဉ်ကာလအတွင်း ထိုသို့ထွက်ခွာခွင့်တောင်းရန် အမိန့်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ ပြီးခဲ့သည့်အပတ်ကလည်း နာရှိအား ဝေဖန်သူ လွှတ်တော်အမတ် အဖရာရှင်းမ်အလီ သတ်ဖြတ်ခံရမှုတွင် ရဲတပ်ဖွဲ့က ၎င်း၏လုပ်ဖော်ကိုင်ဖက်တစ်ဦးအား ဖမ်းဆီးထားခဲ့၍ နာရှိကမူ ထိုအမှုမှာ နိုင်ငံရေးလုပ်ကြံမှုဟု ဆိုထားသည်။

နာရှိသည် မော်လဒိုက်နိုင်ငံကို နှစ် ၃၀ ကြာ အုပ်ချုပ်ခဲ့သော အဗ္ဗဒူလ်ဂါယွန်းအား အနိုင်ရကာ ပထမဆုံး ဒီမိုကရေစီနည်းကျ သမ္မတဖြစ်လာခဲ့သူဖြစ်သည်။


—*Ref: The Star*

## နောက်ကျောဖုံး - အမေရိကန်အတွက် လုံခြုံရေးအန္တရာယ်ရှိ၍ Huawei နှင့် ZTE ကုမ္ပဏီများကို ပိတ်ပင်သင့်ကြောင်း ကွန်ဂရက်တွင်ပြောကြား မှ

"တရုတ်ပြည်မှာ ကွန်ရက်စနစ်တွေကို ဗိုင်းရပ်စ်နဲ့တိုက်ခိုက်ရေးရည်ရွယ်ချက်အတွက် တယ်လီဖုန်း ဆက်သွယ်ရေးကုမ္ပဏီတွေကို အသုံးပြုချင်တဲ့စိတ်ဆန္ဒ၊ အခွင့်အလမ်းနဲ့ နည်းလမ်းတွေရှိနေပါတယ်။ ရရှိထားတဲ့ သတင်းအချက်အလက်တွေအခြေခံပြီးပြောရရင် Huawei နဲ့ ZTE တို့ကို နိုင်ငံခြားတိုင်းပြည်တစ်ခုရဲ့ လွှမ်းမိုးမှုလွတ်ကင်းတယ်လို့ ယုံကြည်စိတ်ချနိုင်ခြင်းမရှိပါဘူး။ ဒါ့အပြင် အမေရိကန်ပြည်ထောင်စုနဲ့ မိမိတို့ ဆက်သွယ်ရေးစနစ်တွေကိုလည်း လုံခြုံရေးအရ ခြိမ်းခြောက်နိုင်ပါတယ်" ဟု ဖော်ပြထားသည်။

သို့ရာတွင် Huawei နှင့် ZTE တို့ဘက်ကမူ စွပ်စွဲချက်များအပေါ် ငြင်းဆန်ထားသည်။ Huawei ကုမ္ပဏီသည် ၁၉၈၇ ခုနှစ်တွင် တရုတ်စစ်တပ် အင်ဂျင်နီယာဟောင်းတစ်ဦးဖြစ်သူ ရင်ကျန်းဖေဆိုသူ တည်ထောင်ခဲ့ခြင်းဖြစ်ကာ ယခုအခါ ဆွီဒင်နိုင်ငံ၏ အဲရစ်ဆင်ကုမ္ပဏီနောက်၌ ကမ္ဘာ့ဒုတိယအကြီးဆုံး ဆက်သွယ်ရေးပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီဖြစ်လာသည်။ ZTE မှာလည်း အလျင်အမြန် ကြီးထွားလာနေပြီး ကမ္ဘာ့စတုတ္ထမြောက် အကြီးမားဆုံး မိုဘိုင်းဖုန်း ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သလို ကမ္ဘာ့စတုတ္ထမြောက် အကြီးဆုံး ဆက်သွယ်ရေးပစ္စည်း ထုတ်လုပ်ရာကုမ္ပဏီလည်းဖြစ်သည်။ —*Ref: BBC/Guardian*

7DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012



# ဖိအားက သိပ်များပြီး နာကျင်မှုက အရမ်းပြင်းထန်ပါတယ်

## ဂရိဝန်ကြီးချုပ်ဟောင်း ဂျော့ချ်ပါပန်ဒရူးနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ပြီးခဲ့တဲ့ ၂၀၁၁ နိုဝင်ဘာမှာ ဂရိအစိုးရကြွေးမြီအကျပ်အတည်းနဲ့ပတ်သက်လို့ နုတ်ထွက်ပေးခဲ့တဲ့ဝန်ကြီးချုပ်ဟောင်း ဂျော့ချ်ပါပန်ဒရူးဟာ ပန်ဟယ်လင်နစ်ဆိုရှယ်လစ်လှုပ်ရှားမှုပါတီ (Pasok) ရဲ့ခေါင်းဆောင်ဖြစ်ပါတယ်။ ၎င်းဟာ ၂၀၁၁ နှစ်ကုန်ပိုင်းမှာတော့ယူရိုဇုန်ထဲဂရိရဲ့အနာဂတ်နဲ့နိုင်ငံကိုဖိစီးနေဆဲကြွေးမြီ ပြဿနာကြောင့်နုတ်ထွက်ပေးခဲ့ပြီးနောက်အီးယူကယ်ဆယ်ရေး ရန်ပုံငွေနဲ့ပတ်သက်လို့ ပြည်သူ့ဆန္ဒခံယူပွဲခေါ်ယူဖို့ ဆုံးဖြတ်ခဲ့ရာမှာ ဝေဖန်သူတွေက ဒါဟာ အန္တရာယ်ရှိတဲ့လှုပ်ရှားမှုတစ်ခုအဖြစ် ပြောဆိုခဲ့ပါတယ်။ ယခုယူရိုသတင်းနဲ့တွေ့ဆုံမှုမှာတော့ ဝန်ကြီးချုပ်ဟောင်းပါပန်ဒရူးနဲ့ ဂရိဘဏ္ဍာရေးပြဿနာအကြောင်း ဆွေးနွေးထားတာဖတ်ရှုရမှာ ဖြစ်ပါတယ်။

**ပြီးခဲ့တဲ့အပတ်ကဆိုရင်အစိုးရတွေရဲ့ ခြိုးခြံရေး ဥပဒေတွေနဲ့ ဘတ်ဂျက်ဖြတ်တောက်မှုဒဏ်တွေကိုရင်ဆိုင်နေရတဲ့ ဂရိနဲ့ စပိန်နိုင်ငံသားတွေဟာ အကြမ်းဖက်ဆန္ဒပြမှုတွေ ပြုလုပ်ခဲ့တာ တွေ့ရပါတယ်။ ဒါ့ကြောင့်အခုဂရိမှာလက်ရှိဖြစ်နေတဲ့ အခြေအနေနဲ့ ပတ်သက်လို့ ဘယ်လို သုံးသပ်ချင်ပါသလဲ။**

ပထမဆုံးအနေနဲ့ကျွန်တော်တို့ဟာ ပြဿနာဖြေရှင်းရေး လုပ်ငန်းစဉ်အနောက်မှာ ကျန်နေခဲ့ပြီဆိုတာ သဘောမတူပါဘူး။ လက်ရှိဂရိညွန့်ပေါင်းအစိုးရဟာ ဂရိပြည်သူတွေရဲ့ နာကျင်စွာကိုယ်ကျိုးစွန့်အနစ်နာခံမှုတွေနဲ့အတူ ယူရိုကယ်ဆယ်ရေး ရန်ပုံငွေကို လက်ခံဖြစ်မှာပါ။ ဒါတင်မက အီးယူထဲက ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ မြို့ရှင်တွေအတွက်လည်း ဒါဟာ လက်ခံနိုင်လောက်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါပေမဲ့ လိုငွေပြမှုတွေ၊ ကြွေးမြီတွေအောက်မှာတော့ ဒါဟာစီးပွားရေးရေရှည်တည်တံ့အောင် ပြောင်းလဲဖို့၊ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့လိုအပ်မှုပြဿနာတစ်ရပ်ပါပဲ။ ဒါ့ကြောင့်အစကတည်းကကျွန်တော်ပြောခဲ့ပါတယ်။ ကျွန်တော်တို့မှာ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အချိန်လိုပါတယ်လို့။ ဘာကြောင့်လဲဆိုတော့ အဆုံးသတ်ကျရင် ဒါကကျွန်တော်တို့ကို ရေရှည်တည်တံ့စေမှာမို့လို့ပါ။ ဘဏ္ဍာရေးခြိုးခြံဖြတ်တောက်မှု လုပ်ရုံလုပ်ခြင်းဟာနာကျင်စေမှာပါ။ ဒါပေမဲ့ ဒါကလိုအပ်သမျှ ရလဒ်အားလုံးကို ပေးမှာမဟုတ်ပါဘူး။

**ဟုတ်ကဲ့ ဒီကိစ္စက အချိန်လိုတယ်ဆိုပေမယ့် အချိန်က ကျွန်တော်တို့ဘက်မှာ မရှိပါဘူး။ လူကြီးမင်းလည်း မြင်မှာပါ။ ၂ နှစ်ကြာပြီးတဲ့နောက် ယူရိုငွေကွာဟချက် ၃၀ ဘီလီယံရှိခဲ့ပြီး စီးပွားရေးကသိပ်မကောင်းလှသေးပါဘူး။ ပြီးတော့ ဥရောပရဲ့ အပိုဆောင်းဘဏ္ဍာရေးအကူအညီဟာလည်းအကူအညီမဖြစ်ခဲ့ပါဘူး။ အတိုချုပ်ပြောရရင်တော့ အစိုးရကဂရိဟာ အကြွေးမရှိနိုင်တော့ဘူးပြောနေတယ်။ ဒါဟာမဖြစ်နိုင်တဲ့ကိစ္စတစ်ရပ်ပါပဲ။**

ကျွန်တော်သဘောမတူပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ တကယ်တမ်းကအချိန်မရခဲ့လို့ပါ။ ကျွန်တော်ဝန်ကြီးချုပ်ဖြစ်တဲ့ ၂ နှစ်တာ (၂၀၀၉-၂၀၁၁) မှာပြုပြင်ပြောင်းလဲရေးလုပ်ဖို့အတွက် အချိန်တိုလေးပဲ ရှိခဲ့ပါတယ်။ ဖြတ်တောက်ရေး အပိုင်းဆိုရင်တော့ ဟုတ်ပါတယ်။ ကျွန်တော်တို့ဟာ တခြားဘယ်နိုင်ငံကမှ မလုပ်ခဲ့တဲ့ဘတ်ဂျက်လိုငွေ ၆ ဒသမ ၅ ရာခိုင်နှုန်းဖြတ်တောက်မှုလုပ်ခဲ့ပြီး ဒါဟာ ယူရိုဇုန်ထဲမှာစံချိန်တစ်ရပ်ဖြစ်ခဲ့ပါတယ်။ ဘယ်နိုင်ငံမှ ဒီလောက်အများကြီးမလုပ်ခဲ့ဖူးပါဘူး။

အဲဒီကာလမှာဖြစ်ပျက်ခဲ့တဲ့အခြားအဓိက ပြဿနာရပ်ကြီးတွေလည်း ရှိပါသေးတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အနည်းငယ်က




ဥရောပမှာ၊ပြီးခဲ့တဲ့လအနည်းငယ်က ဥရောပဗဟိုဘဏ်မှာစသဖြင့် ကျွန်တော်တို့ လုပ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေကြောင့်နဲ့တော့ ကျွန်တော်တို့ (ဂရိပြဿနာ) ဟာကူးစက်ရောဂါတစ်ခုဘယ်သောအခါမှမဟုတ်ခဲ့ပါဘူး။ ကျွန်တော်တို့ဟာ ဂရိပြဿနာကို ငွေကြေးပမာဏနည်းနည်းနဲ့ ဖြေရှင်းနိုင်လိမ့်မယ်လို့ကျွန်တော်အခိုင်အမာယုံကြည်ပါတယ်။

**ဟုတ်ကဲ့ ဒီမှာ ကျွန်တော်တို့မှာ ပြဿနာနှစ်ခုရှိနေပါတယ်။ တစ်ခုက အစိုးရက ပုံစံကျကျ မဆောင်ရွက်နိုင်တာနဲ့ ဒုတိယတစ်ခုက ပြည်သူတွေပါ။ ဂရိကို နောက်ထပ် ဘဏ္ဍာရေးအကူအညီပေးဖို့ အီးယူအစိုးရတွေကို ဘာအာမခံချက်မှ မပေးထားပါဘူး။ ဒီတော့ ပြဿနာက ဖြေရှင်းနိုင်တယ်ပေါ့။ ဂရိပြည်သူတွေကပဲ အများကြီးတာဝန်ယူနိုင်မယ်ပေါ့။**

အရင်ဆုံးခင်ဗျားပြောတဲ့ဂရိပြည်သူတွေက အများကြီးတတ်နိုင်၊ တာဝန်ယူနိုင်တယ်ဆိုတာ ကျွန်တော်သဘောတူပါတယ်။ ဖိအားက သိပ်များပြီး နာကျင်မှုက အရမ်းပြင်းထန်ပါတယ်။ ဂရိနဲ့ပတ်သက်လို့ သမားရိုးကျတွေးနေတာတွေက မှားတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဥပမာအားဖြင့် ဂရိတွေဟာ လူပျင်းတွေမဟုတ်ပါဘူး။ OECD (စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးနိုင်ငံများအဖွဲ့) ရဲ့စာရင်းအင်းတွေအရဆိုကျွန်တော်တို့ဟာ ဥရောပယူနီယံထဲမှာ အလုပ်ကြိုးစားဆုံးဖြစ်ပါတယ်။ ကျွန်တော်ခင်ဗျားကို သိပ်သေးပေမယ့်အရေးကြီးလွန်းတဲ့ဥပမာတစ်ခုပြချင်တယ်။ အရာရာတိုင်းဟာ ဂရိမှာ သုံးတဲ့ကုန်ကျစရိတ်တိုင်းဟာ အခုဆိုရင် အွန်လိုင်းပေါ်မှာ ရှိနေပါပြီ။ ကမ္ဘာပေါ်က ဘယ်သူမဆို ကျွန်တော်တို့ရဲ့ အသုံးစရိတ်တွေကို စစ်ဆေးနိုင်ပါတယ်။ ဒါကျွန်တော်တို့လုပ်ခဲ့တာ၊ ခင်ဗျားပြောတာဒါသေးကောင်းသေးမယ်။ ဒါပေမဲ့ ပြုပြင်ပြောင်းလဲရေးတွေ အများကြီးထဲက သိပ်အရေးပါတဲ့တစ်ခုပါ။

**ဒါပေမဲ့လူကြီးမင်းမြင်တဲ့အတိုင်းပါပဲ။ ပြုပြင်ပြောင်းလဲရေးအတွက် ပေါ်လစီတွေ ချမှတ်တာနဲ့ လက်တွေ့လုပ်ဆောင်ရတာတွေကြားထဲမှာ ကွာခြားမှုရှိနေပါတယ်။ လူကြီးမင်းပြောနေတာ ပွင့်လင်းမြင်သာမှု အကြောင်းပါ။ အခုဆို ဂရိမှာရှိတဲ့ ထိပ်တန်း အစိုးရအရာရှိတွေအားလုံးဟာ လာဘ်စားမှုနဲ့ စစ်ဆေးခံနေရပါတယ်။ ဒီထဲမှာလူကြီးမင်းရဲ့ပါတီနဲ့လူကြီးမင်းဝန်ကြီးချုပ်ဖြစ်စဉ်က အစိုးရထဲမှာ ပါခဲ့တဲ့သူတွေပါ။ ဒါတွေက ဥရောပအစိုးရတွေ အကောင်အထည်ဖော်ဖို့ကျေလည်အောင် ဖြေရှင်းဖို့ခက်ခဲတဲ့ကိစ္စတွေပါ။**

ကျွန်တော်လည်းပွင့်လင်းမြင်သာမှုကိစ္စကနေစတင်ခဲ့တာပါ။ ပြဿနာအမှုအခင်းတွေရှိရင် သူတို့ တရားရုံးကို သွားရပါမယ်။ ကျွန်တော်လူတွေကို တရားစီရင်မဆုံးဖြတ်ချင်ပါဘူး။ သူတို့ဟာ စွပ်စွဲခံရတဲ့ အပြစ်မဲ့သူတွေလည်းဖြစ်နိုင်တာကြောင့်မို့လို့ပါ။ လုံးဝပွင့်လင်းမြင်သာမှုရှိရေးနဲ့ တရားမျှတမှုရှိရေးကို ကျွန်တော်တောင်းဆိုခဲ့ပါတယ်။ ကျွန်တော်တို့လည်းပြောင်းလဲနေပါတယ်။ ခင်ဗျားလည်း နောက်ထပ်ငွေကြေးတစ်ခုကို ပြောင်းသုံးရမလား၊ မသုံးရဘူးလား မသေမချာဖြစ်နေတဲ့ တိုင်းပြည်တစ်ပြည်မှာ နေရတယ်ဆိုရင် အဲဒီမှာ ခင်ဗျားရင်းနှီးမြှုပ်နှံလို့မရဘူး။ စားသုံးလို့မရဘူး။ ဘဏ်တွေကလည်း ငွေထုတ်မချေးဘူး။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေလည်း မလာဘူးဆိုရင် ကျွန်တော့်ကို ပြောပြစမ်းပါ။ ဘယ်လိုလဲလို့။ ဒါဟာ စီးပွားရေးကျဆင်းမှု ဖြစ်ရခြင်းအကြောင်းရင်းပဲ။ အခက်အခဲတွေ ရှိရခြင်းအကြောင်းပဲ။ ဒါဟာ ဂရိတစ်နိုင်ငံတည်းတာဝန်ရှိတာမဟုတ်ပါဘူး။ ဥရောပဘက်ကလည်း တာဝန်အများကြီးရှိပါတယ်။

**မစ္စတာပါပန်ဒရူးခင်ဗျာ ဥရောပမှာ အသံတွေ၊ ကွဲပြားခြားနားမှုတွေ၊ အမျိုးသားရေး အိုင်ဒီယာတွေ ရှိနေတာမို့ ဥရောပအနာဂတ်ကို ဘယ်လိုမြင်ပါသလဲ။**

ဒီမှာ ခင်ဗျားမေးလိုက်တာ သိပ်အရေးကြီးတဲ့ အချက်လို့ထင်ပါတယ်။ ဥရောပဆိုတာထက် ဥရောပဟန်လုပ်ထားတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဟာ ကမ္ဘာ့ဆန်လာတဲ့ စီးပွားရေးထဲ ရောစပ်ပေါင်းစပ်ထားတဲ့ အရာတစ်ခုဖြစ်လာနေပါတယ်။ ကမ္ဘာ့ဆန်လာတဲ့ မတည်ငြိမ်မှုတစ်ခုဖြစ်လာနေပါတယ်။ ကျွန်တော်တို့နောက်ထပ်ပေါင်းစည်းညီညွတ်မှုတွေလုပ်ဖို့ အခုဆိုဥရောပမှာ သိနေပြီလို့ ကျွန်တော်ယုံတယ်။ နိုင်ငံတွေမှာ ပြဿနာတွေအများကြီး ရှိပေမယ့် ကျွန်တော်တို့ အတူတွဲထိုင်ပြီး ဖြေရှင်းနိုင်ပါတယ်။ ဥရောပသမဂ္ဂတစ်ခုအနေနဲ့ အောင်မြင်မှုရနိုင်ပါတယ်။

*—Ref: George Papandreou: The Future of Greece. Euronews*

7DAY NEWS JOURNAL

# Entertainment

Vol.11, No.31 • OCTOBER 11 , 2012



## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့်တွေ့ဆုံခြင်း

အေးသူစံ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးအမှုဆောင်သစ်ကို ဦးဆောင်နေတဲ့ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းဟာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး ခိုးကူးခွေ ဖမ်းဆီးရေးအရှိန်မြင့်တက်လာတဲ့ ဒီကနေ့အချိန်မှာ မြန်မာကားတွေတင်မက နိုင်ငံခြားကားတွေကိုပါ ဖမ်းနေတယ်လို့ ဝေဖန်ခံနေရပါတယ်။ လမ်းဘေးခွေ ရောင်းချနေသူများကို ဆက်မဖမ်းဖို့ သူ့ဆီကိုဖုန်းနဲ့ ဆက်သွယ်မေတ္တာရပ်ခံမှုတွေ၊ ခြိမ်းခြောက်မှုတွေ ရှိနေတယ်လို့လည်း ဦးဇင်ဝိုင်းရဲ့အပြောအရ သိရပါတယ်။ မြန်မာဇာတ်ကားတွေ၊ မြန်မာသီချင်းတွေက ပြည်ပဇာတ်ကားတွေကနေ ခိုးယူဖန်တီးနေတာကျတော့ ဘာမှမပြောဘဲ နိုင်ငံခြား ကားတွေရောင်းတာကို ဖမ်းဆီးရကောင်းလား၊ မင်းသားမင်းသမီးတွေ ကောင်းစားဖို့လုပ်ရကောင်းလားလို့ ဝေဖန်မှုတွေကို ဦးဇင်ဝိုင်း ပြန်လည်ရှင်းပြ ပြောကြားခဲ့တာတွေထဲက အချို့ကို ကောက်နုတ်ဖော်ပြပေးလိုက်ပါတယ်။ မြန်မာဇာတ်ကားတွေရဲ့ ဖန်တီးမှုအရည်အသွေးပိုင်းအပေါ် ဦးဇင်ဝိုင်းက သုံးသပ်ပြထားတာကိုလည်း တွေ့ရမှာပါ။**

**အမှုဆောင်သစ်လက်ထက် သုံးလအတွင်း ခိုးကူးခွေတွေကို ဖမ်းတဲ့အထဲမှာ မြန်မာဇာတ်ကားတွေတင် မဟုတ်ဘဲ အင်္ဂလိပ်ဇာတ်ကားတွေကိုပါ ဖမ်းတဲ့အတွက် နိုင်ငံခြားဇာတ်ကား ကြည့်ပရိသတ်တွေပါ အခက် အခဲတွေ့နေတဲ့အပေါ် တာဝန်ရှိသူတစ်ဦး အနေနဲ့ ဘာများ ပြောလိုပါသလဲ။**

ခိုးကူးကိစ္စက နိုင်ငံခြားဇာတ်ကားတွေကို ပစ်မှတ်မထားဘူး။ နိုင်ငံခြားခွေများကို ဖမ်းဆီးခြင်းကလည်း ရုပ်ရှင်အစည်းအရုံးက လုပ်တာမဟုတ်ဘူး။ ဒါကိုတော့ တရားဝင် တိတိလင်းလင်းသိစေချင်ပါတယ်။ မြန်မာဇာတ်ကားများကို ဖမ်းဆီးခြင်းသာဖြစ်တယ်။ နိုင်ငံခြားကားတွေ ရောနေတဲ့အတွက် နိုင်ငံခြားကားတွေကိုပါ ဖမ်းဆီးရခြင်းဖြစ်တယ်။ ဒီနောက်ကွယ်မှာ အလွန်ကြီးမားတဲ့ပင်ရင်းဒိုင်ကြီးတွေရှိတယ်။ အချို့လူတွေက အစိုးရဌာနတွေကို အကာအကွယ်ယူထားကြတယ်။ ဖြစ်စဉ်တစ်ခုမှာဆို ကျောင်းစောင့်တစ်ဦး။ သူ့လခက ဘယ်လောက်မှမရဘူး။ ဒါပေမဲ့ သူကအဲဒီမှာ ကျောင်းစောင့်လုပ်တယ်။ အဲဒီမှာ ညအိပ်ဖို့ အခန်းတစ်ခန်းယူထားပြီး ခွေတွေ ကူးပြီး ဖြန့်နေတာ။ သူ့ရဲ့အဓိက လုပ်ငန်းက ကျောင်းစောင့်မဟုတ်ဘူး။ အထက်တန်းကျောင်းတစ်ကျောင်းဆိုတော့ ဘယ်သူမှ သူ့ကိုမထင်ကြဘူး။ ဦးတို့က ဒါတွေကိုမှန်မှန်ကန်ကန် အရေးယူပေးဖို့ တောင်းဆိုတာ။ ဒါမှသာလျှင် ကိုယ့်လောကကို မှန်မှန်ကန်ကန် တည်ဆောက်လို့ရမယ်။ ဈေးကွက်ကောင်းလာမှ ထုတ်လုပ်သူတွေရလာမှ ကားကောင်းကောင်းရိုက်လာနိုင်မယ်။ အခု ငါးရက်ရိုက်တဲ့ကားကိုငါးရက်မရိုက်ဘူး ဆယ်ရက်ရိုက်မယ်ဆို နှစ်ဆကုန်လာမယ်။ နှစ်ဆကုန်ရင် ပြန်ရှာနိုင်မယ့် ဈေးကွက်ကလည်း နှစ်ဆရှိရမယ်။ ဈေးကွက်က မရှိတာ မဟုတ်ဘူး။ ရှိတယ်။

စာ(၄၉)သို့



စိုးနန္ဒာကျော်နှင့် ဝင့်ယမုံလှိုင်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ဇီလိန်ဇာတ်ရုပ်မှ မင်းသမီးနေရာ ပြောင်းသရုပ်ဆောင်မည့် ဝင့်ယမုံလှိုင်

ကြူကြူဟန်

**ရန်ကုန်၊ အောက်တိုဘာ - ၂**

တီဗီရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်သော 'အချစ်သင်္ကေတ' (The Sign of Love) Season-1 တွင်ပရိသတ်အားပေးမှုရခဲ့သော ဗီလိန်ဇာတ်ရုပ်နေရာမှ သရုပ်ဆောင်သူ ဝင့်ယမုံလှိုင်အား Season-2 တွင် ဇာတ်ရုပ်ကာရိုက်တာ ပြောင်းကာ မင်းသမီးနေရာမှ ပြောင်းလဲသရုပ်ဆောင်စေမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ဒုတိယပိုင်း ရိုက်ကူးရာတွင် သရုပ်ဆောင် ဝင့်ယမုံလှိုင်၏ ဗီလိန်ဇာတ်ရုပ်နေရာတွင် စိုးနန္ဒာကျော်ကို သရုပ်ဆောင်စေမည်ဖြစ်သည်။

"အဲ့ဒီလိုကာရိုက်တာပြောင်းပြီး ရိုက်ရတာကြိုက်တယ်။ ပရိသတ်အမြင်ကွဲသွားတာပေါ့။ ထူးထူးဆန်းဆန်းလေးကြည့်ရမှာပေါ့။ မြတ်နိုးခင်လိုကာရိုက်တာမျိုး အကောင်းဆုံးတော့ ကြိုးစားထားပါတယ်။ ဒါပေမဲ့ သိပ်တော့အားမရဘူး"ဟု မာယာချိုဇာတ်ရုပ်မှ မြတ်နိုးခင်ဇာတ်ရုပ်သို့ ပြောင်းလဲသရုပ်ဆောင်မည့်ဝင့်ယမုံလှိုင်က ပြောသည်။

"စိတ်လှုပ်ရှားနေလို့ ပရိသတ်ဆီက ဘယ်လို အသံလာမလဲမသိတော့၊ မာယာချိုပုံစံအတွက် ကြိုးစားထားပါတယ်"ဟု စိုးနန္ဒာကျော်ကပြောသည်။

'အချစ်သင်္ကေတ' (The Sign of Love) Season-2 ကို အောက်တိုဘာဇရက်တွင်MRTV-4 ၌ ပြသမည်ဖြစ်ပြီး အပိုင်း-၃၀ ပါဝင်မည်ဖြစ်သည်။ ဇာတ်လမ်းတစ်ပိုင်းကြာမြင့်ချိန်အဖြစ်မိနစ်၃၀ ခန့်ပြသမည်ဖြစ်ပြီး ယခင်က မိနစ် ၂၀ ခန့်ပြသခဲ့သည်။

## ဂျိမ်းစ်ဘွန်းဒ် ရွှေရတုပွဲ ပရိသတ်များ ဆင်နွှဲ

**လန်ဒန်၊ အောက်တိုဘာ - ၆**

ဗြိတိသျှစပိုင်ဇာတ်ဆောင်နာမည်ကျော်ဂျိမ်းစ်ဘွန်းဒ်၏ ပထမဆုံးရုပ်ရှင် Dr.No ဇာတ်ကား ၁၉၆၂ အောက်တိုဘာ ၅ ရက်တွင်ရုံတင်ခဲ့သည့် နှစ်ငါးဆယ်ပြည့် နှစ်ပတ်လည်အဖြစ် လန်ဒန်တွင် ဘွန်းဒ်ရုပ်ရှင်ပရိသတ်များသည် ကမ္ဘာလုံးဆိုင်ရာ ဂျိမ်းစ်ဘွန်းဒ်နေ့ Global Bond Day ကိုဆင်နွှဲခဲ့ကြသည်။ ဂျိမ်းစ်ဘွန်းဒ် နှစ်ငါးဆယ်ပြည့်ပွဲအတွက် အဆိုတော်ဂရမ်မီဆုရှင်အဒဲလ်ကလည်း အောက်တိုဘာ ၂၃တွင်သီဆိုထားသည့်ဇာတ်ဝင်တေးကို သူမ၏ ဝက်ဘ်ဆိုက်၌ လွှင့်တင်ပေးခဲ့သည်။

အက်စတန်မာတင်ပြိုင်ကားများ အပါအဝင် ဂျိမ်းစ်ဘွန်းဒ်ဇာတ်ကားများတွင် သုံးခဲ့သည့် ကားများကိုလည်း လန်ဒန်မြို့အနီး ဘွန်းဒ်ရုပ်ရှင်များ ရိုက်ကူးရာပိုင်းဝုဒ်စတူဒီယိုတွင် စုစည်းပြသခဲ့သည်။ လန်ဒန်ရှိခရစ်စတီးလေလံတိုက်ကလည်း ဂျိမ်းစ်ဘွန်းဒ်အမှတ်တရ ပစ္စည်းများ လေလံပွဲပြုလုပ်ခဲ့ပြီး နယူးယောက်တွင် မော်ဒန်အတ်ပန်းချီပြတိုက်ကြီးက ဂျိမ်းစ်ဘွန်းဒ်အမှတ်တရအင်စတော်လေးရှင်းပြပွဲတစ်ခု ပြသခဲ့သည်။ ဝါရှင်တန်တွင် နိုင်ငံတကာစပိုင်ပြတိုက်၌ Exquisitely Evil အမည်ရပြပွဲပြုလုပ်ပြီး ဂျိမ်းစ်ဘွန်းဒ်ဇာတ်ကားများတွင် သုံးခဲ့သော အသုံးအဆောင်ပေါင်း ၁၀၀ ကျော်အပြင် ပြင်ပလောကမှ တကယ့်စပိုင်အစစ်များ၏ အသုံးအဆောင်များကိုလည်း ပြသထားခဲ့သည်။




ဂျိမ်းစ်ဘွန်းဒ်ရုပ်ရှင်များသည် ရုပ်ရှင်သမိုင်းတွင် အောင်မြင်သောဇာတ်ကားများထဲမှတစ်ကား အပါအဝင်ဖြစ်ပြီး နောက်ဆုံး ထွက်ရှိထားသည့် ဇာတ်ကားပေါင်း ၂၂ ကား၏ ဝင်ငွေစုစုပေါင်းမှာ ဒေါ်လာငါးဘီလီယံကျော်ရှိသည်။ ဂျိမ်းစ်ဘွန်းဒ်မင်းသားများအဖြစ် မင်းသားခြောက်ဦးရှိ ခဲ့ပြီး ဒင်နီယယ်ခရိတ်ချ်မှာ နောက်ဆုံးမင်းသားဖြစ်သည်။ ၎င်းပါဝင်သော ၂၃ ကားမြောက် ဂျိမ်းစ်ဘွန်းဒ်ရုပ်ရှင်ကို အောက်တိုဘာ ၂၃ တွင် ကမ္ဘာတစ်ဝန်း၌ ရုံတင်ပြသမည်ဖြစ်သည်။

—Ref: Reuters

## ငွေအတော်သုံးထားတယ်ဆိုတဲ့ ဝိုင်းစုရဲ့ ဗီစီဒီသစ်

ကြူကြူဟန်

ရန်ကုန်၊
အောက်တိုဘာ-၃

မိန်းကလေးပရိသတ် အများဆုံးရရှိထားသည့် အဆိုတော်ဝိုင်းစုခိုင်သိန်းက ၎င်း၏ 'မျက်လှည့်' ဗီစီဒီကို ငွေကြေးအတော်သုံး၍ ရိုက်ကူးထားပြီး အနုပညာကို ပရိသတ်သိလျှင် ကျေနပ်သည်ဟုဆိုသည်။

"တစ်ခွေလုံးအတွက် တော်တော်လေးကို ကုန်ပါတယ်။ ပရိသတ်ကို ပေးဆပ်ချင်တဲ့အတွက် ကုန်ကျစရိတ်က အရေးမကြီးပါဘူး။ ဝိုင်းစုအနုပညာကို ပရိသတ်သိသွားရင် ကျေနပ်ပါပြီ" ဝိုင်းစုခိုင်သိန်းဟု ဆိုသည်။

စီဒီထွက်ရှိစဉ်က ပရိသတ်အားပေးမှုရရှိခဲ့သော သီချင်းများထဲမှ 'ဆည်းလည်းသံ' သီချင်းကိုဝါဝါဝင်းရွှေနှင့် ဝင်းဦးတို့၏ ပုံစံဖြင့် ယွန်းဝတီလွင်မိုးနှင့် မာန်ပြည့်တို့အား ရှေးခေတ်ဇာတ်ဝင်ခန်းပုံစံ ရိုက်ကူးထားပြီး Title သီချင်း 'မျက်လှည့်' ကိုမှော်ဆန်ပြီး သည်းထိတ်ရင်ဖိုဖွယ်ကောင်းအောင် ရိုက်ကူးထားသည်ဟု ဆိုသည်။

ဝိုင်းစုခိုင်သိန်းသည် Shwe FM ၃နှစ်ပြည့်ပွဲတွင် ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး ၎င်း၏ တတိယအယ်လ်ဘမ်အတွက်လည်း စီစဉ်လျက်ရှိသည်။



## ဆိုတေးသီချင်းရိုက်ကွင်းမှာ ပုဂံဘုရားတွင် မဟုတ်ဟုဆို

ကြူကြူဟန်

ရန်ကုန်၊ အောက်တိုဘာ - ၃

ဆိုတေး၏ 'ဖက်တီးမ' သီချင်းဗီစီဒီတွင် ပါဝင်သောရိုက်ကွင်းနေရာမှာ ပုဂံဘုရားတွင် ရိုက်ကူးထားခြင်းမဟုတ်ဘဲ မြောက်ဥက္ကလာရှိ သီလရှင်ကျောင်းသစ်တစ်ခုတွင် ရိုက်ကူးထားခြင်းဖြစ်ကြောင်းသိရသည်။

"အဲဒါက ပုဂံဘုရားမဟုတ်ပါဘူး။ မြောက်ဥက္ကလာနားက သီလရှင်ကျောင်းပါ။ အဲဒီကျောင်း က မဖွင့်သေးပါဘူး။ ဒါရိုက်တာနဲ့ သွားရိုက်ထားတာ။ အဲဒီနေရာက ဖိနပ်စီးခွင့်လည်းရှိပါတယ်။" ဟု ဗီစီဒီတွင် ပါဝင်ရိုက်ကူးထားသော လေးဇီးကလပ် တီးဝိုင်းမှ ကိုနိုင်ဇော်ကပြောသည်။

ယင်းဗီစီဒီတွင် ဆိုတေးနှင့် လေးဇီးကလပ်အဖွဲ့သားများ တီးခတ်သီဆိုနေသည့် မြင်ကွင်းအား ပုဂံဘုရားပေါ်တွင် ဖိနပ်စီးကာ သီဆိုသည်ဆိုသော ဝေဖန်မှုများ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။









7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

## အကယ်ဒမီပွဲ ဒီဇင်ဘာတွင် ကျင်းပရန်ပြင်

**အေးသူစံ**

**ရန်ကုန်၊**
**အောက်တိုဘာ ၄**

၂၀၁၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ(အကယ်ဒမီ) ကို ယခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က 7 Day News သို့ အတည်ပြုပြောကြားသည်။

"တစ်နှစ်စာကို နှစ်မကူးဘဲပေးချင်လို့ ၂၀၁၁ အတွက် အကယ်ဒမီပေးပွဲကို အခုဒီဇင်ဘာမှာလုပ်ဖို့ အားလုံးပြင်ဆင်နေပါပြီ။ ရန်ကုန်နဲ့နေပြည်တော် ဘယ်မှာ လုပ်ဖြစ်မလဲဆိုတာတော့ မြန်မာ့ရုပ်ရှင်လုပ်ငန်းက ပြန်စဉ်းစားနေပြီး ဝန်ကြီးဌာနကို တင်ပြဖို့လုပ်နေပါတယ်" ဟု ၎င်းက ပြောသည်။

၂၀၁၁ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ဇာတ်ကားများမှာ ဟော့ရှော့ ၃၊ အလန်းဇယား၊ အိုင်လပ်ဖ်ယူ၊ အမွှေဇယား၊ ငါ့နှမလေးပွသွားပြီ၊ လာထားအာဘွား ၂၊ ဖလန်းဖလန်းဖြစ်တဲ့ အချစ်၊ အားလုံးကတော့ဟော့မှ ကြိုက်တယ်၊ ချောကလက်ဘေဘီ၊ ဝဋ်ကြွေး၊ ထာဝရအလင်းတန်းများ၊ ချိန်း၊ ချစ်ပန်းဝေ၊ ရင်ကွဲနာ၊ ပန်းကြာဝတ်မှုန် ဇာတ်ကားတို့ဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့အစည်းအရုံးကတော့ ရန်ကုန်မှာပဲ လုပ်စေချင်ပါတယ်။ အမေရိကမှာဆို အော်စကာဆုပေးပွဲကို အစိုးရ ရုံးစိုက်တဲ့ ဝါရှင်တန်ဒီစီမှာ လုပ်တာမဟုတ်ဘူး။ အနုပညာသမားတွေ အများကြီးရှိတဲ့ နေရာမှာပဲလုပ်တာပါ။ နေပြည်တော်ကိုသွားရတော့ တချို့သက်ကြီးအနုပညာရှင်တွေ၊ သရုပ်ဆောင်တွေ ပွဲတက်ချင်ပေမယ့်မတတ်နိုင်တာတွေတွေ့နေရတယ်။ လူမစုံတော့ဘူးပေါ့" ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။

၂၀၁၁ ခုနှစ်အတွက် အကယ်ဒမီဆု ရွေးချယ်စိစစ်အကဲဖြတ်အဖွဲ့ကို အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ယခုနှစ်မှစကာ သရုပ်ဆောင်နှစ်ဦးဖြစ်သည့် မောင်သန်းဝင်းနှင့် မြင့်မြင့်ခိုင်တို့ပါဝင်ဖွဲ့စည်းခဲ့သည်ကို တွေ့ရသည်။

## စာ-၄၇၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဇင်ဝိုင်းနှင့်တွေ့ဆုံခြင်း မှ

ကြည့်တဲ့ သူတွေကလည်း ကျွန်တော်တို့ဆီပဲ ပိုက်ဆံရောက်တယ်ထင်နေတယ်။ ကြားမှာခိုးကူးကစားသွားတယ်။ မြန်မာ တစ်ပြည်လုံးကို ကွန်ရက် အနေနဲ့ဖြန့်နေကြတာ။

တကယ့်ထုတ်လုပ်ရေး တိုက်ဆိုတာ တစ်လမှာ သုံးကားလောက်ပဲ ဖြန့်နိုင်တယ်။ ဒီခိုးကူးတွေကျတော့ တစ်ရက်ကို လေး၊ ငါးဆယ်ကားဖြန့်နေတာ။ အလွန်ကြီးမားတဲ့ ငွေပမာဏနဲ့ လုပ်နေတာ။ လစဉ်ဆို သိန်းသုံး လေးထောင်ဝင်နေကြတယ်။ ဒါတွေကို မဖော်ထုတ်နိုင်ကြဘူး။ နောက်ကွယ်ကနေ ကြိုးကိုင်နေတဲ့ ပင်ရင်းဒိုင်ကြီးတွေကို ဖော်ထုတ်ပေးဖို့ ဥပဒေအဖွဲ့အစည်းအသီးသီးက ပူးပေါင်းပါဝင်ပေးပါလို့ တောင်းဆိုထားတာပါ။ ဒိုင်ကြီးတွေပြိုသွားတာနဲ့ ဒီလမ်းဘေးဆိုင်လေးတွေက ပျောက်သွားမှာ။ ကျွန်တော်တို့ကိုယ်တိုင်နိုင်ငံခြားခွေကြည့်တယ်။ ကျွန်တော့်သားသမီးတွေ လည်းကြည့်တယ်။

**ခိုးကူးကြောင့် ရုပ်ရှင်ဂီတလောက ကျဆင်းနေတယ်ဆိုပြီးပြောနေတဲ့ အချက်ပေါ်ခြွင်းချက်မရှိ လက်ခံပါသလား။ မင်းသား၊ မင်းသမီးတွေကျတော့ တိုက်ဆောက်၊ ကားစီးမပျက်ဘဲလို့ ဝေဖန်နေတာတွေလည်းရှိတဲ့ အပေါ်ဦးက ဘာများပြောကြားလိုပါသလဲ။**

မြန်မာတစ်နိုင်ငံလုံးမှာ လမ်းဘေးရောင်းချသူတွေက တစ်သောင်းလောက်ရှိတယ် ပြောတယ်။ ကျွန်တော်တို့ဆီမှာ ဒီရုပ်ရှင်လုပ်ငန်းနဲ့ ဆက်နွှယ်နေတဲ့လူ ပေါင်း ငါးသောင်းလောက်ရှိတယ်။ တရားဝင်ငှားရမ်းသူတွေ၊ ရုပ်ရှင်ကုမ္ပဏီမှာ စတစ်ကာကပ်ပေး၊ ဖြန့်ချိပေးတဲ့ ဝန်ထမ်းတွေသောင်းချီရှိတယ်။ သူတို့လည်း တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့သူတွေချည်းပဲ။ အပေါ်လွှာ လူတန်းစားတစ်ယောက်မှ မပါဘူး။ ဇင်ဝိုင်းက ထုတ်လုပ်သူတွေ၊ မင်းသား၊ မင်းသမီးတွေ၊ ကားစီးဖို့ တိုက်ဆောက်ဖို့ ကာကွယ်ပေးနေတာတဲ့။ မဟုတ်ပါဘူး။ ကျွန်တော်ကာကွယ်ပေးနေတာ အခြေခံလူတန်းစား ၁၀ လွှာလုံးအတွက်ပါ။ ဒီလောကကြီး ဒီနေ့ရပ်သွားလို့ အဲဒီထုတ်လုပ်သူတွေ မင်းသား၊ မင်းသမီးတွေ ဘာမှမဖြစ်ဘူး။ တခြား အလုပ်ပြောင်းလုပ်လို့ရတယ်။ စီးပွားရေး ပြောင်းလုပ်လို့ရတယ်။ ဒုက္ခရောက် ကျန်ခဲ့မှာ အခြေခံအလွှာက ငါးသောင်းကျန်ခဲ့မှာ။ သူတို့နဲ့ဆက်နွှယ်နေတဲ့ သူတွေရှိတယ်။ ဒါတွေကို စာနာပါ။ မိသားစု စားဝတ်နေရေးအတွက် နိုင်ငံခြားခွေ သီးသန့်ရောင်းတယ်။ ညစ်ညမ်းကားလည်း မပါဘူး။ မြန်မာသီချင်းခွေ၊ ဗီဒီယိုခွေတွေကိုလည်း မခိုဘူး။ ဒါပေမဲ့ ဥပဒေက ရှိနေတယ်။ ဒီလူတွေကို ဥပဒေချိုးဖောက်ခွင့် ပေးမလား။ ဥပဒေကိုဖျက်မလား။ ဒါမှမဟုတ် ဒီလူတွေကိုတခြား အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမလား။ ရောင်းချခွင့် ပေးလိုက်ပါလို့ပြောလိုက်တာနဲ့ ပြီးတဲ့ကိစ္စမဟုတ်ပါဘူး။

**ခိုးကူးကြောင့် မဟုတ်ဘဲ ပရိသတ်အများစု ဝေဖန်နေတဲ့ ဇာတ်ကားတွေရဲ့ အရည်အသွေးပိုင်းတွေ၊ ကိုယ်ပိုင်ဖန်တီးမှု အားနည်းတာတွေကိုရော အစည်းအရုံးအနေနဲ့ ဘာများပြုပြင်ပြောင်းလဲသွားမှာပါလဲ။**

အဓိကက အရည်အချင်းပိုင်းပါပဲ။ ပရိသတ်တွေပြောတာ အမှန်ဆုံးပါ။ ဒါကြောင့်လည်း အခု ဗီဒီယိုဇာတ်ကားတစ်ကားကိုဆယ်ရက်လို့ သတ်မှတ်ပေးထားပါတယ်။ အရေအတွက်ကို လျှော့ချလိုက်တော့ အချိန်လည်းပိုထွက်လာမယ်။ အရည်အသွေးပိုင်းလည်း ပိုမြင့်လာမယ်။ ဈေးကွက်ရဲ့ဝယ်လိုအားထက်ပိုများနေရင် စုပုံသွားမှာပါ။ နောက်ပြီးတစ်ချိန်မှာ မူပိုင်ခွင့်ဥပဒေတွေပေါ် ထွက်လာပြီဆိုကိုယ်ပိုင်ဖန်တီးမှု စစ်စစ်မဟုတ်ဘဲ ဖန်တီးလို့ကိုမရပါဘူး။ ဥပဒေကြောင်းအရ အရေးယူခံရမှာပါ။ ဒါကြောင့်ကိုယ်ပိုင်ဖန်တီးမှုစစ်စစ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒါပေမဲ့ ခက်ခဲတဲ့ အချိန်တွေမှာပဲ တန်ဖိုးရှိတဲ့ဇာတ်ကားတွေထွက်ခဲ့တာလည်းရှိပါတယ်။ ဥပမာ-ပင်လယ်ထက်က နေဝန်းနီတို့၊ ပန်းကြာဝတ်မှုန်တို့၊ လျှို့ဝှက်သောနှင်းတို့လို ဇာတ်ကားတွေပါ။

**ရန်ကုန်မဖြန့်ရသေးတဲ့ ဇာတ်ကားကို တချို့နယ်တွေမှာ ခိုးကူးချပ်တွေမိတော့ တရားဝင် ဖြန့်ချိတဲ့ ထုတ်လုပ်ရေး တိုက်တွေနဲ့ရောဆက်နွှယ်မှု မရှိဘူးလား။**

တချို့အမှုတွေမှာ ဆက်နွှယ်မှုရှိပါတယ်။ ဖြန့်ချိတဲ့အဆင့်ဆင့်ကြားထဲကနေ ရအောင်ခိုးယူတာတွေရှိတယ်။ အဲဒီယူတဲ့နည်းတွေတော့ထုတ်မပြောချင်ဘူး။ သူခိုးလမ်းပြဖြစ်မှာ စိုးလို့ပါ။ ပင်ရင်းဖြန့်ချိရေးတိုက်တွေနဲ့ ဆက်နွှယ်နေတဲ့အတွက် ဗီဒီယိုစည်းကမ်းဥပဒေအရ အတွင်းစည်းထဲကနေ အရေးယူထားတာ နှစ်မှု၊ သုံးမှုလောက်တော့ရှိပါတယ်။

**ဆင်ဆာ အချက်တွေကို ထပ်ပြီး လျှော့ပေါ့ဖို့ တောင်းဆိုထားတယ်လို့ သိရပါတယ်။ ဘယ်လိုအချက်တွေပါပါသလဲ။**

တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနဲ့ ဘာသာရေးကလွဲလို့ ကျန်တဲ့အချက်တွေ အကုန်ဖြေလျှော့ပေးဖို့တောင်းဆိုထားတယ်။ ဒါဆို ညစ်ညမ်းကားတွေ ရိုက်လာရင် ရောလို့ မေးစရာရှိတယ်။ ညစ်ညမ်းဆိုရင် ညစ်ညမ်းဥပဒေနဲ့ အရေးယူလို့ရတယ်။ တစ်ချိန်မှာ ကျွန်တော်တို့ကတော့ ဆင်ဆာဆိုတာမရှိဘဲ လုံးဝလွတ်လပ်သွားတဲ့အထိ မျှော်မှန်းထားတယ်။

**အခု ရုပ်ရှင်စတူဒီယို ဆောက်မယ့် ပဲခူးက မြေကေ ၁၀၀ က အရှုပ်အရှင်းကင်းရှင်းပါသလား။**

အဲဒါကို ကျွန်တော်တို့လည်း သွားမကြည့်ရသေးတော့မသိဘူး။ သွားကြည့်တော့မှ အဲဒီပေါ်မှာ အိမ်ထောင်စုတစ်ထောင်လောက် ရှိနေတယ် ဖြစ်နေရင်တော့သွားပြီ။ ကင်းရှင်းမယ်လို့ မျှော်လင့်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## ပုဂ္ဂလိကအက်ဖ်အမ်လိုင်းနှစ်ခု ဂီတအစည်းအရုံးထံ ပေးရန်ကျန်သည့် သီချင်းအသုံးပြုခ လာရောက်ပေးချေ

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ ၃**

ပုဂ္ဂလိက ရေဒီယိုအက်ဖ်အမ်လိုင်းနှစ်ခုက မြန်မာနိုင်ငံဂီတအစည်းအရုံးသို့ သီချင်းအသုံးပြုခ ပေးချေရန် ကျန်ရှိသော ငွေကျပ်သိန်းပေါင်းတစ်ထောင့် ကိုးရာ လာရောက် ပေးချေသွားကြောင်း ဂီတအစည်းအရုံး၏ အမှုဆောင်တစ်ဦးဖြစ်သူ တေးရေးမြင့်မိုးအောင်က ပြောသည်။

"မန္တလေးအက်ဖ်အမ်နဲ့ ပဥ္စဝတီအက်ဖ်အမ်တို့က အောက်တိုဘာ ၂ ရက်က ကျွန်တော်တို့ အစည်းအရုံးကို လာပြီးပေးချေသွားပါပြီ" ဟု မြင့်မိုးအောင်က ပြောသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံးမှ တာဝန်ရှိသူအချို့နှင့် ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်တို့ စက်တင်ဘာ ၂၄ ရက်တွင် တွေ့ဆုံခဲ့ရာ ခိုးကူးကိစ္စ၊ အနုပညာကြေးများ ရရန်ကျန်ရှိသည့်ကိစ္စများကို တင်ပြခဲ့ပြီးနောက် တစ်ပတ်အတွင်း ယခုကဲ့သို့ အက်ဖ်အမ်များမှ ကြွေးကျန်များရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂီတသမားများ အကြားတွင် အက်ဖ်အမ်ရေဒီယိုလိုင်းများကတေးသီချင်းအသုံးပြုမှုများအတွက် အနုပညာကြေးရပိုင်ခွင့်နှင့်ပတ်သက်ပြီး အတန်ကြာ အငြင်းပွားခဲ့ရာ ယခုအမှုဆောင်သစ်လက်ထက်တွင် ရရန်ကျန်ရှိသည့် အနုပညာကြေးများ ပြန်လည်ရရှိခဲ့ခြင်းမှာ ထူးခြားသည့်ရလဒ်ဖြစ်ကြောင်း သိရသည်။

"ခုလိုဂီတသမားတွေရဲ့ ဖန်တီးမှုတွေကို အသုံးပြုသူတွေက စနစ်တကျပေးချင်လာပြီဆိုရင် သူတို့ပေးဖို့လွယ်အောင် ကျွန်တော်တို့ဘက်က အားလုံးမျှတတဲ့နှုန်းတစ်ခု သတ်မှတ်ဖို့လိုတယ်။ ဒါကို ဆွေးနွေးနေပါတယ်"ဟု မြင့်မိုးအောင်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ဂီတသမားများ၏ အနုပညာကြေးရပိုင်ခွင့်များကို အပတ်စဉ်ကြာသပတေးနှင့်သောကြာ နေ့တိုင်း ထုတ်ပေးနေကြောင်း သိရသည်။ မြန်မာနိုင်ငံဂီတအစည်းအရုံး၏ အမှုဆောင်သစ်လက်ထက်တွင် ဂီတသမားများနှင့် သက်ဆိုင်သော ကော်မတီ ၁၅ ခုကို ဖွဲ့စည်းထားရာ မူပိုင်ခွင့် စီမံခန့်ခွဲရေးကော်မတီ၊ ညှိနှိုင်းဖြေရှင်းရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီနှင့်ပြန်ကြားရေးကော်မတီတို့ကို အတည်ပြုဖွဲ့စည်းပြီးဖြစ်ကြောင်း ဂီတအစည်းအရုံးမှ ထုတ်ပြန်သောစာရင်းဇယားများအရ သိရသည်။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Hotel Transylvania | Sony Pictures | ၄၂,၅၂၂,၂၀၀ | ၁ |
| ၂။ | Looper | Tristar & Columbia FilmDistrict&Sony Pic: | ၂၀,၈၀၁,၆၀၀ | ၁ |
| ၃။ | End of Watch | Open Road Films | ၂၅,၉၈၀,၇၀၀ | ၂ |
| ၄။ | Trouble with the Curve | Warner Bros. Pic: | ၂၃,၄၇၃,၃၀၀ | ၂ |
| ၅။ | House At the End of Street | Relativity Media | ၂၂,၁၉၃,၃၀၀ | ၂ |
| ၆။ | Ptch Perfect | University Pic: | ၅,၁၄၉,၄၃၀ | ၁ |
| ၇။ | Finding Nemo | Walt Disney Pic: | ၃၆,၄၄၄,၈၀၀ | ၃ |
| ၈။ | Resident Evil: Retribution | Screen Gems & Sony Pic: | ၃၈,၆၉၁,၃၀၀ | ၃ |
| ၉။ | The Master | The Weinstein Company | ၉,၅၆၈,၆၂၀ | ၃ |
| ၁၀။ | Won't Back Down | 20th Century Fox | ၂,၆၀၃,၃၇၀ | ၁ |

## Movie Review

### Argo




၁၉၇၉ အီရန်တော်လှန်ရေးကာလအတွင်းတီဟီရန်မြို့ရှိ အမေရိကန်သံရုံးမှာ စစ်သွေးကြွများ၏ ဝင်ရောက်စီးနင်းခြင်းခံရကာ အမေရိကန်နိုင်ငံသား ၅၂ ဦးပြန်ပေးဆွဲခံထားရသည်။ ယင်းတို့အထဲမှ ခြောက်ဦးလွတ်မြောက်ပြီး ကနေဒါသံအမတ်ကြီးနေအိမ်တွင် ပုန်းအောင်းခဲ့ရသည်။ ယင်းအဖြစ်အပျက်အကြောင်းကိုဆယ်စုနှစ်ပေါင်းများစွာ လူထုကမသိရှိခဲ့။ ယခုဇာတ်ကားတွင် ယင်းအဖြစ်အပျက်၌ အမေရိကန် စီအိုင်အေနှင့် ကျွမ်းကျင်သူ Tony Mendez တို့မည်သို့လှုပ်ရှားခဲ့ရသည်ကို ဖော်ထုတ်တင်ပြထားသည်။

Ben Affleck မင်းသား၊ ဒါရိုက်တာအဖြစ် ပါဝင်ရိုက်ကူးထားပြီး Alan Arkin, John Goodman, Bryan Cranston, Taylor Shilling တို့ပါဝင်သရုပ်ဆောင်ထားပြီး စွန့်စားခန်း၊ အက်ရှင်၊ ဟာသ၊ ဒရာမာပေါင်းစပ်ထားသော ဇာတ်ကားကို Warner Bros. ကအောက်တိုဘာ ၁၂ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# မြန်မာအသင်း ဆူဇူကီးဖလားခြေစစ်ပွဲအောင်ရန် အခြေအနေကောင်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ - ၇**

၂၀၁၂ ဆူဇူကီးဖလားခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော မြန်မာဘောလုံးအသင်းသည် နှစ်ပွဲဆက်အနိုင်ရရှိမှုကြောင့် ခြေစစ်ပွဲအောင်ရန် အခြေအနေကောင်းသွားခဲ့သည်။

ရန်ကုန်တွင် ကျင်းပလျက်ရှိသည့် အဆိုပါခြေစစ်ပွဲတွင် အိမ်ရှင်မြန်မာအသင်းသည်ပွဲဦးထွက်တွင် ဘရူနိုင်းအသင်းကို ၁-၀ ဂိုး၊ ဒုတိယပွဲစဉ်တွင် တီမောအသင်းကို ၂-၁ ဂိုးဖြင့် အနိုင်ယူကာ ရမှတ်ခြောက်မှတ်ကို အပိုင်ဆုပ်ကိုင်နိုင်ခဲ့ပြီးနောက် လက်ကျန်ပွဲစဉ်နှစ်ပွဲကျန်သေးသော်လည်း ခြေစစ်ပွဲအောင်မြင်ရန် အခြေအနေကောင်းသွားခဲ့ခြင်းဖြစ်သည်။



ဓာတ်ပုံ - ကိုဇေ

မြန်မာအသင်းသည် ဒေသတွင်း အားနည်းသည့်အသင်းများအား အနိုင်ရရှိခဲ့သော်လည်း ခြေစွမ်းပိုင်းတွင် အသာရမှုမရှိခဲ့ပေ။ အဓိကတိုက်စစ်မှူးများဖြစ်သည့် ရန်ပိုင်နှင့် ကျော်ကိုကိုတို့ ဒဏ်ရာကြောင့် မပါဝင်နိုင်ချိန်တွင် မြန်မာအသင်းတိုက်စစ်မှာ ဂိုးရရှိရန် ရုန်းကန်ခဲ့ရပြီး အသင်းလိုက်ကစားပုံမှာလည်း အားနည်းချက်များရှိနေဆဲဖြစ်သည်။ ဘရူနိုင်းနှင့် တီမောအသင်းနည်းပြများကလည်း မြန်မာအသင်းအနေဖြင့် ၎င်းတို့ထက် ပိုကံကောင်းခဲ့ခြင်းကြောင့်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်ဟုဆိုကြသည်။

ပွဲစဉ်နှစ်ပွဲ အနိုင်ရရှိခဲ့ပြီးချိန်တွင် မြန်မာအသင်းနည်းပြ ပတ်ဆောင်ဟွာက ခြေစစ်ပွဲအောင်မြင်ရန် ၅၀ ရာခိုင်နှုန်းသေချာခဲ့ပြီဟုပြောကြားခဲ့သည်။ မြန်မာအသင်းသည် လက်ကျန်နှစ်ပွဲ ဆက်လက်ကစားရန် ကျန်ရှိနေပြီး အောက်တိုဘာလ ၁၁ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့်လည်းကောင်း၊ အောက်တိုဘာလ ၁၃ ရက်တွင် လာအိုအသင်းနှင့်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ၊ လာအို၊ ဘရူနိုင်း၊ တီမောအသင်းများ အုပ်စုပတ်လည်ယှဉ်ပြိုင်လျက်ရှိသည့် အဆိုပါ ခြေစစ်ပွဲစဉ်များမှ အမှတ်အများဆုံးနှစ်သင်းသည် နောက်ဆုံးအဆင့်ပွဲစဉ်များသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ခြေစစ်ပွဲစဉ်မှ အုပ်စုပထမရအသင်းသည်ထိုင်း၊ဗီယက်နမ်၊ ဖိလစ်ပိုင်အသင်းများ ပါဝင်သည့် အုပ်စု(က) သို့ကျရောက်မည်ဖြစ်ပြီး အုပ်စု ဒုတိယရအသင်းသည် မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူအသင်းများပါဝင်သည့် အုပ်စု(ခ)သို့ကျရောက်မည်ဖြစ်သည်။

အဆိုပါ ဆူဇူကီးဖလားနောက်ဆုံးအဆင့်ပွဲစဉ်များကို ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၌ နိုဝင်ဘာလ ၂၄ ရက်မှ ဒီဇင်ဘာလ ၂၂ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

## ဆူဇူကီးဖလားခြေစစ်ပွဲ မြန်မာအသင်းကစားမည့် လက်ကျန်နှစ်ပွဲ ပရိသတ်အား ဂျာစီအင်္ကျီပေးမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ - ၈**

ရန်ကုန်မြို့တွင် ကျင်းပလျက်ရှိသည့် ၂၀၁၂ဆူဇူကီးဖလားခြေစစ်ပွဲ၌မြန်မာအသင်း ယှဉ်ပြိုင်ကစားမည့် လက်ကျန်နှစ်ပွဲတွင် လာရောက်အားပေးမည့်ပရိသတ်များအား Digicel ကုမ္ပဏီက ဂျာစီအင်္ကျီများ လက်ဆောင်ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

အောက်တိုဘာလ ၅ ရက်မှ စတင်ကျင်းပလျက်ရှိသည့် နိုင်ငံလက်ရွေးစင်အဆင့်အသင်းများ ပါဝင်ယှဉ်ပြိုင်လျက်ရှိသော အဆိုပါခြေစစ်ပွဲစဉ်များတွင် အိမ်ရှင်မြန်မာအသင်း ယှဉ်ပြိုင်ကစားသည့် ပွဲစဉ်များ၌ပင် ကွင်းအတွင်း လာရောက်ကြည့်ရှုအားပေးသူအလွန်နည်းပါးနေသည်။

ထို့ကြောင့် ကွင်းအတွင်း ပရိသတ်များ ပိုမိုလာရောက်အားပေးနိုင်ရန် ရည်ရွယ်၍ ဘောလုံးအဖွဲ့ချုပ်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော Digicel ကုမ္ပဏီက ဂျာစီအင်္ကျီလက်ဆောင်များ ပေးအပ်သွားရန်စီစဉ်ခြင်းဖြစ်သည်။ ဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်အရ မြန်မာအသင်း၏ လက်ကျန်ပွဲစဉ်နှစ်ပွဲတွင် ရိုးရိုးတန်းပွဲကြည့်စင်၌ အစောဆုံးလက်မှတ်ဝယ်ယူအားပေးမည့် ပရိသတ်နှစ်ထောင်ကို ဂျာစီများ လက်ဆောင်ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် ပရိသတ်များအနေဖြင့် လက်မှတ်ဝယ်ယူရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသရန် လိုအပ်တော့မည်မဟုတ်တော့ကြောင်းလည်း အဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။ ကွင်းအတွင်းသို့ ပရိသတ်လာရောက်ကြည့်ရှုမှုနှုန်းနည်းပါးရခြင်းမှာ ယခုခြေစစ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ဘက်အသင်းများ အနေအထား၊ ပွဲစဉ်များကို ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းနှင့် ယခုပွဲစဉ်များ၏ အထူးတန်းလက်မှတ်ကျပ်သုံးထောင်ဈေးနှုန်းမှာ ပရိသတ်အများစုအတွက် တန်ဖိုးကြီးခြင်းစသည်တို့ကြောင်း ဖြစ်နိုင်ကြောင်း လေ့လာသူများကဆိုသည်။

သို့သော် ခြေစစ်ပွဲစဉ်များအတွက် လက်မှတ်များ တာဝန်ယူဆောင်ရွက်နေသော ထိုင်းနိုင်ငံ MYASIA TICKET မှ တာဝန်ရှိသူတစ်ဦးကမူ ယခု လက်မှတ်နှုန်းထားများသည် အာဆီယံနိုင်ငံများ၌ ဈေးအသက်သာဆုံးဖြစ်ကြောင်း ပြောသည်။

မြန်မာဘောလုံးအသင်းသည် အောက်တိုဘာလ ၁၁ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့်လည်းကောင်း၊ အောက်တိုဘာလ ၁၃ ရက်တွင် လာအိုအသင်းနှင့်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## ဆီးဂိမ်းဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊**

**အောက်တိုဘာ-၄**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပတ်သက်၍ တစ်ပုဒ်လျှင် ဆုကြေးကျပ်သုံးသိန်းရရှိမည့် ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြိုင်ပွဲ နှစ်ရပ်လုံးအတွက် ခေါင်းစဉ်များမှာ အမျိုးသားရေးကြိုးစားပေး ဆီးဂိမ်းပြိုင်ပွဲကြီးအောင်မြင်ရေး၊ ဖွဲ့စိတ်သန်သန်နွဲ့စိတ်မာန် ပါဝင်ဆင်နွှဲအောင်မြင်ရန်၊ အားကစားနှင့် အမျိုးသားရေးတာဝန်၊ လူတိုင်းပါဝင်တို့ တာဝန်၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ဆောင်ကြစို့ အစရှိသည့် ခေါင်းစဉ်များအပါအဝင် နိုင်ငံ့အားကစားအောင်မြင်ရေးသည် ပြည်သူလူထုတစ်ရပ်လုံးနှင့် သက်ဆိုင်ကြောင်း၊ နိုင်ငံ့အားကစားအောင်မြင်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းနှင့် နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်ဖော်ပြနေခြင်းဖြစ်သည်ဟူသော အမျိုးသားရေး ခံယူချက်ဆိုင်ရာနှင့် ဆက်သွယ်သည့် မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်များဖြင့်လည်း ထည့်သွင်းရေးသားနိုင်ကြောင်း အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ဆောင်းပါးပြိုင်ပွဲအတွက် A4 စာမျက်နှာ ငါးမျက်နှာထက်

**စာ(၅၂)သို့**

# ဟံသာဝတီယူနိုက်တက်ကို ဆက်လက်တာဝန်ယူရန် IBTC သို့ အဖွဲ့ချုပ် မေတ္တာရပ်ခံမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ - ၆**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ဟံသာဝတီယူနိုက်တက်အသင်း၏ လက်ရှိအသင်းပိုင်ရှင်အား အသင်းကို ဆက်လက်တာဝန်ယူရန် မေတ္တာရပ်ခံသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ကပြောကြားသည်။

လက်ရှိ ဟံသာဝတီယူနိုက်တက်အသင်းကိုတာဝန်ယူဆောင်ရွက်နေသော IBTC ကုမ္ပဏီအနေဖြင့် အသင်းအား ပြန်လည်အပ်နှံရန် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အဖွဲ့ချုပ်ထံ စာတင်ထားသည့်အပေါ် တွင်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ သဘောထားအား မေးမြန်းခဲ့ရာ ဦးဇော်ဇော်က အထက်ပါအတိုင်းဖြေကြားခဲ့သည်။

"ကျွန်တော့်အနေနဲ့ တစ်အချက် စာပြန်ပါ့မယ်။ ဖြစ်နိုင်ရင် ဒီအသင်းကိုဆက်ထောင်ဖို့မေတ္တာရပ်ခံပါမယ်။ အစဉ်အဆက်လည်းကိုအောင်မိုးကျော်တို့အနေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် ဒီအခက်အခဲမှာ ကျွန်တော်တို့ ဘာပေါင်းပြီးလုပ်ပေးလို့ရလဲပေ့ါနော်။ သူနဲ့ အတူတူပေါင်းပြီးတော့မှ အသင်းကိုရပ်တည်ဖို့အတွက်ကြိုးစားကြည့်မယ်။ နောက်တစ်ဆင့်ကျရင်တော့ သူ့ရဲ့အကြောင်းပြန်တဲ့အပေါ် မူတည်ပြီးတော့ ဘယ်လိုဆက်လုပ်ရမလဲ ဆိုတာကို အဖြေရှာမယ်"ဟု ယခုလ ၃ ရက်တွင် ဦးဇော်ဇော်ကပြောသည်။

မိမိအနေဖြင့် အစဉ်အလာရှိခဲ့သည့်ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုအသင်းအား ပျက်မသွားစေချင်ကြောင်း၊ ဂျပန်နိုင်ငံတွင်လက်ရှိလိဂ်အသင်းပေါင်း ၄၀ ခန့်ရှိချိန်တွင် မြန်မာနိုင်ငံတွင် အသင်း ၁၄ သင်းကို ရုန်းကန်လုပ်နေရဆဲဖြစ်ကြောင်း၊ ပဲခူးပရိသတ်ကြီးအတွက်လည်း ဘောလုံးအသင်းတစ်သင်း ပျောက်မသွားစေချင်သလို လိဂ်တွင်လည်း အားမလျော့သွားစေချင်သည့်အတွက် လက်ရှိ ဟံသာဝတီအသင်းပိုင်ရှင်နှင့် အဖွဲ့ကို မေတ္တာရပ်ခံသွားမည်ဖြစ်ပြီး ပူးပေါင်း ကူညီဆောင်ရွက်မှုအတွက်စဉ်းစားသွားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ဆက်လက်ပြောကြားခဲ့သည်။

အဖွဲ့ချုပ်မှ အကြောင်းပြန်စာအနေဖြင့် အောက်တိုဘာ ၆ ရက်အထိ ဟံသာဝတီအသင်းထံသို့ ရောက်မလာသေးကြောင်း ၎င်းအသင်း အုပ်ချုပ်သူ ဦးထွန်းထွန်းလင်းကပြောသည်။ "လက်ရှိ ဆူဇူကီးဖလားခြေစစ်ပွဲလည်း ရန်ကုန်မှာ ကျင်းပနေတဲ့အတွက် အဖွဲ့ချုပ်အနေနဲ့လည်း အလုပ်ရှုပ်နေမယ်လို့ထင်ပါတယ်။ ခြေစစ်ပွဲပြီးရင်တော့ တစ်ခုခုထူးနိုင်ပါတယ်။ လက်ရှိ အသင်းကတော့ ပုံမှန်အတိုင်းဆက်သွားနေတာပါ။ အသင်းပိုင်ရှင်ဘက်ကလည်း ဘာညွှန်ကြားချက်မှ မလာထားသေးပါဘူး" ဟု ဦးထွန်းထွန်းလင်းက ဆိုသည်။

ဟံသာဝတီ အသင်းအနေဖြင့် အဖွဲ့ချုပ်ထံ စာတင်ထားရာတွင် အခက်အခဲရှိသည့်အတွက်ဆိုသည့် အကြောင်းပြချက်သာပါရှိကြောင်း ဦးဇော်ဇော်၏ ပြောကြားချက်အရသိရှိရသည်။

## ယူ-၁၉ အမျိုးသမီးအသင်း အာရှပထမအဆင့်ခြေစစ်ပွဲ ဖိလစ်ပိုင်၊ တိုင်ပေ၊ ဟောင်ကောင်တို့နှင့် တွေ့မည်



**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ - ၄**

၂၀၁၃ အာရှယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအတွက် ပထမအဆင့် ခြေစစ်ပွဲတွင် မြန်မာအသင်းသည် ဖိလစ်ပိုင်၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာအသင်း ပါဝင်သည့် အုပ်စု(ဂ)ပွဲစဉ်များကို ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို ပြီးခဲ့သည့် စက်တင်ဘာလဆန်းက စတင်စခန်းသွင်းလေ့ကျင့်ခဲ့ခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သော မြန်မာအမျိုးသမီးအသင်းနည်းပြ ဂျပန်လူမျိုး ကူမာဒါက ဆက်လက်တာဝန်ယူမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့်မြန်မာအမျိုးသမီး ယူ-၁၉ အသင်းတွင် အာဆီယံဒုတိယဆုရအသင်းမှ အသက်မီသည့် မေသူကျော်နှင့် ခင်နွေးနွေးရွှေတို့ ပါဝင်လာကြောင်းသိရသည်။ အဆိုပါခြေစစ်ပွဲစဉ် ပထမအဆင့်တွင် အုပ်စု(က)၌ အိန္ဒိယ၊ ဥဇဘက်ကစ္စတန်၊ ကာဂျစ္စတန်၊ ဘင်္ဂလားဒေ့ရှ်အသင်းတို့ ပါဝင်ပြီး အုပ်စု(ခ)တွင် ဂျော်ဒန်၊ အီရန်၊ တာဂျစ်ကစ္စတန်၊ ပါလက်စတိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဒုတိယအဆင့် ခြေစစ်ပွဲသို့ တစ်အုပ်စုမှ နှစ်သင်းဖြင့် စုစုပေါင်း ခြောက်သင်းဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ပြီး ထိုင်း၊ ဗီယက်နမ်အသင်းများမှာ ဒုတိယအဆင့်ခြေစစ်ပွဲအဆင့်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားကြောင်းသိရသည်။ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် အာရှယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ခြေစစ်ပွဲတွင်မြန်မာအသင်းသည်ဖိလစ်ပိုင်အသင်းကို အနိုင်ရရှိခဲ့သော်လည်း ဥဇဘက်ကစ္စတန်အသင်းကို ရှုံးနိမ့်ခဲ့မှုကြောင့် ပထမအဆင့်ခြေစစ်ပွဲမှထွက်ခဲ့ရသည်။



7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# မြန်မာဘောလုံးအသင်း ကမ္ဘာ့အဆင့် သတ်မှတ်ချက် ယခင်လထက် တစ်ဆင့်လျော့

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က အောက်တိုဘာလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များ ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာလက်ရွေးစင်ဘောလုံးအသင်းသည် ယခင်လထက် တစ်ဆင့်လျော့ကျသွားပြီး ကမ္ဘာ့အဆင့် ၁၈၄ တွင် ရပ်တည်နေသည်။

နိုင်ငံတကာ ပွဲစဉ်များနှင့် ဝေးကွာနေသော မြန်မာအသင်းသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက စင်ကာပူအသင်းနှင့် ခြေစမ်းပွဲကစားခဲ့ပြီး သရေကျခဲ့သော်လည်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ရမှတ် ၆၀ ဖြင့် ယခင်လထက် တစ်ဆင့်ထပ်မံကျဆင်းခဲ့သည်။

ယခုလ ၃ ရက်က ထုတ်ပြန်ခဲ့သော အဆိုပါကမ္ဘာ့အဆင့်သတ်မှတ်ချက်များတွင် အရှေ့တောင်အာရှနိုင်ငံများ၌ ထိုင်းအသင်းက ကမ္ဘာ့အဆင့် ၁၃၉ ဖြင့် ဦးဆောင်ထားပြီး ဗီယက်နမ် ၁၄၀၊ ဖိလစ်ပိုင် ၁၄၇၊ မလေးရှား ၁၆၂၊ စင်ကာပူ ၁၆၂၊ အင်ဒိုနီးရှား ၁၇၀၊ ကမ္ဘောဒီးယား ၁၈၉၊ လာအို ၁၉၃၊ ဘရူနိုင်း ၂၀၃ နှင့် တီမောအသင်းတို့က ကမ္ဘာ့အဆင့် ၂၀၆ တွင် ရပ်တည်နေသည်။ မြန်မာအသင်းသည် အာဆီယံနိုင်ငံများတွင် အဆင့် ၇ နေရာ၌ ဆက်လက်ရပ်တည်နေသည်။

ကမ္ဘာ့အဆင့် တစ်နေရာတွင် စပိန်အသင်းက ဆက်လက်ရပ်တည်နေပြီး ၎င်း၏နောက်တွင် ဂျာမနီ၊ ပေါ်တူဂီ၊ အာဂျင်တီးနား၊ အင်္ဂလန်၊ ဥရုဂွေး၊ အီတလီ၊ ကိုလံဘီယာ၊ ဂရိအသင်းများက အစဉ်လိုက်ရပ်တည်နေသည်။ အာရှနိုင်ငံများတွင်မူ ဂျပန်အသင်းက ကမ္ဘာ့အဆင့် ၂၃ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်ထားသည်။





ဓာတ်ပုံ - ကိုဇေ

### စာ(၅၀) - ဆီးဂိမ်းဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပမည် မှ

မနည်းခြောက်မျက်နှာထက်မများ၊ ဝတ္ထု တိုပြိုင်ပွဲအတွက် A4 စာမျက်နှာ ၁၀ မျက်နှာထက်မနည်း ၁၅မျက်နှာ ထက်မများစေဘဲ ကွန်ပျူတာစာ လုံး Font Size ၁၄ အရွယ်အစားဖြင့် စာစီပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအနက် ဆောင်းပါး ၁၀ ပုဒ်နှင့် ဝတ္ထုတို ၁၀ ပုဒ်ကို ရွေးချယ်သွားမည်ဖြစ်ကာ ဆုကြေးငွေအဖြစ် တစ်ပုဒ်လျှင် ကျပ်သုံးသိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ပြိုင်ပွဲဝင်စာမူများကို နိုဝင်ဘာ ၇ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(လူထု/ပညာဌာနခွဲ) အားကစားဝန်ကြီးဌာန၊ နေပြည်တော် ရုံးအမှတ်(၃၁)သို့ လိပ်မူပေးဖို့နိုင်ပြီး စာမူနှင့်အတူ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန်တစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင် ပါရှိရမည်ဖြစ်ပြီး အဆိုပါ အချက်အလက်များအားလုံး ထည့်သွင်းထားသည့် ဆော့ဖ်ကော်ပီတစ်ချပ်ပါ ထည့်သွင်းပေးပို့ရမည် ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၀၂၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# သမ္မတအိုဘားမားနှင့် ပြိုင်ဘက် မစ်ရွမ်းနေတို့၏ အပြောင်အပျက် ဗီဒီယိုများ ထွက်ပေါ်



Photo - AP

**ဝါရှင်တန်၊ အောက်တိုဘာ - ၆**

တောင်ကိုရီးယား ရက်ပ်ဂီတသမား "PSY" ၏ အူကြောင်ကြောင် 'ပေါက်' သီချင်း 'Gangnam Style' မှာ နိုင်ငံရေးနှင့်ပတ်သက်လာခဲ့ပြီဖြစ်သည်။ ယခုနောက်ဆုံးပေါ် ထွက်ထားသော အပြောင်အပျက်ဗီဒီယိုနှစ်ခုတွင် အမေရိကန်သမ္မတ ရွေးကောက်ပွဲပြိုင်ဘက်များဖြစ်သော ဘားရက်အိုဘားမားနှင့် မစ်ရွမ်းနေအဖြစ် သရုပ်ဆောင်သူများသည် လူတိုင်းကြိုက်နှစ်သက်သည့် မမြင်ရသော မြင်းကို စီးနေသည့်ပုံစံ အကများဖြင့် ဖျော်ဖြေထားကြသည်။

'Obama Style' ဗီဒီယိုအား အဲရစ်ရှဝက်ဇ် (သို့မဟုတ်) Smooth-E ကရေးသားထုတ်လုပ်ထားပြီး သမ္မတအိုဘားမားတစ်ယောက် ဝါရှင်တန်ဒီစီမြို့ အိမ်ဖြူတော်၏ အိမ်ခေါင်မိုးပေါ်တွင် Gangnam Style ကနေသည့်ဟန် ရိုက်ကူးထားသည်။

ယင်းဗီဒီယိုစာသားတွင် "ဂျော့ချ်ကလူးနေကနေ အိုပရာအထိလူတိုင်းကို သူချစ်မြတ်နိုးတယ်။ ဒါပေမဲ့လည်း စီးပွားရေးမကောင်းလို့ လုပ်ငန်းပိတ်သိမ်းလိုက်သူတွေကိုသူကမုန်းတယ်" ဟူ၍ ပါရှိသည်။

'Mitt Romney Style' ဗီဒီယိုအား College Humor အဖွဲ့ကရေးသားရိုက်ကူးပြီး မစ်ရွမ်းနေ၏အကောင်းကြိုက်တတ်ပုံကိုရေးသားထားသည်။ ယင်းဗီဒီယိုစာသားတွင် "ငါ့မှာထူးခြားတဲ့ ဆံပင်ပုံစံရှိတယ်။ ကိုယ်ပိုင်ဂျက်လေယာဉ်ကငါ့ကိုလေထဲသယ်ဆောင်သွားတယ်" ဟူသော စာသားများပါရှိကြောင်း သိရသည်။

အောက်တိုဘာလ ၁၀ ရက်တွင် အိုဘားမားနှင့် မစ်ရွမ်းနေတို့၏စကားစစ်ထိုးပွဲ၌ 'Gangnam Style' အကပြိုင်ပွဲများရှိလေမလားဟုသတင်းတွင် စူးစမ်းထားသည်။

—*Ref: UPI*



Photo - Getty Images

# တောင်အာဖရိက မိုင်းသပိတ်တွင် လူတစ်ဦးသေဆုံးပြီးနောက် အလုပ်သမား ၁၂,၀၀၀ အလုပ်ဖြုတ်ခံရ

**ရပ်စတင်ဘာ့ဂ်၊ အောက်တိုဘာ - ၆**

ရဲတပ်ဖွဲ့နှင့် ရင်ဆိုင်တိုက်ခိုက်မှုများကြောင့် မိုင်းလုပ်သားတစ်ဦးသေဆုံးခဲ့ပြီးနောက် ကမ္ဘာ့အကြီးဆုံး ပလက်တီနမ် ထုတ်လုပ်ရေးကုမ္ပဏီအန်ဂလို-အမေရိကန် ပလက်တီနမ် ကုမ္ပဏီက ဆန္ဒပြလုပ်သား ၁၂,၀၀၀ အား အလုပ်မှဖြုတ်ပစ်လိုက်ကြောင်း သိရသည်။

ထိုအတောအတွင်း အလုပ်သမားသမဂ္ဂခေါင်းဆောင်တစ်ဦးမှာလည်း မာရီကာနာဒေသတွင် သေနတ်ဖြင့်ပစ်ခတ်ခံခဲ့ရကြောင်း သမဂ္ဂအဖွဲ့က ပြောကြားသည်။

"Western ပလက်တီနမ်ကုမ္ပဏီက အဖွဲ့ခွဲသမဂ္ဂအတွင်းရေးမှူးတစ်ဦးဟာ မာရီကာနာဒေသမှာရှိတဲ့သူ့အိမ်မှာ ပစ်သတ်ခံခဲ့ရပါတယ်" ဟု မိုင်းလုပ်သားများအမျိုးသားသမဂ္ဂ ပြောခွင့်ရပုဂ္ဂိုလ် လီစီဘာစီရှော့ကာက ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

မိုင်းလုပ်သားများသည် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကြားနာမှုသို့ တက်ရောက်ရန်ပျက်ကွက်ခဲ့ခြင်းကြောင့် အလုပ်ဖြုတ်ပစ်လိုက်ခြင်း ဖြစ်သည်ဟု ပလက်တီနမ်ကုမ္ပဏီကပြောကြားသည်။

ယင်းမှာ တောင်အာဖရိကနိုင်ငံအတွက် အရေးပါသော မိုင်းလုပ်ငန်းကို ထိုးနှက်လာသည့် နောက်ဆုံးပဋိပက္ခဖြစ်သည်။ မိုင်းလုပ်သားများ၏ လစာကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သော တောင်အာဖရိကနိုင်ငံတွင် ဩဂုတ်လမှစ၍ မိုင်းလုပ်သားသပိတ်များနှင့် ရင်ဆိုင်နေရသည်။

Anglo American ပလက်တီနမ် ကုမ္ပဏီမှ မိုင်းလုပ်သား ၂၈,၀၀၀ သည် ရပ်စတင်ဘာ့ဂ်မြို့ရှိကြီးမားကျယ်ပြန့်သော စက်ရုံတွင် ဆန္ဒပြနေသည်မှာ ရက်သတ္တပတ်သုံးပတ်ကြာမြင့်လာပြီဖြစ်သည်။ ယင်းသို့သပိတ်မှောက်မှုများကြောင့် ကုမ္ပဏီအတွက် ကန်ဒေါ်လာသန်း ၈၀ ခန့် နစ်နာခဲ့ပြီဖြစ်ကြောင်း ယင်းကုမ္ပဏီက ပြောကြားသည်။

—*Ref: AFP*

# အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်များ၏ စွန့်လွှတ်မှုကို အသိအမှတ်ပြုသင့်ကြောင်း ကန်ကာကွယ်ရေးဝန်ကြီး ပြောကြား

**လီမာ၊ အောက်တိုဘာ - ၆**

အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပန်နတ်တာသည် အာဖဂန်သမ္မတဟာမစ်ကာဇိုင်းက အမေရိကန်တပ်များ၏ စွန့်လွှတ်အနစ်နာခံမှုအပေါ် အသိအမှတ်ပြုရမည့်အစား ဝေဖန်နေခြင်းကိုမကျေနပ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ လက်တင်အမေရိကန်ခရီးစဉ်အဖြစ်ပီရူးနိုင်ငံ လီမာမြို့တော်သို့ရောက်ရှိနေသော ပန်နတ်တာက သတင်းထောက်များနှင့်တွေ့ဆုံရာတွင် ထိုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ အာဖဂန်မှာ တိုးတက်မှုရအောင် လုပ်ခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အာဖဂန်ရဲ့ အချုပ်အခြာအာဏာနဲ့ ကိုယ့်နိုင်ငံကိုယ်လုံခြုံစွာ အုပ်ချုပ်နိုင်ဖို့အတွက် တိုက်ပွဲဝင်ဖို့၊ သေဖို့ဆန္ဒရှိတဲ့ ယောက်ျား၊ မိန်းမတွေအများကြီးရှိနေလို့ပါ။ ကျွန်တော်တို့ အမေရိကန်အမျိုးသား၊ အမျိုးသမီးတပ်သား ၂,၀၀၀ လောက်ဆုံးရှုံးခဲ့ပြီးပါပြီ။ အဲဒီမှာ နိုင်ငံတကာမဟာမိတ်တပ်ဖွဲ့ရော၊ အာဖဂန်တပ်သားတွေရော တိုက်ပွဲတွေမှာကျဆုံးခဲ့ရတာအများကြီးပါ။ ကျွန်တော်ထင်တာကတော့ (အာဖဂန်) သမ္မတဟာ အာဖဂန်နစ္စတန်အတွက် သေခဲ့၊ တိုက်ပွဲဝင်ခဲ့ကြတဲ့သူတွေရဲ့စွန့်လွှတ်မှုကို ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ရင် ပိုပြီး အထောက်အကူဖြစ်ပါလိမ့်မယ်" ဟုကန်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။


ဝန်ကြီးပါနတ်တာ၏ ယခုပြောကြားချက်သည် မကြာမီက အာဖဂန်သမ္မတကာဇိုင်းက အမေရိကန်ပြည်ထောင်စုသည် ပါကစ္စတန်တွင် အခြေစိုက်သော အာဖဂန်နစ္စတန်စစ်သွေးကြွများကို ရှင်းလင်းရန် ပျက်ကွက်ခဲ့ကြောင်း ပြောကြားအပြီး ပေါ်ထွက်လာခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင်အမေရိကန်စစ်သားများ၏ ပုံရိပ်မှာ စစ်စခန်းအတွင်းယခုနှစ်၌ ကိုရန်ကျမ်းများမီးရှို့မှု၊ အရပ်သားများအား မှားယွင်းပစ်ခတ်မှုတို့ကြောင့် ကျဆင်းနေသည်။ အာဖဂန်နစ္စလုံခြုံရေးတပ်ဖွဲ့ဝင်များမှာလည်း ယခုနှစ်အတွင်း မဟာမိတ်နေတိုးတပ်များကို ပစ်ခတ်မှုကြောင့် အနည်းဆုံးနေတိုးတပ်သား ၅၁ ဦးခန့် သေဆုံးခဲ့ရသည်။

—Ref: AFP



7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

# လစ်ဗျားဝန်ကြီးချုပ်သစ် ထုတ်ပယ်ခံရ



**ထရီပိုလီ၊ အောက်တိုဘာ - ၈**
အစိုးရအဖွဲ့သစ်အတွက် ပါလီမန်၏ ထောက်ခံမှုရရှိရန် ဒုတိယအကြိမ်ကြိုးပမ်းမှုမအောင်မမြင်ဖြစ်ခဲ့ပြီးနောက် လစ်ဗျားနိုင်ငံ၏ အသစ်စက်စက် ဝန်ကြီးချုပ် မူစတာဖာအဘူရှာဂါမှာ ရာထူးမှ ထုတ်ပယ်ခံလိုက်ရကြောင်းသိရသည်။

ဝန်ကြီးဌာနဆယ်ခုသာပါဝင်သောအရေးပေါ်အစိုးရတစ်ရပ်ဖွဲ့စည်းရေး မူစတာဖာကတောင်းဆိုခဲ့သည်။ သို့သော် ၎င်း၏အဆိုပြုတင်ပြချက်ကို အထွေထွေအမျိုးသားကွန်ဂရက်(GNC)က ၁၂၅ မဲ၊ ၄၄ မဲဖြင့် ကန့်ကွက်မဲပေးခဲ့ပြီး ကွန်ဂရက်အဖွဲ့ဝင် ၁၇ဦး က မဲမပေးခဲ့ကြပေ။

မစ္စတာအဘူရှာဂါသည် စက်တင်ဘာ ၁၂ ရက်က ဝန်ကြီးချုပ်အဖြစ် ရွေးကောက်ခံရပြီး ဝန်ကြီး ၂၄ ဦး ပါဝင်သော အစိုးရအဖွဲ့ကို ယခင်ရက်သတ္တပတ်အတွင်း တင်ပြခဲ့သည်။ သို့သော်လည်း အမျိုးသားကွန်ဂရက်နှင့် ပြည်သူလူထု၏ ကန့်ကွက်ဆန္ဒပြမှုများ ရှိခဲ့ပြီးနောက် ယင်းအစိုးရအဖွဲ့အမည်စာရင်းကို ပြန်လည်ရုပ်သိမ်းခဲ့ရသည်။

ယင်းနောက် ၇၂ နာရီအတွင်း အမျိုးသားကွန်ဂရက်က လက်ခံနိုင်သော အစိုးရတစ်ရပ်ဖွဲ့စည်းရန် ရာဇသံပေးခံရပြီး ထိုသို့မလုပ်ပါက အယုံအကြည်မရှိ အဆိုတင်သွင်းမှုနှင့် ရင်ဆိုင်ရမည်ဟု သတိပေးခံခဲ့ရသည်။

မစ္စတာရှာဂါသည် ပြီးခဲ့သည့်နှစ်က လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီဖြုတ်ချခံရပြီးနောက်ပိုင်း လစ်ဗျားတွင် ပထမဆုံး ရွေးကောက်ခံရသည့် ဝန်ကြီးချုပ်ဖြစ်ပြီး ကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင် အဗ္ဗဒူရာဟင်အယ်လ်ကီယက်၏ လက်အောက်တွင် တစ်နှစ်ကျော်ကြာ ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

*—Ref: BBC/Reuters*

## နောက်ကျောဖုံး - အရှေ့အာရှနှင့် ပစိဖိတ် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေးတိုးတက်နှုန်း ကမ္ဘာ့ဘဏ်လျှော့ချခန့်မှန်း မှ

ကမ္ဘာ့ဘဏ်မှနောက်ဆုံးထုတ်ပြန်ခဲ့သည့် အရှေ့အာရှနှင့် ပစိဖိတ် စီးပွားရေးအချက်အလက်စောင့်ကြည့်မှုအစီရင်ခံစာတွင် ဥရောပစီးပွားရေးကျဆင်းမှုကို ညွှန်းဆိုထားပြီး အာရှပစိဖိတ်ဒေသသည် ၂၀၁၃ တွင် ဂျီဒီပီတိုးတက်မှုကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

ကမ္ဘာ့ဘဏ်က ယခုကဲ့သို့ လျှော့ချခန့်မှန်းသော အရှေ့အာရှနှင့်ပစိဖိတ် ဖွံ့ဖြိုးဆဲနိုင်ငံများစာရင်းတွင် တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဖီဂျီ၊ လာအို၊ မြန်မာ၊ မွန်ဂိုလီးယား၊ ပါပူအာနယူးဂီနီ၊ ဆော်လမွန်ကျွန်းစုများနှင့် အရှေ့တီမောနိုင်ငံတို့ ပါဝင်သည်။

ကမ္ဘာ့ဘဏ်က ယင်းနိုင်ငံများ၏ စီးပွားရေးသည် ဥရောပဘဏ္ဍာရေးအကျပ်အတည်းကဲ့သို့ ပြင်ပအခြေအနေများကြောင့် တိုးတက်နှုန်းနှေးကွေးနိုင်ကြောင်း အလေးပေးဖော်ပြခဲ့သည်။

*—Ref: AFP*





Photo : AFP

**မက်ဆာချူးဆက်ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းဖြစ်ပြီး ရီပက်ဘလေကန်သမ္မတလောင်းတစ်ဦးလည်းဖြစ်သူ မစ်ရွှန်းနေက ဖလော်ရီဒါပြည်နယ်ရှိပို့စိန့်လူစီမြို့တွင် အောက်တိုဘာ ၇ ရက်က Tradition မြို့တော်ရင်ပြင်၌ ချီတက်နေသော ထောက်ခံသူများအား လက်ဝှေ့ယမ်းပြနေပုံ။ ရွှန်းနေသည် ဗာဂျီးနီးယားပြည်နယ်သို့ မသွားမီ ဖလော်ရီဒါပြည်နယ်တွင် မဲဆွယ် စည်းရုံးနေခြင်းဖြစ်ပြီး ဗာဂျီးနီးယားစစ်ပညာအင်စတီကျုဒ်၌ နိုင်ငံခြားရေးမူဝါဒ မိန့်ခွန်းတစ်ရပ် ပြောကြားရန် စီစဉ်ထားသည်။**

# သဘောထားမပြတ်သားသော ပြည်နယ်များတွင် မစ်ရွမ်းနေက အိုဘားမားအား စိန်ခေါ်နေ

**ပို့မိန့်လူစီ၊ အောက်တိုဘာ - ၈**
လူထုစစ်တမ်းများအရ သမ္မတအိုဘားမား၏နောက်သို့ တဖြည်းဖြည်း ရောက်လာခြင်းကို ရပ်တန့်နိုင်လိုက်ပုံရသော မစ္စတာမစ်ရွမ်းနေသည် နိုင်ငံခြားရေးပေါ်လစီနှင့် ပတ်သက်၍ အိုဘားမားနှင့် ဒီမိုကရက်ပါတီအပေါ် ထပ်မံထိုးနှက်တိုက်ခိုက်ရန် ပြင်ဆင်နေသည်။

အောက်တိုဘာ ၃ ရက်က ဒန်းဗားမြို့တွင်ပြုလုပ်သော ပထမအကြိမ် စကားစစ်ထိုးပွဲ၌ ပိုင်ပိုင်နိုင်နိုင် ငြင်းခုံခဲ့ပြီးနောက် ရီပက်ဘလေကန်မှ စိန်ခေါ်သူ မစ်ရွမ်းနေမှာ ခြံစည်းရိုးပေါ် ခွထိုင်နေသည့် သဘောထားမပြတ်သားသောပြည်နယ်များတွင် အခြေအနေ ပြန်ကောင်းလာခဲ့သည်။

အောက်တိုဘာလ ၂၂ ရက်တွင်လည်း ဒီမိုကရက်ဒုသမ္မတဂျိုးဘိုင်ဒင်နှင့် ရီပက်ဘလေကန်ပြိုင်ဘက် ပေါလ်ရိုင်ယန်တို့၏ စကားစစ်ထိုးပွဲလည်းရှိနေရာ မစ်ရွမ်းနေသည် ယုံကြည်မှုပိုမိုရှိလာပုံရပြီး မိမိကိုယ်ကို စိတ်ချလက်ချရှိနေသော အိုဘားမားအဖွဲ့ကို ခံစစ်နေရာသို့ ရောက်ရှိစေခဲ့သည်။

မစ္စတာမစ်ရွမ်းနေသည် နိုင်ငံခြားရေးပေါ်လစီနှင့်ပတ်သက်၍ ဗာဂျီးနီးယားပြည်နယ်တွင် မိန့်ခွန်းတစ်ရပ်ပြောကြားရန်ရှိပြီး ပြီးခဲ့သည့်လအတွင်း လစ်ဗျားနိုင်ငံတွင် အမေရိကန်သံအမတ်ကြီး ခရစ်တိုဖာ စတီဗင် အပါအဝင် အမေရိကန်နိုင်ငံသားလေးဦးသေဆုံးပြီးချိန်၌ မစ္စတာအိုဘားမားအပေါ် ဖိအားပေးရန်ကြိုးစားဖွယ်ရှိနေသည်။

ထိုအတောအတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဖြစ်စေ၊ ပြည်နယ်အလိုက်ဖြစ်စေ ပြုလုပ်သော လူထုသဘောထားစစ်တမ်းများတွင် မစ်ရွမ်းနေမှာ အခြေအနေကောင်းလာကြောင်းတွေ့ရှိရသည်။

*—Ref: Reuters*

# ဆူဒန်နှင့် တောင်ဆူဒန်နိုင်ငံကြား နယ်စပ်ဂိတ်ပြန်ဖွင့်မည်

**ခါတွန်၊ အောက်တိုဘာ - ၈**
ပြီးခဲ့သည့်လအတွင်း နှစ်နိုင်ငံ လုံခြုံရေးသဘောတူညီချက်ရရှိခဲ့ပြီး ဆူဒန်နှင့် တောင်ဆူဒန်နိုင်ငံကြား နယ်စပ်ဂိတ်ပေါက်များကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဆူဒန်နိုင်ငံပိုင်မီဒီယာကပြောကြားသည်။

ဆူဒန်နှင့်တောင်ဆူဒန်နိုင်ငံ ခွဲထွက်သွားပြီးချိန်တွင် နှစ်နိုင်ငံကြား နယ်စပ်ကုန်သွယ်ရေးရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့ပြီး ရှေးပဝေသဏီကပင်ရှိခဲ့သောစားနပ်ရိက္ခာ၊ လောင်စာနှင့်လူသုံးကုန်ပစ္စည်းများ သယ်ယူရေးလမ်းကြောင်းများပြတ်တောက်သွားခဲ့သည်။

လမ်းကြောင်းများ ပိတ်ဆို့သွားခဲ့၍ ကုန်သည်များက ကင်ညာနှင့် ယူဂန်ဒါနိုင်ငံများမှ ကုန်ပစ္စည်းဖြတ်ကျော်သယ်ဆောင်မှုများကိုသာ အားကိုးနေခဲ့ရသဖြင့် တောင်ဆူဒန်နိုင်ငံတွင် ငွေကြေးဖောင်းပွမှုများ မြင့်မားခဲ့သည်။

တောင်ဆူဒန်နိုင်ငံနှင့် ကုန်းလမ်း၊ ရေလမ်း၊ နယ်စပ်လမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ကြောင်း ဆူဒန်သမ္မတဟာတ်ဆန်အယ်လ်ဘာရှားက ကြေညာခဲ့သည်ဟု ဆူဒန်နိုင်ငံပိုင်မီဒီယာမှ တစ်ဆင့် မိုဘိုင်းဖုန်းသုံးစွဲသူများထံသို့ သတင်းစာသားများပေးပို့ခဲ့သည်။

တောင်ဆူဒန်နိုင်ငံမှာ ယခင်က ဆူဒန်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်ခဲ့ပြီး ဒေသနှစ်ခုကြား ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်ဖြစ်ပေါ်ခဲ့ကာ ၂၀၀၅ တွင် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိပြီး ၂၀၁၁ ခုနှစ်တွင် တစ်နိုင်ငံချင်းစီ သီးခြားရပ်တည်လာခဲ့သည်။ သို့သော် ရေနံထုတ်လုပ်မှုနှင့် ပတ်သက်၍ နှစ်နိုင်ငံကြား၌ အငြင်းပွားမှုများ ရှိနေဆဲဖြစ်သည်။*—Ref: Reuters*








I live by my Code™
CODE 10
ယုံကြည်မှုအပြည့်နှင့်
စတိုင်လ်ကျစေဖို့...
NEW!
CODE 10
SHAMPOO
SERIES
CODE 10 Grooming For Men


Oramin-F
Special Promotion
အော်ရာမင်–အက်(ဖ်)ကို အစဉ်အမြဲ အားပေးကြသော
အော်ရာမင်–အက်(ဖ်) ချစ်သူ အမျိုးသမီးများအတွက်
မေတ္တာလက်ဆောင် အထူးအစီအစဉ်အနေဖြင့်
ဆေးကတ်ခွံများနှင့် Oramin-F မျက်နှာသုတ်ပဝါများ
လဲလှယ်ပေးခြင်း ကို စတင်လိုက်ပါပြီ ...
Promotion ကာလ September to November '2012
ကတ်ခွံ (၁၂) ခု
မျက်နှာသုတ်ပဝါ (၁) ထည်
Oramin-F
Soft Cap.
MARKETED BY:
AA MEDICAL PRODUCTS LTD.
နပျိုလင်းလက် စွမ်းအင်ထက် အမျိုးသမီးတိုင်းအတွက် Oramin-F
Manufactured by DAEWON PHARM. CO., LTD.

7DAY NEWS JOURNAL
# International
Vol.11, No.31 • OCTOBER 11 , 2012

## အမေရိကန်အတွက် လုံခြုံရေးအန္တရာယ်ရှိ၍ Huawei နှင့် ZTE ကုမ္ပဏီများကို ပိတ်ပင်သင့်ကြောင်း ကွန်ဂရက်တွင်ပြောကြား

**လန်ဒန်၊ အောက်တိုဘာ - ၈**

တရုတ်ဆက်သွယ်ရေး ကုမ္ပဏီနှစ်ခုဖြစ်သော Huawei နှင့် ZTE တို့သည် အမေရိကန်အတွက် လုံခြုံရေးခြိမ်းခြောက်မှုအန္တရာယ်ပေးနေ၍ ၎င်းတို့ကိုပိတ်ပင်သင့်ကြောင်း အမေရိကန်ကွန်ဂရက်လွှတ်တော်၏ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုက ပြောကြားလိုက်သည်။

အမေရိကန်အောက်လွှတ်တော်စုံစမ်းစစ်ဆေးရေးကော်မတီ၏ အစီရင်ခံစာတွင် Huawei နှင့် ZTE ကုမ္ပဏီများသည် လုပ်ငန်းဆောင်ရွက်ရာတွင် ၎င်းတို့အစိုးရ၏ ဩဇာလွှမ်းမိုးမှုဖြင့် ဆောင်ရွက်နေကြောင်း ဖော်ပြခဲ့သည်။

ထို့ကြောင့် ယင်းကုမ္ပဏီနှစ်ခုနှင့် ပူးပေါင်းလုပ်ဆောင်ရန် မဖြစ်နိုင်ကြောင်း အစီရင်ခံစာတွင် အကြံပေးထားပြီး **စာ(၄၅)သို့**



**Huawei ကုမ္ပဏီထုတ် Ascend P1 ဖုန်းကို ကြည့်ရှုလေ့လာနေသူတစ်ဦး**

Photo : AFP

## အရှေ့အာရှနှင့် ပစိဖိတ် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေးတိုးတက်နှုန်း ကမ္ဘာ့ဘဏ်လျှော့ချခန့်မှန်း

**စင်ကာပူ၊ အောက်တိုဘာ - ၈**

ကမ္ဘာ့စီးပွားရေးတိုးတက်လာခြင်း မရှိသေးသောကြောင့် ကမ္ဘာ့ဘဏ်သည် ၂၀၁၂ အတွက် အရှေ့အာရှနှင့် ပစိဖိတ်ဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို ၂၀၁၁ တွင် ၈ ဒသမ ၃ ရာခိုင်နှုန်းခန့်မှန်းခဲ့ရာမှ ယခုနှစ်အတွက် ၇ ဒသမ ၂ ရာခိုင်နှုန်းသာ ခန့်မှန်းလိုက်သည်။

ကမ္ဘာ့ဘဏ်၏ ဒေသဆိုင်ရာစီးပွားရေးပညာရှင်ဘတ်ဟော့ဖ်မန်းက ယခုကဲ့သို့ ခန့်မှန်းမှုနှုန်းမှာ ၂၀၁၁ မှစ၍ အာရှပစိဖိတ်ဒေသအတွက် အနိမ့်ဆုံးခန့်မှန်းမှုဖြစ်ကြောင်းဆိုသည်။

**စာ(၅၄)သို့**

## နိုင်ငံတွင်း လက်နက်ကြီးများ ကျရောက်ပေါက်ကွဲပြီးနောက် တူရကီက ဆီးရီးယားဘက်သို့ ပြန်လည်ပစ်ခတ်



Photo : AFP

**အောက်တိုဘာ ၄ ရက်က တူရကီ-ဆီးရီးယားနယ်စပ်အနီး တောင်ပိုင်း ဆန်လီယာဖာပြည်နယ် အက်ကာကေးလ်မြို့တွင် တူရကီစစ်သားများ စောင့်ကြပ်နေစဉ်**

**အစ္စတန်ဘူလ်၊ အောက်တိုဘာ - ၈**

တူရကီနိုင်ငံ၏ နယ်စပ်မြို့ဖြစ်သော အက်ကာကေးလ်မြို့သို့ ဆီးရီးယားနိုင်ငံမှ ပစ်ခတ်လိုက်သော လက်နက်ကြီးကျည်ဆန်များ ကျရောက်ခဲ့ပြီးနောက် တူရကီတပ်ဖွဲ့များသည် ဆီးရီးယားနိုင်ငံတွင်းသို့ လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြောင်း သိရသည်။ **စာ(၄၅)သို့**

## မလေးရှားဆက်သွယ်ရေးကုမ္ပဏီ Axiata မြန်မာ့ဆက်သွယ်ရေးကဏ္ဍသို့ ဝင်ရောက်ဖွယ်ရှိ

**ပက်တင်ဂျာယာ၊ အောက်တိုဘာ - ၈**

မလေးရှားနိုင်ငံအခြေစိုက် အာရှ၏ အကြီးဆုံးတယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီကြီးများအနက် တစ်ခုဖြစ်သည့် Axiata သည် မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် ဝင်ရောက်ခွင့်ရရန် မျှော်လင့်နေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

Axiata သည် မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် မိုဘိုင်းအော်ပရေတာအဖြစ် ဆောင်ရွက်ရန် အခြားကုမ္ပဏီကြီးများဖြစ်သော နော်ဝေးမှ Telenor ၊ ကာရစ်ဘီယံဒေသ၏ အကြီးဆုံးအော်ပရေတာကုမ္ပဏီ Digicel၊ ဗီယက်နမ်မှ VNPT-Fujitsu၊ ရုရှားမှ Vimpel Com နှင့် ဆွီဒင်မှ Telia Sonera AB တို့နှင့် ပြည်တွင်းတွင် လုပ်ကိုင်ခွင့်လိုင်စင်ရရန် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

Axiata ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက "မြန်မာပြည်ဟာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားစရာကောင်းတဲ့ ဈေးကွက်တစ်ခုပါ။ တိုးတက်မှုမြင့်မားမယ့် အလားအလာရှိနေတဲ့ မဟာဗျူဟာကျတဲ့ ဈေးကွက်တစ်ခုပါပဲ"ဟုပြောသည်။

မြန်မာ့မိုဘိုင်းဆက်သွယ်ရေးဈေးကွက်တွင် လူဦးရေသန်း ၆၀ ခန့်အတွက်ဆက်သွယ်ရေးဖြစ်ထွန်းရန်ဆောင်ရွက်ရမည်ဖြစ်ရာ ကြီးမားသောဈေးကွက်ဖြစ်သည်။

သို့ရာတွင် အထက်ပါပုဂ္ဂိုလ်က "အဲဒီမှာ ရင်းနှီးမြှုပ်နှံဖို့က ကျွန်တော်တို့ရဲ့ မဟာဗျူဟာဆိုင်ရာစံနှုန်းတွေနဲ့ တင်းကျပ်တဲ့ ဘဏ္ဍာရေးအတားအဆီးတွေ အခက်အခဲမရှိဖို့လိုပါတယ်" ဟုပြောသည်။

**စာ(၄၅)သို့**



ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.31 • OCTOBER 11 , 2012

# ရှားခဲကြီး ရှားခဲလေးအင်းအမိကရုဏ်း ရဲတပ်ဖွဲ့ဖြေရှင်းမှု ဥပဒေနှင့်မညီဟုဆို

**မင်းဟိန်းကျော်**
**ပုသိမ်၊ အောက်တိုဘာ-၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံ့ပျော်မြို့နယ်အတွင်းရှိ ရှားခဲကြီးရှားခဲလေးအင်းတွင် ဖြစ်ပွားခဲ့သည့် အမိကရုဏ်းတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဆောင်ရွက်ခဲ့မှုများသည် ဥပဒေနှင့်အညီပစ်ခတ်နှိမ်နင်းခြင်းမဟုတ်ဘဲ စည်းကမ်းနှင့် မညီဘဲဆောင်ရွက်ခဲ့သည့်အတွက် လူနှစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသန်းထွန်းက အောက်တိုဘာ ၈ ရက်နေ့က ပြောကြားသည်။

ဦးသန်းထွန်းက အောက်တိုဘာ ၈ ရက်တွင် ပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်စတုတ္ထပုံမှန် အစည်းအဝေးတွင် အရေးကြီးအဆိုတင်သွင်းရာ၌ ပြောကြားခြင်းဖြစ်သည်။

အဆိုပါ အမိကရုဏ်းများကြောင့် နယ်မြေတည်ငြိမ် လုံခြုံမှုမရှိပဲ မိသားစုသုံးလေးစုစုပေါင်း၍ နေထိုင်နေရကြောင်း၊ ရဲများ၏ လုံခြုံရေးချထားမှုများလည်း ထိရောက်မှုမရှိသည့်အတွက် အစိုးရ၏ လုပ်ဆောင်ချက်များ အားနည်းသည်ဟုဆိုကာ ရွာသားများက မယုံကြည်သော အနေအထားဖြစ်နေကြောင်း အရေးကြီးအဆိုတွင် ထည့်သွင်းပြောကြားသည်။

"ရှားခဲအင်းပြဿနာက အင်းသူကြီးနဲ့ ရေလုပ်သား နှစ်ဖက်အစုအဖွဲ့တွေ သဘောထားကွဲလွဲပြီး ဖြစ်တာကို အချိန်နဲ့တစ်ပြေးညီ တာဝန်ရှိသူတွေက ဖြေရှင်းမပေးတဲ့အတွက် မင်းမဲ့စရိုက်တွေဖြစ်ပေါ်ပြီး ကျေးရွာသားများအတွက် လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေး မရှိမှုအပေါ် အစိုးရအဖွဲ့မှ အမြန်ဆုံး စီမံခန့်ခွဲရေး နည်းဥပဒေအရ အရေးယူဆောင်ရွက်ရေးနည်းများနဲ့ အမြန်ဆုံး အရေးယူဆောင်ရွက်ပေးပါရန် အရေးတကြီးအဆိုတင်သွင်းရခြင်း ဖြစ်ပါတယ်"ဟု ဦးသန်းထွန်းက ပြောသည်။

အမိကရုဏ်း နှိမ်နင်းမှုပြုလုပ်ရာတွင် ရဲတပ်ဖွဲ့ အနေဖြင့် အမိကရုဏ်းနှိမ်နင်းရေး ဥပဒေအတိုင်း ဆောင်ရွက်မှု ရှိ မရှိ၊ ပစ်ခတ်ရာတွင် အသက်မသေနိုင်သော နေရာကိုပစ်ရန် လိုက်နာမှုရှိ မရှိနှင့် အခင်းဖြစ်ပွားရာ၌ တာဝန်ထမ်းဆောင်ရန် လာရောက်စဉ်ကပင် လိုအပ်သည့် အတားအဆီးများ အသုံးပြုခြင်း ရှိ၊ မရှိ စသည့် အချက်များကို စုံစမ်းစစ်ဆေးရန်လိုကြောင်း၊ ရဲတပ်ဖွဲ့များအား ဒေသခံလူထုမှ ဝိုင်းရံတားဆီးရန်ပြုသော အချိန်တွင်မှ အသက်ချင်းလဲယူ၍ ကာကွယ်ရသောဖြစ်ရပ်သည်လုံးဝမဖြစ်သင့်သော ဖြစ်ရပ်ဖြစ်ကြောင်း ၎င်းအဆိုအား ထောက်ခံတင်ပြသူ သာပေါင်းမဲဆန္ဒနယ်မှတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်းက ပြောသည်။

"ကျွန်တော်လက်ပိုက်ကြည့်မနေနိုင်ဘူး။ နောက်ကျောခိုင်းပြီး မနေနိုင်ပါဘူး။ အရေးကြီးအဆိုနဲ့ ပတ်သက်ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူသွားမှာဖြစ်တယ်။ အခုဖြစ်ရပ်ဟာ ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အရေးပါတာကြောင့် ဒီအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပါ။ ဒီကိစ္စဟာ အဆိုတင်ရုံနဲ့ ပြီးစီးသွားမယ့်ကိစ္စမဟုတ်ပါဘူး။ အချိန်ယူပြီး ဖြေရှင်းရမှာဖြစ်ပါတယ်" ဟု လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်က ပြောသည်။

ယခုဖြစ်စဉ်သည် ရုတ်တရက်ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ ဖွဲမီးကဲ့သို့ တငွေ့ငွေ့လောင်ကျွမ်းနေရာမှ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ်များသည် ရှားခဲကြီး ရှားခဲလေးဒေသတွင်သာဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ ယခုလ ၆ ရက်နှင့် ၇ ရက်တွင် ရရှိသောသတင်းများအရ ဘိုကလေးမြို့နယ်၊ ကဒုံကနိတွင် အင်းကိစ္စနှင့် ပတ်သက်သော မကျေနပ်မှုကြောင့်ရဲစခန်းကို ဝိုင်းသည့်ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်ကို သိရှိရပါကြောင်း ဦးဆန်းဆင့်က ပြောသည်။

ပြဿနာဖြစ်ပွားသော ရှားခဲကြီး ရှားခဲလေးအင်းအား ဘုံငါးဖမ်းလုပ်ကွက်အဖြစ် သတ်မှတ်ပြီး အင်းနားနေ ရေလုပ်သားများအား ကိရိယာ ၁၆ မျိုးဖြင့် ရှာဖွေစားသောက်နိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရက အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း ဇွန်လ ၂၅ ရက်တွင် လွှတ်တော်မှ အစိုးရ အဖွဲ့သို့ တိုက်တွန်းခဲ့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် ယခုကဲ့သို့ မလိုလားအပ်ဘဲ အသက်ပေးလိုက်ရသော ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း ဦးဝင်းသိန်းက ပြောကြားသည်။

ရှားခဲကြီး ရှားခဲလေးအင်းတွင် ဖြစ်ပွားသော ကိစ္စရပ်များကြောင့် ကျေးရွာနေပြည်သူများ လုံခြုံရေးနှင့် ဥပဒေစိုးမိုးရေး မရှိမှုအပေါ် အမြန်ဆုံးစီမံခန့်ခွဲရေး ဥပဒေနည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန် အရေးကြီးအဆိုကို အောက်တိုဘာ ၈ ရက်တွင် ပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး၌ ကျုံ့ပျော်မဲဆန္ဒနယ် အမှတ် ၁ မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းက တင်သွင်းခဲ့ခြင်းဖြစ်သည်။




## ကမ္ဘောဇဘဏ်ကိစ္စ ဗဟိုဘဏ်ဝင်ထိန်း

**ပြည်သိမ်း**
**ရန်ကုန်၊ အောက်တိုဘာ - ၆**

ပုဂ္ဂလိကဘဏ်များနှင့်ပတ်သက်သော အခြေအနေအရပ်ရပ်ကို ဗဟိုဘဏ်နှင့် ဘဏ္ဍာ/အခွန်ဝန်ကြီးဌာနတို့က လုံးဝတာဝန်ယူကြောင်း ဗဟိုဘဏ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယခုရက်ပိုင်းတွင် ကောလာဟလသတင်းများကြောင့်ကမ္ဘောဇဘဏ်တွင် ငွေထုတ်များပြီး အခြေအနေရှုပ်ထွေးမည်ကိုစိုးရိမ်သဖြင့် အောက်တိုဘာ ၆ ရက်တွင် ဘဏ်များအသင်းတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ပုဂ္ဂလိကဘဏ်များနှင့်ပတ်သက်၍ အခြေအနေကိုရှင်းလင်းခြင်းဖြစ်သည်။

"ဘဏ်တစ်ခုစဖွင့်ကတည်းက စစ်ဆေးတယ်။ ခိုင်မာမှု၊ ငွေဖြူဖြစ်မှု ဒါတွေကိုစစ်ဆေးပြီးမှ ခွင့်ပြုတာ"ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ပုဂ္ဂလိက ဘဏ်တစ်ခုသည် နေ့စဉ် လုပ်ငန်းစဉ်အခြေအနေအားလုံးကို စနစ်တကျ ဗဟိုဘဏ်သို့ ပေးပို့ရသည်။ ၂၀၀၃ ခုနှစ် ပုဂ္ဂလိကဘဏ်ပြိုလဲမှုနောက်ပိုင်းမှစ၍ ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များကို Force Backing ပေးထားကြောင်း ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ-၂ ဦးသန်းလွင်ကပြောကြားသည်။

"ကောလာဟလက နေရာတိုင်းမှာရှိတယ်။ ကောလာဟလပေါ်မှာ လက်ခံတယ်၊ လက်မခံဘူးဆိုတာ (Trust) ယုံကြည်မှုနဲ့ဆိုင်တယ်" ဟု ပါမောက္ခဒေါက်တာအောင်ထွန်းသက်ကဆိုသည်။

ယင်းကောလာဟလများကို လျော့နည်းသွားရန် ပြည်သူလူထုက မယုံကြည်ရန်ပြုလုပ်မှုမှာ အရာရာပွင့်လင်းမြင်သာမှုက အရေးကြီးကြောင်း၊ တိုင်းပြည်၏ စီးပွားရေးတွင် ဘဏ်များသည် အခြေကျပြီး အရေးကြီးသည့်အခန်းကဏ္ဍများ၌ရှိသဖြင့် အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးသင့်ကြောင်း ၎င်းကအကြံပြုသည်။

ဘဏ်များနှင့်ပတ်သက်၍ ကောလာဟလသတင်းများ ထွက်ပေါ်ခြင်းမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသူများ၏ ထိုးနှက်ချက်ဖြစ်ကြောင်း ဦးဝင်းသော်က ပြောကြားသည်။ လက်ရှိကမ္ဘောဇဘဏ်သည် မြန်မာနိုင်ငံတွင် ဘဏ်ခွဲအများဆုံးဖြစ်ပြီး ၎င်းကို တိုက်ခိုက်ပါက အခြားဘဏ်များပါ ထိခိုက်နိုင်သဖြင့် ယခုလိုပြုလုပ်ခြင်းဖြစ်ကြောင်း ဦးဝင်းသော်ကဆိုသည်။

ယင်းသို့ကောလာဟလများ ထွက်ပေါ်ပြီးနောက် ရန်ကုန်မြို့တွင် ကမ္ဘောဇဘဏ်မှ ငွေထုတ်ယူမှုမှာ ကျပ်ကိုးဘီလီယံဝန်းကျင်သာရှိသည်။ ငွေထုတ်ယူသူအများစုမှာလည်း ဘဏ်တွင် ငွေကြေးအနည်းငယ်သာ အပ်နှံထားသူများဖြစ်ကြောင်း ဦးသန်းလွင်က ဆိုသည်။

ယင်းကြောင့်ငွေကြေးအပ်နှံသူများ စိတ်ချမှုရှိစေရန် ကျပ်ငွေသိန်း ၅၀ အထိ အပ်ငွေအပေါ် အာမခံစနစ် ကျင့်သုံးဆောင်ရွက်သင့်ကြောင်းကိုလည်း ဦးသန်းလွင်ကဆိုသည်။

ဘဏ်ကောလာဟလများနှင့်ပတ်သက်၍ ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ယခုကဲ့သို့ သုံးသပ်ထားသည်။

"အရင်အာရှခနတို့ခေတ်တုန်းကလို မဖြစ်နိုင်တော့ဘူးဆိုတာ အချက်အလက်တချို့ အခြေခံနဲ့ စိတ်ထဲမှာ သိနေပါတယ်။ တစ်ချိန်တုန်းက အဲလိုဖြစ်စေချင်လို့ လုပ်ခဲ့တာလို့ သိနေပါတယ်။ အခုကတော့ ထိန်းနိုင်တယ်ဆိုတာ ပြမယ်လို့ထင်တဲ့အတွက် အပ်ငွေသမားတွေအတွက်တော့ စိတ်မပူမိပါဘူး။ စိတ်ပူစရာအချက်တချို့တော့ရှိပါတယ်"ဟု ရေးသားထားသည်။

# အထည်ချုပ်လုပ်ငန်းများ လုပ်ငန်းလည်ပတ်ရေး အခက်ကြုံ

**ပြည်သိမ်း**
**ရန်ကုန်၊**
**အောက်တိုဘာ-၆**

အမေရိကန်က ပို့ကုန်တားမြစ်ချက် ဖယ်ရှားလိုက်ချိန်တွင် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများ၌ အော်ဒါဖျက်သိမ်းမှုများကြောင့် လုပ်ငန်းလည်ပတ်ရန် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

ပြည်တွင်း၌ မကြာခင်က ဖြစ်ပေါ်ခဲ့သည့်အလုပ်သမားဆန္ဒပြမှုများနှင့် မငြိမ်သက်ခြင်းကြောင့် ကိုရီးယား၊ ဂျပန်နိုင်ငံများမှ အမှာများ ကမ္ဘောဒီးယား အပါအဝင် အခြားနိုင်ငံများသို့ ပြောင်းရွှေ့မှာယူကြခြင်းဖြစ်ကြောင့်ဖြစ်ကြောင်း အဆိုပါအသင်းမှ ဥက္ကဋ္ဌ ဦးမြင့်စိုးကရှင်းပြသည်။

ပို့ကုန်တားမြစ်မှု ဖယ်ရှားလိုက်ခြင်း၏ အကျိုးသက်ရောက်မှုရရန် အချိန်တစ်နှစ်ခန့် ကြာဦးမည်ဖြစ်ပြီး ယခုအချိန်တွင် ဂျပန်နှင့် ကိုရီးယားဈေးကွက်ကိုသာ အားထားနေရသည်။

"ဒီတောင်ကို ပြည်တွင်းက အထည်ချုပ်တွေ ကျော်နိုင်ပါ့မလားဆိုတာ စိုးရိမ်နေရတယ်"ဟု ဦးမြင့်စိုးက ဆိုသည်။

စီးပွားရေးပွင့်လင်းမှု အသံများထွက်ပေါ်နေချိန် ဖြစ်သော်လည်း ဥရောပသမဂ္ဂနိုင်ငံများမှ ဖွံ့ဖြိုးမှုအားနည်းသည့်နိုင်ငံများကို ပေးသည့် အခွန်သက်သာမှု အထူးအခွင့်အရေးမှာ အချိန်ကာလမသေချာသေးခြင်း၊ အမေရိကန်နိုင်ငံက ပို့ကုန်အပေါ် ပိတ်ပင်တားဆီးထားမှုများ ဖယ်ရှားပေးသော်လည်း အမှာများ မရောက်ရှိလာသေးခြင်းတို့ကြောင့် မြန်မာ့အထည်ချုပ်လုပ်ငန်းမှာ စိုးရိမ်ရသည့် အခြေအနေသို့ ရောက်နေကြောင်း လှိုင်သာယာစက်မှုဇုန် မှ အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"အော်ဒါမရ၊ အိုတီမရှိတော့ အလုပ်သမားတွေ လစာက ကျပ်တစ်သောင်းခွဲ၊ နှစ်သောင်း လျော့သွားမှာ စိုးရိမ်ရတယ်"ဟု ယင်းလုပ်ငန်းရှင်ကဆိုသည်။

လက်ရှိမြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် အထည်ချုပ်ကုမ္ပဏီပေါင်း ၂၀၅ ခုရှိသည်။ အမေရိကန်နိုင်ငံမှာ ပို့ကုန်အပေါ် စီးပွားရေးပိတ်ဆို့မှု ဖယ်ရှားပြီးနောက် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များနှင့် ပညာရှင်များက လုပ်သားအခြေပြု လုပ်ငန်းများ တိုးတက်လာမည်ဟု သုံးသပ်ကြပြီး အထည်ချုပ်လုပ်ငန်းများမှာ အဓိကမျှော်လင့်ချက် ဖြစ်လာသည်။

"အော်ဒါရတာမနှစ်ကထက် စာရင် ဒီနှစ်မှာ လျော့လာတယ်။ အဓိကတော့ ဈေးကွက်ကလိုတဲ့ အရည်အသွေးကိုမီအောင်မလုပ်နိုင်ကြလို့ပါ" ဟု ဦးမြင့်စိုးက ဆိုသည်။

ယခင်နှစ်က ပြည်တွင်းအထည်ချုပ် လုပ်ငန်းများတွင် ဂျပန်အော်ဒါသည် ၉၀ ရာခိုင်နှုန်းနီးပါးထိ တိုးတက်လာပြီး ကုန်ပစ္စည်းများ တင်ပို့သည့်အခါ အရည်အသွေးပိုင်း ပြဿနာများနှင့် ကြုံခဲ့ရသည်။

"စီးပွားရေးတည်ငြိမ်ဖို့က အရေးအကြီးဆုံးက လူပဲ။ စက်မှုဖွံ့ဖြိုးမှု ဆွေးနွေးရာမှာ လျှပ်စစ်တို့ ရေတို့ လိုအပ်ချက်ထက် လူမှုဖွံ့ဖြိုးရေးက အရေးကြီးတယ်" ဟု ပါမောက္ခ ဒေါက်တာတင်အောင်က လူမှုဘဝဖွံ့ဖြိုးရေးဖိုရမ်တစ်ခုတွင် ပြောကြားသည်။

အထည်ချုပ်လုပ်ငန်းများအတွက် လိုအပ်သော အရည်အသွေးမြင့် လုပ်သားများ ရရှိရန် သင်တန်းကျောင်းများဖွင့်၍ သင်ကြားပေးနေသော်လည်း တစ်ဦးချင်းအရည်အသွေးမှာ တိုးတက်လာမှု နည်းနေသည်။ လောင်းကစားနှင့် အကြွေးများကြောင့် အထည်ချုပ်လုပ်သားများမှာလုပ်ငန်းအပေါ် အားစိုက်မှုနည်းလာကြောင်း လုပ်ငန်းရှင်များက ဆိုသည်။

# ဖယောင်းတိုင်ထွန်း ဆန္ဒဖော်ထုတ်သူအချို့အား တရားစွဲဆိုမှု တိုင်းဒေသကြီးဝန်ကြီးမသိဟုဆို

**မောင်တာ**

**မန္တလေး၊ အောက်တိုဘာ - ၇**

လွန်ခဲ့သောငါးလခန့်က မန္တလေးမြို့တွင်လျှပ်စစ်မီးရရှိရေးဖယောင်းတိုင်ထွန်းလမ်းလျှောက်ကာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့သူများထဲမှ အချို့ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၈) ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီးက မသိရှိဟု ဆိုသည်။

တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူက "မီးထွန်းတာနဲ့တော့ အရေးမယူပါဘူး။ ကျွန်တော် အာမခံထားတာရှိပါတယ်။ တခြားအခြေအနေကြောင့်ဖြစ်ပါလိမ့်မယ်။ ကျွန်တော်မသိပါဘူး။ ကျွန်တော်အရေးမယူပါဘူး။ တရားလည်းမစွဲပါဘူး"ဟု အောက်တိုဘာ ၇ ရက်ကပြောသည်။

၂၀၁၂ ခုနှစ် မေလ ၂၀၊ ၂၁ ရက်က လျှပ်စစ်မီးရရှိရေးအတွက် မန္တလေးမြို့ရှိတိုင်းဒေသကြီးလျှပ်စစ်ဓာတ် အားဖြန့်ဖြူးရေးရုံးရှေ့တွင်ထောင်ဂဏန်းရှိမန္တလေးမြို့ခံလူထုမှာ ဖယောင်းတိုင်ထွန်းလမ်းလျှောက်ကာငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့ကြခြင်းဖြစ်ပြီး ယင်းလူအုပ်အတွင်းမှ ခေါင်းဆောင်ဖြစ်ဟန်တူသူအချို့ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၈) ရဲစခန်းက ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ-၁၈ အရ ရဲအရေးပိုင်မှုဖြင့် တရားစွဲဆိုခြင်းဖြစ်ကြောင်း ယနေ့ရဲစခန်းသို့ခေါ်ယူစစ်ချက်ရယူခံရသူ ဒေါ်အမာနီက ဆိုသည်။

"ကျွန်မတို့ကိုမြို့နယ်ရဲမှူးက မေလ ၂၇ ရက်နေ့ကတည်းက အမှုဖွင့်တရားစွဲဆိုထားတာ။ အခုရဲစခန်းမှာ စစ်ချက်မရှိလို့စစ်ချက်ယူတာ။ ကျွန်မတို့ကတော့ တရားစွဲခံရမှန်း ခုမှသိတာ"ဟုဒေါ်အမာနီကပြောသည်။

ဖယောင်းတိုင်ထွန်းလမ်းလျှောက်စဉ်က ရိုက်ကူးထားသောဓာတ်ပုံများကိုပြကာ ယင်းဓာတ်ပုံများထဲမှ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်တွင် ဦးဆောင်လှုပ်ရှားနေသူများကို တရားစွဲဆိုခြင်းဖြစ်ပြီး ရဲမှတ်တမ်းတွင် လူ ၁၄ ဦး၏ အမည်ကိုစာရင်းပြုစုထားကြောင်း၊ တရားစွဲဆိုခံရသူအရေးအတွက် အတိအကျကိုမူ မသိရကြောင်း ဒေါ်အမာနီက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အမှတ်(၈) ရဲစခန်းမှ ဒုရဲအုပ်အဆင့်ရှိတာဝန်ကျရဲအရာရှိတစ်ဦးက "အမှုဟောင်းပါ။ ၅ လပိုင်း၊ ၂၇ ရက်နေ့ကတည်းက စွဲထားတဲ့အမှုကို စစ်ချက်ယူတာပါ"ဟုသာ ပြန်လည်ဖြေဆိုသည်။

"ကျွန်တော်တို့တော့ ဘာမှမသိသေးဘူး။ ဝန်ကြီးကတော့ ဘာမှမလုပ်ဘူးဆိုပြီး အာမခံထားတာပဲ။ ဆန္ဒထုတ်ဖော်မှုတွေဖြစ်ပြီး မေလ ၂၃ရက်နေ့ကတော့ ကျွန်တော်၊ အခု ရဲစခန်းခေါ်ခံရတဲ့လူတွေအပြင် လူအတော်များများကို SB ရုံးခေါ်စစ်ခဲ့သေးတယ်"ဟု မန္တလေးမြို့မှ စာရေးဆရာညီပုလေးကပြောသည်။

ဥပဒေထွက်ရှိပြီး နည်းဥပဒေမထွက်ရှိသေးချိန်တွင် ငြိမ်းချမ်းစွာစုဝေးခွင့် နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်အတွက် တင်ပြတောင်းခံလာမှုအပေါ် ခွင့်ပြုချက်မပေးနိုင်သော်လည်း ဥပဒေကြောင်းအရ ကြည့်မည်ဆိုလျှင် တရားစွဲ အရေးယူနိုင်ခွင့် ရှိကြောင်း ဥပဒေပညာရှင်တစ်ဦးကဆိုသည်။

ယင်းဥပဒေပုဒ်မ-၁၈ ဖြင့် တရားစွဲဆိုခံရလျှင် တစ်နှစ်ထက်မပိုသောထောင်ဒဏ်နှင့် ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်(သို့မဟုတ်)ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း ဥပဒေပညာရှင်များထံမှ သိရသည်။

လျှပ်စစ်မီးရရှိရေး ငြိမ်းချမ်းစွာ ဖယောင်းတိုင်ထွန်း ဆန္ဒထုတ်ဖော်မှုများကို ရန်ကုန်၊ မန္တလေးနှင့် မုံရွာမြို့များတွင် ယခုနှစ် မေလအတွင်းက ထောင်ဂဏန်းရှိ ပြည်သူလူထုက ပြုလုပ်ခဲ့ကြသည်။

# သစ်အချောထည်စက်ရုံလုပ်သား ၃၀၀ ကျော် ဆန္ဒပြ

**အေးမြတ်သူ**

**ရန်ကုန်၊အောက်တိုဘာ-၈**

ယခုလ ၈ ရက်တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိတော်ဝင်မိသားစုကုမ္ပဏီသို့ ရွှေပြည်သာ ဝါးတစ်ရာမှ တော်ဝင်သစ်ချောစက်ရုံလုပ်သား ၃၀၀ ခန့် အလုပ်ရှင်ထံတောင်းဆိုချက်များ တင်ပြရန်ခွင့် ပြုမိန့်မယူဘဲ ဆန္ဒထုတ်ဖော်တောင်းဆိုမှု ပြုလုပ်ခဲ့သည်။



ဦးဝိစာရလမ်းရှိ တော်ဝင်ကုမ္ပဏီရှေ့မှ ဆန္ဒပြစက်ရုံလုပ်သားများ — ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အလုပ်ရှင်ထံတင်ပြတောင်းဆိုမှုတွင် အလုပ်သမားများအနေဖြင့် အလုပ်ခွင်အတွင်း ခွဲခြားဆက်ဆံမှု မပြုရန်၊ စက်ရုံတွင်း၌ရှိသော ဆောက်လုပ်ရေးလုပ်သားများကိုလည်း စက်ရုံလုပ်သားအဖြစ် သတ်မှတ်ပေးရန် အပါအဝင် အခြေခံနေ့စား၊ လစားနှုန်းထားများကိုလည်း တိုးမြှင့်ပေးရန် တောင်းဆိုမှုများပါဝင်ကြောင်း သတင်းရရှိသည်။

"ဒီစက်ရုံထဲမှာပဲလုပ်တာ ၁၀နှစ်၊၁၂နှစ်ရှိနေပြီ။ အခုချိန်ထိ လစာမတိုးဘဲ ရှိနေသေးတယ်။ လုပ်သက် ၁၄ နှစ်၊ ၁၅ နှစ်ရှိတဲ့ လူတွေလည်း ကျပ် ၂၀,၀၀၀၊ ၂၅,၀၀၀ ပဲ ရသေးတယ်"ဟု အော်ပရေတာ ကိုဝေမင်းသက်က ပြောသည်။

ထို့အပြင် စက်ရုံတွင်း၌ လုပ်ငန်းခွင်ဆက်စပ်မှု မရှိသည့် အလုပ်နေရာ ပြောင်းရွှေ့မှုကို မပြုလုပ်ရန်နှင့်ယခင်စာချုပ်များ၌ချုပ်ဆိုထားသော်လည်း စက်ရုံမှ အခြားအလုပ်နေရာများသို့ ပြောင်းရွှေ့လုပ်ကိုင်နေရကြောင်း အလုပ်သမားများထံမှ သိရသည်။

"ကျွန်တော်ဆို စက်ပိုင်းမှာလုပ်တဲ့သူ စက်ပိုင်းပဲ ကျွမ်းကျင်မှာပေါ့။ ဒါပေမဲ့ သူတို့က ကြွေပြားတို့ ဘာတို့ ကျွန်တော်လုပ်နေတဲ့ အလုပ်နဲ့ ပတ်သက်မှုမရှိတဲ့ အလုပ်တွေခိုင်းတယ်"ဟု ကိုဝေမင်းသက်က ဆက်လက်၍ ပြောသည်။

စက်ရုံမှူး ဦးညွန့်သန်းက "အလုပ်ပါးရင် ရှိတဲ့နေရာသွားခိုင်းတယ်။ ဒါပေမဲ့ သူတို့က မသွားဘူး။ ပေကပ်နေတယ်။ အဲဒီတော့ ကျွန်တော်တို့ အုပ်ချုပ်ရတာ၊ ပြောရတာခက်ခဲတယ်"ဟု ဆိုသည်။

ထို့အပြင် လုပ်ငန်းခွင်တွင်း ခွဲခြားဆက်ဆံခံရမှုနှင့် ပတ်သက်၍ တော်ဝင်မိသားစုကုမ္ပဏီမှ MD ဦးကိုကိုထွေးက "မိသားစုမှာတောင် လိမ္မာတဲ့သူနဲ့ မိုက်တဲ့သူ ဘယ်သူ့ကို ဦးစားပေးမလဲ။ လုပ်ငန်းပေါ် ကျွမ်းကျင်မှုအရ ခံစားရတာဖြစ်မယ်။ ကျွန်တော့်အနေနဲ့ ဘာသာခြား၊ လူမျိုးခြားခွဲခြား တာမရှိပါဘူး"ဟုဆိုသည်။

ထိုတော်ဝင်သစ်ချောစက်ရုံ၌ ဝန်ထမ်းတစ်ထောင်ကျော် ရှိသည့်အနက် အမြဲတမ်းဝန်ထမ်း တစ်ရာကျော်ရှိကာ ကျန်ဝန်ထမ်းကိုးရာကျော်မှာ နေ့စားဝန်ထမ်းအဖြစ်လုပ်ကိုင်လျက်ရှိသည်။ ယခုတောင်းဆိုထားသည့် လုပ်ခလစာတိုးမြှင့်ပေးရန်နှင့် ပတ်သက်၍ အ နည်းဆုံး အခကြေးငွေ ဥပဒေထွက်လာပါက ပြန်လည်ပြင်ဆင်သတ်မှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ နေ့စားဝန်ထမ်းဆိုသော်လည်း တစ်ပတ်လျှင်တစ်ခါ လုပ်အားခငွေ ရှင်းခြင်းဖြစ်သည်။

## မျက်နှာဖုံး-နိုဗယ်ငြိမ်းချမ်းရေးဆု ခန့်မှန်းချက်များတွင် သမ္မတဦးသိန်းစိန်ပါဝင် မှ

သမ္မတ ဦးသိန်းစိန်သည် မစ္စတာဟာဗီကင်၏ စာရင်းတွင် ရုရှားအခွင့်အရေးအုပ်စု Memorial နှင့် ယင်းအဖွဲ့တည်ထောင်သူ မစ္စဆဗက်လာနာဂန်နုရှ်ကီနာ၊ အမှီအခိုကင်း ရုရှားမီဒီယာအဖွဲ့ Echo of Moscow နှင့် ယင်းအဖွဲ့တည်ထောင်သူမစ္စတာအလက်စီဗီနီဒစ်တော့ဗ်တို့နှင့် အတူပါဝင်လာခြင်းဖြစ်သည်။ ဘာသာရေးအားလွဲမှားစွာ အသုံးပြုခြင်းကို ဆန့်ကျင်သူ နိုင်ဂျီးရီးယားနိုင်ငံသားနှစ်ဦးလည်း အဆိုပါစာရင်းတွင် ပါဝင်သည်။

ဟာ့ပ်ဗစ်ကင်၏ အဆိုအရ မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်ကို ရွေးချယ်ခြင်းမှာ အငြင်းပွားဖွယ်ဖြစ်နိုင်သော်လည်း နိုဗယ်ဆုရွေးချယ်ရေးကော်မတီသည်ငြိမ်းချမ်းရေးဆုမှာ သူတော်စင်များကိုသာ သီးသန့်ပေးနေသည်မဟုတ်သည်ကို မကြာခဏသက်သေပြခဲ့ကြောင်း ကမ္ဘောဒီးယား၊ ဆိုမာလီယာနှင့် မြန်မာကဲ့သို့ ရှည်ကြာသော ပဋိပက္ခများတွင် အပြုသဘောတိုး တက်မှုများ မြင်တွေ့လာရ၍ မြန်မာနိုင်ငံသမ္မတကိုလည်း ပေးနိုင်ကြောင်း မှတ်ချက်ပြုထားသည်ကို တွေ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်သည် နိုဗယ်ငြိမ်းချမ်းရေးဆုကို ၁၉၉၁တွင်ရရှိခဲ့ရာ ဦးသိန်းစိန်ရရှိခဲ့ပါက တစ်နိုင်ငံထဲမှနိုဗယ်ဆုရသူနှစ်ဦးရှိသည့်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှတ်တမ်းတင်နိုင်မည်ဖြစ်သည်။

ယခုနှစ်အတွက်ပထမဦးဆုံးကြေညာမည့် ဆေးပညာနိုဗယ်ဆုအား စတော့ဟုမ်းလ်မြို့တွင် ယနေ့ စတင်ကြေညာမည်ဖြစ်ပြီး ငြိမ်းချမ်းရေးနိုဗယ်လ်ဆုအား အောက်တိုဘာ ၁၂ ရက် မြန်မာစံတော်ချိန် ညနေ၄နာရီခွဲခန့်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

သမ္မတဦးသိန်းစိန်အား တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းယန်လင်းစိုက်ပျိုးရေးနှင့် သစ်တောတက္ကသိုလ်မှ ပေးအပ်သည့် ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို စက်တင်ဘာ ၁၉ ရက်က လက်ခံရရှိခဲ့သည်။ ထိုဘွဲ့မတိုင်ခင်ကလည်း ဘယ်လ်ဂျီယံတက္ကသိုလ်တစ်ခုမှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ တစ်စိုက်မတ်မတ်လုပ်ဆောင်သည့်အတွက် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ချီးမြှင့်ရန် ကမ်းလှမ်းခြင်းခံခဲ့ရသည်။

*—Ref: Prio & Bloomberg*

# မောင်တောမြို့နယ်အတွင်း ထုတ်ပြန်ထားသည့် ညမထွက်ရအမိန့် အချိန်ထပ်မံလျှော့

**မောင်ကံ**

**မောင်တော၊**

**အောက်တိုဘာ - ၉**

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းများကြောင့် ဇွန်လ ၈ ရက်က မောင်တောမြို့နယ်တွင် ထုတ်ပြန်ထားသည့် ပုဒ်မ-၁၄၄ အား ယနေ့ လေးနာရီထပ်လျှော့ချလိုက်ကြောင်းသတင်းရရှိသည်။

ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားစဉ်က ညမထွက်ရအမိန့်အား ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိထုတ်ပြန်ခဲ့ပြီး နှစ်လအကြာ ဩဂုတ်လတွင် ည ၇နာရီမှ နံနက် ၅ နာရီအထိလျှော့ချကြောင်းကြေညာခဲ့သည်။

ယခု အောက်တိုဘာ ၈ ရက် ယနေ့တွင် ယင်းညမထွက်ရအမိန့်အား ညနေ ၁၀ နာရီမှ နံနက် ၄ နာရီအထိသတ်မှတ်ကာလေးနာရီထပ်လျှော့ချလိုက်ခြင်းဖြစ်သည်။

## ပြင်ဆင်ဖတ်ရှုပါရန်

7Day News ဂျာနယ် အတွဲ-၁၁ အမှတ်(၂၉) စာမျက်နှာ(၁၂)တွင် ဖော်ပြခဲ့သော **'ဖားကန့်မြေ မတည်ငြိမ်မှုက ကျောက်စိမ်းဈေးကွက်ထိခိုက်'** သတင်းတွင်ပါရှိခဲ့သည့် **'ပွဲရုံတစ်ခုတည်းတွင်ပင် နေ့စဉ်ကျပ်သိန်းပေါင်းသောင်းဂဏန်းထိ'** အစား **'သိန်းပေါင်း ရာဂဏန်းထိ'** ဟုလည်းကောင်း၊ စာမျက်နှာ(၅)တွင် ဖော်ပြခဲ့သော **'ရခိုင်ပြည်နယ်အရေး ဆွေးနွေးပွဲ'** သတင်းတွင်ပါရှိခဲ့သည့် **'အမျိုးသားဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးသာပွင့်'** အစား **'ဦးစလင်း(ခေါ်)ဦးစောလွင်'** ဟုလည်းကောင်း၊ အတွဲ-၁၁ အ မှတ်(၃၀) အချပ်ပို(C)တွင်ပါရှိခဲ့သော **'ရခိုင်ပြည်နယ်တွင် IOC ကိုယ် စားလှယ်ရုံးဖွင့်မည်'** သတင်းခေါင်းစဉ်၌ 'IOC' အစား 'OIC' ဟု ပြင်ဆင်ဖတ်ရှုပါရန်။ (အယ်ဒီတာ)

# ပုဂံယဉ်ကျေးမှုဇုန်အတွင်း ဟိုတယ်နှင့် အဆောက်အအုံသစ် တည်ဆောက်ခြင်းကို ဒေသခံ ၂၀၀ ကျော်ကန့်ကွက်

**အေးသူစံ**

**ရန်ကုန်၊အောက်တိုဘာ-၉**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေဇုန်အတွင်း ဟိုတယ်နှင့် အဆောက်အအုံသစ်များ ထပ်မံဆောက်လုပ်နေခြင်းအပေါ် ဒေသခံနှစ်ရာကျော်က ကန့်ကွက်သည့်အနေဖြင့် နိုင်ငံတော်သမ္မတထံ စာတင်သွားမည်ဖြစ်ကြောင်း ပုဂံဒေသခံကိုအောင်ရွှေကပြောသည်။

“ရှေးဟောင်းဇုန်မှာ ဟိုတယ်တွေ အဆောက်အဦသစ်တွေ တောက်လျှောက် ထပ်ဆောက်လာတယ်။ ကျွန်တော်တို့ မြို့သစ်ဘက်ကို ပြောင်းပေးလိုက်တာ စီးပွားရေးသမားတွေအတွက် မဟုတ်ဘူး။ ဒါကြောင့်ကိုယ့်ဒေသယဉ်ကျေးမှုအမွေအနှစ်တွေမဆုံးရှုံးရအောင် ဒီအဆောက်အဦတွေ ထပ်ဆောက်လာတာကိုသမ္မတဆီ စာတင်ရတာပါ”ဟု ပုဂံယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ဝင် ညော့်လမ်းညွှန် ကိုအောင်ရွှေက ပြောသည်။

ယင်းသို့ နိုင်ငံတော်သမ္မတထံ စာတင်သည့်ကိစ္စအရပ်ရပ်ကို ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ကူညီလုပ်ဆောင်ပေးခြင်းဖြစ်ပြီး ပုဂံယဉ်ကျေးမှုဇုန်အတွင်း ကျရောက်နေသည့် ပုဂံမြို့သစ်၊ မြင်းကပါရွာနှင့် ဝက်ကြီးအင်းရွာ တစ်ဝိုက် ဒေသခံနှစ်ရာကျော်က လက်မှတ်များ စုပေါင်းရေးထိုးပေးကြကြောင်း သတင်းရရှိသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး “ကျွန်တော်တို့သတ်မှတ်ထားတဲ့ ဇုန်တွေအတွင်း မရောက်ရင် ခွင့်ပြုပါတယ်။ သတ်မှတ်ဇုန်ထဲမှာတော့ ရှေးဟောင်းအမွေအနှစ်ကို ပျက်စီးစေတဲ့ဟာတွေ ခွင့်မပြုပါဘူး။ ကျွန်တော်တို့ဝန်ကြီးကတော့ ဒေသခံတွေအတွက် အကြံပြုထားတာတွေ ရှိပါတယ်။ ဒေသခံတွေပိုင်တဲ့ လယ်ယာမြေတွေကို ဒေသခံတွေ လိုချင်တဲ့ဈေးအတိုင်း ပေးဝယ်ပြီး သက်ဆိုင်ရာဌာနမှာလ/န ၃၉ လျှောက်ထားရင် နောက်ပိုင်းအရှုပ်အရှင်းတွေကင်းနိုင်မယ်။ ရေရှည်အတွက် ဒါမျိုးလုပ်ပါလို့ အကြံပြုထားပါတယ်”ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေကပြောသည်။

လယ်ယာမြေများမှာ ရောင်းချခွင့်မရှိဘဲ လွှဲပြောင်းခွင့်ကိုလည်း သက်ဆိုင်ရာဌာနတွင် ကင်းလွတ်ခွင့်အဖြစ် လ/န ၃၉ လျှောက်ထားနိုင်ပြီး ဒေသခံနှင့်ဝယ်ယူသူတို့အကြား ပြေလည်ပါက ယင်းသို့ လုပ်ဆောင်သင့်ကြောင်း၊ နောက်ပိုင်းတွင် ပိုင်ဆိုင်မှုပြဿနာများ အငြင်းပွားဖွယ်ရာ မရှိသကဲ့သို့ ဒေသခံများက ပြောင်းရွှေ့ဖယ်ရှားရမှုအပေါ် ယခုကဲ့သို့ စိတ်ပူပန်မှုရှိမည်မဟုတ်ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ဟိုတယ်၊ အဆောက်အဦသစ်များ ဆောက်လုပ်လိုပါက ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန၏ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောက်လုပ်ရခြင်းဖြစ်ပြီး ဥပဒေနှင့်ဆန့်ကျင်သော မည်သည့်ဆောက်လုပ်မှုကိုမှ ခွင့်ပြုမထားခဲ့ကြောင်း အဆိုပါဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက 7 Day News သို့ ပြောကြားသည်။

# နောက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားကို ပုဂ္ဂလိကကုမ္ပဏီများအား ကိုယ်တိုင်ထုတ်ရောင်းခွင့်ပြုမည်ဟုဆို

**သိမ့်သိမ့်စိုး၊ မောင်တာ**

**ရန်ကုန်၊ အောက်တိုဘာ - ၆**

တစ်နိုင်တစ်ပိုင်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများအားပြည်တွင်းလုပ်ငန်းရှင် ၁၂ဦးနှင့် ပြည်ပလုပ်ငန်းရှင်ခုနစ်ဦးတို့နှင့် ပူးပေါင်းလုပ်ကိုင်ရန် ခွင့်ပြုထားကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“အခု လောလောဆယ်တော့ ဓာတ်အားကို ဝယ်ပြီး ပြန်ရောင်းတဲ့အဆင့်ပဲ လုပ်ကိုင်နေသေးတယ်။ နောက်ပိုင်းဆိုရင်တော့ ကိုယ်ပိုင်ထုတ်ပြီး ပြန်ဖြန့်ဖြူးရမယ်။ ပိုတဲ့ဓာတ်အားကို နိုင်ငံတော်ကို ပြန်ရောင်းရမယ်”ဟု ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အင်ဂျင်နီယာချုပ် ဦးညိုဝင်းကပြောသည်။

လတ်တလောတွင် ကြည့်မြင်တိုင်မြို့နယ် တစ်ခုတည်းကိုသာ Capital Development ကုမ္ပဏီက ဓာတ်အား ဝယ်ယူဖြန့်ဖြူးသည့်စနစ်ဖြင့် စတင်ဆောင်ရွက်နေပြီး ကျန်လုပ်ငန်းရှင်များနှင့်လုပ်ကိုင်ရန်မှာ ဆွေးနွေးဆဲအဆင့်သာရှိနေသေးကြောင်းသိရသည်။

လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးမည့်မြို့နယ်များမှာ၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ တာမွေ၊ လှိုင်သာယာ၊ ဗဟန်း၊ စမ်းချောင်း၊ မြောက်ဥက္ကလာပ၊ လှိုင်၊ မင်္ဂလာဒုံ၊ မြောက်ဒဂုံ၊ မြောက်ဥက္ကလာပ၊ ရွှေပေါက်ကံ စသည်မြို့နယ်များဖြစ်သည်။

“သူတို့ကို လွှဲပြီးသွားရင်တော့ မီတာကြိုးလဲတာ၊ မီးလာတာ မလာတာကအစ သူတို့နဲ့ပဲဆိုင်တော့မယ်။ မီတာခကိုတော့ လက်ရှိနှုန်းထားတွေအတိုင်းပဲ ကောက်ခံသွားဖို့စီစဉ်ထားတယ်။ လောလောဆယ်တော့ MEPE နဲ့ YESB တို့ဆီက ဝယ်ပြီးတော့ ပြန်ဖြန့်တဲ့အဆင့်ပဲရှိသေးတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ Unit Lose တွေ နည်းသထက်နည်းအောင်လုပ်ဖို့လိုတယ်။ Unit Lose ကို ရင်းနှီးမြှုပ်နှံနိုင်မှ မြန်မြန်အမြတ်ရမယ်။ စစချင်းတော့ ရှုံးနိုင်တယ်” ဟု ဦးညိုဝင်းကပြောသည်။

ပြည်ပမှ ဝင်ရောက်လာသော ကုမ္ပဏီများအနေဖြင့်လည်း ပြည်တွင်း၌ ရှိနေသော ဓာတ်အားခွဲရုံများတွင် ပူးပေါင်း၍ ဓာတ်အားထုတ်လုပ်သည့်အပိုင်းတွင် လုပ်ကိုင်နေပြီဖြစ်သည်။ သီးသန့်ထုတ်လုပ်ဖြန့်ဖြူးသည့်အဆင့်လုပ်ကိုင်ခြင်း မရှိသေးကြောင်းသိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးတွင်လည်း ပုဂ္ဂလိကကုမ္ပဏီဖြစ်သည့် Pacific Electronic ကို ချမ်းမြသာစည်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များ၌ ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းကို ဩဂုတ်လမှစတင်လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးထားကြောင်းသိရသည်။ ထို့အပြင် အောင်မြေသာစံမြို့နယ်တွင်လည်း မြန်မာ့ပေါင်းစည်းစွမ်းအားကုမ္ပဏီကို လုပ်ကိုင်ခွင့်ပေးထားသော်လည်း လုပ်ငန်းစတင်နိုင်ခြင်း မရှိသေးကြောင်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာနဝန်ကြီးဒေါက်တာမြင့်ကြူက ပြောကြားသည်။

ထို့ကြောင့် နိုင်ငံတော်ဘတ်ဂျက် ထပ်မံစိုက်ထုတ်၍ လျှပ်စစ်ဓာတ်ကြိုးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ခြင်းများ မပြုလုပ်နိုင်သဖြင့် လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲခွင့်မရဘဲဖြစ်နေရာ အားလုံး အဆင်ပြေစေရန်အတွက် ယခုကဲ့သို့ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပြုရခြင်းဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တိုင်းလျှပ်စစ်အင်ဂျင်နီယာမှူး ဒေါ်အေးအေးမင်းကပြောသည်။

# ဆပ်ဗ်ကွန်ထရက်တာအချို့ အေးရှားဝေါလ်ကို ငွေရလိုမှုနှင့် တရားစွဲဖွယ်ရှိ

**ပြည်သိမ်း**

**ရန်ကုန်၊အောက်တိုဘာ-၉**

လုပ်ငန်းပြီးစီးခဲ့သော်လည်း ငွေအကြေ ပြန်လည်မပေးချေသည့်အတွက် တစ်ဆင့်ခံလုပ်ငန်းလုပ်ကိုင်သူ (Sub-contractor)များက အေးရှားဝေါလ်ကုမ္ပဏီကို တရားစွဲဆိုရန်ရှိကြောင်း ဦးအောင်မျိုးရှိန်နှင့် ၁၀ဦးအဖွဲ့က City Star ဟိုတယ်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ပြောကြားသည်။

အေးရှားဝေါလ်ကုမ္ပဏီမှ တစ်ဆင့်ခံလုပ်သူ (Sub-contractor) များသည် နေပြည်တော်ပုဗ္ဗသီရိကုတင် ၃၀၀ ဆံ့နှင့် မုံရွာကုတင်၃၀၀ဆံ့ဆေးရုံ၊ တောင်ညို၊ ကင်းတာ စသည်မြို့နယ်များမှ စာသင်ကျောင်းများ၊ ဝန်ကြီးအိမ်ရာများ ဆောက်လုပ်ရာတွင် ကုမ္ပဏီနှင့် လက်တွဲလုပ်ကိုင်ခဲ့သည်။ ယင်းစီမံကိန်းများတွင် လုပ်ငန်းများ သတ်မှတ်ချိန်အတိုင်း ပြီးစီးခဲ့သော်လည်း လုပ်ငန်းအတွက် ပေးချေရမည့်ငွေကို တစ်နှစ်နှင့်ခုနစ်လကြာသည်အထိ အပြီးပေးချေမှုမရှိကြောင်း ဦးအောင်မျိုးရှိန်ကပြောသည်။

“အလုပ်သမားရုံးမှာတော့ ဒီကိစ္စရှင်းပြီးပြီ။ စာလည်းထွက်ပြီးသားပဲ။ ဒီအတိုင်းပဲ”ဟု တစ်နှစ်အတွင်းပေးရန် စီစဉ်ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ကြေညာထားသည့် အေးရှားဝေါလ်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးလှမြင့်က ပြောကြားသည်။

“စာချုပ်ထဲမှာက လုပ်ငန်းပြီးရင် တစ်လခွဲအတွင်း ငွေကို အကြေချေရမှာ။ အခုလိုကျတော့ ပေးရမယ့်ပစ္စည်းအကြွေးတွေရော၊ လုပ်အားခတွေရော အခက်ဖြစ်ခဲ့ရတယ်”ဟု အဆိုပါ ၁၀ ဦးအဖွဲ့တွင်ပါဝင်သောဦးဉာဏ်ထွန်းလင်းကဆိုသည်။

အေးရှားဝေါလ်ကုမ္ပဏီမှ တစ်ဆင့်ခံလုပ်သူ ၁၀ ဦးကိုပေးရန် ကျန်ရှိနေသောငွေမှာ ကျပ်သန်းပေါင်း ၁,၁၁၆ ဒသမ ၀၁ သန်းရှိသည်။ လုပ်ငန်းတန်ဖိုးစုစုပေါင်းမှာ ကျပ်သန်းပေါင်း ၃,၁၇၉ ဒသမ ၄၁ သန်းဖြစ်ပြီး ယခုနှစ် ဩဂုတ်ထိပေးပြီး ငွေမှာ ကျပ်သန်းပေါင်း ၂,၀၆၃ ဒသမ ၄ သန်း ဖြစ်သည်။

# ကားသွင်းခွင့်မူဝါဒ သတင်းဂယက်ကြောင့် ကားဈေးပြန်ကျ

**မိုးညို**

**ရန်ကုန်၊အောက်တိုဘာ-၈**

အာဆီယံကားများ တင်သွင်းမည်ဆိုသော သတင်းဂယက်ကြောင့် ပြည်တွင်းဈေးကွက်၌ ကားဈေးနှုန်းများ ပြန်လည်ကျဆင်းနေသည်ဟု ကားပွဲစားများက ပြောသည်။

အာဆီယံနိုင်ငံအချို့မှ ယာဉ်များအား အကောက်ခွန်နှုန်း ၅ ရာခိုင်နှုန်းသာ လျှော့ချကောက်ခံပြီး တင်သွင်းခွင့် ပြုမည်ဆိုသော သတင်းနှင့် ယခုလအတွင်း ကားတင်သင်္ဘောများပိုမိုဆိုက်ကပ်လာခြင်းကလည်း ပြည်တွင်းကားဈေးနှုန်း ကျဆင်းလာခြင်းကို ဖြစ်ပေါ်စေခဲ့သည်ဟု ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားဝယ်ရောင်းတစ်ဦးကပြောသည်။

“အာဆီယံက ကားတွေကို အခွန်လျှော့ပြီးကောက်မယ်ဆိုရင် ဈေးကလည်း ခေါက်ချိုးနဲ့ သွင်းလာနိုင်တယ်”ဟု အထက်ပါဝယ်ရောင်းကပြောသည်။

သို့သော်လက်ရှိတွင် အာဆီယံမှ တင်သွင်းလာသည့် ကားအများစုမှာ လူကြိုက်နည်းပြီး ဈေးကွက်ဝေစုမရရှိခြင်းနှင့်အတူ တင်သွင်းမှု နည်းပါးလျက်ရှိသည်။

အာဆီယံကားဂယက်ကြောင့် ပါမစ်မလိုဘဲ တင်သွင်းခွင့်ရှိထားသည့် AD Van ၊ Point-3 ၊ Probox ယာဉ်များမှ ယခင် ကျပ်သိန်း ၁၅၀ မှ ယခုကျပ်သိန်း ၁၃၀ မှ ၁၂၀ အထိ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့သည်။ ပါမစ်နှင့် တစ်ပါတည်း တင်သွင်းခွင့် ရှိထားသည့်အပေါ် ကားအချို့မှာလည်း အောက်ကားအချို့၏ ဈေးကျဆင်းမှုနှင့်အတူပြန်လည်ကျဆင်းလာခဲ့သည်။

မော်တော်ယာဉ်တင်သွင်းခွင့် စလစ်ဈေးများမှာမူ ဈေးနှုန်းကြီးမြင့်ပြီး စလစ်ရှားပါးမှုနှင့် ကြုံတွေ့နေရသည်။ “အခုဆို စလစ်ဈေးကမာပြီး ပစ္စည်းရှားသွားတယ်”ဟု ကားပွဲစားတစ်ဦးကဆိုသည်။ အောက်တိုဘာလ ပထမပတ်အထိ စလစ်တစ်စောင်လျှင် ကျပ် ၈၅ သိန်းမှ ၈၆ သိန်းအထိ ကားအရောင်းပြခန်းအချို့မှ ဈေးကောင်းပေးပြီး ဝယ်ယူလျက်ရှိသည်ဟု အထက်ပါ ပွဲစားကပင် ပြောသည်။

ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုအစီအစဉ်အရ ယခု ‘ဗ’အက္ခရာကို လက်ခံလျက်ရှိပြီး ဆက်လက်၍ ယခုလအတွင်း‘ဘ’အက္ခရာကို လက်ခံဖွယ်ရှိကြောင်း ‘ဘ’ အက္ခရာ စတင်လက်ခံပါက စလစ်ဈေးနှုန်းမှာ ထပ်မံ၍ မြင့်တက်သွားနိုင်ကြောင်း ‘ဘ’အက္ခရာယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

# ထိုင်းအခြေစိုက် စရိတ်နည်းလေကြောင်းလိုင်း ချင်းမိုင်နှင့် မြန်မာနိုင်ငံရှိ မြို့ကြီးအချို့သို့ ပျံသန်းရန်စီစဉ်

**အောင်သူရ**

**ရန်ကုန်၊အောက်တိုဘာ-၉**

ထိုင်းနိုင်ငံအခြေစိုက် စရိတ်နည်းလေကြောင်းလိုင်းတစ်ခုဖြစ်သော Nok Air လေကြောင်းလိုင်းက ထိုင်းနိုင်ငံ ချင်းမိုင်မြို့နှင့် မြန်မာနိုင်ငံ အဓိကမြို့ကြီးများဖြစ်သော ရန်ကုန်၊ မန္တလေးနှင့် ပုဂံမြို့များသို့ ချိတ်ဆက်ပျံသန်းရန် စီစဉ်နေကြောင်း အောက်တိုဘာ ၉ ရက်ထုတ် ဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

“လာမယ့်နှစ် အစောပိုင်းမှာ ဖြစ်ပါလိမ့်မယ်”ဟု အဆိုပါလေကြောင်းလိုင်း ဒုတိယဥက္ကဋ္ဌက ပြောကြောင်း သတင်းစာက ရေးသားထားသည်။

အဆိုပါ လေကြောင်းလိုင်းအနေဖြင့် ထိုမြို့သုံးမြို့အပြင် မော်လမြိုင်မြို့သို့ ပျံသန်းရန်လာရောက် စုံစမ်းမှုများ ရှိခဲ့ကြောင်း လေကြောင်းထိန်းသိမ်းရေး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းကပြောသည်။

“နှစ်နိုင်ငံကြားမှာ ချုပ်ဆိုထားတဲ့ သဘောတူညီမှုအရ လေကြောင်းဦးစီးဌာနကို တရားဝင်တင်ပြတာတွေတော့ မလုပ်သေးပါဘူး”ဟုဦးဝင်းဆွေထွန်းကပြောသည်။

လက်ရှိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့နှင့် ရန်ကုန်မြို့သို့ Air Bagan လေကြောင်းလိုင်းက ပြေးဆွဲလျက်ရှိပြီး ၂၀၀၉ ခုနှစ်မတိုင်ခင်က Air Mandalay လေကြောင်းလိုင်းက ချင်းမိုင်မြို့မှ မန္တလေးမြို့သို့ ပျံသန်းပေးခဲ့သည်။

ဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့ လက်ထက်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသား ဝင်ရောက်မှု မြင့်တက်ခဲ့ကာ ယခုနှစ်တွင် ကာတာလေကြောင်းလိုင်း၊ ကိုရီးယားလေကြောင်းလိုင်းနှင့် စင်ကာပူလေကြောင်းလိုင်းတို့ ပျံသန်းနေပြီး နောက်ထပ်လေကြောင်းလိုင်း လေးလိုင်းခန့်မှာလည်းမကြာခင် ပျံသန်းတော့မည်ဖြစ်သည်။

# အချုပ်ပို

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012

## စာ-၁၀၊ အရှိန်မကုန်သေးတဲ့ ရေပေါ်ဆီ ညရပ်ကွက်များ မှ

သို့မဟုတ်ပါကလည်း နိုက်ကလပ်များတွင် ခန့်အပ်ထားသော လုံခြုံရေးဝန်ထမ်းများကသာ သူ့နည်းသူ့ဟန်ဖြင့် ဖြေရှင်းလိုက်ကြသည်ကများသည်ဟု သိရသည်။

"နိုက်ကလပ်တွေက သူတို့လုံခြုံရေးတွေရှိတယ်။ ပြဿနာတစ်စုံတစ်ရာဖြစ်လာမှ ရဲဆီကိုရောက်လာတတ်တယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

အောက်တိုဘာလ ၆ ရက်နံနက် ၂ နာရီခွဲခန့်က ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ပလက်ဖောင်းပေါ်ရှိဓာတ်တိုင်တစ်တိုင်အောက်တွင် တန်ဖိုးကြီးမားသည့် အနီရဲရဲ ပြိုင်ကားတစ်စီး ရောက်ရှိနေသည်။ ပြိုင်ကားအနီပေါ်တွင်ဓာတ်တိုင်က အလယ်တည့်တည့်မှပိကျနေခြင်းဖြစ်ပြီး ကားတစ်စီးလုံးကြေမွနေသည့်မြင်ကွင်းက ယင်းပြိုင်ကားငယ်၏ အရှိန်ပြင်းထန်စွာမောင်းနှင်လာမှုကို ပေါ်လွင်နေစေသည်။

ထိုအချိန်မှာပင်ပြိုင်ကားနှစ်စီးခန့် ရောက်လာကာ တစ်ဦးကယာဉ်ထိန်းရဲအရာရှိထံ လျှောက်သွား၍ တစ်စုံတစ်ခုကို တီးတိုးပြောဆိုလိုက်ပြီး ကားတစ်စီးပေါ်ပြန်တက်သွားသည်ကို တွေ့ရသည်။ ကားနံပါတ်ပြားပေါ်တွင် အင်္ဂလိပ်စာတန်းများ ရေးခြစ်ထားသော ပြိုင်ကားတစ်စီးကလည်း အခြေအနေကို ခေတ္တမေးမြန်းပြီးနောက် လီဗာကို အစွမ်းကုန်နင်းကာ အရှိန်ပြင်းစွာမောင်းထွက်သွားသည်။

လိုင်းကားများအား ရုံးတက်ရုံးဆင်းချိန်တွင် ရပ်တန့်ခိုင်းကာ ယာဉ်မောင်းကို မကြာခဏ စစ်ဆေးလေ့ရှိတတ်သည့် ကမ္ဘာအေးဘုရားလမ်းပေါ်မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်နှစ်ဦးကတော့ ဘာမှတ်ချက်မှ မချနိုင်လောက်အောင် အလုပ်များနေခဲ့ကြပြီး မောင်းထွက်သွားသည့် ပြိုင်ကားနံပါတ်ပြားပေါ်မှ စိတ်ကူးပေါ်ရာ ရေးခြစ်ထားသည့်စာတန်းများကို ဂရုပြုမိကြပုံမရပေ။

အဆိုပါယာဉ်တိုက်မှုသည် ပြီးခဲ့သည့် အောက်တိုဘာ ၃ ရက်နံနက် သန်းခေါင်ကျော်ဝန်းကျင်က ရန်ပွဲတစ်ပွဲ လတ်တလော ဖြစ်ပွားခဲ့သည့် အင်းလျားလိတ် ဟိုတယ်အတွင်းမှ ဒီဂျေဘား၊ ဂျီတီအာရ်နိုက်ကလပ်များနှင့် မနီးမဝေးမှာပင်ဖြစ်ပွားခြင်းဖြစ်သည်။

ယဉ်ကျေးမှုမြို့တော်အဖြစ် သတ်မှတ်ခံထားရပြီးမြန်မာဘုရင်များ နောက်ဆုံး နန်းစိုက်ခဲ့သည့် မြို့ဖြစ်သည့် မန္တလေးမြို့တွင်လည်း နာမည်ကြီးရန်ပွဲတစ်ခုကြောင့် ၂၀၀၉ ခုနှစ် အောက်တိုဘာလအတွင်း နာမည်ကြီးအဆင့်မြင့်ကလပ်နှစ်ခုကို ပိတ်ပင်ခဲ့မှုများရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။

၎င်းအပြင် ပြိုင်ကားများယှဉ်ပြိုင်မောင်းနှင်မှုများလည်း ရှိခဲ့ကြောင်း၊ မန္တလေးကျုံးပတ်လည်တစ်လျှောက်၊ မန္တလေးတောင်ခြေလမ်းတစ်လျှောက်နှင့် ပြင်ဦးလွင်သို့သွားသည့် လမ်းတစ်လျှောက်တွင် လွန်ခဲ့သည့် တစ်နှစ်ကျော်ကပြိုင်ကားခြောက်စီး၊ ခုနစ်စီးခန့် အပြိုင်မောင်းနှင်လေ့ရှိကြောင်း၊ ၂၀၁၂ ခုနှစ်ရောက်မှ မန္တလေးတွင် ပြိုင်ကားများ အပြိုင်မောင်းနှင်မှု မတွေ့မိတော့ကြောင်း ၎င်းက ပြောသည်။

အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိ ဒီဂျေဘားကလပ်တွင် ခရိုနီအသိုင်းအဝိုင်းမှ နာမည်ကျော်သူဌေးကြီးတစ်ဦးနှင့် နီးစပ်သူတစ်ဦးက ကလပ်သို့ လာရောက်သူများ ရပ်နေသည့်နေရာအတွင်းသို့ ကားဖြင့် အရှိန်ပြင်းစွာဝင်ရောက်တိုက်ခိုက်ခဲ့သည်ဟု ဆိုသော ဒဏ်ရာရရှိသူမှ တရားလိုပြုလုပ်၍ အမှုဖွင့်ခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့ ထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်ပွားခဲ့သည့်ကာယကံရှင်များမှာ ဒီဂျေဘားသို့ လာရောက်ကြသည့် လူငယ်အချင်းချင်းဖြစ်ပြီး ကလပ်အတွင်း စကားများခဲ့ရာမှ လုံခြုံရေး ဝန်ထမ်းများကဇော်ဇော်(ခ)ဇော်စိုးဝင်း (ထူးထရေးဒင်း ကုမ္ပဏီဝန်ထမ်း) ကိုအပြင်သို့ ခေါ်ထုတ်သွားခဲ့သည်။ ဇော်ဇော်သည် သူနှင့် အချင်းများသည့် အာကာပြည့်ဇော်၏ ဟွန်ဒါဘော့စ်ယာဉ်ကို ၎င်း၏ လင့်ခရူဇာယာဉ်ဖြင့် နောက်မှဝင်တိုက်ခဲ့သည်။ ထို့အပြင် လူအများ ရပ်နေသည့်နေရာသို့ ထပ်မံဝင်တိုက်ရာ အခြားသူများက ရှောင်တိမ်းနိုင်ခဲ့သော်လည်း ဆေးတက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသားတစ်ဦးဖြစ်သူ မောင်ဝေအောင်မှာ မလွတ်မြောက်ခဲ့ပေ။

ထိုသို့ လင့်ခရူဇာဖြင့် အတိုက်ခံရမှုကြောင့် မောင်ဝေအောင်မှာ ညာဘက်ညှပ်ရိုးကျိုး၊ ညာနောက်စေ့ကွဲ၊ နှာခေါင်းနှင့်အပေါ်နှုတ်ခမ်းကွဲဒဏ်ရာများ ရရှိခဲ့ကာ ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသမှုခံယူခဲ့ရပြီး ဇော်ဇော်အား အမှုဖွင့်ထားခြင်းဖြစ်သည်။

"အဲဒီကိစ္စကို ပြောလို့မရဘူး။ ဘယ်သူမေးမေး မပြောရဘူးလို့ ကျွန်တော်တို့ကို မှာထားတယ်" ဟု ဒီဂျေဘားမှ လုံခြုံရေးဝန်ထမ်းတစ်ဦးကပြောသည်။

သို့သော် ဒဏ်ရာရသူမှာ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်နှင့် လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းတို့နှင့် တူတော်စပ်သူတစ်ဦး ဖြစ်သောကြောင့် အဆိုပါသတင်းမှာ လူမှုကွန်ရက် အွန်လိုင်းစာမျက်နှာပေါ်၌ ပျံ့နှံ့သွားခဲ့သည်။

"ကိုယ့်မှာ ပိုက်ဆံရှိတယ်၊ ဘာရှိတယ်ဆိုတဲ့ပုံစံမျိုး မဖြစ်စေချင်ဘူး။ ပြီးတော့ ဒီလိုနိုင်ငံမှာ လုပ်ချင်သလိုလုပ်လို့ရတယ်ဆိုတဲ့ ပုံစံမျိုးတွေလည်းမရှိစေချင်ပါဘူး" ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့် ကိုဌေးကြွယ်ကပြောသည်။

"လူငယ်ချင်း ထိခိုက်မိတာကနေ ဖြစ်သွားတဲ့သဘောပါပဲ။ ကိုဌေးကြွယ်၊ ကိုဖြိုးမင်းသိန်းတို့နဲ့ တူဖြစ်နေတာပဲရှိပါတယ်။ ဒဏ်ရာရတဲ့ ကောင်လေးရဲ့ အမေကခရီးထွက်နေတော့ပြန်ရောက်လာရင် အမှုကို ကျေအေးဖို့ရှိပါတယ်။ ဒဏ်ရာကလည်း စိုးရိမ်စရာမရှိတော့ဘူးလို့ ကျွန်တော်တို့သိထားပါတယ်" ဟု ဇော်ဇော်နှင့် နီးစပ်သူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင်နိုက်ကလပ်ယဉ်ကျေးမှုကို ၁၉၉၅ ခုနှစ်ဝန်းကျင်ခန့်မှ အစပျိုးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ယဉ်ကျေးမှုမှာ ၂၀၀၂ နောက်ပိုင်းတစ်လျှောက် ပိုပြင်စွာအမြစ်တွယ်လာခဲ့ပြီး ၂၀၁၂ ခုနှစ်အရောက်တွင် ရန်ကုန်တစ်မြို့တည်း၌ နိုက်ကလပ်ပေါင်း ၂၀ နီးပါးရှိလာနေခဲ့ပြီဖြစ်သည်။

အဆိုပါ နိုက်ကလပ်များတွင် လူငယ်များ၏ တစ်ညစာသုံးဖြုန်းကြသည့် ငွေကြေးပမာဏများ၊ တန်ဖိုးကြီးမော်တော်ယာဉ်များ၊ မလုံ့တလုံအဝတ်အစားများကိုကြည့်၍ ဆုံးဖြတ်မည်ဆိုပါက မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများထဲမှတစ်ခုဖြစ်ကြောင်း မည်သူမျှ ယုံနိုင်ဖွယ်မရှိပေ။

နိုက်ကလပ်များတွင် အပတ်စဉ် သောကြာ၊ စနေနေ့များ၌ ကားပါကင်နေရာလွတ် မရှိတော့သည်အထိ လူစည်ကားလေ့ရှိပြီး အဆိုပါနေ့များတွင် ကလပ်တစ်ခုလျှင် လူပေါင်းရာနှင့်ချီရောက်ရှိလာလေ့ရှိကြောင်း နိုက်ကလပ်လုံခြုံရေး ဝန်ထမ်းတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် အကြမ်းဖျင်းအားဖြင့် သိမ်ကြီးဈေး၊ မင်္ဂလာဈေးတို့တွင် ဖွင့်လှစ်ထားသည့် ဈေးနှုန်းသက်သာစွာဖြင့် ဝင်ရောက်နိုင်သည့်ကလပ်များ၊ ဈေးနှုန်းအသင့်အတင့်ရှိသော အလယ်အလတ်တန်းစားကလပ်များ၊ ဟိုတယ်များနှင့်တွဲလျက် ဖွင့်လှစ်ထားသည့် ကလပ်များဟူ၍ သုံးမျိုးသုံးစားရှိသည်ဟုသိရသည်။ ပြဿနာဖြစ်ပွားမှု အများဆုံးမှာ အောက်ကလပ်ဟု ခေါ်ဝေါ်ကြသော ဈေးနှုန်းသက်သာသည့် ကလပ်များပင်ဖြစ်ကြောင်း နိုက်ကလပ်အသိုင်းအဝိုင်းက ဆိုသည်။

"အမြင့်ကလပ်တွေမှာကသိပ်မဖြစ်ရဲကြဘူး။ အမြင့်ကောင်တွေ အချင်းချင်းပဲဖြစ်ကြတာ။ သူတို့ဖြစ်ရင်လည်း အပြင်ကလူတွေက ဝင်မဆွဲရဲဘူး။ လုံခြုံရေးတွေတောင်မှ ဝင်မဆွဲရဲဘူး။ အသိုင်းအဝိုင်း တစ်ခုတည်းကလူတွေ ရန်ဖြစ်ရင် ဘယ်သူမှ မဆွဲရဲဘူး" ဟု နိုက်ကလပ်များတွင် နှစ်အတော်ကြာ ကျင်လည်ခဲ့သူတစ်ဦးကပြောသည်။

ပြိုင်ကားယှဉ်မောင်းခြင်းများ၊ ရန်ပွဲများအပြင် နိုက်ကလပ်များနှင့်ဆက်နွှယ်နေသည့်နောက်ထပ်အကြောင်းအရာတစ်ခုကတော့ အရက်နှင့် မူးယစ်ဆေးဝါးပင်ဖြစ်သည်။ အရက်ပုလင်းတစ်လုံးကို အဖုံးဖွင့်လိုက်သည်နှင့် အနည်းဆုံး ခုနစ်သောင်းကျပ်ပေးဆောင်ရသည့် နိုက်ကလပ်များတွင်ငွေပေးနိုင်သလောက်အရက်ပုလင်းအဖုံးမျိုးစုံကို ဖွင့်နိုင်မည်ဖြစ်သည်။

နိုက်ကလပ်များတွင် ငွေပေးနိုင်သလောက် အရက်ပုလင်းအဖုံးမျိုးစုံကိုဖွင့်နိုင်မည်ဖြစ်သော်လည်း မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ပတ်သက်၍ သုံးစွဲခြင်းကိုတွေ့ရှိလျှင် သက်ဆိုင်ရာသို့ အကြောင်းကြားမည်ဟုလည်း နံရံတွင်စာကပ်ထားရသည့်အခြေအနေများလည်းရှိနေခဲ့သည်။

သို့သော် မီးရောင်စုံကြားတွင် နာရီပေါင်းများစွာ စည်းချက်ကျကျ မမောနိုင်မပန်းနိုင် ကခုန်နေကြသည့် လူငယ်များထဲတွင် မူးယစ်ဆေးဝါးသုံးစွဲထားသည့်လူငယ်များ မပါဝင်ကြောင်း တပ်အပ်ပြောဆိုရန် ခက်ခဲသည်ဟု အသက် ၂၇နှစ်အရွယ် အမျိုးသားတစ်ဦးကပြောသည်။

"ဆေးပြားတွေက တစ်ညလုံး မအိပ်ဘဲနဲ့ မစားဘဲနဲ့ ကနိုင်တယ်၊ ခုန်နိုင်တယ်၊ ဆိုနိုင်တယ်၊ စိတ်ကိုကြွစေတယ်၊ ရန်လိုချင်တဲ့ဆန္ဒတွေပြင်းပြလာတယ်။ မိန်းကလေးတွေ စိတ်တက်ကြွလာရင် ပိုရှုပ်ကုန်မယ်" ဟု မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း(MANA)မှ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ခိုင်ကပြောသည်။

သန်းခေါင်ကျော်မီးရောင်စုံအောက်တွင် မူးယစ်ပျော်ပါးနေသော အမျိုးသားများအတွက် ပြည့်တန်ဆာဈေးကွက်ကလည်း နိုက်ကလပ်အတော်များများမှာ တွင်ကျယ်လျက်ရှိပြီး အချို့ရန်ပွဲများအတွက် ရင်းမြစ်တစ်ခုဖြစ်နေတတ်သည်ဟုသိရသည်။

ရန်ပွဲတစ်ပွဲဖြစ်ပွားသည်နှင့် ကိုယ်ခံပညာတတ်ကျွမ်းထားသော လုံခြုံရေးများက အမြန်ဆုံးရောက်ရှိလာမည်ဖြစ်ပြီး ပြဿနာမကြီးထွားရန် ထိန်းသိမ်းကြမည်ဖြစ်သည်။ လွန်ကဲစွာ မူးယစ်ရမ်းကားနေသူကို ကလပ်အပြင်ဘက်သို့ ဆွဲထုတ်သွားလေ့ရှိပြီး ကလပ်အတွင်း၌ ပြဿနာမဖြစ်ပွားစေရန် အဓိကဆောင်ရွက်ကြကြောင်း နိုက်ကလပ် လုံခြုံရေးတစ်ဦးက ပြောပြသည်။

အမြင့်ကလပ်များတွင်ပြဿနာမှာ အချိန်ခဏအတွင်း ပြီးဆုံးသွားတတ်သော်လည်း ဈေးများတွင် ဖွင့်လှစ်ထားသည့် ဝင်ကြေးသက်သာသည့် ကလပ်များမှာတော့ ပြဿနာက မမျှော်လင့်ဘဲကြီးမားသွားတတ်ကြောင်းသိရသည်။

"အဲဒီကလပ်တွေမှာ ပြဿနာတက်ပြီး ရန်ဖြစ်ရင် လုံခြုံရေးတွေက သမတယ်။ အပြင်ကို ဆွဲထုတ်ခံရရင် အပြင်မှာရှိတဲ့ လူခေါ် ပွဲစားတွေက သမတယ်။ တက္ကစီသမားတွေက သမတယ်။ ရန်ပွဲ တစ်ပွဲဖြစ်ရင် ဆွမ်းကြီးလောင်းကြတာ အများကြီးပဲ" ဟု နိုက်ကလပ်များတွင် လူစောင့်လေ့ရှိသည့် အငှားယာဉ်မောင်းသူတစ်ဦးက ပြောပြသည်။

"နိုက်ကလပ်တွေအတွက် သီးသန့်လုံခြုံရေးပေးတာမရှိဘူး။ ရဲတပ်ဖွဲ့က လုံခြုံရေးဆောင်ရွက်ပေးတာက ကျောင်းတို့၊ ဈေးတို့လို အများပြည်သူတွေရှိတဲ့ နေရာတွေမှာ လုံခြုံရေးပေးတယ်။ ရဲကိုလာတိုင်ပြီဆိုရင်တော့ ရဲက မေးတယ်။ အခင်းဖြစ်တဲ့နေရာ အနီးပတ်ဝန်းကျင်ကိုစုံစမ်းတယ်။ ပြီးရင် သံသယရှိသူပုံကို ပန်းချီဆွဲတယ်။ စခန်းအချင်းချင်း ချိတ်ဆက်ပြီးတော့ လိုက်ရှာတယ်။ လာတိုင်ပြီဆိုရင် ရဲကတော့ မပေါ်မချင်း စုံစမ်းနေရမှာပဲ" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။

"နိုင်ငံတကာမှာလည်း ဒီလိုနိုက်ကလပ်တွေ ရှိနေတာပဲလေ။ သူတို့ ကျောင်းသွားမယ်၊ အလုပ်သွားမယ်။ သူတို့ရဲ့ စိတ်ဖိစီးမှုတွေ၊ ဖိအားတွေ ဒီမှာလာပြီးဖြေလျှော့မယ်၊ ကမယ်၊ ပြီးတော့ ပြန်သွားကြတယ်။ လွတ်လွတ်လပ်လပ် ပျော်ပါးတာ၊ ဆုံစည်းတာ၊ အပြင်ထွက်ကြတာရှိတာပဲ။ ဒါပေမဲ့ ဒီနိုင်ငံမှာ ရှိနေတဲ့နိုက်ကလပ်ဆိုတဲ့ဟာက တစ်မျိုးဖြစ်နေတယ်ပေါ့။ အချိန်နဲ့ ငွေကို ပေါပေါသုံးနိုင်တဲ့သူတွေ။ ပြီးတော့ ဒီနေရာမှာ ငွေရှာလို့ရတဲ့သူတွေ။ ဒီလိုမျိုးတွေ လာရောက်ပြီးတော့ စုဝေးတာမျိုး မဖြစ်စေချင်ဘူး" ဟု ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်ကိုဌေးကြွယ်က ဆိုသည်။

ရောင်စုံ ဆလိုက်မီးများသည် ပေ ၄၀×ပေ ၆၀ ခန့်ကျယ်ဝန်းသောအခန်းတွင်း၌ လှည့်ပတ်ကစားလျက်ရှိသည်။ ကခုန်ရန် သတ်မှတ်ပေးထားသောနေရာထဲတွင် လူငယ်အမျိုးသား၊ အမျိုးသမီးလေးများ နှစ်ယောက်တွဲတစ်မျိုး၊ အုပ်စုလိုက်တစ်ဖုံ စည်းချက်ညီညီလှုပ်ရှားနေကြသည်။ ကပွဲဘေးပတ်ပတ်လည်ရှိစားပွဲခုံငယ်လေးများတွင် ဈေးမြင့် သည့်အရက်မျိုးစုံကိုယ်စီဖြင့် ထိုင်နေကြသည့် လူငယ်များကို တွေ့ရသည်။ နိုင်ငံခြားသားတချို့ကလည်း အမျိုးသမီးငယ်တချို့နှင့်တွဲလျက် စကားစမြည် ပြောဆိုရင်း တလှုပ်လှုပ်ဖြစ်နေသည်။

အဆိုပါမြင်ကွင်းသည် အင်းလျားလိတ်ဟိုတယ်အတွင်း ဖွင့်လှစ်ထားသော ဒီဂျေဘားနိုက်ကလပ်၏ အောက်တိုဘာလ ၅ ရက်နေ့၊ လူစည်ကားချိန် Friday Night ပင်ဖြစ်ပါသည်။ ထိုအချိန်တွင် စင်မြင့်ပေါ်မှ ဒီဂျေပညာရှင်က လတ်တလော ရေပန်းစားနေသည့် ကိုရီးယားနိုင်ငံရှိ လူကုံထံရပ်ကွက်တစ်ခုအကြောင်းသရော်သီဆိုထားသော တေးသီချင်းကို စဖွင့်လိုက်သည်။ ဒီဂျေဆီမှ ထွက်လာသည့်တေးသီချင်းအား နိုက်ကလပ်အတွင်း ရောက်ရှိနေကြသောလူပေါင်း ၁၀၀ ကျော်မှ ပြိုင်တူလိုက်ဆိုကြသံက ကလပ်အပြင်သို့တိုင် လျှံထွက်သွားပါသည်။

"အိုပါး. . ဂန်နား. . စတိုင်"။ ။

## စာ-၃၊ မြန်မာနိုင်ငံ တစ်ဖက်ဖက်နီးစပ်သွားမှာကို တရုတ်နှင့် အမေရိကန်စိုးရိမ်စရာမရှိဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြား မှ

သို့သော် မြန်မာပြည်သူများအနေဖြင့် လက်ရှိအခြေအနေတွင် တရုတ်နိုင်ငံမှ စီမံကိန်းများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ လူ့အခွင့်အရေးချိုးဖောက်သည့် ပြဿနာများဖြင့် ရင်ဆိုင်နေရပြီး ကြီးမားသော စီမံကိန်းများဖြစ်သည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ လက်ပန်တောင်းတောင်ကြေးနီတူးဖော်ရေးစီမံကိန်း၊ မြစ်ဆုံဆည်တည်ဆောက်ရေးစီမံကိန်းတို့တွင် တရုတ်ကုမ္ပဏီများကို ပြင်းထန်သော ကန့်ကွက်မှုများကို ပြုလုပ်နေသည့်အချိန်လည်းဖြစ်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရန် အမေရိကန်ပြည်ထောင်စုသို့ မသွားရောက်မီ တရုတ်နိုင်ငံသို့လည်း သွားရောက်ခဲ့သည့်အတွက် အင်အားကြီးနှစ်နိုင်ငံကြားတွင် မြန်မာနိုင်ငံက သတိထားနေရသောဆက်ဆံရေးအခြေအနေဟု ဝေဖန်မှုများပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်သာမက အမေရိကန်ပြည်ထောင်စုနှင့်ပါ နွေးထွေးကောင်းမွန်သောဆက်ဆံရေးကို ထူထောင်နိုင်မည်ဟု ယုံကြည်ကြောင်း ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထိုသို့ ဆက်ဆံရေးမျိုးဖြစ်ရန်အတွက် တတ်နိုင်သည့်ဘက်မှ အားပေးမည်ဖြစ်ပြီး ယင်းမှာ နိုင်ငံအနေအထားကြောင့် မဟုတ်ဘဲ ကမ္ဘာ့အနေအထားကြောင့်သာဖြစ်ကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ယခု အမေရိကန်ခရီးစဉ်အတွင်း သမ္မတအိုဘားမားအပါအဝင်နိုင်ငံရေးသမားများ၊ လွှတ်တော်အမတ်များ၊ နယ်ပယ်အသီးသီးမှ ထင်ရှားသူများ၊ အသင်းအဖွဲ့များနှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံအတွက် စီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ဆွေးနွေးခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.31 • OCTOBER 11 , 2012



# မစ္စအင်တာနေရှင်နယ် ဝင်ပြိုင်သည့်ရှမ်းတိုင်းရင်းသူ လူမှုကွန်ရက်တွင် အားပေးမှုအထူးရနေ

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ - ၈**

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် ကျင်းပနေသော ကမ္ဘာ့နိုင်ငံပေါင်း ၆၉ နိုင်ငံမှ အလှမယ် ၆၉ ဦးပါဝင်ယှဉ်ပြိုင်နေသည့် Miss International 2012 ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြု၍ ရှမ်းတိုင်းရင်းသူတစ်ဦးဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

၁၉၆၀ ပြည့်နှစ်က စတင်ကျင်းပသော ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံက ၁၉၆၁ ခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးနောက် နှစ်ပေါင်း ၅၀ ကျော်အကြာ ပထမဆုံးအကြိမ်ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး လူမှုကွန်ရက်ဝက်ဘ်ဆိုက်များနှင့် အင်တာနက်စာမျက်နှာများကြောင့် မြန်မာကိုယ်စားပြုနန်းခင်ဇေယျာမှာ ရက်ပိုင်းအတွင်း နာမည်ကျော်သွားခြင်းဖြစ်သည်။

အောက်တိုဘာ ၂၁ရက်တွင် နောက်ဆုံးအဆင့် ရွေးချယ်မည်ဖြစ်ပြီး Miss International အပါအဝင် ဆုပေါင်း ၁၅ ဆုရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်းပြိုင်ပွဲဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ထားသည်။

နန်းခင်ဇေယျာမှာ တောင်ကြီးဇာတိ ရှမ်းပအို့ဝ်တိုင်းရင်းသူဖြစ်ပြီး ဒဂုံတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိထားကာ ဂျာမန်-အင်္ဂလိပ်ဧည့်လမ်းညွှန်တစ်ဦးအဖြစ် လုပ်ကိုင်နေသူလည်းဖြစ်သည်။

ယခုနှစ်မတ်လကမြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကျင်းပသည့် Miss Myanmar ရရှိထားပြီး Miss Myanmar အနေဖြင့် အရှေ့တောင်အာရှနိုင်ငံအချို့သို့ သွားရောက်ခဲ့ကာ စက်တင်ဘာလ ၂ ရက်က ကမ်းလှမ်းလာသော ယခုပြိုင်ပွဲအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲ လိုအပ်ချက်အရ ရေကူးဝတ်စုံဖြင့် ဓာတ်ပုံရိုက်ကူး ယှဉ်ပြိုင်ခြင်းအပေါ် ပြည်တွင်းမှဝေဖန်မှုအချို့ရှိခဲ့သော်လည်း အများစုမှာမူမြန်မာနိုင်ငံသူတစ်ဦးအနေဖြင့်လိုက်လိုက်လှဲလှဲအားပေးမှုများ ဆက်လက်ဖြစ်ပေါ်နေကြောင်း လူမှုကွန်ရက်ဝက်ဘ်ဆိုက်များနှင့် အင်တာနက် စာမျက်နှာများတွင် တွေ့ရသည်။

"မြန်မာမင်းသမီးတွေ ပြည်တွင်းမှာ အဖော်အချွတ်တွေ ဝတ်တာတော့ မကြိုက်ဘူး။ ဒါပေမဲ့ အခုလို ဒီမိန်းကလေးက နိုင်ငံတကာပွဲမှာ သွားပြိုင်တဲ့အခါ ဒီလိုဝတ်စားဆင်ယင်မှုမျိုးဟာ သင့်တင့်လျောက်ပတ်တဲ့အလုပ်ကိုလုပ်တာလို့မြင်ပါတယ်" ဟု အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးက နန်းခင်ဇေယျာ၏ ရေကူးဝတ်စုံဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံအပေါ် သူမ၏အမြင်ကိုပြောသည်။

နောက်ဆုံးအဆင့် ပြိုင်ပွဲတွင် နန်းခင်ဇေယျာက မြန်မာရိုးရာဝတ်စုံ၊ ကချင်ရိုးရာ ဝတ်စုံတို့ဖြင့် ဝတ်ဆင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲဝင်ဝတ်စုံများကို ဒီဇိုင်နာပြည်စိုးအောင်၊ မမဇွန် (Zu Zu Collection)နှင့် ဒီဇိုင်နာသွင်စုထွေးတို့က ချုပ်လုပ်ပံ့ပိုးပေးထားကြောင်း သတင်းဌာနတစ်ခုနှင့်တွေ့ဆုံခဲ့စဉ်နန်းခင်ဇေယျာက ဖြေကြားသည်။

နိုင်ငံပေါင်း ၆၉ နိုင်ငံဝင်ရောက်ယှဉ်ပြိုင်နေသော ယင်းပြိုင်ပွဲတွင် ရုပ်ရည်လှပမှုသာမက ဗဟုသုတအရည်အချင်းများပါ ပြည့်ဝရမည့်အပြင် ပရိသတ်များ၏ မဲပေးရွေးချယ်မှုသည်လည်း အရေးပါသောကြောင့် Miss International ပြိုင်ပွဲ၏ တရားဝင်ဆုတစ်ဆုဖြစ်သော Miss Internet ဆုအတွက် နန်းခင်ဇေယျာအား အွန်လိုင်းမှ မဲပေးရွေးချယ်ခြင်းကို www.flickr.com/photos/64086169@n03/sets/72157631640709082 တွင် မဲပေးရွေးချယ်နိုင်ကြောင်း နန်းခင်ဇေယျာက သူမ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာမှတစ်ဆင့် ပြောကြားထားသည်။

"ဒီတရားဝင်လင့်ခ်မှာ မြန်မာအတွက် မဲပေးနိုင်ပါတယ်။ အိုကီနာဝါမှာ တစ်ယောက်တည်းပေမယ့်လည်းမြန်မာနိုင်ငံအတွက် အကောင်းဆုံးကြိုးစားနေပါတယ်" ဟု သူမ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်ရေးသားထားသည်။



Photo-FB

## ဆိုင်ကယ်လိုင်စင် မှတ်ပုံတင်ကာလ တစ်လထပ်တိုး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊အောက်တိုဘာ-၆**

လိုင်စင်မဲ့ဆိုင်ကယ်များကို အခွန်ပေးဆောင်ပြီး တရားဝင် မှတ်ပုံတင်ပြုလုပ်ခြင်းကာလသက်တမ်း တစ်လထပ်မံတိုးမြှင့်လိုက်ကြောင်း ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လိုင်စင်မဲ့ဆိုင်ကယ်များ တရားဝင်မှတ်ပုံတင်ပြုလုပ်ပေးခြင်းကို ဇွန်လမှစက်တင်ဘာလအထိ သက်တမ်းလေးလ သတ်မှတ်ထားသော်လည်း အများပြည်သူ လက်ထဲတွင် လိုင်စင်မဲ့ဆိုင်ကယ်များ မရှိစေရေးအတွက် နိုဝင်ဘာလထိ တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

လိုင်စင်မဲ့ဆိုင်ကယ် အများစုသည် နယ်စပ်စစ်ဆေးရေးဂိတ်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအား ရှောင်လွဲ၍ တရားမဝင် ဝင်ရောက်လာသော ဆိုင်ကယ်များဖြစ်သည်။ လိုင်စင်မဲ့ဆိုင်ကယ်များ မှတ်ပုံတင်ပြုလုပ်ပေးခြင်းကို ၁၉၉၉ ခုနှစ်မှ စတင်ပြုလုပ်ပေးခဲ့ရာ ခုနစ်ကြိမ်မြောက်ရှိပြီဖြစ်သည်။

စီမံချက်ကာလအတွင်း ကောက်ခံမည့် အခွန်နှုန်းထားများမှာလည်း ယခင်နှုန်းထားများအတိုင်းသာဖြစ်သည်။ လိုင်စင်ပြုလုပ်ရာတွင် သတ်မှတ်ကာလတန်ဖိုး၏ ၅ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်သတ်မှတ်ကာလ၏ ၅ ရာခိုင်နှုန်း၊ အာမခံပရီမီယမ် ၂၅၅၀ကျပ်နှင့် ယာဉ်မှတ်ပုံတင်ကြေး ၂၂,၀၀၀ ကျပ်တို့ဖြစ်သည်။ ပြီးခဲ့သည့် စီမံချက်ကာလအတွင်း၌ မော်တော်ဆိုင်ကယ်စီးရေ ၈၉၀,၀၀၀ ကျော်ထိ တရားဝင်မှတ်ပုံတင်ပြုလုပ်ပေးထားပြီးဖြစ်ကြောင်းသိရသည်။




international MYANMAR ICT EXHIBITION 2012
INTERNATIONAL MYANMAR
ICT EXHIBITION 2012
12-14 OCTOBER 2012
TATMADAW EXHIBITION HALL
YANGON, MYANMAR.
Allied Telesis
AMR. Asia
ADATA
Artwork NCTC somic
ASUS
BARONS
belkin
Brasil IT+
brother at your side
Canon Delighting You Always
CrimsonLogic
CISCO
DELL
EPSON EXCEED YOUR VISION
esperant system
Genius Live with Ideas
GILAT Satcom Space for everyone
GIGABYTE
I.E.M COMPANY LIMITED
InFocus Bright Ideas Made Brilliant
K.H.I International Co., Ltd.
KONICA MINOLTA
lenovo FOR THOSE WHO DO.
MCC.i
MIT Beyond Innovation
MITSUBISHI ELECTRIC
NetGuide
NEUROPOWER
OK
OPTIMA
PROLiNK
RADWIN
REDLINK
SMART Electronic Dictionary
TAC
Technoland
TOSHIBA
TRANET
ViewSonic
WINCOR NIXDORF
ZTE中兴
Brasil IT+
KONICA MINOLTA
MCIA
MCF
MCPA
INTERNET journal
Co-Sponsor
Co-Sponsor
Media Partner
MCPA office: 01-652276 | MCIA Office: 01-652238 | office@mcpamyanmar.org | mciaoffice@gmail.com




သင့်ခရီးစဉ်အတွက် ကမ္ဘာ့အကောင်းဆုံး
လေကြောင်းလိုင်းနဲ့ ပျံသန်းလိုက်ကြပါစို့။
ရန်ကုန်မြို့မှ တစ်ပတ်လျှင် (၃)ကြိမ် စတင်ပျံသန်းနေပါပြီ။
ကာတာလေကြောင်းက ရန်ကုန်မြို့မှ ကမ္ဘာအနှံ့ နေရာပေါင်း ၁၀၀ကျော်သို့ ပျံသန်းပို့ဆောင်ပေးပါမယ်။
နိုင်ငံတကာ အစားအသောက်များပါဝင်တဲ့ ကြယ်ငါးပွင့်အဆင့်မီ တည်ခင်းဧည့်ခံမှုနဲ့ ဆုချီးမြှင့်ခြင်းခံရတဲ့ ဧည့်ဝတ်ပျူငှာမှုများ ကသင့်ကို စောင့်ကြိုနေပါတယ်။ ရွေးချယ်စရာ အမျိုးအစားထောင်ကျော်ရှိတဲ့ ခရီးစဉ်တွင်း ဖျော်ဖြေမှုများနဲ့ သစ်လွင်သောလေယာဉ်များပေါ်မှာ သင့်ရဲ့ခရီးစဉ်ကို ကျေနပ်မှု အပြည့်ပေးစွမ်းမယ့် ကမ္ဘာ့အကောင်းဆုံးလေကြောင်းလိုင်း ဖြစ်ပါတယ်။
(Skytrax World Airline Awards - Airline of the Year 2011 & 2012).
AIRLINE OF THE YEAR SKYTRAX 2011
AIRLINE OF THE YEAR SKYTRAX 2012
Award-winning hospitality.
Unique selecti
of wines
A 5-star dining experience.
Over 1000 entertainment choices.
The Premium Terminal in Doha.
Daily flight commencing 28th October 2012.
qatarairways.com
QATAR AIRWAYS القطرية




SOLO®
COLLECTION
AL037
AL033
Hot Line - 09-91009891 , 09-421063634
WHEREVER YOU GO SOLO WILL FOLLOW



OXY MEN တို့ပေါ်လာပြီ
OXY
ဖုန်၊ အမှုန်၊ အညစ်အကြေးတွေနဲ့ အဆီတွေပြည့်နက်နေတဲ့
ကမ္ဘာကြီးထဲမှ ထွက်ပြေးပုန်းရှောင်ချင်လောက်အောင် စိတ်ညစ်
နေရတဲ့ အချိန်ခဏတာဟာ OXY MEN တို့ပေါ်ထွက်မလာခင်လေးပါ။
•OXY Perfect Wash က...
ပုံမှန်သုံးစွဲပေးလျှင် မျက်နှာအသားအရေကို အကောင်းဆုံး သန့်ရှင်း
စင်ကြယ်စေပြီး ချွေးပေါက်များကိုကျဉ်းစေကာ ဝက်ခြံများဖြစ်ပေါ်ခြင်းမှ
ကာကွယ်ပေးပါတယ်။
•OXY Deep Wash က...
မျက်နှာအသားအရေပေါ်ရှိ ဆဲလ်အသေများကို ဖယ်ရှားပေးနိုင်တာကြောင့်
မျက်နှာအသားအရေကို ကြည်လင်ဝင်းပလာစေပါတယ်။
•OXY Active Wash က...
ချွေးပေါက်ထဲမှာရှိတဲ့ အဆီတွေကိုပါဖယ်ရှားပေးနိုင်ပြီး ဗီတာမင်ဓာတ်
ပါဝင်တာကြောင့် မျက်နှာအသားအရေကို ကျန်းမာနုပျိုကာ
ချောမွေ့စေပါတယ်။
OXY နဲ့ဆိုရင် သင့်ရဲ့ သန့်ပြန့်ခန့်ညားမှုကို
ပေါ်လွင်လာစေဖို့ရာ မဖြစ်နိုင်စရာအကြောင်း မရှိတော့ပါဘူး။
ခန့်ပြီး သန့်သွားမယ်
OXY PERFECT WASH
OXY DEEP WASH
OXY ACTIVE WASH
ROHTO
OSAKA JAPAN
909(A), LEVEL 9, SHWEGONDAING YUZANA TOWER, SHWEGONDAING,
BAHAN TOWNSHIP, YANGON, MYANMAR. PHONE : 95 1 558417/ 95 1 558393

ERC
East Race Course
CONDOMINIUM
No. (238), East Horse Race Course Road, Tarmwe Township.
LAUNCHING...!
ကနဦး ၃၀% သာ ပေးသွင်းပြီး ကျန်ငွေ ၇၀% ကို
လပေါင်း (၃၀)အရစ်ကျပေးသွင်း၍ ဝယ်ယူနိုင်ပါပြီ...
• ကား (၅၄)စင်း ရပ်နားနိုင်သည့် Basement Car Parking (၂)ထပ်
• Function Hall, ရေကူးကန်, အားကစားခန်းမ, ကလေးကစားကွင်း
• BBQ Counter, Garden ... ပါဝင်သည့် Recreation Terrace
• ကား Showroom ဖွင့်ရန် သင့်တော်သည့် 12657 sq-ft ကျယ်ဝန်းသည့် Hall type (၂)လွှာ
ELUDE BUSTLE CITY
EXPERIENCE TRANQUIL PRIVACY
EMBRACE EARTHLY HEAVEN
ENJOY ENCHANTING LIFE
12 Storey
PILE Foundation
ERC
YANKIN CENTRE
SUPER ONE
ILBC
THUWANA STADIUM
Developed by:
HOT LINE : 09 425011444, 09 425011555, 09 43202967, 09 43202968, 09 73187850.
SHOWROOM (YGN)
No. 76, Bo Yar Nyunt Street, Dagon Township, Yangon.Tel: 01- 255766, 251951, 09 5112136, 09 5112139, 09 49346390, 09 73066635.
SHOWROOM (MDY)
No. 77, 78th Street Between 36th x 37th Street, Mahar Aung Myay Township, Mandalay.Tel: 02- 77311, 77322, 09 830 3463
NAING GROUP
Unique Stable Advanced